www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

အစိမ်းသက်သက်



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်

**ကွန်ပျူတာစာစီ** - ခင်ပြုံးဝင်း(ဖုန်း-၀၉၉၇၃၉၂၈၃၇၇)

**ထုတ်ဝေသူ** - ဦးဖြိုးကျော်သူ (၀၀၇၇၇)
ရွှေပြည်သိမ်းစာပေ
အမှတ်-၂၂၁ (၄)လွှာ၊
ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
**'ရွှေပဒေသာအော့ဖ်ဆက်'**
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

**ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)**

အစိမ်းသက်သက်
လုံမ
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၃၀၈-စာ၊ ၁၂ × ၁၈ စင်တီ။
(၁) အစိမ်းသက်သက်

# အစိမ်းသက်သက်

## လုံမ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"နာမည်က"

"လင်းညို့"

"ယောကျ်ားဖြစ်ပြီး ညို့ဆိုတာက ဘာလဲ"

"အမေ ပေးခဲ့တဲ့နာမည်ပါ"

"ပေးခဲ့တယ်ဆိုတဲ့အဓိပ္ပာယ်က"

"အမေမရှိတော့ဘူး။ ဆုံးသွားပြီဆိုတဲ့သဘောပါ"

"ဪ…အဖေကကော"

"သေပြီ"

သူ့ရဲ့ မာဆတ်ဆတ် တင်းပြတ်သောအဖြေကြောင့် ဦးထွန်းခေါင်ဦး မျက်ခုံးပင့်သွားလျက်–

"အဖေကော အမေကော မရှိတော့ဘူးဆိုတော့ အခု မင်း ဘယ်သူနဲ့နေတာလဲ"





"အဘိုးအဘွား…အဲ…မဟုတ်ဘူး။ ဆွေမျိုးနီးစပ်တော်တဲ့ သူတွေနဲ့နေတာပါ။ သူတို့ကပဲ ကျွန်တော့်ကို စောင့်ရှောက်လာခဲ့ကြတာ"

"မင်း အနေအထိုင်အဖွဲ့နည်းတာတော့ ငါ့အတွက် အဆင်ပြေ လောက်ပါတယ်။ ဒါနဲ့ ဒရိုင်ဘာလုပ်သက်ကော ဘယ်လောက် ရှိပြီလဲ"

"ကျွန်တော် အခုမှ ဘွဲ့ရပြီးတာပါ။ တခြား ဘာအလုပ်မှ မလုပ် ဖူးသေးပါဘူး။ ဒီက ဒရိုင်ဘာလိုတယ်ဆိုလို့ ပထမဆုံး အင်တာဗျူး တာပါ"

"မင်းက ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ဘာလို့ ကုမ္ပဏီတွေမှာ မလျှောက်ဘဲ ဒရိုင်ဘာလုပ်ချင်ရတာလဲ"

"အချိန်နဲ့ပိုင်းဝန်ထမ်းဆိုတာကြီးကို မလုပ်ချင်လို့ပါ။ ကုမ္ပဏီ တစ်ခုလုံး ဟိုလူ့ကိုကြောက်ရ၊ ဒီလူ့ကိုကြောက်ရ၊ တွေ့သမျှလူ ဆရာ ခေါ်ရ၊ အလုပ်ချိန်နှောက်ကျရင် လစာငွေထဲက အဖြတ်ခံရနဲ့၊ ပြီးတော့ အဲဒီကုမ္ပဏီအလုပ်တွေဆိုတာ လူအကောင်နဲ့မှ ရတာများတယ်။ သင်တန်း အောင်လက်မှတ်တွေဆိုတာလည်း ရှိဦးမှ။ အဲဒါကြောင့် ဒရိုင်ဘာ အလုပ်ကို လာလျှောက်တာ။ ဘွဲ့ရပြီး အလုပ်လက်မဲ့တွေတောင် အများကြီးပဲ။ ကျွန်တော် ဒရိုင်ဘာလုပ်လည်း အလုပ်လက်မဲ့မဟုတ် တဲ့အတွက် သိက္ခာတော့ ရှိပါတယ်"

လင်းညို့ဆိုသောကောင်လေးရဲ့အဖြေကို သဘောကျကာ ဦးထွန်းခေါင်ဦး ပြုံးလိုက်မိသည်။ အလုပ်ရွေးပေမယ့် အလုပ်ပျင်းပုံ



www.burmeseclassic.com

www.burmeseclassic.com



တော့ မပေါ်ပေ။

"ကဲ…ဒါဆို မင်းမှာ ကားမောင်းလိုင်စင်ကော ရှိရဲ့လား"

"ဟုတ်ကဲ့…ကျွန်တော် ဆယ့်ရှစ်နှစ်ပြည့်ကတည်းက ကားမောင်းသင်ပြီး လုပ်ထားတာပါ။ သူငယ်ချင်းတွေကားကို အမြဲလို မောင်းနေတဲ့အတွက် ကားမောင်းတဲ့အတွေ့အကြုံလည်း ရှိပါတယ်"

"လစာကို ဘယ်လောက်မှန်းထားလဲ"

"ကျွန်တော် လိုချင်သလောက် မျှော်မှန်းတာထက် ဦးထွဋ်ခေါင် ဘက်က ထိုက်သင့်သလောက်ပေးတာကို ယူတာပဲကောင်းမယ်ထင်ပါ တယ်။ ကျွန်တော် မျှော်မှန်းသလောက် ဦးထွဋ်ခေါင် မပေးနိုင်ဘူးဆို ရင် ကျွန်တော့်ကို အလုပ်မခန့်မှာစိုးလို့ပါ"

"ကောင်းပါပြီ၊ မင်းက အလုပ်ခန့်ချင်လာအောင် ပြောတတ် သားပဲ။ တစ်ခုတော့ရှိတယ်ကွ…ငါ့ဆီမှာ အလုပ်လုပ်မယ်ဆိုရင် အလုပ်ချိန်တော့ သတ်မှတ်ပေးလို့ မရဘူး။ ဒရိုင်ဘာဆိုတာ ငါ့အနား မှာ နေ့နေ့ညည စတင်းဘိုင်တော့ ရှိနေရမှာ"

"ကျွန်တော့်ဘက်ကလည်း တောင်းဆိုစရာ ရှိပါတယ်"

"ပြောကြည့်ပါဦး"

ဒီကောင်လေးနှင့် စကားပြောရတာ အဆင်ပြေသလိုရှိတာကြောင့် ဆိုဖာခုံကို နောက်လှန်မှီလျက် ခပ်အေးအေးပင် ပြောလိုက်၏။ ကုမ္ပဏီ ကိစ္စ မဟုတ်တာမို့ ကိုယ့်အတွက် လိုအပ်သော ဒရိုင်ဘာကို အိမ်မှာ ခေါ်တွေ့ပြီး အင်တာဗျူးတာပါ။

တခြားသုံးလေးယောက် လာသွားတာတော့ တစ်ယောက်မှ





အဆင်မပြေ။ အသက်ကြီးတဲ့သူ၊ ငယ်ပြန်တော့လည်း ရုပ်ရည်က သန့်သန့်ပြန့်ပြန့်မရှိ။ ရုပ်ရည်သန့်ပြန့်ပြန့်တော့လည်း ပညာအရည်အချင်း က လေးတန်းတောင်မအောင်။ လင်းညို…ဒီကောင်လေးကတော့ ရုပ်ရည်လေးက သန့်သန့်ပြန့်ပြန့်၊ သနားကမား။ ကြည့်ပျော်ရှုပျော်ရှိ သည်ဆိုတာထက် ယောကျ်ားပီသ နုံ့ခုံ့ညားညားလေးရှိသည်ဟု သတ်မှတ်လို့ရသည်။

စကားပြောတာကတော့ ယဉ်ကျေးသည်လည်း မဟုတ်။ မိုက်ရိုင်းရင့်ကျော့သည်လို့လည်း ပြောလို့မရ။ မာဆတ်ဆတ်လေး ဖြစ်နေသည်က အခုခေတ် လူငယ်တွေရဲ့ ခေတ်စတိုင်များလား။

အခုလည်း တိကျသေသပ်သည်ဟု တင်စားခံရတတ်သော ကိုယ့်နှုတ်ခမ်းများကိုပင် တင်းတင်းစေ့ထားပါလျက် ပြုံးသယောင် ရှိနေကာ–

"ကျွန်တော် အမြဲတမ်း ညအိပ်ညနေတော့ ဦးထွဋ်ခေါင်အနား မှာ နေဖြစ်မှာမဟုတ်ဘူး။ အလုပ်ကိစ္စ၊ အလုပ်ချိန်ပြီးရင် ကျွန်တော် အိမ်ပြန်ပါ့မယ်။ ကျွန်တော့်ကို စောင့်ရှောက်ပေးတဲ့သူတွေ စိတ်ပူမှာ စိုးလို့ပါ"

"အဲဒါတော့ မင်းနဲ့ငါ ဆွေးနွေးရတော့မယ်ထင်တယ်။ ငါ အရင်က ကိုယ့်ကားကိုယ်မောင်းခဲ့တာ။ ကိုယ်သွားချင်လာချင်တဲ့အချိန် စိတ်သွားတိုင်းကိုယ်ပါလို့ပဲ။ ကိုယ်ကြိုက်တဲ့နေရာသွား၊ ကိုယ်နေချင် သလောက်နေ၊ ကိုယ်ပြန်ချင်တဲ့အချိန်ပြန်၊ ဒရိုင်ဘာကို ပြန်ငဲ့နေစရာ မလိုဘူး။ ကုမ္ပဏီအလုပ်ဆိုတာလည်း အမြဲပျင်းခြောက်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



ရုံးထိုင်နေတာ မဟုတ်ဘူး။ ငါ့အလုပ်က အိမ်ခြံမြေ၊ တိုက်ခန်း၊ ကားတင်ဒါ့အမြတ်အစွန်းကျန်မယ်၊ အကျိုးအမြတ်များမယ်၊ အလုပ်မှန်သမျှ လုပ်တယ်။ လက်ဖျားမှာ ငွေသီးပြီး ပိုလျှံပေမယ့် သုံးမယ့်ဖြုန်းမယ့် အမွေဆက်ခံမယ့်သူ မရှိတဲ့အတွက် ကိုယ့်ဘာသာရှာ၊ ကိုယ့်ဘာသာ ဖြုန်းနေတာ''

''ဦးထွဋ်ခေါင်မှာ ဇနီးမယား၊ သမီးသားမိသားစု မရှိဘူးလား''

ဦးထွဋ်ခေါင်ဦး ပြုံးမဲ့မဲ့ ဖြစ်သွားခဲ့ပြီး–

''ရှိခဲ့ဖူးတယ်''

''ရှိခဲ့ဖူးတယ်ဆိုတာက''

''အခု မရှိတော့ဘူးဆိုတဲ့သဘောပေါ့''

''အဲဒါဘာလို့''

''ကောင်လေး မစပ်စုနဲ့၊ ငါ့ကိုယ်ရေးကိုယ်တာကို စပ်စုတာ ငါ မကြိုက်ဘူး။ ဘာကြောင့်ပါဆိုတာ မင်းလိုကောင်ကို ငါက ရှင်းပြနေစရာလား''

ကိုယ့်အသံ ဘာကြောင့် မာဆတ်ပြင်းထန်သွားခဲ့သလဲ မသိပေ။ ဒီကောင်လေးက စပ်စုချင်သည့်သဘောတော့ ဟုတ်ဟန်မတူ။

ကိုယ်က ကိုယ့်အကြောင်းတွေ ပြောပြနေလို့ မိသားစုအကြောင်းပါ သိချင်သွားခဲ့တာဖြစ်လိမ့်မည်။ ကိုယ် အော်လိုက်မိတာအတွက် ညှိုးငယ်သလိုဖြစ်သွားသော ကောင်လေးကို အားနာမိလျက်–

''မင်း ငါ့ဆီမှာ အလုပ်လုပ်မယ်ဆိုရင် ငါ့မိသားစု၊ ငါ့ကိုယ်ရေးကိုယ်တာကို မမေးမိအောင် ကြိုးစားပါ။ ငါလည်း မင်းနောက်ကြောင်း





ရာဇဝင်ကို မသိချင်ဘူး။ ငါ့အတွက် အလုပ်လုပ်ပေးတာ အဆင်ပြေဖို့ အရေးကြီးတယ်''

''ကိုယ့်ရဲ့အလုပ်ရှင်သူဌေးအပေါ် ဘယ်လိုကျိုးနွံနာခံရမယ်ဆိုတာ ကျွန်တော် သိပါတယ်။ အလုပ်ချိန်နဲ့ပတ်သက်တာတစ်ခုပဲ''

''အဲဒါကတော့ မင်းအတွက် အခွင့်အရေးနည်းပါးမှာ အမှန်ပဲ။ ငါ့အိမ်မှာ အမြဲတမ်း အိပ်ရမယ်လို့တော့ မဆိုလိုဘူး။ ငါက အသက်အရွယ်လေးထောက်လာလို့ ဒရိုင်ဘာတစ်ယောက်ကို လစာကောင်းကောင်းပေးပြီး ငှားတာ၊ ညဘက်မှာ ဒင်နာပွဲ၊ ပါတီပွဲ၊ တခြားဧည့်ခံပွဲနဲ့ ငါ့ကိုယ်ရေးကိုယ်တာလေးတွေ ရှိတယ်။ ပြောရရင် ငါ့လုံခြုံရေးအတွက် ငါ့အနားမှာ မင်းရှိဖို့ လိုအပ်တယ်။ တခြားရက်တွေကတော့ မင်း အိမ်ပြန်မယ်ဆို ပြန်လို့ရတယ်။ ဒါပေမဲ့ မနက် ရှစ်နာရီ ငါ့အိမ်ကို ပြန်ရောက်နေရမယ်။ ငါ အိပ်ရာက နိုးသည်ဖြစ်စေ၊ မနိုးသည်ဖြစ်စေ စောင့်ဆိုင်းပေါ့''

''အဲဒီလောက်ဆို ဖြစ်ပါတယ်။ အိမ်ကိုပြောလို့ရမှာပါ။ ဒါဆို ကျွန်တော့်ကို အလုပ်ခန့်လိုက်ပြီလား''

''အင်း…ဆိုပါတော့။ မင်း ဘယ်နေ့အလုပ်ဝင်မှာလဲ။ ငါ့ဘက်က ရက်သတ်မှတ်မပေးတာ မင်း အဆင်ပြေအောင်လို့''

''ကျွန်တော် မနက်ဖြန် အလုပ်စဆင်းပါ့မယ်''

''အိုကေ…မင်း ပြန်လို့ရပြီ ကောင်လေး။ ငါ ချိန်းထားတာလေးတွေ ရှိသေးလို့''

''ဟုတ်ကဲ့''



www.burmeseclassic.com

www.burmeseclassic.com



သူ အလိုက်မသိစွာ နေနေခြင်းမဟုတ်။ သူ ဒီအိမ်ထဲ စဝင်လာချိန်မှာ အမျိုးသမီးတစ်ဦးနှင့် ဖုန်းဆက်ချိန်းနေတာကို သူ သိသည်။ ဦးထွန်းခေါင်ဦးက အသက်လေးဆယ်ကျော် လူလတ်ပိုင်းတစ်ယောက်လို့ မထင်ရအောင် လူငယ်လေးတစ်ယောက်လို သွက်လက်ဖျတ်လတ် စတိုင်လ်မိုက်နေခဲ့သည်။ မျက်လုံးချင်းမဆုံမိအောင် ကြိုးစားနေရင်းက ဒီပုဂ္ဂိုလ်ရဲ့ခံညားမှုတွေကို မမြင်ချင်ဘဲ မြင်နေရသည်။

ဒါကြောင့် မေမေတင်မဟုတ်ဘဲ တခြားမိန်းမတွေကပါ ဦးထွန်းခေါင်ဦးရဲ့ ဥပမိရုပ်နှင့် ပိုင်ဆိုင်မှုတွေကို စွဲလမ်းတွယ်မက်ခဲ့ကြတာလား။

"တောက်"

ခြေလှမ်းတွေက အိမ်ပြင်မရောက်သေးဘဲ သူ့ရင်ထဲက တောက်တစ်ချက်သံ အကျယ်ကြီး ထွက်သွားခဲ့သည်။ ခင်ဗျားက မေမေ့အချစ်တွေနဲ့မတန်ဘူး ဦးထွန်းခေါင်ဦး။

ဘယ်လိုမိန်းမနဲ့ တန်သလဲဆိုတာ…





# အခန်း (၂)

"မြေးလေး အလုပ်ရလာပြီ…ဟုတ်လား။ ဘယ်ကုမ္ပဏီမှာလဲ။ ဘာရာထူးနဲ့လဲ…မြေးလေး"

"မြေးလေး ထိုင်ပါစေဦး…မြို့ငြင်ရယ်၊ တစ်နေ့လုံး အလုပ်လိုက်လျှောက်နေရတာ မြေးလေး ပင်ပန်းလာမှာပေါ့။ ထိုင်ဦး… မြေးလေး၊ မြေး… အဘွားအနားမှာထိုင်လိုက်။ ပြီးရင် သူမေးတာကို ဖြည်းဖြည်းချင်းဖြေ။ တစ်နေ့လုံး မြေးလေး ထွက်သွားကတည်းက ပွစိပွစိ တဖျစ်တောက်တောက်နဲ့ စိုးရိမ်ကြောင့်ကြလို့ မပြီးတော့ဘူး"

"ဟုတ်တယ်လေ…ကိုယ့်ပွဲရုံအလုပ်လေးကို အောင်မြင်အောင် လုပ်ပါဆိုတာ သူများအလုပ်မှ လုပ်ချင်ရတယ်လို့။ ကျုပ်မြေးကို ကျုပ် ဘယ်စိတ်ချပါ့မလဲတော်…"

"အဘွားရယ်…အဘွားတို့ပွဲရုံက ပဲတွေ၊ ဆန်တွေအကြောင်းသားမှ နားမလည်တာ။ အရင်ကလို အောင်မြင်ဖြစ်ထွန်းနေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့ နားလည်အောင်လုပ်ပြီး ကြိုးစားရမှာလည်း သား စိတ်မပါဘူး"

"အရင်လောက် မအောင်မြင်တော့ဘူးဆိုတာက အဘွားတို့က ခေတ်ကို မီအောင်မလိုက်နိုင်တော့လို့ပါ။ ပွဲရုံလေး ပျောက်မသွားတာ ကိုက မန်နေဂျာကျော်လင်းလေးက သူ့ဖောက်သည် သူ့မိတ်နဲ့ ထိန်း ပေးထားလို့ မဟုတ်လား"

"ဟုတ်ပါတယ်။ အဲဒါကြောင့် ကိုကျော်လင်းကိုပဲ အားကိုးပါ။ သူ မလုပ်နိုင်တော့ဘူးဆိုရင် ပွဲရုံကိုရောင်းပြီး ငွေတွေကို ဘဏ်မှာ အပ်ပြီး အဘိုးနဲ့အဘွား အေးအေးဆေးဆေးသာ ထိုင်စား။ သားက တော့ လမ်းကြောင်းတစ်ကြောင်းဖောက်ပြီး လျှောက်ချင်တယ်"

"အေး…မြေး ဖွင့်ပြောနေလို့ ဒီကိစ္စကို အဘွား ခွင့်ပြုရတာ။ မြေး ကိုယ်ပိုင်စီးပွားလုပ်ချင်တယ်ဆိုရင်တောင် အဘွားက ပွဲရုံကို ရောင်းပြီး ရင်းနှီးမြှုပ်နှံပေးနိုင်တယ်"

ဒါကိုတော့ လက်မခံနိုင်သလို သူ ခေါင်းယမ်းလိုက်သည်။ သူ အခုချိန်မှာ ဘာစီးပွားရေးမှမလုပ်ချင်။ တခြားဘာအလုပ်မှကို စိတ် မဝင်စား။

"စီးပွားရေးလုပ်မယ်ဆိုရင် တခြားအတတ်ပညာ၊ အသိပညာ တွေ အများကြီးလိုသေးတယ်။ အချိန်နဲ့ငွေကို ထပ်ပြီးရင်းရဦးမှာ အဘွားရဲ့…သားက အဘိုးနဲ့အဘွား မသေခင် သားရဲ့ သွေးနဲ့ချွေးနဲ့ လုပ်ကိုင်ကျွေးခွင့်ရချင်သေးတယ်။ သားကို အဘိုးနဲ့အဘွား ဘယ် လောက်တောင် ဒုက္ခတွေခံပြီး ပြုစုပျိုးထောင်စောင့်ရှောက်ခဲ့ရသလဲ"





"အဲဒါ…ဒင်းကြောင့်။ ဒင်းကြောင့် ငါ့သမီးလေး သေသွားရ လို့။ ဒင်း သတ်လိုက်လို့ ငါ့သမီးလေး သေသွားရတာ။ သူကတော့ ထောင်ကထွက်လာပြီး ကောင်းကောင်းနေ၊ ကောင်းကောင်းစားနေ တယ်။ ငါ့သမီးကတော့ လူ့ဘဝကြီးမှာ မရှိတော့ဘူး။ ထွန်းခေါင်ဦး ဆိုတဲ့ အဲဒီကောင်ကို ဒီတစ်သက်မပြောနဲ့၊ နောက်တစ်သက်တောင် ငါ မကျေနပ်နိုင်ဘူး"

"ဟုတ်တယ်…မြေး၊ မြေးလေးက အဲဒီအချိန် နှစ်နှစ်သား အရွယ်လေးတောင် မပြည့်သေးဘူး။ မြေးအမေရဲ့ဗိုက်ထဲမှာ မြေးရဲ့ ညီလေးလား…ညီမလေးလားမသိတဲ့ ရင်သွေးလေးကိုလည်း လွယ် ထားရတယ်"

"ဗျာ"

ဒါကိုတော့ သူ အခုမှသိရခြင်း ဖြစ်သည်။ မေမေ့ကို ဖေဖေ သတ်လို့ သေရသည်ဆိုတာလည်း သူ သိခွင့်ရခဲ့တာ မကြာသေးပါ။

သူ နှစ်နှစ်သားအရွယ်မရောက်ခင်မှာ မေမေက ဖေဖေ သတ်လို့ သေခဲ့ရပြီး မေမေကသေ၊ ဖေဖေက ထောင်ကျနှင့် ထိုပဋိပက္ခတွေ ကြောင့် သူ သိတတ်သည့်အရွယ်မှာ စိတ်ဒဏ်ရာရမှာစိုး၍ အဘိုး အဘွားတွေက သူ့ကိုခေါ်ကာ ထိုနေရာနှင့်ဝေးရာကို ပြောင်းရွှေ့နေထိုင် ခဲ့သည်။

သူ့ကိုတော့ အဖေနှင့်အမေက မြေးငယ်ငယ်လေးနှင့် ရှေ့ဆင့် နောက်ဆင့် ဆုံးပါးသွားခဲ့သည်ဟုသာ ပြောပြခဲ့ကြ၏။ သူလည်း ဒီလိုပဲ ယုံကြည်ပြီး နေလာခဲ့သည်။ ဒီလိုနှင့် သူ ဘွဲ့ယူသည့်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှင့်အဘွားက မိဘနေရာကနေ သူ့အတွက် ဂုဏ်ယူကာ မာတ်ပုံ အရိုက်ခံခဲ့ကြပြီး အိမ်ပြန်သွားကြကာ သူကတော့ သူငယ်ချင်းတွေကို အစားအသောက်နှင့် ဧည့်ခံဖို့အတွက် အဘိုးပိုင်သော ကားအဟောင်း အနွမ်းလေးကို ကိုကျော်လင်းက မောင်းပေးပြီး စားသောက်ဆိုင်ကို လာခဲ့ကြသည်။

ကိုကျော်လင်းကို အဘိုးတို့သွဲ့ရုံနှင့်ပတ်သက်ပြီး လူယုံလည်းဖြစ်၊ အစ်ကိုတစ်ယောက်၊ ဦးလေးတစ်ယောက်လိုလည်း ခင်မင်နေ၍ ဘီယာ အရက်များ တိုက်ကျွေးလိုက်သည်။

"တောက်…ခွေးမသား"

ကိုကျော်လင်းဆီက နာကြည်းဒေါသဖြစ်စွာ ရေရွတ်လိုက်သံ ကြားရတော့ သူ အရမ်းအံ့သြသွားခဲ့ရသည်။ ဘာကိုမြင်ပြီး ကိုကျော်လင်း ပေါက်ကွဲသွားသလဲ မသိ။

"ကိုကျော်လင်း…ဘာဖြစ်တာလဲ။ ဘာ လိုအပ်လို့လဲ။ ဝိတ်တာလေးတွေ လာချပေးတာ မပြည့်စုံဘူးလား။ လိုအပ်တာရှိရင် ထပ်မှာလေ။ အဘိုးနဲ့အဘွားက ကျွန်တော့်ကို ငွေလုံလောက်အောင် ပေးလိုက်ပါတယ်။ အသောက်အစားများ အပျော်လွန်ပြီး အမှားသာ မဖြစ်စေနဲ့လို့ မှာလိုက်တာ"

"တောက်…အဲဒီ…အဲဒီခွေးမသား"

ကိုကျော်လင်းက သူပြောတာကို ဂရုမစိုက်။ စားပွဲပေါ်က အစားအသောက်တွေကိုလည်း စိတ်မဝင်စားတော့တဲ့ အရှိန်ရလာပြီမို့ တစ်စုံတစ်ယောက်ကိုသာ ပြဿနာရှာဖို့ အာရုံရောက်နေဟန်တူသည်။





"ကိုကျော်လင်း…ခင်ဗျား ဘယ်သူ့ကို ပြဿနာရှာချင်နေတာ လဲ။ ပြဿနာတစ်ခုခုဖြစ်ရင် အဘိုးနဲ့အဘွား စိတ်ပူနေပါ့မယ်"

"အဲဒီလူကိုမြင်ရင် မင်းအဘိုးနဲ့အဘွားလည်း သတ်ချင်နေမှာ ပဲ"

"ဗျာ…ဘယ်သူ့ကိုလဲ"

"အဲဒီကောင်"

ကိုကျော်လင်း မေးငေါ့ပြရာကြည့်လိုက်တာ အမှောင်ရိပ်ကျနေသော စားပွဲဝိုင်းမှာ လူလတ်ပိုင်း ယောကျ်ားတစ်ယောက်နှင့် ခပ်ငယ်ငယ်စုံတွဲကို ပလူးပလဲ အီနေကျူနေတာကို မြင်တွေ့လိုက်ရသည်။ အမျိုးသမီးက ဘီယာခွက်ကို ငုံ့ထည့်ပေးပြီး အမျိုးသားရဲ့ ပါးစပ်ဖျားမှာ တေ့ကပ်တိုက်၍ ရင်ခွင်ထဲ တိုးဝင်လိုက်၊ နှုတ်ခမ်းလေး စူ မှုန့်လိုက်ဖြစ်နေသလို ယောကျ်ားသားကြီးက လက်များကလည်း အမျိုးသမီးရဲ့ဆံနွယ်တွေနှင့် မျက်နှာ၊ လည်တံအနှံ့တို့ ထိဆော့ကာ စားနေလိုက်သည်မှာ ဘယ်လိုမှ အမြင်မတော်ပေ။

ကိုကျော်လင်းကြောင့် စိတ်ဝင်စားကာ ကြည့်နေမိပြီးမှ သူ ပျာခနဲ မျက်နှာလွှဲလိုက်ရသည်။

"ဟိုအမျိုးသားက ကိုကျော်လင်းနဲ့ ဘယ်လိုပတ်သက်လို့လဲ။ ရည်းစားဦး၊ အချစ်ဦးကို ဖြတ်ခုတ်သွားလို့လား။ ရုပ်ရည်ကတော့ မြာမွေ့လို့ကောင်းမယ့် ဥပမိရုပ်မျိုးဗျ။ အမျိုးသမီး ကြီးကြီးငယ်ငယ် ကြွေလောက်တယ်"

"အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးအဘွားတို့နဲ့ ပြဿနာရှိတာဖူးလို့လား။ စရိုက်မကောင်းရင် မပတ်သက်မိအောင်နေလိုက်…ပြီးရောဗျာ။ ရှုပ်ထွေးအောင် ပြဿနာရှာမနေနဲ့ပေါ့"

"အဲဒါ…မင်းအဖေ"

"ဗျာ"

သူငယ်ချင်းတွေမကြားအောင် ကိုကျော်လင်းက သူ့နားနားတိုးတိုးကပ်ပြောလိုက်တာဆိုပေမယ့် သူ့နားထဲ မိုးတစ်လုံးပေါက်ကွဲခံရသလို အုန်းခနဲ မြည်သွားခဲ့သည်။ ကိုကျော်လင်းလက်ကို သူ အပြင်ဆွဲထုတ်ခေါ်လာခဲ့၏။

"ခုနစကား သေချာပြန်ပြောစမ်းပါဦး။ ခင်ဗျား…မူးပြီး လျှောက်ပြောနေတာမဟုတ်လား"

"အရက်သမားတွေက မူးလာရင် ပိုပြီး အမှန်တရားကို မြတ်နိုးတတ်ကြတယ်ကွ။ သွေးပူပြီး သွေးဆူနေမှ ဖုံးကွယ်မျိုသိပ်ထားရတဲ့ အမှန်တရားကို ပြောရဲဆိုရဲရှိတာ"

"ဒါဆို ဒီလူက တကယ် ကျွန်တော့်အဖေပေါ့"

"ဟုတ်တယ်…အဲဒီမိန်းမပွေရှုပ်မြာပွေတဲ့ ထွန့်ခေါင်ဦးက မင်းအဖေပဲ။ မင်းအမေကို သတ်ပြီး ထောင်ကျနေတာ။ ဘယ်အချိန်ကတည်းက လွတ်ပြီး ဒီလိုဘဝမှာ ပြန်နေနေသလဲတော့ မသိဘူး"

"ကို…ကိုကျော်လင်း…မေ…မေမေ့ကို သတ်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ဖေဖေက မေမေ့ကို သတ်တာ…အဲဒါ"

"ဟား…အေး…ဒီအကြောင်းတွေကို မင်းအဘိုးနဲ့အဘွားက





မပြောခဲ့တော့ မင်း ဘယ်သိပါ့မလဲ။ ဒါပေမဲ့ သားတစ်ယောက်ဖြစ်တဲ့ မင်းအနေနဲ့ သိကိုသိသင့်တယ်။ မင်းအမေကို ဘယ်သူသတ်တာလဲ၊ မင်းအဖေက ဘယ်လိုလူစားမျိုးလဲ"

"ဖေ…ဖေဖေက မေမေ့ကို ဘာလို့သတ်တာလဲ"

"မင်းအဖေမြာပွေတာကို သဝန်တိုမိလို့ ပြဿနာရှာမိလို့ ရန်အေးအောင် သတ်ပစ်လိုက်တာနေမှာပေါ့ကွာ…ဘောဘော့စ်ရိုက်တဲ့ တုတ်နဲ့ တစ်ချက်တည်း အသေရိုက်သတ်ပစ်လိုက်တာ"

"ဟာ"

ဖေဖေ့ရဲ့ရက်စက်မှုအတွက် သူ့ အရမ်းကို တုန်လှုပ်သွားခဲ့ရသည်။ တကယ်ကို ဖေဖေက ဒီလိုလူစားမျိုးလားဟု မယုံရဲခဲ့။ သူ့မျက်စိရှေ့မှာ မိန်းမတစ်ယောက်နှင့် ရှုရှစရာ ပလူးပလဲဖြစ်နေသော ဖေဖေ့ကို သူ အရမ်းကို မုန်းတီးနာကြည်းမိပြီး ပေါက်ကွဲဖို့အထိ ဆုံးဖြတ်မိလိုက်သေးသည်။

ဒါပေမဲ့ အရက်မူးနေသော ကိုကျော်လင်းစကားတွေကို အတည်ပြုဖို့အတွက် ပွဲမပြီးခင်မှာ အိမ်ကို အရောက်ပြန်လာခဲ့သည်။ သူ့ကို လိမ္မာသောမြေးလေးဆိုပြီး စည်းကမ်းတင်းကျပ်မှုများဖြင့် ချုပ်ကိုင်မထားသော်လည်း အဘိုးနှင့်အဘွားက စိတ်ပူစွာနှင့် စောင့်နေကြ၏။ သူ ဟန်ဆောင်ထိန်းချုပ်မျိုသိပ်မနေနိုင်။ သူ အရမ်းအတည်ပြုသိချင်နေတာကြောင့်…

"မေမေက ဖေဖေသတ်လို့ သေသွားရတာဆို…ဟုတ်လား အဘွား"



www.burmeseclassic.com

www.burmeseclassic.com



"မြေးလေး"

သူ့မေးခွန်းကြောင့် အဘိုးကော အဘွားကော တုန်လှုပ်သွားကြ၏။ သူ တစ်ခုခုကို သိမလာဘဲ ဒီလိုမေးခွန်းမမေးလောက်ဘူးဆိုတာ တွေးမိကြပေလိမ့်မည်။

"အဘိုး…အဘွား…ပြောပါ။ အဲဒါ တကယ်လား…မေမေက ဖေဖေသတ်လို့ သေသွားရတာလား"

"ဟုတ်တယ်…မြေး…ဘယ်လိုလုပ်သိလာတာလဲ"

"သား ဘယ်လိုသိတယ်၊ ဘယ်သူကပြောလိုက်တယ်ဆိုတာက အရေးမကြီးဘူး အဘွား။ မေမေ့ကို ဖေဖေက ဘာကြောင့်သတ်ရတာလဲ။ ဘာဖြစ်လို့ သတ်တာလဲ"

"အိမ်ထောင်ကျပြီး သူတို့ အိမ်ခွဲနေကြတယ်။ အရမ်းကို ချစ်ကြလို့ မခွဲနိုင်မခွာရက်နဲ့ ခိုးပြေးဖို့တွေအထိ စီစဉ်နေကြလို့ သူတို့လက်ထပ်တာကို အဘိုးတို့ ခွင့်ပြုခဲ့ကြတာပါ။ ဘွဲ့ရပြီး အလုပ်အကိုင်လေးနဲ့မှ လက်ထပ်ကြပါလားလို့ ဖျောင်းဖျခဲ့တာတောင် မရခဲ့ပါဘူး"

"ငြိစွန်းမှုတွေရှိနေပြီ…လက်မထပ်လို့ မဖြစ်တော့ဘူးလို့ အဘွားကို အသိပေးတိုင်ပင်တော့ အဘွားတို့ ဘယ်လိုလုပ်အချိန်ဆွဲလို့ရတော့မှာလဲ။ တိုင်းသိပြည်သိ ခမ်းခမ်းနားနားပဲ လက်ထပ်ပေးခဲ့တာပါ။ ထွန်းခေါင်ဦးဘက်က အဘွားတို့ထက် ပိုပြီးပြည့်စုံတယ်။ ရွှေငွေပစ္စည်းဥစ္စာအပြင် ကွန်ဒိုတစ်ခန်းပါ လက်ဖွဲ့တယ်။ အစပိုင်းမှာတော့ သူများတွေ အားကျလောက်အောင်ကို အရမ်းချစ်ကြတာ။ နှစ်ဖက်မိဘအပေါ်လည်း နှစ်ယောက်လုံး သိတတ်ကြတယ်။ ဟိုမိဘ





ဆီ လက်ဆောင်နဲ့ သွားကန်တော့လိုက်၊ ဒီမိဘအိမ် လက်ဆောင်နဲ့ လာကန်တော့လိုက်၊ မိဘတွေလည်း စိတ်ချမ်းသာရတာပေါ့"

"ဒါပေမဲ့ မြေးလေးမွေးပြီး တစ်နှစ်ကျော်လောက်ကတည်းက သူတို့လင်မယားချင်း အဆင်မပြေတော့တာ ဖြစ်မယ်။ ထွန်းခေါင်ဦးက သူ့မိဘတွေ လွှဲပြောင်းပေးတဲ့ကုမ္ပဏီမှာ ဦးစီးဦးဆောင် သူ့ရှေ့နေရာ ယူလိုက်ရတယ်။ အသက်ငယ်ငယ်၊ ရုပ်ကချောချော၊ ပစ္စည်းဥစ္စာကပေါပေါဆိုတော့ မိန်းမတွေ ပိုင်းဝိုင်းလည်လာတော့ ပြဿနာတွေ ဖြစ်ကြတာပေါ့။ အစကတော့ အဘိုးတို့လည်း မသိပါဘူး။ နောက်ပိုင်း သမီးက မြေးကိုချီပြီး အိမ်ပေါ်ဆင်းလာလိုက်၊ ထွန်းခေါင်ဦးက တောင်းတောင်းပန်ပန် ပြန်လာခေါ်လိုက်၊ မိဘတွေက ပြန်ညှိပေးလိုက်နဲ့ မိဘတွေ စိတ်ဆင်းရဲမှာစိုးလို့လား…မသိပါဘူး။ သမီးက အကြောင်းအရင်းကို သေသေချာချာ မပြောဘူး"

အဘိုးနှင့်အဘွားက အကြောင်းအရင်းကို ရှည်ရှည်ဝေးဝေး သေချာရှင်းပြနေသည်။ အဘိုး မောသွားတော့ အဘွားက ဆက်ပြီး–

"ထွန်းခေါင်ဦးက စကားပြောယဉ်ကျေးတယ်၊ သိမ်မွေ့တယ်၊ ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုကြမ်းတမ်းတဲ့သူမျိုးလည်း မဟုတ်ဘူး။ အဲဒါကြောင့် သမီးကို သတ်လိုက်တယ်လို့ ရဲစခန်းမှာ သူကိုယ်တိုင် ဝန်ခံပြီး အဖမ်းခံလိုက်တာတောင် အဘွားတို့ မယုံကြည်နိုင်ဘူး။ အဲဒီသတင်းကြားတော့ သူ့အဖေဆို တစ်ခါတည်း သွေးဆောင့်တိုးပြီး နေရာမှာတင် မူးမေ့လဲကျသေသွားခဲ့တယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



အဖေ့ဘက်က အဘိုးတော်စပ်သူပဲဟု အသိဝင်လျက် စိတ်မကောင်း ဖြစ်သွားရ၏။

အဘွားက သူ့လက်ကလေးကို ဆုပ်ကိုင်ပြီး-

"သူ့အမေလည်း သူ ထောင်ထဲမှာရှိနေတုန်းမှာပဲ အဲဒီစိတ်နဲ့ ဆုံးသွားခဲ့ရတယ်။ သားသမီးမကောင်း မိဘခေါင်း၊ သားဆိုးကို မွေးမိတဲ့အတွက် သူတို့ အဲဒီအပြစ်ကို ခံသွားရတာ။ ထွဋ်ခေါင်ဦးက မိန်းမကိုလည်း သတ်တယ်။ မိဘတွေကိုလည်း သတ်တဲ့ကောင်ပဲ"

"သား...သားကိုတောင် ထည့်မတွေးဘဲနဲ့ ဖေဖေက"

သူ ဆက်မပြောနိုင်။ ရင်ထဲမှာကော၊ လည်ချောင်းထဲမှာကော ဆို့နင့်ကျပ်ပိတ်လျက် ဘယ်လိုမှကို အသက်ရှူလို့မရ။ သူ့အဖေက ဒီလိုလူမျိုးလား။ သူကိုယ်တိုင် မမြင်ရပါဘဲ ကြားရုံနှင့်တောင် ဖေဖေ့ကို သူ ရွံရှာမုန်းတီးနာကြည်းသွားခဲ့ရသည်။

"မြေး...မြေးလေး ဘာဖြစ်သွားတာလဲ"

"မြေး"

သူ အတွေးထဲမှာ နစ်မြောသွားစဉ် အဘိုးနှင့်အဘွား စိုးရိမ်တကြီးဖြင့် လှုပ်ခတ်ကာ ခေါ်ကြ၏။ သူ မျက်ရည်တွေလည်နေလျက်

"အဲ...အဲဒီအချိန်က မေမေ့မှာ ကိုယ်...ကိုယ်ဝန်ရှိနေခဲ့တာလား"

"ဟုတ်တယ် မြေး...အစက အဘွားတို့တောင် မသိပါဘူး။ ရင်ခွဲရုံမှာ ခွဲစိတ်စစ်ဆေးမှ ဆရာဝန်က ပြောတာ။ အဲဒါကြောင့် လူ့အသက်နှစ်သက်ဖြစ်သွားတဲ့အတွက် ထွဋ်ခေါင်ဦး အလုပ်ကြမ်းနဲ့





ထောင်ဆယ်နှစ် ကျသွားတာ။ ဒါတောင် သူကိုယ်တိုင် ရဲစခန်းကို သွားပြီး ဝန်ခံအဖမ်းခံခဲ့တာကြောင့်လေ အပြစ်ပေါ့သွားလို့ အဲဒီလောက်ပဲ"

"အဲဒီအပြစ်ခံလိုက်ရုံနဲ့ ပြီးသွားရောလား။ သေတဲ့လူက ဘယ်တော့မှ ပြန်ရှင်မလာတော့ဘူး။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဘယ်လောက်တောင် ခံစားပြီးမှ သေသွားရသလဲ။ သူကတော့ ထောင်ထဲက အေးအေးသက်သာ ထွက်လာပြီး အပျော်စည်းစိမ်တွေ ခံစားနေတယ်"

"မြေး...မြေးလေးက ဘယ်လိုလုပ် သိခဲ့တာလဲ။ သူနဲ့တွေ့ခဲ့လို့လား"

"ဟင်...မ...မဟုတ်ပါဘူး အဘွား...မတွေ့ပါဘူး"

အဘွားတို့ စိတ်ဆင်းရဲမှာစိုး၍ သူ လိမ်ညာပြီး ဖြေလိုက်ရသည်။ အဘွားက စိတ်မချဟန်ဖြင့်-

"သူကို လုံးဝ မတွေ့ပါနဲ့ မြေးလေး။ မြေးလေးက သူ့သားဆိုတာလည်း လုံးဝ မသိပါစေနဲ့။ အဖေတော်ထိုက်၊ ခေါ်ထိုက်တဲ့လူ မဟုတ်ပါဘူး"

"သားကလည်း အဖေတော်ဖို့ မစဉ်းစားပါဘူး။ မေမေ့ကို သတ်တဲ့ အဲဒီလူကို အဖေလို့ ခေါ်စရာအကြောင်းလည်း မရှိပါဘူး။ ရွံလည်းရွံတယ်၊ မုန်းလည်းမုန်းတယ်"

"အဘိုးတို့က လူကြီးတွေဖြစ်နေတဲ့အတွက် မိဘကို မြဲမှားပါလို့ မတိုက်တွန်းသင့်တာ သိပါတယ်။ ဒါပေမဲ့ မုန်းသင့်တဲ့လူမို့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးတော့ မုန်းသွားရမယ် မြေး။ မြေးရဲ့အမေ အဘိုးရဲ့သမီးလေး ဘယ်လိုသေသွားခဲ့ရတာလဲ။ အသက်ကြီးကြီးငယ်ငယ် ယမမင်းခေါ်ရင် သေချိန်တန်လို့ သေရမှာကို သဒ္ဓါရသဘောတရားဆိုတာကို နားလည်ပါတယ်”

“သေချိန်မတန်သေးဘဲ ပျော်ရွှင်ပြီး သားသမီးလေးတွေနဲ့ ဘဝစည်းစိမ်ခံစားရမယ့်အချိန်မှာ အသတ်ခံလိုက်ရတယ်။ မြေးလေးသာ အဘွားတို့အတွက် မရှိခဲ့ရင် အဘွားတို့လည်း သမီးလေးနောက်ကို လိုက်သွားဖြစ်လောက်တယ်။ အခုတွေးကြည့်ရင် အခု မျက်စိထဲမှာ မြင်ယောင်ပြီး ဖြေမဆည်နိုင်ဘူး။ အရှမ်းကို ယုတ်မာရက်စက်တဲ့ ထွန်းခေါင်ဦး။ အဲဒီနာမည်ကြားတာနဲ့တင် အဘွား သတ်ပစ်ချင်တယ်”

သားလည်း သတ်ချင်နေတာပါပဲလို့ အဘွားတို့ကို မပြောဖြစ်သော်လည်း ရင်ထဲမှာတော့ အကြိမ်ကြိမ် ပြောနေမိသည်။ ဖအေစရိုက်တွေမပါလို့ လူမသတ်ရဲပေမယ့် မြာပွေပြီး အပျော်ကျူးနေတဲ့ အဲဒီလူရဲ့ ဘဝတစ်ခုလုံးကို သူ သတ်ဖြစ်အောင်သတ်ဖို့ ဆုံးဖြတ်ထားသည်။

ခင်ဗျားကို ကျုပ် အဖေလို့ ဘယ်တော့မှ မခေါ်ဘူး ဦးထွန်းခေါင်ဦး။ ခင်ဗျား ကျုပ်အဖေ မဟုတ်ဘူး။ ကျုပ်အမေကို သတ်တဲ့ လူသတ်တရားခံ။ ကျုပ်အမေကို သတ်ထားပြီး ခင်ဗျား ပျော်ပျော်နေလို့ဖြစ်မလား။ ခင်ဗျား ငိုကြွေးရတဲ့နေ့၊ မျက်ရည်ကျရတဲ့နေ့၊ စိတ်ဆင်းရဲသောကရောက်ရတဲ့နေ့ ရှိကိုရှိလာစေရမယ်။

ကျုပ် ကျိန်ဆိုလိုက်တယ် ဦးထွန်းခေါင်ဦး…။





# အခန်း (၃)

“နှင် တကယ်အလုပ်လုပ်တော့မှာပေါ့…ဟုတ်လား ပိုင်ပိုင်”

“အင်း…ငါ အလုပ်ရလာခဲ့ပြီ။ မနက်ဖြန် အလုပ်စဆင်းရမှာ”

“နှင့်ကျတော့ အလုပ်ရတာ လွယ်လှချည်လား။ ဘယ်ကုမ္ပဏီမှာ ရတာလဲ။ လစာက ဘယ်လောက်လဲ။ အလုပ်ချိန်ကကော”

“နှင်ကလည်း တရစပ် မေးတော့တာပဲ ဖြူစင်ရယ်… နှင်နဲ့ စကားပြောချင်လို့ကို အိမ်ကနေ တစ်ခေါက်ပြန်ထွက်လာတာပါ။ ထွန်းမင်းနဲ့တောင် မတွေ့ရသေးဘူး။ ဒီကောင်က သူ့အမေကို ဆေးခန်းလိုက်ပို့နေလို့တဲ့။ အပြန်မှ ဒီဆိုင်မှာ ဆုံမယ်လို့ပြောတယ်။ ကဲ… ဖြူဖြူစင် နှင် ဘာသောက်မလဲ။ လက်ဖက်ရည်လား…ကော်ဖီလား… အအေးလား…မှာလေ”



www.burmeseclassic.com

www.burmeseclassic.com



"ရာသီဥတုက နည်းနည်းပူသလိုပဲနော်"

"အအေးသောက်မှာမဟုတ်လား…ရာသီဥတုကို စကားခံနေသေးတယ်။ ထောပတ်သီး၊ စတော်ဘယ်ရီ သီးစုံ…ဘာလဲ"

"ဒိန်ချဉ်"

ဖြူဖြူစင်တို့က အဲဒီလိုကန့်လန့်။ သူများက ဒါဆို၊ သူမက ဟိုဟာ။

သူငယ်တန်းကနေ ဆယ်တန်းအထိ အတူတူကျောင်းတက်ခဲ့တာမို့ သူမအကြောင်းတော့ သိပြီးသားပါ။ ဆယ်တန်းအောင်ကြတော့ သူက ဒေးတက်ပြီး သူမကတော့ အဝေးသင်နဲ့သာ ဘွဲ့ရခဲ့သည်။ မိသားစုအခြေအနေကြောင့် အလုပ်တစ်ဖက်နှင့် ဘွဲ့ယူရတာမို့ စာနာစိတ်တွေဖြစ်မိရင်း အခုချိန်ထိ ပတ်သက်ရင်းနှီးစွာ နေခဲ့မိခြင်းဖြစ်သည်။

ဖြူဖြူစင်ဆိုသည့် သူမက နာမည်လေးနှင့်လိုက်ဖက်အောင် စိတ်ထားဖြူစင်သည်ဟု ပြောလို့ရသည်။ မိသားစုထဲမှာ ဒုတိယသမီးဖြစ်ပြီး အစ်ကိုကြီးက အားကိုးလို့ရတာမဟုတ်။

သူ ရှာလို့ရတာ သောက်စားသုံးဖြုန်းတတ်သည့် အရက်သမားမို့ သူမအောက်က မောင်အလတ်နှင့် ညီမငယ်အတွက် ပညာရေးနှင့် စားဝတ်နေရေးအတွက် သူမက စက်ရုံတစ်ခုမှာ စာရေးမ လုပ်နေပြီး အမေက ဈေးထဲမှာ ဈေးရောင်းရသည်။

"ဟဲ့…ပိုင်ပိုင်…နင်ကကော ဘာသောက်မှာလဲ…မှာလေ။ ငါ့အတွက် ဒိန်ချဉ်တောင်ရနေပြီ"

"ငါ ထွန်းမင်းလာမှ ဘီယာတစ်ခွက်လောက်သောက်ပြီး စကား





တွေ ပြောချင်လို့"

"အမယ်…ဘီယာသောက်ပြီးမှ စကားတွေ ပြောချင်တယ်ဆိုတော့ ဘာပြောမှာမို့လဲ။ ကောင်မလေးတွေအကြောင်းလား…နင် ရည်းစားတွေဘာတွေ ရှိနေပြီလား…ပိုင်ပိုင်"

"မရှိပါဘူးဟာ… ရှိရင် နင်နဲ့ ဒီလို ထိုင်စကားပြောလို့ ဖြစ်မလား။ ငါ့ရည်းစားက သဝန်တိုမှာပေါ့"

"ပြောတာပဲ…နင်တို့ယောကျာ်းလေးတွေက ယုံရတာမဟုတ်ဘူး။ ငါ့ကို ညီမတို့၊ အစ်မတို့ပြောပြီး ထားချင်လည်းထားမှာပေါ့။ တစ်ချိန်တည်း ရည်းစားသုံးလေးယောက်ထားပြီးတောင် ပရိယာယ်များတတ်ကြသေးတာ။ အရင်တုန်းက မိန်းမမာယာ သဲကိုးဖြာတဲ့ မိန်းကလေးတွေကသာ အသည်းခွဲတတ်တာ၊ ကစားတတ်တာလို့ ပြောကြတာ။ အခုခေတ်မှာတော့ ယောကျာ်းတွေမာယာ သဲကိုးဖြာ လည်းမက မကိုးကိုးပင်လည်းမက ပလီပလာမာယာများတတ်တာ မိန်းမတွေတောင် လက်ဖျားခါလောက်တယ်"

"နင်က ဘယ်နှခါတောင် အသည်းခွဲခံရလို့လဲ။ စက်ရုံမှာ ရည်းစားဘယ်နှယောက်ရှိနေပြီလဲ"

"အမယ်လေး… ငါ့ဘဝက အချစ်ကို စိတ်ကူးယဉ်ချိန်ကို မရတာ။ တစ်ခါတလေ အချစ်နဲ့တွေ့ပြီး သာသာယာယာလေး နေချင်စိတ်တော့ရှိသား။ ဒါပေမဲ့ စက်ရုံမှာလည်း အလုပ်နဲ့၊ စက်ရုံက အချုပ်တဲ့ဆုံးဆိုတော့ မျက်နှာသာလည်း မရပါဘူး။ ဟိုလူ့ဒီလူ့က မေးငေါ့၊ အနိုင်ခံနေရတာ။ ပညာကျတော့လည်း စာရင်းကိုင်နဲ့ ကွန်ပျူ

www.burmeseclassic.com



တာ မကျွမ်းကျင်တော့ ဟိုလူဒီလူ ခိုင်းတာကို မျာယာလိုလုပ်နေရတယ်။ အိမ်ကျတော့လည်း ကြည့်ဦး…အမေ ပင်ပန်းတာမကြည့်ရက်တာနဲ့ အလုပ်တွေ အကုန်ကူလုပ်၊ မောင်လေး၊ ညီမလေးတွေကို စာပြန်ပြ၊ အစ်ကိုကြီး ပြဿနာရှာလာရင် ရှင်းရနဲ့၊ ရည်းစားထားချင်စိတ်လည်းကုန်၊ ယောကျ်ားယူချင်စိတ်လည်း ကုန်ပါတယ်ဟယ်"

ဖြူဖြူစင်စကားကြောင့် သူ ရယ်ချလိုက်မိသည်။ ဖြူဖြူစင်အမေရှိတုန်းကတော့ ဖြူဖြူစင်ဘဝက ဒီလောက်မဆိုး။ ကျောင်းတက်ရင်း၊ ပညာသင်ရင်းနှင့် အပူအပင်တွေ သိပ်မရှိခဲ့ပေ။ မုန့်ဖိုးဆိုလည်း လုံလောက်စွာ ပါလာတာမို့ ထွန်းမင်းနှင့်သူက သူမဆီ လှည့်ပတ်တောင်းရမ်းစားသောက်ကြသည်။ ဖြူဖြူစင်က မိန်းကလေးသူငယ်ချင်းလည်း မရှိတာမို့ သူနှင့်ထွန်းမင်းကိုသာ အပေါင်းအသင်းလုပ်၏။

သူမ မပြည့်မစုံဖြစ်လာသည့်အခါမှာတော့ သူတို့က ပြန်ပြီးစောင့်ရှောက်မှုလေးတွေ လုပ်ကြသည်။ သူမကို လက်ဆောင်လေးတွေ ဝယ်ပေးလိုက်ကြ၊ သူမ လိုအပ်တာလေးတွေ ဖြည့်ဆည်းပေးလိုက်ကြ၊ ဆိုင်တစ်ဆိုင်ဆိုင်မှာ သူ မစားချင်တာလေးတွေ ဝယ်ကျွေးလိုက်ကြ၊ သူမ ရင်ဖွင့်တာလေးတွေ နားထောင်ပေးလိုက်ကြနှင့် ရင်းနှီးမှုတွေ ပိုခဲ့ကြတာတော့ အမှန်ပဲဖြစ်သည်။

"ဖြူဖြူစင်"

"ဘာလဲ"

"ဒီလိုစိတ်ညစ်စရာတွေ ရှိတဲ့အချိန်မျိုးမှာ နင့်အဖေကို သတိမရဘူးလား"





"ရတာပေါ့ဟယ်…ဘယ်လိုပြောလိုက်ပါလိမ့်။ အဖေသာရှိရင် မိသားစုဒုက္ခဆိုတာကို ငါ ဒီလောက်ကြီးခံရမှာမဟုတ်ဘူး။ အမေ့ကို ကြောက်ရတာနဲ့ အစ်ကိုကြီးလည်း အရက်သမားဖြစ်မှာမဟုတ်ဘူးဟ။ ပြီးတော့ အဖေက မိသားစုအပေါ် တာဝန်ယူမှုရှိတယ်။ အဖေရှိတုန်းက အမေလည်း ဒီလို ပင်ပန်းတဲ့အလုပ်တွေ လုပ်ခဲ့ရတာမှမဟုတ်တာ။ အဖေတစ်ယောက်တည်း ရှန်းကန်ရှာဖွေကျွေးမွေးပြီးအမေ့အပေါ်ကော၊ သားသမီးတွေအပေါ်ကော အရှမ်းကို ကြင်နာခဲ့တာ"

"အဲဒီလိုအဖေမျိုးတွေ ရှိသေးလို့လား"

"ဟဲ့…ရှိတာပေါ့။ မိဘတိုင်းက ဒီလိုပဲဥစ္စာ"

"ငါတော့ မထင်ဘူး"

"ဘာရယ်"

နာကြည်းမှုစွက်နေသော သူ့အသံကြောင့် ဖြူဖြူစင် နားမလည်နိုင်ဖြစ်သွားသည်ထင်သည်။ ဒိန်ချဉ်သောက်နေရာမှ နှာခေါင်းလေးရှုံ့သွားခဲ့ပြီး–

"အံ့သြတယ်…နင်က ဘာကို မထင်တာလဲ"

"သားသမီးနောင်ရေးလည်း မတွေး၊ မိန်းမကို စိတ်လိုက်မာန်ပါ သတ်ရဲဖြတ်ရဲတဲ့ ယောကျ်ားမျိုးလည်း ရှိမှာပဲမဟုတ်လား"

"သြော်…နင်က မှုခင်းသတင်းဂျာနယ်ထဲကဟာတွေ ပြောနေတာထင်တယ်။ အေးလေ…ရှိချင်လည်းရှိမှာပေါ့။ လူ့စိတ်ဆိုတာအမျိုးမျိုးပဲ။ မိသားစုအပေါ် တာဝန်ကျေတဲ့သူ ရှိတယ်။ တာဝန်မဲ့တဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ ကိုယ့်ဘဝကို မြှင့်တင်တဲ့သူ ရှိတယ်။ ကိုယ့်ကိုယ်ကိုယ် မြောင်းထဲရောက်အောင် နှိမ့်ချနေတဲ့သူတွေလည်း ရှိတာပဲ။ များသော အားဖြင့်တော့ ကိုယ့်ကံအကျိုးပေးလို့ ပြောရမှာပေါ့"

"ကံဆိုတာ လူကလုပ်တာ…ကောင်းတာ-မကောင်းတာဖြစ်ဖို့ လူကပဲ လုပ်နေတာ။ အဲဒီလိုမကောင်းတာတွေဖြစ်အောင် လုပ်တဲ့ သူကို ဘယ်လိုလုပ် ခွင့်လွှတ်လို့ရမှာလဲ"

"ပိုင်ပိုင်…နင် ဘာဖြစ်နေတာလဲ"

သူ့ရဲ့စိတ်လိုက်မာန်ပါ ခံပြင်းမှုတွေအတွက် ဖြူဖြူစင် နားမလည် နိုင်ဖြစ်နေတာ မထူးဆန်းပေ။ သူ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးတာ။

အမြဲတမ်း ပျော့ပျောင်းညင်သာမှုများဖြင့် သိမ်မွေ့စွာ နေတတ် ခဲ့သည့်ကောင်ပါ။ အဘိုးအဘွားတို့ရဲ့ ဆုံးမသွန်သင်မှုများကြောင့် ရိုင်းရိုင်းစိုင်းစိုင်း ပြင်းပြင်းထန်ထန် တစ်ခါမှ မနေဘူးခဲ့။

သူ အံတစ်ချက် ကြိတ်မိသွားပါလျက်နှင့်…

"ဘာမှမဖြစ်ပါဘူးဟာ… ဒီလိုပဲ မကျေနပ်စရာအကြောင်း ကိစ္စလေးတွေ ရှိနေလို့ပါ"

"နင်က အဘိုးအဘွားနဲ့ သာသာယာယာနေခဲ့ရပြီး မကျေနပ် စရာအကြောင်းဆိုတာ ဘယ်ကပေါ်လာတာလဲ။ နင့်မှာ မိဘတွေ ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တာဆိုပေမယ့် အဘိုးနဲ့အဘွားက နင့် ဘဝပြည့်စုံအောင် စောင့်ရှောက်ခဲ့ကြတာပဲမဟုတ်လား"

"ဟုတ်တယ်၊ ငါ့လို မိဘမဲ့ အဖေအမေမရှိတဲ့ကောင်ကို အဘိုးနဲ့အဘွားက စောင့်ရှောက်ပေးခဲ့လို့သာပေါ့။ မဟုတ်ရင် ဒီလိုလူ





ဖြစ်လာမှာတောင် မဟုတ်ဘူး။ ဒါပေမဲ့ ဒါ…ငါ့ရဲ့ကံကြမ္မာမဟုတ် ဘူး။ လူတစ်ဦးတစ်ယောက်သာ မယုတ်မာခဲ့ရင်"

"ပိုင်ပိုင်"

နားမလည်သလို ဖြူဖြူစင် မျက်လုံးလေးလှန်ကြည့်လိုက်တာ ကြောင့် သူ ပေါက်ကွဲမှုတွေ ထိန်းချုပ်ဖို့လိုပြီဟု တွေးလိုက်မိသည်။ ဖြူဖြူစင်ကို ဒီအကြောင်းတွေ အသိပေးလို့မှမဖြစ်တာ။

သူ့ စသိကတည်းက အသိပေးမိတာဆိုလို့ ထွန်းမင်းတစ်ယောက် သာ ရှိသည်။

"ဟို…နင် ပြန်ချင်ပြန်တော့လေ ဖြူဖြူစင်…ထွန်းမင်းလည်း လာတော့မှာ…သူလာရင် ဘီယာသောက်ဦးမှာဆိုတော့ နင်ရှိနေရင် မကောင်းဘူး"

"အေးပါ…နင်က ဘီယာအကြိုက်သောက်နေတတ်တဲ့ကောင် မျိုးလည်း မဟုတ်ဘဲနဲ့ သူငယ်ချင်းနှစ်ယောက်တွေ့ပြီး အလွန်အကျွံ တွေလည်း မလုပ်နဲ့ဦး"

"မလုပ်ပါဘူးဟာ…စကားပြောကောင်းရုံပါပဲ"

"နင် ဒီနေ့ တစ်မျိုးဖြစ်နေတယ် ပိုင်ပိုင်…စိတ်ဆင်းပြီး တစ်ခုခု ကို မကျေမနပ်ဖြစ်နေသလိုပဲ။ နင် အလုပ်ရပြီဆိုတော့ ငါတို့ တွေ့ရဖို့ ကလည်း ခက်ခဲသွားမှာ။ အလုပ်မှာ အဆင်မပြေတာရှိလည်း ငါ့ကို ပြောပါ။ တခြားအကြောင်းတွေရှိလည်း ငါ့ကို ရင်ဖွင့်ပါ။ ငါ့မှာလည်း နင်နဲ့ထွန်းမင်းပဲ ရှိတာ"

"အေးပါ ဖြူဖြူစင်ရယ်…ငါတို့အတွက်လည်း နင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမင်းရော ငါရော နင့်ကို သိပ်ခင်ကြတာ။ တက္ကသိုလ်တက်တဲ့ အထိတောင် အဆက်အသွယ်မှ မပြတ်ခဲ့ကြတာ။ အခု အလုပ်ရသွားလည်း နင့်ကို ခဏခဏတွေ့နိုင်အောင် ကြိုးစားမှာပါ"

"အင်း…ကျေးဇူးပဲ။ ငါ့ကို မမေ့လို့"

"ဘယ်တော့မှ မမေ့ပါဘူး ဖြူဖြူစင်"

ဒါ သူ့ရင်ထဲမှာ အမှန်တကယ်ရှိနေသော သစ္စာတရားပါ။ ဖြူဖြူစင်စင် ရိုးစင်းလှပသော ဒီမိန်းကလေးကို သူ မြတ်နိုးစွာ ချစ်မိနေသည် ဆိုတာတော့ ဝန်မခံဖြစ်သေးပေ။

သူ့မှာ ဦးထွန်းခေါင်ဦးနှင့်ပတ်သက်ပြီး ဖြေရှင်းစရာရှိနေသေးသည်။ ခံပြင်းနေသောစိတ်များနှင့် လက်တုံ့ပြန်ခွင့်ရချင်သေး၏။ မေမေ့အတွက် လက်စားချေခွင့်မရလျှင် သူ့ ဒီဘဝမှာ သေပျော်နေပျော်တော့မည်မဟုတ်။

ခင်ဗျား ကြာကြာမပျော်စေရတော့ဘူး ဦးထွန်းခေါင်ဦး။ မေမေ့ကို သတ်ခဲ့တဲ့အတွက် ခင်ဗျား နောင်တ ရကိုရစေရမယ်။

ထောင်ကထွက်လာပြီးတာတောင် သားဆိုတာကို သတိမရဘဲ မိန်းမတွေနဲ့ပဲ ပျော်နေတဲ့ ခင်ဗျားကို…





## အခန်း (၄)

"ဘာ…မင်း…မင်းက မင်းအဖေဆီမှာ ကားဒရိုင်ဘာလုပ်မလို့။ ဟာ…ပိုင်ပိုင်ရာ…မင်း ဘယ်လိုအတွေးတွေနဲ့များ"

"ငါ သူ့ကို အနီးကပ် တိုက်ခိုက်မှာ။ မေမေ့ကို သတ်ခဲ့တဲ့အတွက် ဥပဒေကပေးတဲ့အပြစ်ဒဏ်ကို ခံပြီးလည်း သားတစ်ယောက်ဆီမှာ အပြစ်ကြွေးတွေဆပ်ဖို့ ကျန်သေးတယ်ဆိုတာ သူ သိစေရမယ်"

"ဟိတ်ကောင်…အဲဒါ မင်းအဖေလေ။ မင်းအမေကို ဘယ်လိုအငြိုးနဲ့ ဘာကြောင့်ပဲသတ်သတ် မင်းကို လူဖြစ်အောင် မွေးခဲ့တဲ့ မင်းအဖေ…မင်း ငရဲကြီးမှာ၊ ကံကြီးထိုက်မှာ မကြောက်ဘူးလား ပိုင်ပိုင်"

"မကြောက်ဘူး…ချစ်လို့ယူထားတဲ့ မိန်းမကို ရက်ရက်စက်စက် သတ်ရဲတဲ့ အဲဒီအဖေဆိုတဲ့လူရဲ့သားပဲကွာ…လူသတ်သိုတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com



သတ္တိမရှိရင်တောင် လက်တုံ့ပြန်လက်စားချေရဲတဲ့စိတ်မျိုးတော့ ရှိဦးမှပေါ့…မဟုတ်ဘူးလား"

မဟုတ်ဘူးလို့ ဘုကန့်လန့်ပြောလိုက်ရမှာတော့ အားနာဓိသလိုပင်။ ဒီကောင် သက်ထွန်းပိုင်ရဲ့ခံစားချက်တွေကို သိနေတာကြောင့်ပါ။

သူ့အဖေအကြောင်း ဒီကောင်သိတာ သိပ်မကြာသေး။ စသိသည့်နေ့က ဒီကောင် ချုံးပွဲချကာနေသည်။ ဘွဲ့ယူသည့်နေ့က စားသောက်ဆိုင်မှာ လိုက်ကျွေးခံရင်း ပွဲမပြီးခင် ဒရိုင်ဘာကိုကျော်လင်းနှင့် အရင်အိမ်ပြန်သွားခဲ့သည်။ နောက်နှစ်ရက်လောက် ပျောက်နေပြီးမှ ကိုယ့်ဆီကိုလာကာ ရင်ဖွင့်ခဲ့ခြင်းဖြစ်၏။

"အဖေက လူသတ်၊ ထောင်ထွက်တစ်ယောက်ဖြစ်တာ ငါ မရှက်ပါဘူး။ ဒါပေမဲ့ တခြားသူစိမ်းကိုမဟုတ်ဘဲ မေမေ့ကိုသတ်တာတော့ ငါ ဘယ်လိုမှ ဖြေလို့မရဘူး။ ရက်စက်တတ်တဲ့သူတစ်ယောက် ဖြစ်ခဲ့ရင်လည်း သားတစ်ယောက် ရှိတယ်ဆိုတဲ့ သံယောဇဉ်ကို ထည့်တွေးရမယ်။ အခုကျတော့ကွာ"

"အကြောင်းတွေရှိခဲ့မှာပေါ့။ အဲဒီအချိန်က မင်းက ငယ်သေးတော့ သိမှမသိတာ"

"အဲဒီအချိန်က မသိလည်း အခု အတွေးတို့ပြောပြလို့ ငါ သိပြီပဲ။ ဦးထွန်းခေါင်ဦး မိန်းမပွေတာကို မေမေက သဝန်တိုပြီး ခဏခဏ အိမ်ပေါ်ကဆင်းတာ စိတ်မရှည်လို့ သတ်ပစ်လိုက်တာတဲ့။ အခုထိလည်း အဲဒီသောက်ကျင့်က မပျောက်သေးဘူး။ မိန်းမတွေနဲ့ ပလူးတုန်းကဲတုန်း ရှိသေးတယ်။ ဒီအသက်အရွယ်ရောက်တာတောင်





မဆင်ခြင်တာ။ အရင်က ပိုဆိုးခဲ့မှာပေါ့"

"မင်းအဖေရုပ်ကလည်း မိန်းမကြိုက်လေကွာ။ ဥစ္စာပေါ ရုပ်ချော ဆွဲဆောင်မှုအခံရှိနေတော့ မြူပွေလို့ကောင်းတာပေါ့"

"ဥစ္စာပေါရုပ်ချောတယ်ဆိုပြီး ယောကျ်ားတိုင်း အဲဒီလိုမဟုတ်ဘူး တွန်းမင်း…မင်းတို့ငါတို့မှာလည်း မဆွတ်ခင်က ညွတ်ချင်နေတဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာပါပဲ။ ပွေချင်ပွေလို့ရတယ်။ ရှုပ်ချင်ရှုပ်လို့ရတယ်။ အကျင့်စာရိတ္တပျက်ချင်လည်း ပျက်လို့ရနေတယ်။ သူ့မှာ မိန်းမလည်းရှိတယ်၊ ငါဆိုတဲ့သားလည်း ရှိတယ်။ တချို့မိန်းမတွေက သူတို့ကို ပြည့်စုံအောင် ထောက်ပံ့ပေးရင် ပြီးရော။ အချိန်တန်ရင် ကိုယ့်ခြံကနွားက ကိုယ့်ခြံဝင်မှာပဲလို့ သဘောထားကြလား မသိပေမယ့် မေမေကတော့ ရည်းစားလူလု အနုကြမ်းခတ် မခံစားနိုင်ဘဲ ပူညည်းညည်းတွေ လုပ်ခဲ့လိမ့်မယ်။ ဒါကို စိတ်မရှည်ဖြစ်ပြီး သတ်ပစ်လိုက်တာနေမှာပေါ့။ ဘယ်လောက်တောင် ရက်စက်ကြမ်းကြုတ်လိုက်လဲ"

"သူကိုယ်တိုင် ရဲစခန်းမှာ သွားအဖမ်းခံလိုက်တာကတော့ သူ့အပြစ်သူ သိလို့နေမှာပေါ့ကွာ…စိတ်လွတ်ပြီး ခြေလွန်လက်လွန်ဖြစ်သွားတာနေမှာပါ။ ဘယ်သူက ကိုယ့်မိန်းမကို အငြိုးအတေးတွေထားပြီး သတ်ပစ်ရက်ပါ့မလဲ"

"အဲဒီလိုဖြစ်အောင် သူ မိန်းမတွေ ရှုပ်ခဲ့တာလေ။ အခုတောင် တစ်ယောက်ပြီးတစ်ယောက် တွဲနေတာ။ မင်းလည်း စုံစမ်းကြည့်လို့ သိပြီးပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းမင်းက ဘီယာတစ်ကျိုက် မော့ရင်း ခေါင်းညိတ်ပြ၏။ သူ့ကိုလည်း ဘီယာခွက်ရှေ့တိုးပေးတော့ သူ သားကိုဖယ်ထုတ်လိုက်သည်။

ဘီယာသောက်ချင်လို့ ဒီကိုလာတာမဟုတ်။ ရင်ဖွင့်တိုင်ပင်စရာဆိုလို့ ထွန်းမင်းတစ်ယောက်သာ ရှိသည်။ ဒီအကြောင်းကို ဖြူဖြူစင်ကိုတောင် အသိပေးလို့ကောင်းတာမှမဟုတ်တာ။

ထွန်းမင်းက ဘီယာခွက်ကို စားပွဲပေါ် ဆောင့်ချနဲ့ပြန်ချလျက်–

"မင်းအဖေ မိန်းမရှုပ်တာတော့ မပြောနဲ့"

"ဟိတ်ကောင်…မင်းအဖေဆိုတဲ့စကား မသုံးနဲ့။ အဲဒီလူနာမည် ဦးထွဋ်ခေါင်ဦး"

"အေး…ထားပါ ~.ဦးထွဋ်ခေါင်ဦး။ အဲဒီလူက မိန်းကလေးတွေနဲ့ အပျော်ပဲရှုပ်တာ။ မြာပွေတာပေါ့ကွာ။ ဒါပေမဲ့ တစ်ယောက်ကိုမှ အတည်မယူဘူး။ ဟိုမိန်းကလေးနဲ့ ဟိုနေရာချိန်း၊ ဒီမိန်းကလေးနဲ့ ဒီနေရာချိန်း၊ တွေ့ပြီး ဘာဘာညာညာဖြစ်…ငွေနဲ့ရှင်း၊ တချို့ သူ့ကိုတကယ်ချစ်တဲ့၊ လက်ထပ်ချင်တဲ့ မိန်းမတွေလည်း ရှိတယ်။ သူကတော့ တော့တာပဲ။ အသည်းကွဲချင်တဲ့မိန်းမ ကွဲ၊ မျက်ရည်သုတ်ချင်တဲ့ မိန်းမ သုတ်…ဂရုကိုမစိုက်တာ"

"ရှုံစရာကြီးကွာ…ဒီလိုယောကျ်ားမျိုးကို မိန်းကလေးတွေ ဘာမက်နေတာလဲ"

"မင်းအဖေ…အဲ…ဦးထွဋ်ခေါင်ဦးမှာ မိန်းကလေးတွေ မက်လောက်တဲ့ ဆွဲဆောင်မှုတွေ ရှိလို့နေမှာပေါ့ကွာ။ အခုခေတ် တချို့





မိန်းကလေးတွေက မိန်းမရှိရှိ၊ ဖိုးဖိုးအိုအို ကလေးဘယ်နှယောက်အဖေဖြစ်ဖြစ် သူတို့ အာသီသရှိပြီဆိုရင် အဲဒီယောကျ်ားကို ဒုသနသောတွေ ကျူးလွန်ပြီး ပိုင်ဆိုင်နေချင်ကြတာ။ ပြောရရင် ယောကျ်ားတွေမှာ အပြစ်မရှိဘူး။ ယောကျ်ားဆိုတာ ဘယ်မှာဥပုသ်စောင့်လို့လဲ။ ဒီလိုကိစ္စမှာ ဓ,ရှိပြီးသား။ အလကားလိုပေးနေရင် ယူမှာပေါ့ကွ"

"ကိုယ်က ယောကျ်ားဖြစ်လို့ ယောကျ်ားတွေကို အမွန်းတင်ပြီး မိန်းကလေးတွေကို မရှုံ့ချပါနဲ့ ထွန်းမင်း။ ဒီလိုကိစ္စမျိုးကို ယောကျ်ားလေးက မစတဲ မိန်းကလေးတွေ အရှက်မရှိ မလုပ်ရဲပါဘူး။ ယောကျ်ားတွေကသာ ကိုယ့်မှာ မိန်းမရှိရှိ၊ သားသမီးရှိရှိ စည်းစောင့်ရမှန်းကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းရမှန်း မသိကြတာပါ။ အချစ်ဆိုတာကို ပြည့်တန်ဆာနဲ့တောင် လွယ်လွယ်သုံးတတ်ကြတာ"

"အေးပါ…နာကြည်းချက်တွေကြောင့် မင်း ဒီလိုတွေဖြစ်နေတာကို နားလည်ပါတယ်။ ဒါပေမဲ့ အဲဒီလောက် မုန်းရတဲ့သူဆီမှာ မင်းက ဘာလို့ အနီးကပ်နေရအောင် ဒရိုင်ဘာ သွားလုပ်ရတာလဲ ပိုင်ပိုင်"

"ဟုတ်တယ်…ငါ့နာမည် ပိုင်ပိုင်၊ အဲဒီလူနာမည်ပါ ပါတဲ့ သက်ထွဋ်ပိုင်။ အခု သူ့ကို ငါ့နာမည် လင်းညို့လို့ ပြောခဲ့တယ်"

"ဘာဖြစ်လို့"

"ငါ့နာမည်အရင်းကို သိရင် သူ့သားလို့ သတိထားမိသွားမှာစိုးလို့လေ"

"အလုပ်လျှောက်တာ စီပီဖောင် မဖြည့်ရဘူးလား။ ဓာတ်ပုံတင်



www.burmeseclassic.com

www.burmeseclassic.com



မပေးရဘူးလား။ အဲဒီမှတ်ပုံတင်ထဲမှာ အဖနာမည်က ဦးထွန်းခေါင်ဦး"

"လမ်းမှာလာရင်းနဲ့ အဲဒါတွေ ခါးပိုက်နှိုက်ခံလိုက်ရတယ်။ ယုံကြည်ရင်ခန့်၊ မယုံကြည်ရင် မခန့်နဲ့လို့ ပြောလိုက်တယ်"

"ဟ…အစကတည်းက ဝင်ကျိုးတာပဲ။ အကန်တွေ စွတ်တင်တာ ဦးထွန်းခေါင်ဦးက သဘောကျတာပဲလား"

"ရေစက်ပါလို့ ဖြစ်မယ်။ အလုပ်တော့ ခန့်လိုက်တာပဲ။ ကုမ္ပဏီ အတွက် မဟုတ်ဘူး။ သူ့အတွက်ဆိုတော့ အိမ်မှာပဲ အင်တာဗျူးတာ"

"ဦးထွန်းခေါင်ဦးရဲ့အိမ်မှာ မင်းအမေရဲ့ဓာတ်ပုံလေးတောင် မတွေ့ခဲ့ဘူးလား"

"တောက်"

မေမေ့အရိပ်အရောင်၊ အမှတ်တရဓာတ်ပုံဆိုတာမျိုး တစ်စွန်းတစ်စလေးတောင် မမြင်ခဲ့ရပါ။ မေမေ့ကို အမုန်းတွေ၊ အငြိုးတွေနှင့် သတ်ခဲ့တာကြောင့် အမှတ်တရ ဘာတစ်ခုမှမကျန်အောင် ဖျောက်ဖျက်ပစ်ခဲ့တာပဲ ဖြစ်မည်။

ဒီလိုလူမျိုးဟာ မေမေ့ရဲ့အချစ်ရဆုံးယောကျ်ား၊ သူ့ရဲ့အဖေတဲ့လား။

ဦးထွန်းခေါင်ဦး…ခင်ဗျားဟာ ကျုပ်ရဲ့အဖေ မဖြစ်ထိုက်တဲ့သူပဲ။ ဘယ်တော့မှ ကျုပ်အဖေ မဖြစ်သင့်တဲ့သူ။





# အခန်း (၅)

"မင်း အချိန်တော့ တိကျသားပဲ"

"ဟုတ်ကဲ့…အလုပ်အပေါ် လေးစားတတ်တယ်ဆိုတာ ရှေ့လျှောက် ပိုသိရမှာပါ"

"ကြိုက်တယ်…ဒါပေမဲ့ ငါကတော့ အဲဒီလိုမဟုတ်ဘူး။ ငါ နေချင်သလိုပဲနေတဲ့ကောင်။ ငါ့ကို အုပ်ချုပ်မယ့်သူ၊ ထိန်းသိမ်းမယ့်သူ၊ အပြစ်ပြောမယ့်သူ မရှိဘူး။ အပူအပင်မရှိချင်လို့ မိန်းမတောင် မယူဘူး"

"ဒါပေမယ့် လူပျိုကြီးတော့ မဟုတ်ဘူးမဟုတ်လား"

"ဘာကွ…မင်းက ဒါကို စုံစမ်း"

"အထူးစုံစမ်းစရာ မလိုပါဦး…ဦးထွန်းခေါင်ဦးက ဒီလောက်တောင် နာမည်ကြီးထင်ပေါ်နေတာ။ လူတွေရဲ့ပါးစပ်ဖျားမှာ ဂုဏ်ပုဒ်တွေ ရေပန်းစားနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…မင်းရဲ့အဲဒီအခေါ်အဝေါ်ကို ပြောင်းလဲရမယ်"

"ဗျာ"

"ငါ့ရဲ့ဝန်ထမ်းတွေအားလုံး ငါ့ကို ဦးထွဋ်ခေါင်ဦးလို့ ဘယ်သူမှ မခေါ်ရဘူး။ သူဌေးတို့၊ ဆရာတို့၊ ဘော့စ်တို့…အဲဒီလိုပဲ ခေါ်ကြတယ်။ အဲဒီထဲက မင်း နာမ်စားတစ်ခုရွေး"

ဒီလိုခေါ်ရမည်လို့ အမိန့်မထုတ်သော်လည်း သူ အောင့်သက်သက်တော့ ဖြစ်သွားမိသည်။ သူ ဘယ်နာမ်စားမှ တပ်ပြီးမခေါ်ချင်ပါ။

ဖြစ်နိုင်လျှင် ဦးထွဋ်ခေါင်ဦးဆိုသည့်နာမည်ကိုတောင် မခေါ်ချင်။

"ဘယ်လိုလဲ"

"သူဌေးလို့ ခေါ်ပါ့မယ်။ ကျွန်တော့်အလုပ်ရှင်သူဌေးပဲ"

"ဌတ်ဒ်တယ်…အဲဒီလိုအသိ အမြဲတမ်းရှိမယ်ဆိုရင် မင်း ကြီးပွားမှာပါ။ တစ်ခု မင်းကို ပြောထားရဦးမယ်"

"ဟုတ်ကဲ့"

"ငါ့မှာ အထာတွေ၊ ဇယားတွေ များတယ်။ အဲဒါကို မင်းက ဖုန်းလက်ခံပြီး အချိန်မထပ်အောင် ချိန်းပေးရမယ်"

"ဗျာ"

"မိန်းကလေးတွေကိစ္စ ပြောတာကွာ…ငါ့မှာ များလွန်းတော့ နာမည်တွေမှားပြီး အချိန်တွေ ထပ်နေတာရှိတယ်။ တစ်ခါတလေ ကလျာနဲ့ ချိန်းထားတယ်ထင်ပြီး အဲဒီနေရာကို သွားတဲ့အခါမှာ ပပက ရောက်နေတယ်။ ဟိုတယ်မှာ နှစ်ယောက်လုံးကို ခေါ်ထားမိတဲ့အခါမျိုးလည်း ရှိတယ်။ အခု အဲဒီပြဿနာတွေမတက်အောင် မင်းက





နည်းနည်း အချိန်ဇယားလေး မှတ်ထားပေး။ မင်းကို ဘောက်စ်ဆူး ကောင်းကောင်းပေးမှာပေါ့ကွာ။ မင်းက လူငယ်ဆိုတော့ ဒီအထာတွေ နပ်ပြီးသားဖြစ်ပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ"

"အေး…အရေးကြီး နောက်တစ်ခု ထပ်ပြောရဦးမယ်။ မပြောခင် ဒီအိမ်ကဝန်ထမ်းတွေနဲ့ မင်းကို အရင်မိတ်ဆက်ပေးထားမယ်"

ဦးထွဋ်ခေါင်ဦးက စားပွဲပေါ်တင်ထားသော ဘဲလ်တစ်ခုကို နှိပ်လိုက်သည်နှင့် ဝန်ထမ်းတွေ အပြေးအလွှား ရောက်လာကြသည်။ အားလုံးက ရိုကျိုးစွာဖြင့် လက်ကလေးတွေ နောက်ပစ်ဦးညွှတ်ကာ ရပ်နေကြ၏။

"ဒါ မာလီခြံစောင့် ဦးဘထွန်း။ သူကတော့ ဦးဘထွန်းရဲ့ဇနီး ထမင်းချက် အိမ်တော်ထိန်းဒေါ်လှကျင်၊ အမေလှပေါ့…မှတ်ထား။ သူက အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးတာဝန်ယူထားတဲ့ ချိုမာ"

"ဟုတ်ကဲ့"

"မင်းကတော့ ငါ့ရဲ့ဝန်ထမ်းအသစ်ပဲ့။ အားလုံး မှတ်ထား…လင်းညို့တဲ့။ မိန်းမဆန်သလိုလိုနာမည်နဲ့ဆိုပေမယ့် စိတ်တော့မာမယ်ထင်တယ်။ အားလုံး မိသားစုလိုဆက်ဆံကြပါ။ လင်းညို့က ဒီအိမ်မှာ အနေများမယ်။ အဲဒီအတွက် သူ့ကို ဒီအိမ်ရဲ့စည်းကမ်းလေးတွေလည်း ပြောပြထား။ သူ့အတွက် အောက်ထပ်က အစွန်ဆုံးအခန်းကို ပြင်ပေးထားပါ"

"ဟုတ်ကဲ့ပါ သူဌေး"



www.burmeseclassic.com

www.burmeseclassic.com



"အေး…အရေးကြီးဆုံးက အပေါ်ထပ် လသာဆောင်ဘေးက အခန်းကို ဘယ်လိုအကြောင်းရှိရှိ လုံးဝမဝင်ပါနဲ့။ ဒီအိမ်ကလူတွေလည်း ဘယ်သူမှ မဝင်ရဘူးဆိုတဲ့စည်းကမ်းချက် ရှိတယ်။ ဝင်မိတဲ့လူဟာ ချက်ချင်း အလုပ်ထုတ်ခံရမယ်။ အပြစ်ပေးခံရမယ်။ အဲဒါကို လုံးဝ မမေ့နဲ့"

ဝန်ထမ်းအသစ်မို့ သူ့မျက်နှာကိုကြည့်၍ သေချာမှာနေခြင်းဖြစ်၏။ ဘာကြောင့်လဲဆိုတာတော့ သူ စိတ်ဝင်စားမိသည်။ အခုကတော့ စည်းကမ်းချက်တွေကို သူ လိုက်နာဖို့သာ ရှိ၏။ ဦးထွန်းခေါင်ဦးက ဆိုဖာခုံကနေ ထရပ်၍-

"ဘရိတ်ဖတ်စ် စီစဉ်ပြီးပြီမဟုတ်လား အမေလှ"

"ဟုတ်ကဲ့"

"လင်းညို့အတွက်ပါ ပြင်လိုက်ပါ။ ဒီကောင်ကို ကျွန်တော့်ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ခိုင်းရမှာဆိုတော့ နည်းနည်းအရေးပေးမှဖြစ်မယ်။ ငါ့ရဲ့စပိုင်ပေါ့ကွာ။ ဘော်ဒီဂတ် သက်တော်စောင့်…ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ပါ သူဌေး"

"အေး…မင်းရဲ့အရည်အချင်းကို ကြည့်ပြီး လစာငွေ မနည်းစေရပါဘူး။ ကဲ…ဆွဲလိုက်ကြတာပေါ့"

သူ့ပခုံးကို ဖက်၍ အစားအသောက်ပြင်ထားသည့်အခန်းထဲခေါ်သွားတော့ ဦးထွန်းခေါင်ဦးရဲ့လက်တွေကို သူ ပုတ်ခတ်၍ ဖယ်ထုတ်ပစ်လိုက်ချင်သည်။ ဒီလောက် အကျင့်သိက္ခာမဲ့ပြီး ရွံစရာ





ကောင်းသည့်လူ့ရဲ့လက်နှင့် အထိတွေ့မခံချင်ပါ။

"သုံးဆောင်ပါ သူဌေးမင်း…လိုအပ်တာရှိရင်လည်း ပြောပါ"

စားပွဲပေါ်မှာ စားသောက်ဖွယ်ရာအပြည့်ဖြစ်နေတာတောင် လိုအပ်တာရှိရင် ပြောပါလို့ ပြောနေကြသေးသည်။ အသားငါး အသီးအနှံ အကြော်အလှော် အသုပ်အမြုပ်၊ နွားနို့ စုံလင်လှသည်။

သူ့အတွက် မနက်ခင်းစာဟာ ဒီလောက် မခမ်းနားပါ။ စီးပွားရေးကျဆင်းနေသော အဘိုးအဘွားတို့ရဲ့ ပြည့်စုံမှု မနက်ခင်းစာဟာ ပေါင်မုန့်၊ ကိတ်မုန့်၊ လက်ဖက်ရည်၊ ကော်ဖီ ဒီလောက်မျှသာ။

"ငါက မနက်စာတော့ တခမ်းတနား စားတတ်တယ်။ ကျန်းမာရေးအတွက်၊ အသားအရေ အသက်အရွယ်ထိန်းဖို့အတွက်၊ ဖွယ်ဖွယ်ရာရာပေါ့။ နေ့လယ်စာကျတော့ စားဖြစ်ချင်မှ စားဖြစ်တာလေ။ ညစာကျတော့လည်း တခြားကိစ္စတွေ အချိန်ပေးနေရတာနဲ့ သိပ်မဟုတ်လှဘူး။ အဲဒါကြောင့် မနက်စာကို အထူးဂရုစိုက်ရတယ်။ ကဲ…မင်းစားချင်လည်း ကြိုက်တာထည့်စား"

"ကျွန်တော် မစားတော့ပါဘူး။ အိမ်က ပေါင်မုန့်စားပြီး လက်ဖက်ရည်သောက်လာခဲ့ပါတယ်"

"အဲဒီလောက်က တစ်နေကုန် အလုပ်လုပ်ရမယ့်သူအတွက် ဘယ်လိုလုပ် အာဟာရဖြစ်မှာလဲ။ ကျန်းမာရေးနဲ့ ညီညွတ်ချင်ရင်၊ အားအင်ဖြစ်ချင်ရင် မနက်စာကို ဂရုစိုက်ပြီး စားပါ…ကြားလား"

"ကျွန်တော်က ကျွန်တော် ကျင်လည်နေရတဲ့ဘဝမှာ အကျင့်ဖြစ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတာကို မင်း လိုက်နာရမှာ။ မင်းရဲ့အလုပ်ရှင်သူဌေးက ဒီလိုဖြစ်စေချင်တယ်ဆိုရင် မင်း စောဒကမတက်တဲ့ နာခံရမှာ။ ဝန်ထမ်း တစ်ယောက်ရဲ့တာဝန်ပဲ…နားလည်လား"

"ဟုတ်ကဲ့"

"ကဲ…စား"

သူ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရသည်။ စားပွဲပေါ်က အစား အသောက်တွေ သူ ဘာတစ်ခုမှ မစားသောက်ချင်ပါ။ ဦးထွဋ်ခေါင်ဦး ပိုင်ဆိုင်သော အရာတွေကို ဘာတစ်ခုမှ မထိတွေ့ချင်။

ဒါပေမဲ့ သူ့ဆန္ဒစားမှတော့ ရဲရတော့မည်။ ကန့်လန့်တိုက်နေ သည်လို့ ထင်သွားလျှင် ငြိုငြင်ခံရနိုင်သည်မဟုတ်လား။

သူ ထမင်းအနည်းငယ်နှင့် အသီးအရွက်ကြော်ကိုသာ ပန်းကန် ထဲထည့်၍ စားလိုက်သည်။ ဦးထွဋ်ခေါင်ဦးကတော့ အသားငါး အသီးအရွက် စုံလင်အောင်စား၏။ အမေလှနှင့်မချိုမာက အနားမှာ ရပ်၍ လိုအပ်တာတွေ လုပ်ပေးနေသည်။ ဒီလူဟာ စည်းစိမ်အမျိုးမျိုး ခံတတ်သူပါလား။

သူကတော့ ဦးထွဋ်ခေါင်ဦး ဘာတွေပဲလုပ်လုပ် မုန်းမျက်မှုတွေပဲ ခံစားနေရသည်။ ဒါပေမဲ့ ဟန်ဆောင်ပြုံးနေရတာပါပဲ။

အခုချိန်မှာ သူက ဦးထွဋ်ခေါင်ဦးရဲ့ အခစားဝန်ထမ်းမဟုတ်ပါ လား။ တာဝန်ကျေပေးရမှာပေါ့။ ကျုပ်က ခင်ဗျားရဲ့ဒရိုင်ဘာပဲ။





# အခန်း (၆)

"ကားကို မင်း သေချာစစ်ခဲ့ရဲ့လား"

"ဟုတ်ကဲ့"

"အခုချိန်းထားတာ ဘယ်သူနဲ့လဲ"

"ယမင်းခိုင်…နောက်နှစ်နာရီအတွင်းမှာ ကျော့နဲ့။ ညဘက် ဟိုတယ်တွေ့ဖို့က ကေသာနွယ်"

"ဒါဆို တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အချိန်ဖြတ်တောက် ဖို့ မင်း တာဝန်ယူ။ အရေးကြီးကိစ္စဆိုတာမျိုးနဲ့ ငါ့ကို ခေါ်ထုတ်။ နားလည်နော်…ဟိုတယ်ကျမှ ငါ ကောင်းကောင်းနားမယ်။ အဲဒီတော့ မှ မင်းလည်း နားပေါ့။ အခန်းနှစ်ခန်း ကပ်ရက်ယူထားတယ်။ ဝါသနာပါရင် ဟိုတယ်မန်နေဂျာကို မိန်းကလေးတစ်ယောက်လောက် ရှာခိုင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှုံ့ရှာသလို နှာခေါင်းရှုံ့သွားမိလျက်-

"တော်ပါပြီ…ကျွန်တော် အဲဒါမျိုးတွေ ဝါသနာမပါဘူး"

"မင်း ယောက်ျားစစ်စစ်မှ ဟုတ်ရဲ့လား။ မိန်းမနဲ့ကင်းတဲ့ ယောက်ျားရယ်လို့ ဘယ်မှာရှိလို့လဲ"

"တစ်လင်တစ်မယားအချစ်၊ တစ်သက်မှာ တစ်ယောက်တည်း သစ္စာရှိတဲ့အချစ်ဆိုတာမျိုးတွေ ရှိပါတယ်။ ကျွန်တော်ကတော့ ယောက်ျားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို ထိန်းသိမ်းချင်တယ်"

"ဟိတ်ကောင်…ကားရပ်လိုက်စမ်း"

အမိန့်ပေးသံ ခပ်ကျယ်ကျယ်ကြောင့် ကားကို သူ လမ်းဘေး ထိုးရပ်လိုက်ရသည်။ ဦးထွဋ်ခေါင်ဦးက သူ့ကို မျက်ခုံးနှစ်ခု စုကျုံ့ကာ ကြည့်လျက်-

"မင်းက ဒီလိုမျိုး ငါ မိန်းကလေးတွေနဲ့ တွေ့နေတာကို ယောက်ျားသိက္ခာ မရှိဘူး၊ ဂုဏ်သိက္ခာ မရှိဘူးလို့ ပြောချင်တာလား။ ဝေဖန်တိုက်ခိုက်ချင်တဲ့သဘောလား"

"မဟုတ်ပါဘူး…ကျွန်တော့်ခံယူချက်က အဲဒီလိုဆိုတာ ပြောပြတာပါ။ လူချင်းမှမတူတာ။ ခံယူချက်ချင်း၊ စိတ်ဓာတ်ချင်း ဘယ်တူပါ့မလဲ။ ဘဝအကျိုးပေးဆိုတာလည်း ရှိသေးတယ်လေ။ ကျွန်တော့်အခြေအနေနဲ့ သူဌေးအခြေအနေကမှ မတူတာ။ ကျွန်တော် လည်း သူဌေးကို အပူအပင်ကင်းတဲ့၊ သံယောဇဉ်ကင်း ဘဝအခြေအနေ ဆိုရင်လည်း အဲဒီလိုမိန်းမတွေ ရှုပ်ချင်ရှုပ်ဖြစ်မှာပေါ့"





"အေး…မင်း အပြောကောင်းလို့ အထောင်းသက်သာသွားတယ် မှတ်ပါ။ ငါက ငါ့ကို ဝေဖန်တိုက်ခိုက်ချင်တဲ့လူမျိုးကို ငါ လုံးဝ ခွင့်မလွှတ်နိုင်ဘူး။ အရှင်းဆုံးပြောရရင် ငါ့အတိတ်အကြောင်းကို လုံးဝကို အလှန့်မခံတာ"

"နာကြည်းစရာ၊ စိတ်ပျက်စရာအတိတ်တွေ ရှိခဲ့လို့လား"

"မင်းက မေးခွန်းသိပ်မေးတတ်တယ်။ စပ်စုတာမကြိုက်တဲ့ ငါက မင်းကို ရင်ဖွင့်ချင်လာတဲ့အထိပဲ။ ဒါပေမဲ့ ငါ့အတိတ်က နားထောင်ကောင်းမှာမဟုတ်လို့ ဘယ်သူ့ကိုမှ ငါ ပြောမပြချင်ဘူး။ ငါ့အတိတ်ကို ငါ မေ့ထားချင်တယ်။ သတိမရအောင် ငါ့ဘဝကို ပျော်သလိုနေတယ်"

"အဲဒီလိုလုပ်ရုံနဲ့ အတိတ်က ကျန်ခဲ့ရောလား။ အတိတ်ဆိုတာ ချန်ထားခဲ့လို့ ရတဲ့အရာမျိုးမှ မဟုတ်တာ။ အရိပ်လို လိုက်နေတတ်တဲ့ အရာလို့ ကျွန်တော် ကြားဖူးတာပဲ"

"အဟင်း…သူများတွေအတွက်တော့ ဟုတ်လိမ့်မယ်။ ငါ့အတွက်က အတိတ်က ကျန်ခဲ့ပြီ။ ငါက ချန်ထားချင်ခဲ့တာ မဟုတ်ပေမယ့် ငါ့ရဲ့ကံကြမ္မာပေါ့။ ဟား…အခုတော့ ထွဋ်ခေါင်ဦးဘဝက သာသာယာယာပါပဲ။ ပစ္စည်းဥစ္စာ မိန်းမ လိုတာရပဲ။ ပိုလျှံနေတယ်လို့တောင် ပြောလို့ရတယ်။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ကဲ့…ဟုတ်ပါတယ်"

သူ လိုက်လျောညီထွေစွာ ပြန်ပြောလိုက်ရသည်။ အတိတ်ကို ချန်ထားခဲ့ချင်ပေမယ့် အရိပ်လို လိုက်လာနေပြီဆိုတာ ဦးထွဋ်ခေါင်ဦး



www.burmeseclassic.com

www.burmeseclassic.com



မသိလို့ပါ။ သူ ကားကိုပြန်မောင်းပြီး ယမင်းခိုင်နှင့် ချိန်ထားသော တိတ်ဆိတ်အေးချမ်းသော စုံတွဲတွေသာ အများဆုံးထိုင်တတ်သည့် ကော်ဖီဆိုင်လေးကို လိုက်ပို့ရသည်။ ကော်ဖီဆိုင်ကိုရောက်တော့ ယမင်းခိုင်က ကြိုရောက်နေ၏။

"လင်းညို့...မင်း ကားထဲမှာ မစောင့်နဲ့။ ငါနဲ့ မနီးမဝေးဝိုင်းမှာ ကော်ဖီသောက်ရင်း စောင့်...ယမင်းခိုင်အစ်ကိုတွေက သူတို့ညီမ ကဲတာမသိဘဲ အသက်ကြီးတဲ့သူနဲ့ တွဲရပါ့မလားဆိုပြီး ငါ့ကို ဖြဲချင် နေတာ။ လက်လှမ်းမမီတဲ့နေရာ ချိန်းတာဆိုပေမယ့် အန္တရာယ်က အချိန်မရွေး ရောက်ချင်ရောက်လာနိုင်တယ်။ မင်းက ငါ့ရဲ့ဘော်ဒီဂတ် ပေါ့ကွာ"

ပခုံးပုတ်ကာ ပြောခဲ့တာမို့ ဦးထွဋ်ခေါင်ဦးနောက်ကို လိုက်သွား ရသည်။ ယမင်းခိုင်နှင့် ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံက လုံးဝကို မသတီစရာ ပါ။ အစ်ကိုတွေ ရန်ရှာမည်ဆိုလည်း ရှာချင်စရာပင်။ ယမင်းခိုင်က အသက်နှစ်ဆယ်ကျော်လောက်ပင် ရှိဦးမည်။

ဦးထွဋ်ခေါင်ဦးက လေးဆယ်ကျော်။ သမီးအရွယ်လောက်ပဲ ရှိဦးမည်မဟုတ်ပါလား။

"ယမင်းကို တကယ်ချစ်တာပါနော် ကိုကြီး"

"ဖြသြော်...ချစ်တာပေါ့ ယမင်းလေးရယ်။ ကိုကြီးဘဝမှာလေ ယမင်းနဲ့တွေ့မှ အချစ်ကို စပြီးခံစားဖူးတာပါ။ ကိုကြီးက အဲဒီလိုဆိုပေ မယ့် ယမင်းကိုတော့ ကိုကြီးက စိုးရိမ်တယ်"

"ဘာဖြစ်လို့လဲ ကိုကြီး"





"ယမင်းရယ်...ယမင်းက ကိုကြီးထက် အရမ်းငယ်တယ်လေ။ ယမင်းအနားမှာ ရွယ်တူကောင်လေးတွေ ဝိုင်းဝိုင်းလည်နေမှာမဟုတ် လား။ ယမင်းက အရမ်းချောတော့လှတော့ ကိုကြီး အားငယ်ရတာပေါ့ ကွာ"

"ကိုကြီးရယ်...အဲဒီရွယ်တူကောင်လေးတွေကို စိတ်မဝင်စား လို့ ကိုကြီးကို ချစ်ခဲ့မိတာပေါ့။ ကိုကြီးက သူတို့အားလုံးထက် ဆွဲဆောင်မှုရှိတယ်။ စမတ်ကျတယ်။ ကိုကြီးအချစ်တွေကပဲ ယမင်း ဘဝတစ်ခုလုံးကို စိုးမိုးထားတာပါ။ ယမင်းကို မထားခဲ့ရဘူးနော် ကိုကြီး"

"ဘာလို့ထားခဲ့ရမှာလဲကွာ...ကိုကြီးက ယမင်းကို အရမ်းကို ချစ်တာ။ ယမင်းနဲ့တွေ့ပြီး အိမ်ပြန်သွားရင်လည်း စားစားအိပ်အိပ် အလုပ်တွေပဲလုပ်နေနေ ယမင်းအကြောင်းပဲ တွေးနေမိတယ်။ အိပ်မက် ထဲမှာလည်း ယမင်းက ပါတာပဲ။ မျက်လုံးထဲကလည်း မထွက်။ စိတ် ထဲကလည်းမထွက်နဲ့ ကိုကြီး ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ ဘူး"

"ကိုကြီးရဲ့ အဲဒီအပြောတွေကြောင့်ပဲ ယမင်း ကြွေနေရတာပါ ကိုကြီးရယ်။ အဲဒီလိုဆိုရင် ယမင်းတို့ လက်ထပ်ကြမယ်လေ... မကောင်းဘူးလား"

"အဲဒါ...လွယ်ပါ့မလား ယမင်းရယ်...ယမင်းပဲ စဉ်းစားကြည့် ပါ။ အခုတောင် တစ်နေရာပြီးတစ်နေရာ ပြောင်းပြီးချိန်းတွေ့နေရတာ။ ယမင်းအစ်ကိုတွေက ကိုကြီးကို တွေ့ရာသင်္ချိုင်း စားမဆိုင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာ"

"ကိုကြီးက ကြောက်လို့လား။ ယမင်းကိုချစ်ရင် စွန့်စားရမှာပေါ့။ ဒီနိုင်ငံထဲမှာမဟုတ်တဲ့ တခြားနိုင်ငံကို ခိုးပြေးရင်လည်း ရတာပဲ။ ကိုကြီးခေါ်တဲ့နောက်ကို ယမင်း လိုက်မှာပါ"

ဦးထွန်းခေါင်ဦး ပခုံးတွန့်သွားသည်။ ဒါပေမဲ့ ယမင်းခိုင် ပခုံးလေးကို နှစ်သိမ့်သလို ဆွဲဖက်၍-

"ယမင်းကို ကိုကြီး တန်ဖိုးမဲ့မလုပ်ရက်ပါဘူးကွယ်။ ယမင်းက အပျိုစင်လေး...ကိုကြီးက သားတစ်ယောက် ရှိခဲ့ဖူးတဲ့ မုဆိုးဖိုပါ။ ယမင်းဘဝလေးက အရမ်းကို လှပတင့်တယ်ပြီး တန်ဖိုးရှိနေတဲ့အချိန်။ အညွန့်ချိုးသလိုဖြစ်သွားရင် ယမင်းကို ကိုကြီး ဘယ်ချစ်ရာရောက်ပါတော့မလဲ။ နှစ်ရာရောက်တဲ့အဖြစ်မျိုးတော့ မလုပ်ပါရစေနဲ့။ ယမင်း အစ်ကိုတွေ ကျေနပ်လက်ခံလာတဲ့အချိန်အထိ ကိုကြီးတို့ စိတ်ရှည်ရှည် စောင့်ကြတာပေါ့နော်...ယမင်းလေး"

"ဟင်း...ယမင်း ကိုကြီးကို မခွဲချင်တော့ဘူး ကိုကြီးရယ်"

"ကိုကြီးလည်း ယမင်းလေးလိုပါပဲကွယ်"

ရင်ခွင်နှစ်ခုက အမြင်မတော်အောင် ပူးကပ်သွားသည်။ အလုံးစုံကြားနေရသော ဒီနားထဲမှာ တကယ်ကို ကန့်လန့်။ ဦးထွန်းခေါင်ဦးရဲ့ ပလီပလာစကားတွေကို ယမင်းခိုင်ဆိုသည့် ကောင်မလေးက ယုံကြည်နေသည်။

ဒါအတွက်ကြောင့် ဘဝတစ်ခုလုံး ပုံအပ်လိုက်ရမည်ဆိုလျှင်တောင် ဝန်လေးမှာမဟုတ်။ ဒီလို နုနုငယ်ငယ် အတွေ့အကြုံမရှိသော





ကောင်မလေးကို ဦးထွန်းခေါင်ဦး အချဉ်ဖမ်းရက်သည်။

ဒီလိုမိန်းကလေးနှင့် ထိုက်တန်လို့လား။ ဟင့်အင်း...ခင်ဗျားက ကလေးတစ်ယောက်အဖေ၊ မုဆိုးဖို လူသတ်သမား၊ ထောင်ထွက်၊ အသက်ကြီးတဲ့သူ။

ခင်ဗျားနဲ့ ထိုက်တန်တဲ့သူက သပ်သပ်ရှိနေမှာပါ။

"သူဌေး...ကုမ္ပဏီက မန်နေဂျာဦးသက်ထွန်း ဖုန်းဆက်ပါတယ်။ နိုင်ငံခြားက ဧည့်သည်တွေကို ဧည့်ခံဖို့အတွက် အခုချက်ချင်းလာမှဖြစ်မှာပါတဲ့"

"ဩော်...အေး"

နောက်တစ်ယောက်နှင့် ချိန်းထားတာ အချိန်ရောက်နေပြီမို့ မျက်နှာပြောင်ပြောင်နှင့် သွားပြောလိုက်ရသည်။ သူ အနားရောက်နေတာတောင် ရင်ဘတ်ချင်း ပူးကပ်နေတာ မခွာနိုင်ကြသေးပါ။

"ဆောရီး ယမင်းရယ်...ခဏလေးတွေ့ရတာတောင် အလုပ်ကိစ္စတွေက ပေါ်လာပြန်ပြီ။ ကိစ္စတွေပြီးလို့ အိမ်ပြန်ရောက်တာနဲ့ ဖုန်းဆက်မယ်နော် ယမင်း"

"ဘယ်အချိန်ပဲဖြစ်ဖြစ် ဆက်လိုက်နော် ကိုကြီး...ယမင်း မအိပ်ဘဲနဲ့ စောင့်နေမှာ"

"ကောင်းပါပြီ ကလေးရယ်...ဒါပေမဲ့ အိပ်ရေးပျက်တော့ မခံပါနဲ့။ ယမင်းရဲ့အလှတွေ ပျက်သွားပါဦးမယ်"

"ယမင်းကို ခဏခဏ လာတွေ့ဦးနော်...ယမင်း ကိုကြီးနဲ့ မခွဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ…ဘိုင့်ဘိုင်…အချစ်လေး"

သူ့ရှေ့မှာ ရှက်ခနဲ အနမ်းနှင့် နှုတ်ဆက်နေတော့ သူ ကြက်သီး ဖြန်းဖြန်းထပြီး မျက်နှာမထားတတ်အောင် ဖြစ်သွားသည်။ တကယ်ကို ဦးထွဋ်ခေါင်ဦးကို ရှုံးရာမိ၏။ ဒီနေရာပြီးတော့ နောက်တစ်ယောက်နှင့် သွားတွေ့ပြန်သည်။

ကျော့ဆိုသည့်မိန်းကလေးကလည်း အသက်သုံးဆယ်ဝန်းကျင် လောက်ရှိပြီဆိုပေမယ့် မိန်းမချောတစ်ယောက်ပါ။ ငွေကြေးချမ်းသာ သည့်အသိုက်အဝန်းက စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးလည်းဖြစ်တာ မို့ ဦးထွဋ်ခေါင်ဦးလို မုဆိုးဖိုထောင်ထွက်၊ ကိုယ့်မိန်းမကိုယ် ပြန်သတ် ရဲသော ရက်စက်ကြမ်းကြုတ်သည့်လူမျိုးနှင့် ဘယ်လိုမှမတန်ပေ။

"ကို…ကျော့ကို ခဏခဏတောင် လာမတွေ့နိုင်ဘူး။ အလုပ် တွေ အရမ်းများနေလား"

"ကိုယ်ခွဲလက်ခွဲမရှိတော့ တစ်ယောက်တည်း ပင်ပန်းရတာ ပေါ့ ကျော့ရယ်…သူများတွေလောက် ရင်းနှီးမြှုပ်နှံတာမျိုးလည်း မရှိ တော့ သူများတွေထက် စိတ်ရောလူရော အပင်ပန်းခံပြီး ကြိုးစားရတာ ပေါ့"

"လိုအပ်တဲ့အကူအညီရှိရင် ကျော့ကို ပြောပါလို့ ပြောထား သားပဲ။ ငွေအင်အားလား…လူအင်အားလား။ ကျော့ အားလုံးကူညီ နိုင်တယ်။ ကျော့ကို လိုအပ်တယ်ဆိုရင်လည်း"

"တော်ပါတော့ ကျော့ရယ်…မိန်းမတစ်ယောက်ကို မှီခိုရတာ မျိုး မဖြစ်ချင်ပါဘူး။ မိန်းမတစ်ယောက်က မှီခိုအားထားနိုင်တဲ့သူပဲ





ဖြစ်ချင်တယ်။ အစစအရာရာ ကျော့ထက်သာအောင် ကိုယ်အရင် ကြိုးစားပါရစေဦး။ ကိုယ့်ကို အရှက်ရအောင်၊ သိက္ခာမဲ့အောင် မလုပ်ပါ နဲ့ကွာ"

"ဟင်…ကိုရယ် အဲဒါကြောင့် ကို့ကို ကျော့ အရမ်းကိုချစ်ရ တာပါ။ တချို့ယောက်ျားတွေက ကျော့ဆီက ဘာရမလဲ မျှော်လင့် နေကြတာ။ ဘာလေးပဲရရ ပိုင်းလုံးလုပ်ပြီး ချူချင်ကြတာ။ ကိုက တော့ ကျော့က ဒီလောက်အခွင့်အရေးတွေ ပေးနေတာတောင် ဘာ တစ်ခုမှ မယူဘူး။ အဲဒီစိတ်ဓာတ်ကို ကျော့ အရမ်းကိုလေးစားတာပဲ သိလား"

"ကိုယ်က ကျော့ဆီက အဲဒီလိုလေးစားမှုကို ယူချင်လို့ တမင် လုပ်ပြနေတာမဟုတ်ပါဘူး။ အဲဒါကြောင့် ကိုယ် ဘာအလုပ်လုပ်တယ် ဆိုတာတောင် အသိမပေးတာပါ။ သိရင် ကျော့က တစ်ဖက်လှည့်နဲ့ ကူညီနေမှာစိုးလို့လေ။ တကယ်ကို ကျော့ထက်သာပြီဆိုမှ ကျော့ကို အသိပေးမှာ"

"အဲဒီအချိန်ကျရင် ကျော့ကို လက်ထပ်မှာလားဟင်"

"ဒါပေါ့ ကျော့ရဲ့…လက်ထပ်မှာပေါ့"

"အသက်အရွယ်တွေ လွန်ကုန်မှဆိုရင် ဘယ်လိုလုပ်မှာလဲ"

"ကျော့က ကိုယ့်ကို မယုံကြည်လို့ အဲဒီစကားမျိုးပြောတာ လား။ ဒီလူ ဘယ်လောက်ကြိုးစားကြိုးစား မဖြစ်လောက်ပါဘူးလို့ အထင်သေးတာလား…ကျော့"

"မ…မဟုတ်ပါဘူး။ ကျော့က အဲဒီသဘောမျိုးနဲ့ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး ကိုရယ်…ကျော့အသက်အရွယ်ကလည်း အိမ်ထောင်ပြုသင့်တဲ့အရွယ်ကို လွန်နေပြီ။ ကိုလည်း အသက်မငယ်တော့ဘူး မဟုတ်လား။ ပစ္စည်းဥစ္စာဆိုတာကလည်း ချို့တဲ့နေတာမဟုတ်တော့ နောက်ဆံမတင်း လက်ထပ်လို့ရနေပြီ။ အဲဒါပြောချင်တာပါ”

ဖက်တွယ်ထားရာမှ ဦးထွန်းခေါင်ဦးက ကိုယ်ခန္ဓာကို မတ်မတ်ပြင်ထိုင်လိုက်ပြီး–

“အချစ်ဆိုတာ အိုသွားတယ်ဆိုတာ မရှိပါဘူး ကျော့… စီးပွားရေးနဲ့ ဂုဏ်သိက္ခာကပဲ ရှာဖွေရခက်တာပါ။ အခုနေ ကျော့ကို လက်ထပ်လိုက်ရင် ကျော့အသိုက်အဝန်းနဲ့ပတ်ဝန်းကျင် ကိုယ့်ကို ဘာပြောကြမလဲ။ ပိုင်းလုံး… မိန်းမထဘီနား ခိုစားမယ့်ကောင်၊ အကူအညီ အထောက်အပံ့ရချင်လို့ မိန်းမယူလိုက်တာ အမိရှာတာ အကပ်ရှာတာနဲ့ ဝေဖန်သမုတ်ကြမှာပေါ့။ အဲဒါဆိုရင် ကိုယ့်ရဲ့ ယောက်ျားသိက္ခာမာနတွေ မြောင်းထဲရောက်ကုန်မှာပေါ့ ကျော့ရယ်”

“အင်းပါ ကိုရယ်…ကို့ရဲ့စိတ်ကို ကျော့ လေးစားပြီးရင်း လေးစားမိပါတယ်။ ဒီခေတ်ထဲမှာ ကို့လိုယောက်ျားမျိုးက ရှာလို့မတွေ့တော့အောင် ရှားသွားပါပြီ။ အဲဒါကြောင့် ကို့ကို ကျော့ ပိုပိုပြီး ချစ်နေရတာ”

“ကိုယ်ကလည်း ကျော့ကို အရမ်းကိုချစ်ရတာပါ ကျော့ရယ်”

ဦးထွန်းခေါင်ဦးရဲ့ အလိမ်အညာ အလှည့်အပတ်စကားတွေက နားကြားပြင်းကတ်နားကလောစရာပါ။ မြာပွေတတ်သည့်ယောက်ျားတွေက ဒီလိုပဲ မိန်းမတွေအပေါ် မူရာမာယာ များတတ်ကြသည်လား။





“သူဌေး…ဖုန်းလာနေပါတယ်”

“သြော်…အရေးကြီးလို့လား။ ဒီမှာ ညှိသည်နဲ့စကားပြောနေတယ်။ ညှိသည်က အရေးကြီးပုဂ္ဂိုလ်မို့ ညှိခံနေရတယ် ပြောလိုက်လေကွာ။ လုပ်ငန်းကိစ္စမဟုတ်ရင် ဒီအချိန်မှာ ဘယ်သူနဲ့မှ ဖုန်းမပြောချင်ဘူး။ ကျော့ထက် အရေးကြီးတာ ဘာမှမရှိဘူး။ မင်း ဒီလောက်တောင် အလိုက်ကန်းဆိုး မသိဘူးလား”

“ဟုတ်ကဲ့…လုပ်ငန်းကိစ္စ အရေးကြီးဖုန်းမို့ပါ။ သူဌေးကိုပဲ ယုံကြည်လို့ လုပ်ငန်းအပ်ချင်တာပါတဲ့”

“ကိုက အရမ်းအလုပ်ကြီးစားချင်တာဆို..အရမ်းအောင်မြင်ချင်တာဆိုရင် အလုပ်အပ်ချင်တဲ့သူကို ဖုန်းပြောရမှာပေါ့။ ပြောလိုက်ပါ… ကျော့တို့ နီးစပ်ဖို့အခွင့်အရေးတစ်ခုပဲ”

“ဟင်း…ကျော့နဲ့ စကားတွေပြောလို့တောင် မဝသေးဘူးကွာ။ ခက်တာပဲ…ကဲ…ပေး…ပေး”

တတ်လည်းတတ်နိုင်သည် ဦးထွန်းခေါင်ဦး။ သူ့လက်ထဲက ဖုန်းကို စိတ်မပါသလို ဆောင့်ကြီးအောင့်ကြီးနှင့် ဆွဲယူပြီး ဟန်ဆောင်ယန်ဆောင် အပြင်ထွက်ကာ ဖုန်းပြောသည်။ ပြီးမှ မျက်နှာမကောင်းစွာပြန်လာပြီး–

“ဆောရီး…ဘယ်လိုလုပ်မလဲ ကျော့ရယ်…ကိုယ်က ကျော့နဲ့ အကြာကြီးနေချင်သေးတာ။ အလုပ်ကိစ္စက အခုသွားတွေ့မှဖြစ်မယ်”

“သြော်…ကျော့နဲ့က နောက်နေ့တွေလည်း ဖြစ်တာပဲ။ အလုပ်ကိစ္စက ပိုအရေးကြီးတာပေါ့။ ကို့အလုပ်တွေအောင်မြင်မှ ကျော့



www.burmeseclassic.com

www.burmeseclassic.com



တို့ အမြန်ဆုံး နီးစပ်နိုင်မှာမဟုတ်လား။ လက်ထပ်ပြီးမှ ကြိုးစားလည်း ဖြစ်ရဲ့သားနဲ့…ကိုက မာနကြီးနေတာကိုး”

“မဟုတ်ပါဘူး ကျော့ရယ်…ကိုယ်က ကျော့အတွက် တန်ဖိုးရှိတဲ့ယောကျ်ားပဲ ဖြစ်ချင်လို့ပါ။ ဒါမှ ကျော့ရဲ့တန်ဖိုးလည်း ပိုမြင့်လာမှာပေါ့။ ယောကျ်ားတစ်ယောက်ကို ပံ့ပိုးထောက်ပံ့ပြီးမှ ရတာယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ။ ကိုယ်က ကျော့အတွက်လည်း တန်ဖိုးထားပြီး တွေးမိလို့ပါ”

“ဟွန်း…ဒီက အဲဒါတွေကို ပိုပိုပြီး ချစ်နေရတာနော်။ အောင်မြင်လာမှ ကျော့ကို ထားခဲ့ရင်တော့ တွေ့မယ်”

“ထားခဲ့ရက်ပါ့မလား…အလှတွေ၊ နေတွေပြည့်စုံနေတဲ့ ကျော့ကို နောက်ဘဝထိတောင် အတူခေါ်သွားချင်တာ”

နှုတ်ဆက်အနမ်းတွေက ဆင့်ကဲရှည်ကြာလှသည်။ မကြည့်ရဲ့စွာ မျက်နှာလွှဲလိုက်ပြီး ဦးထွန်းခေါင်ဦး ထွက်အလာကို ကားပေါ်ကနေ ထိုင်စောင့်နေလိုက်၏။

ခဏနေမှ သားရေပိုက်ဆံအိတ် ခပ်ကြီးကြီးကို ချိုင်းကြားညှပ်လျက် ဦးထွန်းခေါင်ဦး ကားပေါ်ဆောင့်ခနဲ တက်ထိုင်၏။

“မင်းက ဘယ်လိုဖြစ်တာလဲ။ ငါ့ကိုစောင့်ပြီး ငါ့ပိုက်ဆံအိတ်ကိုင်ပေးရမှာကို အရင်ထွက်သွားတယ်။ ဘာသဘောလဲကွ”

“အဲဒီလိုတွေနေတာ ကျွန်တော် မကြည့်ရဲလို့”

“ဘာ…ဘယ်လိုနေတာပြောတာလဲ”

“တစ်ယောက်ပြီးတစ်ယောက် တွေ့တဲ့မိန်းမနဲ့ နမ်းရှုံ့နေတာကို”





“ဟ…မင်း ယောကျ်ားမဟုတ်ဘူးလား။ တချို့ ဒါမျိုး ကြည့်ချင်လို့ အရသာခံလိုက်ချောင်းနေကြတာ”

“ကျွန်တော် အဲဒါမျိုးတွေ ဝါသနာမပါဘူးလို့ ပြောထားသားပဲ။ နောက်ဆိုရင် သူဌေး ဘယ်သူနဲ့ပဲတွေ့တွေ့ ကျွန်တော် ကားပေါ်ကပဲ ထိုင်စောင့်နေလို့ မရဘူးလား”

“ဒါဆို တစ်ယောက်ယောက်နဲ့တွေ့နေရင်းက ငါ့အသက်အိုးအိမ်စည်းစိမ်ကို ဒုက္ခပေးမယ့်သူ၊ ပြဿနာရှာမယ့်သူနဲ့တွေ့ရင် မင်း ဘယ်လိုလုပ်မှာလဲ”

ဒီလောက်မြာပွေပြီး ရှုပ်နေတာ၊ သေလည်းကောင်းတာပဲလို့ ပြောထွက်လိုက်ချင်သည်။ ဒါပေမဲ့ သူ ရည်ရွယ်ထားတာတွေ ဖြစ်မြောက်အောင် မလုပ်ရသေးဘူးမဟုတ်ပါလား။

အခုချိန်မှာ လိုက်လျောညီထွေ နေပေးရဦးမှာပေါ့။

“သူဌေးက အင်အားကြီးတဲ့သူပဲ။ တွေ့တဲ့မိန်းကလေးတွေကလည်း သူဌေးကို တကယ်ချစ်ကြတဲ့ပုံစံဆိုတော့ သူဌေးဘက်ကကာကွယ်ပေးကြမှာပါ။ သူဌေးမှာ အန္တရာယ်မရှိလောက်ပါဘူး”

“အဲဒီလိုပြောလိုက်ရုံနဲ့ ငါ့အတွက် လုံခြုံသွားရောလား။ မိန်းကလေးတစ်ယောက်ယောက်က မိဘတွေ၊ အစ်ကိုတွေ၊ မောင်တွေနဲ့ အမိဖမ်းလိုက်ရင်ကော ဘယ်လိုလုပ်မလဲ”

“အဲဒါဆိုလည်း အဖတ်တင်တာပေါ့ သူဌေးရယ်…ဘာလို့ တစ်ယောက်ပြီးတစ်ယောက် ရှုပ်ပွေနေမှာလဲ။ မိန်းမတစ်ယောက်ကို အတည်တကျ လက်ထပ်ယူလိုက်ပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ငါ မိန်းမ မယူချင်ဘူး"

"ဗျာ…ဘာဖြစ်လို့လဲ"

"မိန်းမယူတာ ဘယ်လောက်ထိ ပူလောင်ရတယ်၊ နာကျင်ရတယ်၊ ခံစားရတယ်ဆိုတာ ငါ သိသွားပြီးပြီလေ။ ငါ ဘယ်တော့မှ မိန်းမတစ်ယောက် ထပ်ယူမှာမဟုတ်တော့ဘူး"

"ဒါဆို မိန်းကလေးတွေနဲ့လည်း မပတ်သက်နဲ့တော့ပေါ့။ ဘာလို့ စိတ်ရှုပ်ခံပြီး ပတ်သက်နေတာလဲ"

"အဲဒါက အကြောင်းရှိတယ်"

ကားထိုင်ခုံကို ကိုယ်ခန္ဓာလျှောချမှီထိုင်ပြီး ဦးထွဋ်ခေါင်ဦး သက်ပြင်းပူတွေ မှုတ်ထုတ်၏။ သူ့ကို ကားမောင်းထွက်တော့လို့ မပြောသေးတာမို့ သူလည်း ကားစက်မနှိုးသေးဘဲထားလိုက်၏။ ဘာအကြောင်းဆိုတာ သိချင်သည်မို့ သူ စိတ်ဝင်စားစွာ နားစွင့်မိသည်။

ဒါပေမဲ့ ဦးထွဋ်ခေါင်ဦးက မျက်စိကိုမှိတ်၊ လက်ကိုပိုက်ထားကာ အတန်ကြာ တိတ်ဆိတ်နေ၏။ သူက စိတ်မရှည်တတ်သူပါ။

"သူဌေး…ဟိုတယ်မှာ ကေသာနွယ်နဲ့ ချိန်းထားတာ အချိန်တော့ နည်းနည်းလိုသေးတယ်။ ကျွန်တော် ကားမောင်းရတော့မလား"

"ခဏလေးနေဦး…ငါ ဒီအတိုင်းလေး နေချင်သေးလို့ပါ။ မင်း ငါ့ကို ဘာစကားမှမပြောနဲ့ဦးကွာ"

လေသံတွေပါ ပျော့ကျလာတာမို့ သူ ဒီအတိုင်း ငြိမ်ပေးလိုက်ရသည်။ ဦးထွဋ်ခေါင်ဦး ဘယ်မိန်းကလေးအကြောင်း ခံစားနေသည် မသိပါ။ ဒီအချိန်မှာတော့ သူ့ဘက်က တာဝန်ကျေဖို့တစ်ခုသာရှိသည်။





သူက ဦးထွဋ်ခေါင်ဦးရဲ့ ဒရိုင်ဘာ၊ သက်တော်စောင့်၊ စပိုင် ဆော်ဒီဂတ်တစ်ယောက်ပဲ မဟုတ်ပါလား။ ရင်ထဲမှာ နင့်နင့်သီးသီး ဝေဒနာတွေနှင့် ဆို့ပိတ်နေသည်။

ခင်ဗျားကို ကျုပ် အရမ်းကို ရွံမုန်းတယ် ဦးထွဋ်ခေါင်ဦး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ညက တစ်ညလုံး အိပ်လို့မပျော်။ နံ့ရုံတစ်ချပ်သာခြားသော အခန်းတွင်းမှာ ဦးထွန်းခေါင်ဦးနှင့် မိန်းကလေးတစ်ယောက် အချစ်ဆိပ်တက်ကာ ပျော်မြူးနေသည်ဆိုသည့်အသိက သူ့စိတ်တွေကို ချောက်ချားထိတ်လန့်သွေးပျက်စေသည်။ မေမေမဟုတ်သော တခြားမိန်းမများနှင့် ထင်တိုင်းကျဲပျော်ပါးနေသော ဦးထွန်းခေါင်ဦးကို သူ ဘယ်လိုအပြစ်တွေပေးရမလဲ… ဒဏ်ခတ်ရမလဲ…စဉ်းစားတွေးတောနေမိလို့ပါ။

သစ္စာမဲ့သူ၊ သစ္စာဖောက်သူ၊ ရက်စက်ကြမ်းကြုတ်သူ၊ လူ့အသက်ကို စာနာသနားကင်းမဲ့စွာ သတ်ဖြတ်ရဲသူ။

ရင်သွေး…သားတစ်ယောက်ရှိသည်ဆိုတာ အတွေးထဲမှာတောင် မရှိသည့်သူ။ ဘဝကို လွယ်လွယ်ပေါ့ပေါ့ ဖြတ်သန်းပြီး အတိတ်ကို မေ့ထားချင်သူ။ သွေးသားသံယောဇဉ် တစ်မျှင်တစ်စလေးဖြင့် သူ့ကို





လာရှာခဲ့လျှင်တောင် သူ ဒီလောက်ထိ ခံစားခဲ့ရမှာမဟုတ်။

ဘာကြောင့်များ လင်ယောက်ျားတစ်ယောက်ရဲ့ မေတ္တာ၊ ဖခင်တစ်ယောက်ရဲ့မေတ္တာတွေ မရှိရတာပါလဲ။ မေမေ့အပေါ် ရက်စက်ရက်တောင် သူ့အပေါ်တော့ သွေးသားသံယောဇဉ်ဖြင့် လာတွေ့သင့်သည်မဟုတ်ပါလား။

“လင်းညို့….ဟိတ်ကောင်…လင်းညို့”

“ဟုတ်…လာပါပြီ”

နာရီကြည့်မိတော့ မနက်လေးနာရီ။ ဒီအချိန်မှ သူ့အခန်းတံခါးကို လာခေါက်သော ဦးထွန်းခေါင်ဦးလည်း အချစ်နိဗ္ဗာန်ဘုံကို ရောက်နေတာနှင့် တစ်ရေးမှ အိပ်ရသေးမှာမဟုတ်ပေ။

“သူဌေး ပြန်တော့မလား”

တံခါးဖွင့်ကာ မေးလိုက်ရသည်။ ဦးထွန်းခေါင်ဦးက သူ့ခုတင်ပေါ်အား ဖြစ်သလိုပစ်လှဲချလိုက်တော့ သူ ရွံရှာစွာ မျက်နှာလွှဲပစ်လိုက်၏။

“လင်းညို့”

“ပြောပါ”

“မင်း ညက အိပ်လို့ပျော်ရဲ့လား”

“အိပ်ရာပြောင်းလို့ဖြစ်မယ်။ ကျွန်တော် အခုထိ တစ်ရေးမှ အိပ်လို့မရသေးဘူး”

“ငါလည်း တစ်ရေးမှ မအိပ်ရသေးပါဘူးကွာ”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တွေက ကောသာနွယ်ဆီမှာ မရှိဘူး"

"ကျော့နွယမင်းခိုင်ဆီ ရောက်နေလို့လား။ တခြား ကျန်တဲ့ မိန်းကလေးတွေဆီ ရောက်နေလို့လား"

"ဘယ်လိုပြောရမလဲ…မပြောတော့ပါဘူးကွာ။ မင်းဆီကို သူတို့ ဖုန်းဆက်ကြသေးလား"

"ဆက်တယ်…ညွှန့်သည်တွေနဲ့ ဒင်နာပွဲကျင်းပနေတာ မပြီးသေးဘူးလို့ ပြောလိုက်တယ်။ နောက်ထပ် ခဏခဏ ဆက်နေတော့ ဖုန်းပိတ်ထားလိုက်တယ်"

"ကောင်းတယ်"

စိတ်မပါသလိုပြောနေတာ။ မိန်းမတွေကို စိတ်ကုန်လို့တော့ မဖြစ်နိုင်ချေ။ သူ ရေချိုးခန်းထဲက၊ ဦးထွဋ်ခေါင်ဦးက ဒီအတိုင်း။ ဦးထွဋ်ခေါင်ဦးဆီမှာ သူ အလုပ်မလုပ်ခင်ကလည်း ဦးထွဋ်ခေါင်ဦး အိမ်မပြန်ဘဲ ဟိုတယ်တွေမှာ ဒီလိုပဲ မိန်းကလေးတွေနှင့် ခဏခဏ အိပ်ဟန်တူသည်။

မိန်းမတွေနှင့် အမြဲထိတွေ့ဆက်ဆံနေရမှ နေပျော်တတ်သူ ဖြစ်မည်။ ဒီလိုအကျင့်စရိုက်ရှိခဲ့တာကြောင့် မေမေက သဝန်တိုပြီး ပြဿနာတွေ ဖြစ်ခဲ့ကြတာဖြစ်မည်။ ဒီလိုအဖေမျိုးရဲ့သား ဖြစ်ရတာ သူ အရမ်းကိုရှုံ့ရှာမိ၏။

"မင်း ရေချိုးပြီးသွားပြီလား"

"ဟုတ်ကဲ့"

"ဟိုတယ်မှာ ဘရိတ်ဖတ်စ်စားပြီးမှပဲ သွားကြတာပေါ့။ ဒီနေ့





ကုမ္ပဏီမှာ အရေးကြီးကိစ္စလေးတွေ ရှိတယ်။ ညွှန့်သည်တွေနဲ့ တွေ့ရမှာပေါ့။ အဲဒီဖုန်းကို နှစ်ရက်လောက် ပိတ်ထားလိုက်တော့။ ဒီရက်ထဲ လုပ်ငန်းသုံးဖုန်း ပြန်ကိုင်ရမယ်။ နည်းနည်း ငြီးငွေ့လာလို့"

"အဲဒီလိုရက်မျိုး ရှိသေးလား"

"ဟာ…ရှိတာပေါ့ကွ။ မိန်းမတွေ အရမ်းတွယ်ကပ်နေရင် ငြီးငွေ့တာမျိုးလည်း ဖြစ်နိုင်တာပဲ။ အဲဒီလိုဖြစ်ရင် အားလုံးကို အဆက်အသွယ်ဖြတ်ထားလိုက်တယ်။ နောက်…စိတ်ကလေး တက်တက်ကြွကြွ ဆာဆာလောင်လောင်ဖြစ်လာမှ ဟိုဒီအကြောင်းပြ ဆက်သွယ်လိုက်တယ်။ စိတ်ဆိုးစိတ်ကောက်တတ်တဲ့သူတော့ ထားခဲ့လိုက်တာပေါ့ကွာ။ စိတ်ရှည်ရှည်နဲ့ ချော့နေချိန်မရှာဘူး။ ငါ့အနားမှာ အရမ်းတိုးခွေ့တွယ်ကပ်နေချင်တဲ့ မိန်းကလေးတွေက အများကြီးပဲ။ မလွမ်းလောက်ပါဘူး"

"အဲဒီလိုအကျင့်မျိုး ဘယ်အချိန်ကတည်းက ရှိခဲ့တာလဲ"

"ဘာကွ"

မွေ့ရာပေါ်လှဲနေရာက ဦးထွဋ်ခေါင်ဦး ခေါက်ခနဲ ထထိုင်၏။ သူ့မေးခွန်းတိုင်းက အရှိုက်ကို ထိပေလိမ့်မည်။

"လင်းညို…မင်းက ကိုယ့်ရဲ့သူဌေးကို ဆက်ဆံတာ၊ အရိုအသေတန်လွန်းတယ်။ စကားပြောရင် ရဲတင်းလွန်းတယ်။ မမေးသင့်တာ၊ မပြောသင့်တာရော မင်း နားမလည်ဘူးလား"

"ကျွန်တော်က ဒီလိုပဲ ပြောတတ်နေတတ်လို့ပါ။ ရိုင်းတယ်ထင်ရင်တော့ ခွင့်လွှတ်ပါ။ ကျွန်တော်က လူငယ်ဆိုတော့ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တာလေ အထိန်းအကွပ်မရှိ လွှတ်ချင်တယ်”

“အင်း…အဲဒီလိုမေးတတ်ပြောတတ်တာလည်း ဆိုးတော့မဆိုးပါဘူး။ စကားပြောဖော်တော့ ရတာပေါ့။ မင်းမရှိခင်ကဆိုရင် ငါ့အနားမှ မိန်းကလေးတွေ မရှိတော့တာနဲ့ စကားပြောဖော်လည်း မရှိတော့ဘူး။ အိပ်ချင်အိပ်၊ စားချင်စား…ငါတစ်ယောက်တည်းပဲ”

“အဖော်လိုရင် မိန်းမယူလိုက်တာ ပိုမသင့်တော်ဘူးလား။ သူဌေးအနားမှာ ဝိုင်းနေတဲ့မိန်းကလေးတွေထဲက ကြိုက်တဲ့တစ်ယောက်ကို ခေါင်းခေါက်ရွေးယူလို့ရတာပဲ”

“ငါ တစ်သက်လုံး မိန်းမ မယူဘူးလို့ သန္နိဋ္ဌာန်ချထားတယ်။ ဘာကြောင့်မယူချင်တော့တာလဲဆိုတာ မင်းကို ပြောပြဖူးတာပဲ”

“မိန်းမကို ယူလိုက်ရင် တစ်ယောက်တည်းရမှာ။ မယူရင် အများကြီးရတယ်ဆိုတဲ့စိတ်မျိုးနဲ့လား”

“ဟား…ဟား…မင်းပြောတာ သဘောကျတယ်။ အဲဒီလိုပဲလို့ သိထားတာကောင်းပါတယ်ကွာ”

သူပြောသည့်စကားက စိတ်ဆိုးသင့်ပါလျက် စိတ်မဆိုးဘဲ ပခုံးပုတ်ကာ တရင်းတနှီး ပြော၏။ ဦးထွဋ်ခေါင်ဦးက နားလည်ရခက်သည့်လူမျိုးပင်။

သူက နာကျင်စွာ ဖယ်ခွာလျက် ခပ်လှမ်းလှမ်းမှာ သွားရပ်ပြီး-

“မိန်းကလေးတွေဘဝက သူဌေးနဲ့တွေ့တာ အရမ်းသနားစရာကောင်းတာပဲ”

“ဘာဖြစ်လို့လဲကွ”





“တန်ဖိုးမထားလို့လေ…လေအလကားရတိုင်း ပလီပလာ မဟုတ်မဟတ်တွေပြောတာကို ယုံကြည်ပြီး ကြွေနေကြတယ်။ ကျွန်တော့်အမေ၊ ကျွန်တော့်ညီမ၊ ကျွန်တော့်အစ်မဆိုရင် သူဌေးကို ကျွန်တော် အရမ်းကို ရှုံ့မုန်းမိမှာပဲ”

“ဟေ”

“သူဌေးက ဇနီးမယား၊ သမီးတို့၊ ညီမတို့ မရှိလို့ ကိုယ်ချင်းမစာတတ်သလို ဖြစ်နေတယ်။ မိန်းကလေးတစ်ယောက်ရဲ့ဘဝဟာ ကျားသနားမှ နွားချမ်းသာတယ်ဆိုသလို ယောက်ျားသားတွေက သူတို့အပေါ်ကို ညှာတာသနားမှ လုံခြုံမှုရှိမှာ။ အမည်းစက်အစွန်းအထင်းကင်းစင်မှာပါ”

“မင်း ယောက်ျားစစ်စစ်တော့ ဟုတ်ပါတယ်နော်”

“ဗျာ”

“မိန်းမတွေဘက်ကပဲ ကာကွယ်ပြီး ညှာတာသနား ကိုယ်ချင်းစာပေးနေလို့ပါ”

“ကျွန်တော်က မိန်းမတိုင်းကို ကျွန်တော့်အမေနဲ့ ကိုယ်ချင်းစာမိလို့ပါ”

“မင်းအမေက ယောက်ျားတစ်ယောက်ယောက်ရဲ့ အနိုင်ကျင့်ခံ အနှိပ်စက်ခံရဖူးလို့ ထင်တယ်”

“ဟုတ်တယ်”

သူ့အဖြေက တုံးတိမို့ ဦးထွဋ်ခေါင်ဦး မျက်ခုံးပင့်သွားလေသည်။

“မင်းအမေကို အဲဒီလိုလုပ်တဲ့သူက ဘယ်သူမို့လို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အကြောင်း စပ်စုတဲ့သူကို ကျွန်တော်လည်း သူဌေးလိုပဲ စပ်စုတာ မကြိုက်ပါဘူး"

"အဟော...အေး...ကောင်းတယ်...အဲဒီလိုပွင့်လင်းတာကြိုက်တယ်။ မင်းက တချို့နေရာတွေမှာ ငါနဲ့တူသားပဲကွ"

"မတူပါဘူး...ဘယ်နေရာမှ မတူပါဘူး"

သူ ခါးသီးစွာပင် ငြင်းပစ်လိုက်သည်။ ဦးထွန်းခေါင်ဦးက ခုတင်ပေါ်က ခုံဆင်းလာလျက် သူ့ပခုံးကို လှမ်းဖက်ပြီး-

"မင်းက တစ်ခါတလေ ဂျစ်ကန်ကန်နဲ့ ကလေးဆန်သလိုပဲ။ ငါ့မှာ မင်းလိုသားမျိုးရှိရင် သိပ်ကောင်းမှာ။ အခုတော့ကွာ..."

"မရှိတာကောင်းပါတယ်။ ရှိနေရင် သူဌေးရဲ့ ဒီလိုအပြုအမူ လုပ်ရပ်တွေအတွက် သားတစ်ယောက်အနေနဲ့ အရမ်းရှုံ့ရှာစက်ဆုတ် မုန်းတီးလိမ့်မယ်ထင်တယ်"

"ဘာ...ဘာပြောတယ်"

"မိန်းမရှုပ်တဲ့ ပွေတဲ့အဖေကို ဘယ်သားက ကြည်ညိုလေးစားမှာလဲ။ ယောကျ်ားချင်းပဲ၊ သွေးရောထားတာပဲဆိုပြီး စိတ်ခတ်ချင်းက တူချင်မှတူမှာလေ။ ဟုတ်တယ်မဟုတ်လား။ ကျွန်တော်က ကျွန်တော့်အတွေးနဲ့ကျွန်တော် ပြောကြည့်တာဆိုတော့ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ အရိုအသေတန်တဲ့စကားလို့ထင်ရင်တော့ ကျွန်တော် နောက်မပြောမိအောင် ဆင်ခြင်ပါ့မယ်"

"မင်း...အသက်ဘယ်လောက်လဲ"

"နှစ်ဆယ့်သုံးထဲမှာ"





"မင်း ငါ့သားအသက်နဲ့ ရွယ်တူပဲ"

မှတ်တော့ထားသေးသားပဲဟု သူ တစ်ဖက်ကိုလှည့်ကာ နှာခေါင်းရှုံ့ပစ်လိုက်၏။ သူ ဘယ်လောက်ပြောပြော အပြစ်မတင်တော့တာတော့ ထူးဆန်းသည်။ ဒါပေမဲ့ ဦးထွန်းခေါင်ဦးနှင့်သူ မရင်းနှီးချင်ပါ။

"ကျွန်တော် ဗိုက်ဆာနေပြီ"

"သြော်...အေး...ငါက ဟိုဘက်အခန်းမှာ ရေချိုးခဲ့ပြီး ဘရိတ်ဖတ်စ် ဆွဲမယ်လေ။ သွားရအောင်"

သူ ဦးထွန်းခေါင်ဦးရဲ့ဗိုက်ဆံအိတ်နှင့်ဖုန်းတွေ ကောက်ယူပြီး ရှေ့ကနေ ထွက်လိုက်သည်။ ဦးထွန်းခေါင်ဦးက သူ့လက်ကို လှမ်းဆွဲထား၏။

"နေဦးလေကွာ...သူဌေးက ရှေ့ကထွက်ပြီး မင်းက နောက်က နေလိုက်ရမှာပေါ့။ မင်းမှာ ရိုသေမှုနဲ့ ဂါရဝတရားနည်းလွန်းတယ်"

"ဟုတ်ကဲ့...မှားသွားပါတယ် သူဌေး"

သူ နောက်ကို ပြန်ဆုတ်နေလိုက်ရသည်။ အလုပ်ရှင်သူဌေး ပါဝါလေးတော့ ပြချင်ဦးမှာပေါ့။ သူကတော့ သူမုန်းသော လူတစ်ယောက်မို့ ဘာတွေပဲလုပ်နေနေ အကောင်းမမြင်နိုင်ပါ။

"ဘူဖေးကွ...မင်း ငါ့အတွက်ပါ ထည့်လာခဲ့"

"သူဌေးရဲ့အကြိုက် ဘာတွေလဲဆိုတာ ကျွန်တော် မသိပါဘူး"

"မြင်ဆင်ထားတာတွေ စုံအောင်သာ ထည့်လာခဲ့ကွာ။ ဒီလိုလူမျိုးက ပန်းကန်ကိုင်ပြီး လျှောက်ထည့်စားရမှာလား။ ဘူဖေးစနစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ အဲဒါကြောင့် မကြိုက်တာ''

''ဟုတ်ကဲ့…ကျွန်တော် ထည့်လာခဲ့ပါ့မယ်''

ဟိုတယ်က ဖန်ဆောင်မှုအနေနှင့် ကိုယ်စားချင်တာ ကြိုက်တာ စားလို့သောက်လို့ရအောင် စီစဉ်ပေးထားသော်လည်း အဲဒီလိုအပြစ်တင်တတ်သူက ရှိသေးသည်။ ဦးထွန်းခေါင်ဦးအတွက် သူစားသလိုပဲ ပန်းကန်ထဲမှာ နည်းနည်းချင်းစီ ပုံထည့်၍ ယူလာခဲ့လိုက်၏။

''သုံးဆောင်ပါ သူဌေး''

''ဟ…မင်းက ငါ့အကြိုက်တွေ အကုန်သိနေပါလား။ ထမင်းကြော်ရော အသီးအရွက်နဲ့ ပုစွန်ကို ငါ အရမ်းကြိုက်တာ။ အပြင်မှာဆိုရင် ငါ ဒါပဲစားတယ်။ နွားနို့ ဒင်းဆမ်းခေါက်စ်အချဉ်၊ မင်းလည်း''

''ကျွန်တော်ကြိုက်တာ…ကျွန်တော် ထည့်လာတာပါ။ သူဌေး ဘာကြိုက်မှန်း ကျွန်တော် မသိပါဘူး''

''အေး…ဒါဆို မင်းနဲ့ငါ အကြိုက်တူတာပေါ့ကွ။ မင်းနဲ့ငါက တူတာတွေများတယ်''

''အကျင့်စရိုက်ကတော့ လုံးဝ မတူပါဘူး။ ကျွန်တော် မိန်းမ မရှုပ်တတ်၊ မပွေတတ်ဘူး။ အခုချိန်ထိ ချစ်သူရည်းစားတောင် မရှိသေးဘူး''

''အင်''

ထမင်းလုတ်ခွံ့နေရင်းက ဦးထွန်းခေါင်ဦး လည်နင်သလို အင်ခနဲဖြစ်သွားရသည်။ ဒီကောင်လေးက တကယ်ကို ပြောရဲဆိုရဲ ပြောဝံ့ဆိုဝံ့ရှိသူပါ။ သူ့အလုပ်ရှင် သူဌေးရယ်ဆိုပြီး ရိုသေလေးစားဦးညွှတ်





ရမှန်းလည်း မသိ။ ဂျစ်ကန်ကန်နှင့် ကိုယ့်ကို မကျေနပ်ချက်တွေ ရှိနေသလိုကို တုံ့ပြန်နေသလို ထင်ရသည်။ ဒါပေမဲ့လည်း ဘာကြောင့်မှန်းမသိဘဲ ဒီကောင်လေးအပေါ် ခင်တွယ်နေမိသလိုပင်။

ကိုယ့်စိတ်နှင့်ဆိုလျှင် ဒီကောင်လေးရဲ့ ဝေဖန်တိုက်ခိုက်မှုတွေကို စိတ်ဆိုးဒေါသဖြစ်ပြီး အလုပ်တောင်ချက်ချင်းထုတ်ပစ်လို့ရသည်။ တခြားသူတွေဆိုလျှင် အဲဒီလိုလုပ်ပစ်နိုင်သော်လည်း ကိုယ် ဘာကြောင့် ဒီကောင်လေးအပေါ် မလုပ်ရက်၊ မပြောရက်ဖြစ်နေမှန်းကို မသိပေ။

တစ်ခါတစ်ရံ ရိုသေမှုလေးတွေရှိပြီး စကားပြောဖော်လေးရနေတာကြောင့်ပဲလား။ စရိုက်လေးကတော့ ချစ်စရာပါ။ မိန်းမ မရှုပ်တတ် မပွေတတ်၊ ချစ်သူရည်းစားတောင် မရှိသေးဘူးတဲ့။

မိန်းကလေးတွေဘက်က ကာကွယ်ပေးတတ်လိုက်တာလည်း လွန်ပါရော။ သူ့အမေအပေါ် အနိုင်ကျင့်နှိပ်စက်ရက်စက်တာတွေကြောင့်ဟု ဆိုသည်။ အဲဒီသူဟာ သူ့အဖေများလား။ ကိုယ်တိုင်မြင်တွေ့ခံစားခဲ့ရလို့ ဒီလောက်တောင် ကိုယ်ချင်းစာပေးနေခဲ့တာဖြစ်မည်။

အမေကို အရမ်းချစ်တတ်သော သားကောင်းတစ်ယောက် ဖြစ်ခဲ့လိမ့်မည်ထင်၏။ ဒါလည်း ကောင်းတာပါပဲ။ ကိုယ့်ရဲ့သားလေးလည်း ဒီလိုသားလိမ္မာလေးဖြစ်နေလျှင် ဘယ်လောက်ကောင်းမည်လဲ။

အတွေးတွေနှင့်အတူ လင်းညို့ဆိုသော ကောင်လေးရဲ့မျက်နှာကို ဘာကြောင့် တမေ့တမော ငေးကြည့်နေမိရတာပါလဲ…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

“မြေးရယ်…မြေးအလုပ်က ညအိပ်ညနေတောင် လုပ်ရမှာလား။ တစ်ရက် နှစ်ရက်နဲ့ ပြန်လာရမယ်လို့လည်း ပြောလို့မရဘူး။ ဘာအလုပ်မို့လဲကွယ်”

“မားကတ်တင်းဆင်းရလို့ပါ အဘွား…ဈေးအရောင်းတာဝန်ခံ ကုမ္ပဏီကထွက်တဲ့ ပစ္စည်းတွေကို ဈေးကွက်ထဲလိုက်ဖြန့်ရတာပါ။ နယ်ဝေးရောက်သွားရင် ညအိပ်ညနေ နေရတယ်။ ပိုဝေးရင်သုံးလေးရက် တစ်ပတ်ကြာသွားတာပေါ့။ သားအတွက် စိတ်မပူပါနဲ့။ ကိုယ့်ဘက်က သည်းခံကြိုးစားပေးရင် လစာတိုးမယ်၊ ရာထူးလည်းတိုးမယ်။ ရုံးအထိုင်ဖြစ်သွားရင်တော့ ခရီးထွက်စရာ မလိုတော့ဘူးပေါ့ အဘွားရဲ့…နော်”





“အေးပါ…အဘွားတို့တော့ မြေးလေးက စိတ်မပူနဲ့ဆိုလည်း ပူရမှာပဲ။ မြေးလေးကို ဒီအချိန်ထိ ဘယ်ကိုမှ ညအိပ်ညနေ မလွှတ်ဘူးတာ”

“သား အခုအရွယ်ရောက်နေပြီ။ လုပ်ငန်းခွင်ဝင်နေပြီ၊ ဒီလိုကိစ္စမျိုးတွေ ရှိလာတော့မှာပေါ့။ ဒီလိုတွေ ပူနေရင် အဘွားတို့ ကျန်းမာရေးထိခိုက်လိမ့်မယ်။ အဲဒါကြောင့် သားကို မစိုးရိမ်ပါနဲ့နော် အဘွား။ အဘိုးတို့…အဘွားတို့ အဲဒီလိုဖြစ်နေရင် သား အလုပ်ကောင်းကောင်းမလုပ်နိုင်ဘဲ နောက်ဆံတင်းနေရမှာ”

သူ ထိုသို့ပြောလိုက်မှ အဘွား ငြိမ်သွားသည်။ အဘိုးက ခေါင်းညိတ်လျက်-

“ဟုတ်သားပဲ မြိုင်…မြေးက အရွယ်ရောက်နေပါပြီ။ တချို့ ဒီအရွယ်ဆို အိမ်ထောင်ပြုသွားကြလို့ လက်တောင်လွှတ်လိုက်ရပြီ။ အရမ်းစိတ်ပူမနေပါနဲ့”

“မြေးမှာ အဖေအမေ မရှိတော့လို့ ပိုပြီး ပူမိတာပေါ့တော်… သူ့အမိအဖနဲ့ဆို ကျုပ်တို့ ဒီလောက်ထိ ပူစရာလား”

“ဒါတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မြေးလေးက အသိပညာရှိတယ်၊ လိမ္မာပါတယ်။ တော်ရုံ အများတွေ့မှာလည်း မဟုတ်ဘူး။ သူ့ကိုယ်သူ ထိန်းကျောင်းနိုင်တဲ့ ကလေးပါ။ ငါတို့ ကိုယ့်ကျန်းမာရေးကိုယ် ဂရုစိုက်ပြီး ဘေးကနေပဲ စောင့်ရှောက်ဖေးမရတော့မှာ”

“ကျုပ်လည်း နားလည်ပါတယ်တော်…ဒါပေမဲ့ မြေးလေးက ကျုပ်ရင်နဲ့ လွယ်မွေးရရုံတာမယ်ပဲမဟုတ်လား။ နှစ်နှစ်သားအရွယ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ကတည်းက ကျုပ်ရင်ခွင်ထဲရောက်ပြီး ကျုပ် ပိုးမွေးသလို မွေးခဲ့ရတာ။ မိဘမဲ့လေးမို့ အသနားလည်း ပိုခဲ့ရတယ်။ ဖြစ်နိုင်ရင် သူ့ဘာသာ အရွယ်ဘယ်လောက်ပဲရောက်ရောက် ရင်ခွင်မှာပိုက်ပြီး စောင့်ရှောက်ချင်သေးတာ ကိုအောင်တင့်ရဲ့”

“မင်းမေတ္တာကို နားလည်ပါတယ် မြိုင်ရယ်…ငါ့ရင်ထဲမှာလည်း ဒီလိုဆန္ဒတွေပဲ ရှိနေတာပါ။ ဒါပေမဲ့ သူ့အသိတရားလေးနဲ့ အလုပ်လုပ်တာကို ငါတို့ ခွင့်ပြုရတော့မှာပေါ့။ ငါတို့မှာ သူ့ကို ပေးစရာ အမွေအနှစ်လည်း များများမရှိဘူး။ မဖြစ်စလောက် ပွဲရုံလုပ်ငန်းလေးက သူ့ဘဝတစ်ခုလုံးအတွက် အာမခံချက်မှ မပေးနိုင်တော့တာ။ တို့ဘဝ ရပ်တည်ရရုံ တဲတဲလေးပဲကျန်တော့တယ်။ အိုစာနာစာတောင် လောက်ချင်မှလောက်မှာဆိုတော့ မြေးလေး အလုပ်လုပ်တာ ခွင့်ပြုပေးရတော့မှာပေါ့။ သုံးဖြုန်းနေတဲ့ မြေးမိုက်ကိုသာရရင် တို့…ဒီအချိန်မှာ ရင်နာရင်ကျိုးနေရပြီ”

“ဟုတ်ပါရဲ့…သူ့အဖေစရိုက်နဲ့ သွားမတူတာ စိတ်ချမ်းသာရပါသေးတယ်။ သူ့အဖေလို မိန်းမရှုပ်ပွေ၊ ရပ်ဗန်းပြစားပြီး လူသတ်ရဲတဲ့အထိ ကြမ်းကြုတ်နေရင်တော့ ကျုပ်တို့ တကယ်ကို ရင်ကျိုးရမှာ။ မြေးလေး အဲဒီစိတ်တော့ လုံးဝ မဝင်ပါနဲ့နော်။ အပြောချိုချို နူးနူးညံ့ညံ့ ဆိုတိုင်း လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ မင်းအဖေက သက်သေပဲ။ တကယ်ကို မထင်ရလောက်အောင် ကြောက်စရာကောင်းတဲ့သူပါ။ အဲဒီလောက် သွေးအေးအေးနဲ့ ရက်စက်တတ်တဲ့လူမျိုး အဘွားတစ်သက် တစ်ခါမှတောင် မတွေ့ဖူးဘူး။ အဲဒီလူ့ရဲ့စရိုက်မျိုး





လုံးဝ မတူလိုက်ပါနဲ့နော် မြေးလေး”

သူ နှာခေါင်းရှုံ့ကာ မဲ့ပစ်လိုက်မိသည်။ သူ ရွံရှာသောလူနှင့် လုံးဝ စရိုက်တူစရာအကြောင်း မရှိပါ။

“စိတ်ချပါ အဘွား…အဘွားတို့ပြောပြထားတဲ့ အဲဒီလူ့ရဲ့စရိုက်ကို ရွံမုန်းလွန်းလို့ လုံးဝကို မတူစေရပါဘူး။ အဖေတူသားဆိုတာမျိုး လုံးဝ မဖြစ်စေရပါဘူး။ မေမေ့ကို သွေးအေးအေးနဲ့ ရက်ရက်စက်စက် သတ်ပစ်ရက်တဲ့လူကို သား တစ်သက်လုံး မုန်းတီးသွားမှာပါ”

“မုန်းသင့်တဲ့လူတစ်ယောက်ပဲ…မုန်းရမှာပေါ့ သား။ အဘွားကတော့ သမီးကိုသတ်ပစ်တဲ့ကောင်ကို တစ်သက်လုံး မကျေအေးနိုင်ဘူး။ ဘုရားမှာလည်း သစ္စာဆိုတယ်။ ဘဝအဆက်ဆက် ဒီလိုလူမျိုးနဲ့ မတွေ့ရပါစေနဲ့လို့ပေါ့။ မြေးလေးလည်း အဲဒီလူကို အဖေလို့ သတ်မှတ်စရာမလိုဘူး။ ပတ်သက်စရာ၊ ဆက်ဆံစရာ မလိုဘူး။ နားလည်လား မြေးလေး”

“ဟုတ်ကဲ့ပါ အဘွား… မေမေ့ကိုသတ်တဲ့ အဲဒီလူကို ဘယ်တော့မှ သားရဲ့အဖေတစ်ယောက်လို့ မသတ်မှတ်ပါဘူး။ သား အဘွားကို ကတိပေးပါတယ်”

“ဘယ်သူဆိုတာလည်း သား မစုံစမ်းနဲ့နော်။ အဘိုးတို့က မြေးအဖေ ဘယ်သူဆိုတာ မသိစေချင်လို့။ ဓာတ်ပုံတစ်ပုံတောင် အိမ်မှာ မထားဘူး။ အဘိုးတို့ပါတဲ့ မင်္ဂလာဆောင်အမှတ်တရပုံတွေကိုတောင် အားလုံး မီးရှို့ပစ်ခဲ့တာ။ မတမ်းတသင့်တဲ့လူမို့ မြင်ဖူးထားဖို့တောင် မလိုအပ်ပါဘူး။ အဖေဆိုတာ ပုံရိပ်လေးတစ်ခုတောင် မမှတ်မိတဲ့အရွယ်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ဖြစ်သွားခဲ့လို့ တော်သေးတာပေါ့။ ပုံရိပ်ကိုတောင် ပြန်ဖော်မကြည့်နဲ့ မြေးလေး”

အခု လူကိုယ်တိုင်မြင်တွေ့ပြီး အဲဒီလူဆီမှာ ကားဒရိုင်ဘာလုပ်နေသည်လို့ ပြောလိုက်မိလျှင် အတိုးနှင့်အသွား ဘယ်လိုဖြစ်သွားမည်မသိပေ။ သူ့ဘက်က တမင်ပတ်သက်ချင်လို့ မဟုတ်ပါ။ မေမေ့အတွက်၊ သူ့အတွက် ဒီလူ ဘဝတစ်ခုလုံး ပျက်သုဉ်းသွားအောင် လုပ်ရမည်။

သူ ရက်စက်ခဲ့သမျှ၊ လုပ်ရက်ခဲ့သမျှ မေ့မေ့ပျောက်ပျောက်ထားပြီး ပျော်ရွှင်နေတာကို ဒီအတိုင်း ကြည့်မနေနိုင်ပေ။ အကျိုးအပြစ်တွေခံစားပြီး နောင်တရအောင် ပေးဆပ်နိုင်းမှာပါ။ သားတစ်ယောက်က ရှုံရှာမုန်းတီးပြီး အဖေလို့ မခေါ်တာကို နာကျင်စွာ တစိမ့်စိမ့် တမြေ့မြေ့ ခံစားစေရမည်။

“မြေးလေး”

“ဗျာ…ဗျာ…အသွား”

“ဘာတွေတွေးနေတာလဲ။ မေမေ့ကို သတိရလို့လား…အဖေ့ကို”

“အဖေဆိုတဲ့အသံ ကျွန်တော် ကြားကိုမကြားချင်တာပါ။ မေမေ့ကိုတော့ သတိရတယ်။ မှတ်မိလောက်တဲ့အရွယ် မဟုတ်ဘူးဆိုပေမယ့် မေမေ့ဓာတ်ပုံကိုကြည့်ပြီး မေမေနဲ့ အတူနေခွင့်မရခဲ့တာကို ရင်နာတယ်။ ဒါဟာ အဖေ့ကြောင့်ဆိုတဲ့အသိကြောင့် အဖေ့ကို ပိုမုန်းမိတယ်။ ကယ်တင်စောင့်ရှောက်ပေးမယ့် အသွားတို့သာမရှိရင် သားဘဝ





ဘယ်လိုဖြစ်သွားမလဲ။ အပြစ်ကိုဖုံးကွယ်ဖို့အတွက် အဆင်ခြင်မဲ့တဲ့လုပ်ရပ်မျိုးကိုလုပ်တာ သား ဘယ်လိုလုပ် ခွင့်လွှတ်နိုင်မှာလဲ”

“ဒါပေါ့ မြေးရယ်…အသွားတို့လည်း သမီးတစ်ယောက်လုံး ဆုံးရှုံးရတာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါဘူး။ မြေးလေးအတွက် မိခင်မဲ့ရတယ်။ ရောဂါဝေဒနာ ဝဋ်နာကံနာကြောင့် သေသွားရတယ်ဆိုရင်လည်း ဖြေသာပါသေးတယ်။ အခုက လူစိတ်မရှိတဲ့ ခွေးသတ်တာကို ခံရတာ”

“ကဲ…မြိုင်ရယ်…မြေးလေး အသစ်လိုခံစားနေရအောင် ပြန်အစဖော်ပြောမနေပါနဲ့တော့။ ကောင်းတဲ့ကိစ္စ၊ ပျော်စရာကိစ္စမဟုတ်ဘဲနဲ့ မေ့မေ့ပျောက်ပျောက် သတိမရအောင်ပဲနေကြပါ”

“သြော်…မြေးလေး မသိခင်ကတော့ အဲဒီလိုနေလို့ရတာပေါ့တော်…အခု မြေးက အကြောင်းအရင်းတွေသိလာပြီး ဖအေ မသေသေးဘူး၊ စည်းစိမ်တွေ ခံစားပျော်ရွှင်နေတာကိုတောင် ဒေါသဖြစ်နေတော့ တစ်သက်လုံး စိတ်နာသွားဖို့ သတိပေးနေရမှာပဲ။ သေသွားရတာ ကျုပ်တို့သမီး ကိုအောင်တင့်ရဲ့”

“ငါလည်း မေ့လို့ရပါ့မလား။ ဒီလောက်အထိ ရင်နာစရာကောင်းတဲ့ကိစ္စ သွေးအလိမ်းလိမ်း သွေးစတွေနဲ့ မရှုမလှ သေသွားရရှာတဲ့ သမီးလေးမျက်နှာကို အခုထိ မြင်ယောင်မိတုန်းပါပဲ။ ရင်တွေလည်း အခုထိနာတုန်းပါပဲ။ ဒါပေမဲ့ မြေးလေး ထပ်ပြီးနာကျင်ခံစားရမှာစိုးလို့ မပြောဘဲထားရအောင်လို့ ပြောတာပါ”

“ဟုတ်ပါတယ် အသွား…မေမေ့ကို တမ်းတမိတယ်ဆိုပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒီလူရဲ့အကြောင်းကို မပြောတာကောင်းပါတယ်”

“အဲဒီလူကို မြေး တစ်သက်လုံး မုန်းသွားဖို့ အရေးကြီးတာပါ”

သူ လက်သီးကို တင်းတင်းဆုပ်ပြီး အံကိုကြိတ်ထားလိုက်သည်။ သေချာတယ်။ ဦးထွဋ်ခေါင်ဦးကို သား တစ်သက်လုံး မုန်းသွားမှာပါ။ အဲဒီအမုန်းတွေနဲ့ လက်စားချေလက်တုံ့ပြန်သွားမှာပါ။

အဲဒီလူကြီးဘဝကို အပျော်တွေနဲ့ မဖြတ်သန်းစေရဘူး။ ဂုဏ်သိက္ခာတွေကျဆင်းပြီး လူပုံအလယ်မှာ မျက်နှာမဖော်ရဲအောင်လုပ်မှာ။ လူသတ်ထောင်ထွက်တစ်ယောက် ဒီလိုပျော်ရွှင်ခေါင်းမော့နေတာ ဒီအတိုင်း ကြည့်နေလို့ဖြစ်ပါ့မလား။

ဦးထွဋ်ခေါင်ဦးဘဝတစ်ခုလုံး စုတ်ပြတ်သတ်ကြေမွလဲကျသွားအောင်…





# အခန်း (၉)

“မင်းကွာ…အနီးကပ်ကြီး တိုက်ခိုက်နေတာ မပင်ပန်းဘူးလား။ ဘာတွေ ရည်ရွယ်နေတာလဲ။ ဖအေတစ်ယောက်ကို ဘယ်လောက်ထိလုပ်ဖို့ စိတ်ကူးနေတာလဲ…ပိုင်ပိုင်”

“အကြီးကြီး ကြံစည်နေတာ…အထမြောက်တော့မှာပါ။ ဖြစ်လာအောင်ထိ ငါ လုပ်မှာ”

“ပြောပြလို့ရလား”

သက်ထွဋ်ပိုင် ခေါင်းကို ဖြည်းလေးစွာ ယမ်း၏။ ခဏနေမှ အံကြိတ်သံတစ်ချက် ထွက်လာကာ–

“ဒီအကြောင်းက ဖြူဖြူစင်ကိုလည်း ပြောပြလို့မရဘူး။ ရင်ဖွင့်စရာဆိုလို့လည်း မင်းတစ်ယောက်ပဲ ရှိတယ်။ အုံ့ပုန်းလျှို့ဝှက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံရလောက်အောင်လည်း ငါ သဘောမနည်းပါဘူး။ ငါ့ခံစားချက်တွေ နားလည်နေလို့ မင်း တားဆီးမှာမဟုတ်ဘူးဆိုတာလည်း ငါ သိပါတယ်"

"အေးကွာ…ဖအေတစ်ယောက်ကို လုပ်ကြံတိုက်ခိုက်မှာအားမပေးသင့်ပေမယ့် မင်းရဲ့ဝေဒနာအစိုင်အခဲကို ငါ နားလည်ပါတယ်။ မအေတစ်ယောက်လုံး အသတ်ခံရတယ်။ သတ်တဲ့သူက သူစိမ်းတစ်ရံစာ မသိတဲ့သူတစ်ယောက်ဆိုရင်လည်း တော်သေးတယ်။ ဖအေအရင်းက"

"အဲဒါကို ငါ ရင်နာတာ၊ နာကြည်းတာ။ အဖေဖြစ်သူက တခြားတစ်ယောက်ကို အငြိုးနဲ့၊ အမုန်းနဲ့၊ ဒေါသနဲ့ သတ်လိုက်တယ်ဆိုရင်တောင် လူသတ်သမား ထောင်ထွက်တစ်ယောက်ဆိုပြီး ငါ အကြည်ညိုပျက်ချင်မှပျက်မှာ။ အခုက မေမေ့ကို သတ်တယ်။ ငါ့အပေါ် တာဝန်မဲ့တယ်။ အခု မိန်းမတွေနဲ့ ပျော်သလို ပွေတယ်၊ ရှုပ်တယ်။ အတိတ်ကိုမေ့ပစ်လိုက်ပြီတဲ့။ သူ့ပိုင်ဆိုင်မှုတွေ အမွေချန်ထားခဲ့စရာ တစ်ယောက်မှမရှိလို့ သူတစ်ယောက်တည်း သုံးဖြုန်းပစ်မှာတဲ့။ မင်း တွေးကြည့်စမ်း။ မေမေနဲ့သားတစ်ယောက် မွေးခဲ့ဖူးတယ်ဆိုတာတောင် မေ့ထားချင်တဲ့လူ"

"ချစ်တော့ချစ်တတ်ခဲ့ပါလိမ့်မယ်။ စိတ်ရိုင်းတွေဝင် လူပါသတ်ပြီးမှ လင်ယောက်ျားဆိုတဲ့စိတ်၊ ဖခင်တစ်ယောက်ဆိုတဲ့အသိစိတ်တွေပါ ပျောက်သွားခဲ့တာဖြစ်လိမ့်မယ်"

"ဒီလိုလူတစ်ယောက်ကို ငါက ကျေးဇူးရှင်အဖေပါဆိုပြီး





သတ်မှတ်စရာလိုတော့လို့လား။ လောကမှာ အနန္တကျေးဇူးရှင် ဖခင်ကြီးကို မစော်ကား မပြစ်မှားရဘူး။ ပြစ်မှားရင် ကံကြီးထိုက်မယ်။ ဘယ်လိုပဲပြောပြော ဖခင်မပီသတဲ့သူကို ပြစ်မှားလို့တော့ ရတယ် မဟုတ်လား"

ထွန်းမင်း ခေါင်းညိတ်ရမလို ခေါင်းခါရမလို ဖြစ်သွားခဲ့သည်။ သက်ထွဋ်ပိုင် ခံစားမှုတွေ သိနေသည်ဆိုသော်လည်း တိုက်တွန်းလို့လည်းမကောင်း၊ တားဆီးလို့လည်းမကောင်း။

မလုပ်သင့်ပါဘူးကွာဆိုလည်း သက်ထွဋ်ပိုင် ဝေဒနာတွေကို ကိုယ်ချင်းမစာရာရောက်ဦးမည်။ ဘာဖြစ်ဖြစ် ချကွာလို့ တိုက်တွန်းမိပြန်ရင်လည်း ကိုယ်ပါအပြစ်မကင်း ဖြစ်ပေတော့မည်။

"မင်း ဘာလုပ်မှာလဲ ပိုင်ပိုင်"

"ရောဂါကူးစက်ခံနေရတဲ့ ပြည့်တန်ဆာမနဲ့ အမိဖမ်းပြီး ပေးစားမှာ"

"ဘာ…ဟာ…ပိုင်ပိုင်"

"ဒါမှ ဂုဏ်သိက္ခာကျ၊ အရှက်ရ၊ ရောဂါကူးစက်ခံရရင်းနဲ့ တဖြည်းဖြည်း ဒုက္ခတွေ ခံစားပြီး သေမှာပေါ့။ မိန်းကလေးတွေကို တန်ဖိုးမထားတဲ့ အပြစ်ဒဏ်ခံကို ခံစားရမယ်"

"ဟာကွာ…ပိုင်ပိုင်ရာ…အဲ…အဲဒါကြီးက မဆိုးလွန်းဘူးလားကွာ…သူက မင်းအဖေဆိုပေမယ့် ဖခင်မပီသလို့ အဖေ မခေါ်နိုင်ဘူးဗျာလို့ ပြောရုံနဲ့လည်း သူ တော်တော်အထိနာသွားမှာပါပဲ"

"မင်း ထင်လား…အဲဒီလူ အဲဒီလောက်နဲ့ အထိနာစိုးမယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို သတ်တယ်။ မိန်းကလေးတွေကို လုံးဝ တန်ဖိုးမထားဘဲ အပျော်ကစားနေတာလည်း ငါ့မျက်စိနဲ့ လက်တွေ့။ လောကမှာရှိတဲ့ မိန်းမတိုင်းကို တန်ဖိုးမဲ့တယ်ချည်း အောက်မေ့ပြီး သူကပဲ ဝေဒနာတွေ၊ ဒုက္ခတွေ ပေးချင်နေတာ။ သူ့ကို ဒုက္ခပေးမယ့်မိန်းမလည်း ရှိပါသေးလားဆိုတာ သူ သိသွားစေရမယ်''

''မင်းကွာ…မင်းအဖေကို တစ်သက်စာ ဒုက္ခတွေပေးလိုက်မလို့လား''

''ငါ ဆုံးဖြတ်ပြီးပြီ။ သူနဲ့တန်တဲ့ဒုက္ခ သူ ခံစားရမှာပေါ့ကွာ။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ကို အကျိုးစီးပွားဆုံးရှုံးအောင်လုပ်တယ်ဆိုတဲ့ ဒဿနတွေက ရှိုးနေပါပြီ။ ပြီးတော့ သူက မိသားစုဘဝတွေကို ဖျက်ဆီးပစ်တာ။ လူမှုရေးသောကတွေပေးတာ၊ အခုထိအတိုးနဲ့အတွား သူတို့သမီးအတွက် ယူကျုံးမရ နာကျင်ခံစားနေရတုန်းပဲ။ သေတဲ့အထိ အဲဒီနာကျင်မှုတွေကို ခံစားသွားရမှာ။ ငါ့အမေကို သတ်တဲ့လူဆိုပြီး ငါလည်း တစ်သက်စာ နာကျင်ခံစားသွားရတော့မှာပဲ။ သူ့အတွက် အဲဒီအပြစ်ဒဏ်က ထိုက်တန်ပါတယ်ကွာ''

ထွန်းမင်း ဘာမှပြန်မပြောနိုင်အောင် ဆွံ့အသွားရသည်။ သက်ထွန်းပိုင်ကတော့ အသေအချာကို ဆုံးဖြတ်ချက်ချထားဟန်တူသည်။ မျက်ခုံးနှစ်ခုကို တွန့်ချိုးစုကျုံ့ကာ မျက်နှာတစ်ခုလုံးလည်း တင်းမာနေသည်။

တက်တစ်ချက် ပြင်းပြင်းခေါက်ပြီး–

''သူနဲ့ပတ်သက်နေတဲ့ အမျိုးကောင်းသမီးလေးတွေ သနားပါ





တယ်။ သူ့တော်လ်ကီမှာမျှောပြီး သူ့ကို ယုံကြည်နေကြတယ်။ ပုံအပ်ချင်နေကြတယ်။ သူက လည်တယ်နော်။ နောက်ကြောင်းရှင်းတဲ့သူ၊ ပြဿနာမရှာနိုင်တဲ့သူကိုမှ ဟိုတယ်မှာ ခေါ်အိပ်တာ။ နောက်ကြောင်းမရှင်းတဲ့သူ၊ သူ့ကို အပိုင်သုတ်မယ့်သူဆိုရင်တော့ အသာလေးနှပ်ပြီး ခွေထားတာ''

''မင်း အဲဒီလောက်တောင် အသေးစိတ် သိနေပြီလား''

''သိချင်လို့ စုံစမ်းနေတဲ့သူပဲကွာ။ အဲဒါကြောင့် သူ့ကို တည့်တည့်ထိမယ့် ပစ်မှတ်နဲ့ချိန်နေတာပေါ့။ ဒီဘက်က အစီအစဉ်ခွဲပြီး တာနဲ့ ထိအောင်ပစ်တော့မှာ။ သူက မိန်းမတွေနဲ့သာ ရှုပ်နေတာ။ အိမ်ထောင်မပြုဘူး။ လက်မထပ်ဘူးတဲ့။ သူလုပ်ချင်တိုင်းလုပ်လို့ မရဘူး။ သူဖြစ်ချင်သလို မဖြစ်ရဘူးဆိုတာ သူသိရမယ်။ ပြီးတော့ အရှက်သိက္ခာ ကိုယ်ကျင့်တရားဆိုတာ ဘယ်လိုများလဲ သူ ထိထိမိမိမှဖြစ်မယ်''

''အဲဒါ မင်းအဖေနော်''

''အဖေမို့လို့ အဲဒီလိုလုပ်တာပေါ့။ သူတောင် လင့်ဝတ္တရား၊ ဖခင်ဝတ္တရားဆိုတာ မသိခဲ့တာ။ လောကမှာ ငါလုပ်တာသာ မှန်တယ်ဆိုတာ မရှိဘူး။ မိသားစုအပေါ် ဘယ်လိုသစ္စာရှိရမယ်၊ အိမ်ထောင်တစ်ခုကို ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ သူ သိဖို့လိုတယ်။ လူဆိုတာ အရှက်တရား၊ အကြောက်တရား ရှိရမယ်ကွ''

''ဖြူဖြူစင်သာ မင်းလိုလူမျိုးကို လက်ထပ်ခွင့်ရရင် တော်တော်ကံကောင်းမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဖြူဖြူစင်နာမည်ကြားလိုက်တော့ ရင်က တစ်ချက်ဆောင့်ခုန်သွားသည်။

သူ ချက်ချင်းလိုပင် ဖြူဖြူစင်ကို သတိရတမ်းတလွမ်းဆွတ်သွားမိ၏။

"ဖြူဖြူစင်ရော ဘယ်လိုနေလဲ"

"ဘာကိုပြောတာလဲ"

"သူ့မိသားစု အိမ်တွင်းရေးကိစ္စတွေ၊ ကျန်းမာရေး၊ လူမှုရေး အားလုံးပေါ့ကွာ…ငါ အလုပ်စဝင်ပြီဆိုကတည်းက သူနဲ့ မတွေ့ဖြစ်သေးဘူး"

"မင်းတွေ့ချင်ရင် သူ ရုံးဆင်းတဲ့အချိန် သွားကြိုလို့ရတာပဲ။ ဖုန်းဆက်ချိန်းလည်း သူ လာဖြစ်အောင်လာနေတာပဲဥစ္စာ။ ဖြူဖြူစင်က မင်းအပေါ် အလေးအနက်ရှိပါတယ်။ မင်းကသာ"

"ငါ သူ့အပေါ် တန်ဖိုးထားလို့ပါ။ သူ့ဘဝက မပြည့်စုံပေမယ့် စိတ်ထားလေးက ဖြူစင်တယ်။ မိသားစုကို ရုပ်ရည်လေး၊ အရွယ်လေးနဲ့မလိုက် စောင့်ရှောက်နေရတယ်။ အဲဒီအတွက် ငါ သူ့ကို သနားတယ်"

"သနားတယ်…အဲဒီလောက်ပဲလား"

သူ ဘာထပ်ပြောရမည်လဲ။ ဖြူဖြူစင်ကို ချစ်နေရသည်လို့ လား။ သူ့ရည်ရွယ်ချက်တွေ မဖြစ်မြောက်သေးသည့်အတွက် ဖြူဖြူစင်ကို ဒီစကားတွေ မပြောချင်သေးပါ။





"ငါ့ရည်မှန်းချက်…ရည်မှန်းချက်ဆိုတာထက် ငါ ဖြစ်ချင်တာတွေ မဖြစ်သေးသရွေ့ ငါ ဖြူဖြူစင်ကို ချစ်တယ်လို့ မဖွင့်ပြောချင်သေးဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့အဖေက ဒီလိုလူမျိုးပါလား၊ အဖေတစ်ယောက်အပေါ် ငါက ဒီလိုလုပ်နေပါလားဆိုတာမျိုးနဲ့ ငါ့အပေါ် ဖြူဖြူစင် တစ်မျိုးဖြစ်သွားမှာမျိုး မလိုချင်ဘူး။ ငါ ဖြူဖြူစင်အပေါ် တန်ဖိုးထားချင်တယ်။ ငါ့အဖေက ငါ့အမေအပေါ် ဆက်ဆံတာမျိုး လုံးဝမဖြစ်စေရဘူး။ ငါ လက်ထပ်လိုက်မယ့် မိန်းမအပေါ် တစ်သက်လုံး သစ္စာရှိသွားမှာ"

"မင်းရဲ့ အဲဒီစိတ်ကလေးကိုတော့ ငါ လေးစားပါတယ်။ အဲဒါကြောင့် ဖြူဖြူစင် ကံကောင်းမယ်လို့ ငါ ပြောတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဖြူဖြူစင်အပေါ်ထားတဲ့ မင်းရဲ့စိတ်ကိုသိနေလို့ပဲ။ ထားလိုက်တော့…ပိုင်ပိုင်ရာ၊ အခု မင်း ဖြူဖြူစင်ကို တွေ့ဦးမှာလား"

"အင်း…ဒီအတောအတွင်း သူလည်း ရင်ဖွင့်စရာတော့ ရှိနေမှာပဲ။ ဒါပေမဲ့ သူ ရုံးဆင်းချိန်လွန်နေပြီဆိုတော့ အိမ်ကနေတစ်ခေါက်ထွက်လာအောင်တော့ ဖုန်းမဆက်တော့ပါဘူးကွာ။ နောက်ရက် ငါ အိမ်ကို ပြန်လာရတဲ့နေ့မှပဲ ဖုန်းဆက်လိုက်ပါတော့မယ်။ တကူးတကနဲ့ဆိုရင် သူ့အစ်ကိုက ပြဿနာရှာနေဦးမယ်"

"အေးလေ…မင်း အဲဒီလိုပြောတဲ့အကြောင်း ဖြူဖြူစင်နဲ့တွေ့ရင် ငါ ပြောပြလိုက်ပါ့မယ်"

"ဦးထွန်းခေါင်ဦးကိစ္စက ခြွင်းချက်နော်။ အသိပေးလို့မဖြစ်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



“နားလည်ပါတယ်ကွာ…အရာခဝ်သိမ်း ဖြူဖြူစင်ကို အသိပေးမယ်လို့ ပြောနေတာမဟုတ်ပါဘူး။ မင်း အလေးအနက် တန်ဖိုးထားတာလေးတွေပဲ တင်ပြမှာပါ”

“ကျေးဇူး… ထွန်းမင်း”

သူ ဒီစကားကိုတော့ ထွန်းမင်းကို ပြောဖြစ်အောင် ပြောလိုက်သည်။ သူနှင့်ဖြူဖြူစင်ကြားမှာ ထွန်းမင်းက အောင်သွယ်တော်မြားနတ်မောင် ရှိကိုရှိနေမှဖြစ်မှာ ဖြစ်၏။ အမြဲတမ်း အချိန်တိုင်းတွေ့ဖို့မှ မလွယ်ကူတော့တာ။

အတူလက်တွဲပြီး ရှေ့ရေးအတွက် မရည်ရွယ်နိုင်သေးတာကြောင့် ခဏလေးစောင့်ပေးပါ ဖြူဖြူစင်…ခဏလေးပါပဲ။





## အခန်း (၁၀)

“မင်း ဒီနေ့ ကားမောင်းပေးစရာမလိုဘူး”

“ဗျာ…ကျွန်တော့်ကို အလုပ်ဖြုတ်လိုက်တာလား”

“ပေါ်တီကိုအောက်မှာ ငါ့ကားကို မတွေ့ခဲ့ဘူးမဟုတ်လား”

“ဟုတ်ကဲ့…အဲဒါကို ကျွန်တော် မေးမလို့ပါ…ကားက”

“ညက အက်ဆီးဒင့်ဖြစ်လို့ ဗန်ပါဆေးနည်းနည်းပွန်းသွားတာနဲ့ ဝပ်ရှော့ခ်မှာထားခဲ့တယ်”

“ညက အက်ဆီးဒင့်ဖြစ်တယ်…ဘယ်လို”

“မင်း ရပ်နေတာကို ငါက ခေါင်းကြီးမော့ပြီး ရှင်းပြနေရမှာလား၊ ထိုင်လေကွာ”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းခေါင်ဦးနှင့် မျက်နှာချင်းဆိုင်က ဆိုဖာခုံမှာ ဝင်ထိုင်လိုက်ရသည်။

"ဒီလိုကွ…မနေ့က ဘယ်မှသွားချင်စိတ်မရှိဘူး။ မင်း ပြန်ချင်ပြန်ဆိုပြီး ပြန်လွှတ်လိုက်ပြီးမှ နိုင်ငံခြားမှာနေတဲ့ သူငယ်ချင်းက မြန်မာပြည်ရောက်နေတယ်။ ဟိုတယ်မှာ လာတွေ့ပါဆိုတာနဲ့ ငါ ကားမောင်းပြီး သွားတွေ့တယ်။ သူငယ်ချင်းကိုတွေ့ဖို့ အလျှင်လိုနေတာနဲ့ လမ်းမှာ ကားလမ်းပိတ်တာ စိတ်မရှည်တော့ဘူး။ အဲဒါနဲ့ ရပ်ကွက်တွေထဲကနေ ပတ်မောင်းတာ။ ဖြစ်ချင်တော့ အရက်မူးသမားရဲ့ဆိုက်ကားကို ပွတ်တိုက်မိသွားတယ်"

"ဪ"

"လျော်ကြေးပေးပြီး ကိစ္စဖြတ်လိုက်လို့ရပေမယ့် အဲဒီလိုလည်း တာဝန်မမဲ့ချင်ဘူး။ ဆိုက်ကားကို အသစ်ဝယ်ပေးလိုက်တယ်။ လူက နည်းနည်းထိသွားတာနဲ့ ဆေးခန်းလိုက်ပို့၊ ဆေးဖိုးပေးပြီး အိမ်အထိပါ လိုက်ပို့လိုက်တယ်"

"သူငယ်ချင်းကို သွားမတွေ့လိုက်ရဘူးပေါ့"

"သူငယ်ချင်းထက် အရေးကြီးတာကို တွေ့လိုက်ရတော့ သူငယ်ချင်းကို ဆောရီးလုပ်လိုက်တာပေါ့"

"ဗျာ…သူငယ်ချင်းထက် ဘာအရေးကြီးတာ"

"ဟား…ဟား…နောက်တော့ မင်း သိလာရမှာပါ"

ဦးထွန်းခေါင်ဦး ဘာကြောင့် ပျော်နေသည်မသိပေ။ တကယ်ကို တက်ကြွလန်းဆန်းပြီး ပေါ့ပါးနေတာပါ။





"ဟို…ဂိုဒေါင်ထဲမှာ နောက်ကားတစ်စီး ရှိသေးတယ်မဟုတ်လား။ အဲဒါကို မောင်းပြီး"

"နိုး…ဂိုဒေါင်ထဲကကားအပြင် နောက်ထပ်ကားတွေလည်း ရှိပါတယ်။ ငါ စီးချင်ရင် ချက်ချင်း အသစ်ဝယ်စီးလိုက်လို့လည်း ရတယ်။ ဒါပေမဲ့ အခုဖြစ်သွားတဲ့ ခဲရောင်လေးကို ငါ အကြိုက်ဆုံးပဲ။ ငါ့အတွက် လပ်ကီးလည်းရှိတယ်။ ထားပါ။ ဝပ်ရှော့ကကားက ညနေလောက်ဆို ရပါပြီ။ ဒါပေမဲ့ တခြားနေရာတွေ သွားချင်တဲ့ အခါမှသာ မင်း လိုက်ပို့။ ဒီအက်ဆီးဒင့်ကိစ္စနဲ့ ဆုံဆည်းထားရတာလေးကိုတော့ ငါ့ဘာသာ ဒါရိုက်တာလုပ်ပြီး ရုပ်ရှင်ရိုက်လိုက်ဦးမယ်။ မင်းကို လိုအပ်လာတဲ့အချိန်မှ ခေါ်မယ်ကွာ။ မင်းရှေ့မှာဆို ငါလည်း နည်းနည်းရှက်လာလို့ပါ"

ဦးထွန်းခေါင်ဦး ဘယ်လိုအဓိပ္ပာယ်နှင့် ပြောနေမှန်း သူ မသိပေ။ အလုပ်ဖြုတ်လိုက်တာမဟုတ်ဘူးဆိုတာပဲ တော်သေးသည်လို့ သူ တွေးမိ၏။

"မင်း အိမ်မှာ နားနေလိုက်။ ငါ တခြားကိစ္စရှိရင်တော့ လှမ်းခေါ်လိုက်မယ်။ ကဲ…အချိန်နောက်ကျနေဦးမယ်…ငါ သွားမယ်"

သားရေအနက်ရောင် ပိုက်ဆံအိတ် ခပ်ကြီးကြီးကို ချိုင်းမှာညှပ်လျက် ဦးထွန်းခေါင်ဦး တက်ကြွစွာနှင့် ထွက်သွားသည်။ အဲဒီမှ အမေလုက ကပျာကသီ ထွက်လာပြီး-

"အယ်တော်…သူဌေး ထွက်သွားပြီလား။ ဒီမှာ မနက်စာ



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထားပြီးသား။ ဘယ်လိုလုပ်သွားပါလိမ့်"

"အရေးကြီးလို့ဖြစ်လိမ့်မယ်။ ဘာမှတော့ ပြောမသွားဘူး"

"သူ့ဒွေးက အဲဒီလိုပဲ သူဖြစ်ချင်တာ၊ သူလုပ်ချင်တာ၊ သူလုပ်တာ တခြားဘယ်သူ ဘာလုပ်လုပ် စိတ်မဝင်စားဘူး။ အခုလည်း မစားဘူးဆို ကြိုပြောပါတော့လား။ သူ စားမယ်ထင်လို့ မနက်အစောကြီးထဲက ပင်ပင်ပန်းပန်း စီစဉ်ထားရတာ"

"သူ့ဒွေးနဲ့အတူနေလာခဲ့တာ ကြာပြီလား အမေလှ"

"ဟင်…အင်း…ဘယ်လိုပြောရမလဲ။ သူ ကလေးဘဝကတည်းက သူ့မိဘအိမ်ကို အမေလှ ရောက်တာပေါ့။ အဲဒီမှာပဲ ကားဒရိုင်ဘာလုပ်တဲ့ ကိုဘထွန်းနဲ့ အိမ်ထောင်ကျတာဆိုတော့ ကြာပြီပေါ့ကွယ်"

"ဒါဆို သူ့အကြောင်း တော်တော်များများ သိမှာပေါ့နော်။ သူ့မိန်းမကို သူကိုယ်တိုင်သတ်ပြီး ထောင်ကျသွားတယ်ဆိုတာရော"

"ဟင်…လူလေးက အဲဒါတွေ သိတယ်။ သူ…သူ့ဒွေးက ပြောပြတာလား"

"သူကတော့ ဘာလို့ပြောမှာလဲ။ သူ မကောင်းခဲ့တဲ့အကြောင်းကို…ကျွန်တော် ဒီလိုပဲ အပြင်က သိတဲ့အကြောင်းပါ။ သူ့ကို မေးကြည့်တော့လည်း ဟုတ်တယ်တဲ့"

"ဟင်…သူ့ဒွေးက အဲဒီလိုဝန်ခံတာလား"

သူ သိချင်တာတွေရှိ၍ အစ်အောက်လိုက်ခြင်းပါ။ ဒီလိုသာတဲ့တိုးမေးမိလျှင် ဦးထွန်းခေါင်ဦး သူ့ကို ချက်ချင်း အလုပ်ဖြုတ်ပစ်





ပေလိမ့်မည်။ အမေလှကတော့ သူပြောတာကို ယုံကြည်သွားပြီး မျက်နှာမကောင်းစွာနှင့်…

"အဲဒါ…ဘယ်လိုကြောင့်ဖြစ်သွားတယ်ဆိုတာတော့ အမေလှလည်း မသိပါဘူးကွယ်။ ငယ်ငယ်ကတည်းက ထိန်းကျောင်းလာခဲ့ရတဲ့ကလေးဆိုပေမယ့် အိမ်ထောင်ကျတော့ သူတို့က အိမ်ခွဲနေကြတာလေ။ လင်မယားချင်း သိပ်ချစ်ကြတာပါ။ မခွဲနိုင်မခွာရက်ဖြစ်လို့ ကျောင်းမပြီးခင်ကို လက်ထပ်ပေးစားလိုက်ရတာ။ နောက် ကျောင်းပြီးလို့ သူ့အဖေလုပ်ငန်းကို သူ့ဒွေးလေး ဝင်ဦးစီးမှ ဘာတွေဆက်ဖြစ်ကြသလဲ မသိပါဘူး။ မိန်းကလေးက သဝန်တိုလွန်းတယ်ဆိုလားပါပဲ"

"ဦးထွန်းခေါင်ဦးက ဒီလိုသဝန်တိုလောက်အောင် မိန်းမတွေ ရှုပ်နေလို့ ဖြစ်မှာပေါ့။ အခုတောင်ကြည့်ပါလား။ မိန်းကလေးသုံးလေးယောက်ကို တစ်ပြိုင်တည်းထားတယ်။ ဟိုတယ်မှာ ညခေါ်အိပ်တဲ့မိန်းကလေးက သပ်သပ်ရှိသေးတယ်"

"အဲဒါက ထောင်က ထွက်လာပြီးနောက်ပိုင်းမှာ ဒီလိုတွေ ဖြစ်လာခဲ့တာ။ အရင် သူ့ဒွေးလေးရဲ့စိတ်က အဲဒီလိုမျိုး မဟုတ်ပါဘူး။ မိန်းမ မရှုပ်တတ်၊ မမွှေတတ်ဘူး။ ဇနီးမယားကို အရမ်းကို ချစ်တတ်တဲ့သူ။ မိဘအပေါ်လည်း သိတတ်တဲ့ သားလိမ္မာတစ်ယောက်ပဲ။ အိမ်ထောင်ကျပြီးမှ ဘယ်လိုတွေဖြစ်ကုန်တယ်တော့ မသိပါဘူး။ အင်း…အသက်ငယ်ငယ်နဲ့ ဖအေလုပ်ငန်းတွေ လွှဲယူပြီး လုပ်ငန်းရှင်တစ်ယောက် ဖြစ်သွားတာကြောင့်ပဲလား"

သူ့ နှာခေါင်းရှုံ့သွားမိလျက်…



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ငန်းရှင်တစ်ယောက်ဖြစ်သွားပြီး မိန်းမတွေ ဝိုင်းဝိုင်းလည်နေတော့ အိမ်ကမိန်းမကို ဂရုမစိုက်၊ အရေးမလုပ်တော့လို့ ဒီလိုကိစ္စတွေ ဖြစ်သွားတာနေမှာပေါ့ အမေလှရယ်"

"မပြောတတ်တော့ပါဘူး လူလေးရယ်…အဲဒီတုန်းက သူ့မိဘတွေက ထောင်မကျအောင် ငွေနဲ့လိုက်မယ်လို့ ပြောပါသေးတယ်။ ငွေအင်အားတောင့်တင်းတော့ လူစားထိုးထောင်ကျခံခိုင်းလိုက်မယ်လို့လည်း ဖျောင်းဖျပါသေးတယ်။ ဒါပေမဲ့ သူက မရဘူးလေ။ သူလုပ်တာ သူ့အပြစ်သူခံမယ်ဆိုပြီး သူကိုယ်တိုင် ဝန်ခံပြီး ထောင်ကျခံလိုက်တယ်။ အဲဒါနဲ့ မိဘတွေ ယူကျုံးမရဖြစ်ပြီး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးသွားကြတော့တာ"

"ဥပဒေကို ငွေနဲ့ပြောင်းလဲလို့ မရဘူးဆိုတာသိလို့ သူ ထောင်ကျခံတာပဲဖြစ်မှာပါ။ ဒါပေမဲ့ ဥပဒေကပေးတဲ့အပြစ်ကို ခံလိုက်ရုံနဲ့ ဒီအပြစ်တွေက ကျေသွားမှာတော့ မဟုတ်ဘူး အမေလှ"

"ဟင်…ဘာဖြစ်လို့လဲကွယ်"

"သူ သတ်ခဲ့တာ သူ့ရဲ့ဇနီးမယားမိန်းမ၊ သူ့မှာ သားတစ်ယောက်ရှိသေးတယ်။ ဒီမေတ္တာတွေ ဒီသံယောဇဉ်တွေကို ထောက်ထားရမယ်ဆိုတဲ့အသိ ရှိခဲ့မယ်ဆိုရင် ဒီလို စိတ်လိုက်မာန်ပါ လက်လွှတ်စပယ် ရက်ရက်စက်စက် လုပ်ရက်မှာမဟုတ်ဘူး အမေလှ"

"ဪ…အေး…ဒါပေါ့ကွယ်။ ဒါပေမဲ့လည်း လူလေးရယ်…အတိတ်က အဖို့ပါလာရင်လည်း ဘယ်သူမှ ရှောင်လွှဲလို့ မရတဲ့





ကိစ္စ မဟုတ်လား။ ဒေါသအမျက် မထိန်းချုပ်နိုင်လို့ ဒီလိုဖြစ်သွားရတယ်ဆိုပေမယ့် အတိတ်ကံအကြောင်းတရားတွေကလည်း ရှိသေးတယ်။ သူဌေးရဲ့ အရင်ကစိတ်က အဲဒီလို လုံးဝမဟုတ်ပါဘူး။ အေးလေ…ဘာအနှောင်အဖွဲ့ သံယောဇဉ်ထားစရာ တစ်ယောက်မှ မရှိတော့ဘူးဆိုတော့လည်း သူနေချင်သလိုနေတော့မှာပေါ့။ သူ့ခင်မျာ သနားပါတယ်"

အမေလှကတော့ သူထိန်းသိမ်းစောင့်ရှောက်လာရသည့်သူ့မှို့ အပြစ်မမြင်ရဘူး ထင်သည်။ ဒါလည်း အမေလှအမှား မဟုတ်ပေ။

ကိုယ်ငါးချဉ်တော့ ကိုယ်ချဉ်တတ်သည့်သူချည်းမဟုတ်ပါလား။

"မချိုမာရော အမေလှ"

"အဝတ်တွေလျှော်ပြီး အပေါ်ထပ် ဝရန်တာမှာ လှန်းနေတယ် ထင်တယ်"

"ကျွန်တော် အပေါ်ထပ်တက်လို့ရမလား အမေလှ"

"ရတယ်လေ လူလေးရဲ့…သွားလေ…သူဌေးက လူလေးကို တူသားလို သဘောထားလို့ အိမ်မှာနေခွင့်ပေးထားတာပဲ"

"ဟုတ်ကဲ့ အမေလှ…ကျေးဇူးပဲ"

သူ အပေါ်ထပ်ကို တက်လာခဲ့သည်။ ဘယ်သူမှ ဝင်ခွင့်ထွက်ခွင့်မရှိ၊ အလုံပိတ်ထားသောအခန်းကို သူ စိတ်ဝင်စားမိလို့ပါ။

ထိုအခန်းကို အမေလှလည်း ဝင်ခွင့်ထွက်ခွင့် မရှိ။ မချိုမာလည်း သန့်ရှင်းရေးလုပ်ခွင့်မရှိဟု ဆိုသည်။

"မောင်လင်းညို…အဲ…အဲဒီအခန်းနားမှာ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…မချိုမာ၊ သြော်…ဘာမှမဟုတ်ပါဘူး။ အပေါ်ထပ် တက်ကြည့်ဦးမယ်ဆိုပြီး အမေလှာဆီ ခွင့်တောင်းလာတာပါ"

"အပေါ်ထပ် ဘယ်နေရာကြည့်ကြည့် ဒီအခန်းနားတော့ လုံးဝ မကပ်ပါနဲ့ မောင်လင်းညို့ရယ်"

"ဗျာ…ဘာဖြစ်လို့လဲ မချိုမာရယ်"

"သူဌေးက တစ်ခါတလေ ဒါမှမဟုတ် တစ်နှစ်တစ်ခါတော့ လသာဆောင်မှာ အရက်တွေ မူးအောင်သောက်ပြီး ဒီအခန်းထဲကို ဝင်တတ်တယ်။ ဝင်ပြီဆိုရင်လည်း တစ်ညလုံး ပြန်မထွက်တော့ဘူး။ မနက်လင်းလို့ အဲဒီအခန်းထဲက ထွက်လာပြီဆိုရင်လည်း မျက်နှာတစ်ခုလုံး ဖူးယောင်နေတာပဲ။ ငိုထားသလား၊ ဘာဖြစ်သလဲတော့ မသိပါဘူး။ နောက် နှစ်ရက်သုံးရက် သူက အခန်းထဲက မထွက်တော့ဘူး။ အစားအသောက်လည်း မစားဘဲနဲ့ ဆရာဝန်ခေါ်လိုက်ရတဲ့အထိပဲ"

"အဲဒါ ဘာဖြစ်လို့လဲ"

"အဲဒါတော့ မသိဘူး။ ဒီအခန်းထဲမှာ တစ်ခုခုရှိနေလို့တော့ ဖြစ်မယ်။ ဒါပေမဲ့ မချိုမာတို့ကိုတောင် အနားကပ်မခံတော့ ဘာမှန်းတော့ မသိဘူး"

သူ ပိုပြီးစိတ်ဝင်စားသွားခဲ့သည်။ နူးညံ့သယောင်နှင့် လူသတ်တဲ့အထိတောင် ရက်စက်ကြမ်းကြုတ်သော ဒီလိုဆီမှာ ဘယ်လိုလျှို့ဝှက်ချက်တွေရှိနေတာများပါလဲ။

"မချိုမာ ဒီအခန်းသော့ မရှိဘူးလား"

"ဟင်…အဲဒီသော့က မချိုမာတို့ကို ပေးမထားဘူး။ မချိုမာ





တို့လည်း ဒီအခန်းကို စိတ်ဝင်စားပေမယ့် သော့မရှိတော့ ဘယ်လိုမှ ဖွင့်ကြည့်လို့မရဘူးလေ။ အဲဒီတော့ ဘယ်မှာထားတယ်ဆိုတာလည်း မသိဘူး။ အဲဒီအခန်းကို စပ်စုမိတဲ့အလုပ်သမားနှစ်ယောက်ကို ဘာလျော်ကြေးမှမပေးဘဲ အလုပ်ထုတ်ပစ်လိုက်တယ်လို့ အမေလှ ပြောဖူးတယ်။ မချိုမာက နောက်မှရောက်တာဆိုတော့လေ။ ဘာဖြစ်လို့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ခွင့်မလွှတ်နိုင်လဲဆိုတာတော့ မသိပါဘူး။ သူဌေးက စိတ်ကြမ်းလူကြမ်းပုံစံမျိုးလည်း မဟုတ်ဘဲနဲ့"

"အကြောင်းတစ်ခုခုရှိလို့ဖြစ်မှာပေါ့ မချိုမာရယ်…ကဲပါ မချိုမာ အဝတ်လှန်းနေတာ ကျွန်တော် ကူလှန်းပေးရဦးမလား"

"သြော်…နေပါစေ။ ဒါက မချိုမာလုပ်နေကျအလုပ်ပါ။ သူဌေးက အဝတ်လျှော်တာ ဖြူဖြူစင်စင်နဲ့ မီးပူတိုက်တာ ကော့နေရင် မချိုမာကို ဘောက်စ်ဆုပေးတတ်တယ်။ မင်းလည်း အလုပ်ကို သေသေချာချာလုပ်ပါ။ သူဌေးက သူ ထောက်ပံ့စောင့်ရှောက်ရမယ့် သူတွေမရှိတဲ့အတွက် ငွေကိုတော့ အလျှံပယ်သုံးတတ်တယ်။ နှမြောတွန့်တိုမှုမရှိဘူး။ ရက်ရောတယ်"

"ဟုတ်ကဲ့"

သူ ဒါပဲပြောလိုက်နိုင်သည်။ သူဟာ ဒီလူရဲ့သားတစ်ယောက်ပါလို့ ဘယ်လိုပြောထွက်မှာလဲ။ အတွေးထဲမှာတောင်မရှိလို့ သူ့ကို သားတစ်ယောက်လို့ သတ်မှတ်ပြီး သတိတရတောင် မရှိပေ။

ဒီလိုလူမျိုးကို သူ အဖေလို့ ခေါ်စရာလား။ ခင်ဗျား ကျွန်တော့်အဖေ မဟုတ်ဘူး ဦးထွန်းခေါင်ဦး။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လည်း ခင်ဗျားကို ဘယ်တော့မှ အဖေတစ်ယောက်လို့ မသတ်မှတ်ဘူး။ ခင်ဗျားက ကျုပ်အမေကိုသတ်တဲ့ ကျုပ်ရဲ့ရန်သူ။

ကမ္ဘာမကြေ အမုန်းတိုက်ပွဲ ဆင်နွှဲပြမယ်။ ခင်ဗျား စောင့်ကြည့်နေပါ။ တာဝန်မဲ့အစွန့်ပစ်ခံသားတစ်ယောက်ရဲ့ တုံ့ပြန်မှုတွေကို ခင်ဗျား ခံစားကြည့်လိုက်ဦး…





# အခန်း (၁၁)

"မြေးလေး…အခုတလော အိမ်ပြန်လာရတယ်နော်။ ခရီး မထွက်ရလို့လား မြေးလေး"

"ဟုတ်ကဲ့ အဘွား။ အစကတည်းက သား ပြောသားပဲ။ နယ်ဝေး မားကက်တင်းဆင်းစရာမလိုရင် သား နေ့တိုင်း အိမ်ပြန်လာလို့ရပါတယ်"

"အေးပါ မြေးလေးရယ် နေ့တိုင်း အိမ်ပြန်လာလို့ရပြီး မြေးလေး မျက်နှာကို မြင်တွေ့ရရင် အဘွား စိတ်ချမ်းသာတာပေါ့။ ဒီနေ့ မြေးလေး ဘာဟင်းနဲ့စားချင်လဲ။ အဘွားကိုယ်တိုင် ချက်ကျွေးမယ်"

"ရပါတယ် အဘွား။ ဘာပဲချက်ချက် သား စားနိုင်တယ်။ အိမ်မှာစားရတဲ့အရသာလောက် မြိန်ရေရှက်ရေရှိတာ မရှိဘူး။ အဘွား လက်ရာဆို ပိုပြီးတော့တောင် မြိန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဘွားထက် မြေးအမေက ပိုပြီး ဟင်းချက်ကောင်းတာ မြေးရဲ့။ သူ့ယောက်ျားကို ဘာဟင်းလေးချက်ကျွေးလိုက်တယ်၊ ဘာလေးလုပ်ပေးလိုက်တာ၊ သူ့ယောက်ျားက သဘောကျတယ်နဲ့ ကြွားလိုက်တာများ မပြောပါနဲ့တော့။ သမီးက ပျော်နေတော့ အဘွားတို့မှာလည်း ကြည်နူးရတာပေါ့ မြေးရယ်။ သူ့ယောက်ျားကို အရိပ်တကြည့်ကြည့် ချစ်လိုက်တာမှ မပြောပါနဲ့တော့။ နောက်ပိုင်းမှသာ"

အဘွား စကားမဆက်နိုင်။ ဆို့နင့်နေသလို အသံတွေက တိမ်ဝင်သွားလျက် ရှိုက်သံလိုလို အင့်ခနဲ ထွက်လာခဲ့ပြီးမှ–

"လင်ကိုလည်းချစ်၊ သားကိုလည်းချစ်၊ ဒီလို ဇနီးမယားကောင်း၊ မိခင်ကောင်းက ဒီလိုမျိုး အသေဆိုးနဲ့ သေရသတဲ့လား။ ထွန်းခေါင်ဦး နမချင်းမစာနာဘူး။ မိဘချင်းမစာနာဘူး။ သူ လုပ်ချင်တာမလုပ်ရလို့ မိန်းမကို သတ်ပစ်လိုက်တာ"

"အဘွား"

"မြေးအတွက် မိခင်ကောင်းတစ်ယောက် ဆုံးရှုံးရသလို အဘွားတို့အတွက်လည်း သမီးရတနာလေး ဆုံးရှုံးရတာပါပဲ။ သမီးလေးသာ အခုချိန်ထိ ရှိနေဦးမယ်ဆိုရင် အားအင်တွေရှိနေတာနဲ့ အဘွားတို့ ဒီလောက်ထိ စီးပွားရေးတွေ ဆုံးရှုံးသွားမှာ မဟုတ်ဘူး။ အခုတော့ မြေးလေးကို လူမမယ်အရွယ်လေးနဲ့ ထားရစ်ခဲ့လို့ ပြုစုစောင့်ရှောက်ရတာကြောင့် စီးပွားရေးဘက် လှည့်မကြည့်နိုင်ဘဲ ဒီလိုဖြစ်ခဲ့ရတာ"

"အားနာပါတယ် အဘွားရယ်...ဒီလိုဖြစ်ရတာဟာ"

"ဟုတ်တယ် သား အားနာစရာ မလိုဘူး။ ဒီလိုဖြစ်ရတာ





ထွန်းခေါင်ဦးကြောင့်ပဲ။ သူက လူတစ်ယောက်တည်းကို သတ်တာလို့ ပြောလိမ့်မယ်။ ဒါပေမဲ့ ဘဝတွေအများကြီးသေသလို ဖြစ်သွားခဲ့ရတာ သူ မသိဘူး"

အဘွားပြောတာ အမှန်ပဲ ဖြစ်သည်။ ဘဝတွေ အများကြီး သေသွားခဲ့ရတာပါ။ ဟိုဘက်က အဘိုးအဘွားတွေက အသက်ဆုံးရှုံးရသည်။

ဒီဘက်က အဘိုးအဘွားတွေက စိတ်ဓာတ်နှင့် စီးပွားရေးတွေ ဆုံးရှုံးရ၏။ ဒါကို ဦးထွန်းခေါင်ဦးကတော့ သူ့ကိုယ်သူ ပျော်သလိုသာ နေနေသည်။

တရားပါရဲ့လား။ ဦးထွန်းခေါင်ဦး အဲဒီလိုနေတာ တရားပါရဲ့လား။

"အဘွား...သား အပြင်ခဏ သွားလိုက်ဦးမယ်။ ပြန်လာမှ အဘွားချက်တဲ့ဟင်းနဲ့ စားမယ်နော်"

"ဩော်...အေး...မောင်ထွန်းမင်းနဲ့ ချိန်းထားလို့လား မြေးလေး"

"ဗျာ...ဟုတ်ကဲ့...အဘွား"

"စောစောပြန်လာနော် မြေးလေး"

"ဟုတ်ကဲ့ပါ အဘွား"

အဘွားကို မညာချင်ဘဲ ညာပြီးထွက်လာခဲ့တာ ဖြစ်သည်။ ဒီနေ့ ဖြူဖြူစင် အလုပ်ပိတ်ရက်မို့ ဖုန်းဆက်ပြီး ချိန်းထားတာပါ။ ဒါပေမဲ့ တစ်နေကုန် အပြင်ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှ တွေ့နိုင်လောက်သည်ဆိုပြီး ဖြူဖြူစင် အကြောင်းပြန်ခဲ့သည်။ ဒါကြောင့်မို့ အိမ်ရောက်ပြီးမှပဲ သူ ပြန်ထွက်ရတာ ဖြစ်သည်။ ချိန်းထားသည်က ရုပ်ရှင်ရုံတွေ၊ ပန်းခြံတွေ မဟုတ်ပါ။

ဖြူဖြူစင်တို့ရပ်ကွက် တစ်လမ်းကျော်က အအေးဆိုင်လေးမှာပဲ ဖြစ်သည်။

"ဟင်"

သူငွေးရဲ့ကား။ ဦးထွန်းခေါင်ဦးကားက ဒီရပ်ကွက်တွေထဲ ဘယ်လိုလုပ်ရောက်နေတာလဲ။ လုပ်ငန်းကိစ္စနှင့်လည်း လာစရာမရှိပါ။

လူမှုရေးကိစ္စ၊ မိန်းကလေးကိစ္စ…ဒါဆိုလည်း ဦးထွန်းခေါင်ဦးက ရပ်ကွက်ငယ်ထဲက မိန်းကလေးတွေကို မသုံးပါ။ အနည်းဆုံး လူကုံထံ အသိုက်အဝန်းအဆင့်အတန်းရှိတဲ့ အသိုက်အဝန်းက၊ ဒါမှမဟုတ် ပညာတတ်ရုပ်ချော ဒီလောက်ကိုပဲ မှန်းတာ။

"ပိုင်ပိုင်"

"အာ…ဖြူဖြူစင် ထိုင်လေ"

ဦးထွန်းခေါင်ဦးကားကိုတွေ့ပြီး အတွေးများနေဆဲမှာ ဖြူဖြူစင် ရောက်လာခဲ့သည်။ ဖြူဖြူစင်က ခုံမှာဝင်ထိုင်ပြီးမှ–

"နင် စောင့်နေရတာ ကြာပြီလား ပိုင်ပိုင်"

"အင်း…နည်းနည်းတော့ ကြာသွားပြီဟ…ဆိုင်ကိုတောင် အားနာလို့ အအေးနှစ်ခွက်ရှိပြီ မှာသောက်နေတာ"

"အေးဟယ်…နင့်ကို အားနာလိုက်တာ။ အိမ်မှာ ဧည့်သည် ရောက်တာ ဧည့်ခံနေရလို့ နောက်ကျသွားတာပါ။ အမေကလည်း





လေဖြန်းသွားလို့လေ။ လေဖြတ်ကာကွယ်ဆေး ထိုးနေရတာ သုံးရက်လောက်ရှိပြီ။ ငါ အလုပ်မဆင်းနိုင်ဘဲ အမေ့ကို ပြုစုနေရတာ"

"ဟင်…နင့်အမေ လေဖြတ်လို့…ဟုတ်လား"

"လေဖြတ်သွားတာတော့ မဟုတ်သေးပါဘူး။ ဆိုလိုတာက ပါးရွဲ့တာ။ ကိုယ်တစ်ခြမ်းသေတာ…အဲဒါမျိုး မဖြစ်သေးဘူးလို့ ပြောတာ။ အဲဒီအဆင့်မရောက်သေးတာ ဆေးရုံအရောက်ဦးသွားလို့ပေါ့။ အခု လေဖြတ်ကာကွယ်ဆေးထိုးထားပေမယ့်လည်း စိတ်မချရသေးပါဘူး"

"ဈေးမထွက်နိုင်တော့ဘူးပေါ့"

"ဘယ်ရိုလုပ် ထွက်နိုင်မှာလဲဟယ်…ဈေးထဲမှာ အသီးအရွက်ရောင်းတယ်ဆိုတာ အမြဲတမ်း ရေနဲ့ ထိတွေ့နေရတာ။ အိမ်မှာလည်း သားသမီးတွေ အဝတ်လျှော်၊ ထမင်းဟင်းချက်နဲ့ဆိုတော့ အအေးခံလိုက်တာနဲ့ လေဖြတ်သွားဖို့က လွယ်ကူသွားပြီ"

"အငယ်နှစ်ယောက်က ကျောင်းစာတစ်ဖက်နဲ့ အစ်ကိုကြီးကလည်း"

"ဟုတ်တယ် ပိုင်ပိုင်…ဘယ်သူမှ အားကိုးမရလို့ ငါ အလုပ်က ခွင့်ယူပြီး နားနေရတာပေါ့။ အစ်ကိုကြီးကလည်း အရက်မူးပြီး ပြဿနာရှာထားသေးတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ပြဿနာအရှာကောင်းသွားတယ်ပဲ ပြောရမလား မသိပါဘူး။ သူနဲ့ပတ်သက်ပြီး အကူအညီလေးရနေလို့ တော်ပါသေးတယ်"

ဖြူဖြူစင် စကားသံတွေက လေးလေးလံလံပါ။ သူမ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ညစ်ညူး စိတ်ပျက်နေတာတော့ အမှန်ပဲဖြစ်သည်။

"ဖြူဖြူစင် နှင် အအေးသောက်လိုက်လေ။ ငါ မှာပေးမယ်။ ဒိန်ချဉ်သောက်မလား"

"ကုတ်စ်တစ်ဘူးပဲ မှာလိုက်ပါ။ အပူတွေ မြန်မြန်ကျအောင်လို့၊ ဒိန်ချဉ်ကို ရွှန်းနဲ့ ခပ်သောက်နေရင် မြန်မြန်အေးမှာ မဟုတ်ဘူး"

"ညီလေး...ကုတ်စ်တစ်ဘူး၊ ဖန်ခွက်လေးနဲ့ ထည့်ပေးနော်"

စားပွဲထိုးလေးကို လှမ်းမှာပေးလိုက်ရသည်။ ဖြူဖြူစင် စိတ်က တစ်ခါတစ်ရံ ခန့်မှန်းရခက်ပါသည်။ သူက ဒါလုပ်မည်ထင်ထားသော်လည်း ဟိုဟာလုပ်ချင်လုပ်ပစ်လိုက်သည်။

ထောပတ်သီးဖျော်ရည် သောက်မှာလားဆို ဒိန်ချဉ်။

ဒိန်ချဉ်လားဆို ကုတ်စ်။ သူမ ဘာကိုနှစ်သက်မှန်း ကြိုက်မှန်း မသိအောင်ကို စိတ်ဂနာမငြိမ်ပေ။

"ရော့...သောက်လိုက်"

"အင်း"

ဖန်ခွက်တစ်ဝက်နီးပါးကုန်အောင် သူမ မော့သောက်လိုက်၏။

"လန်းသွားပြီလား"

"အနိုက်အတဲ့ အပူသက်သာရုံပါပဲ။ ကဲ...ငါ့အကြောင်း မပြောတော့ပါဘူး။ နင်က ဘာလို့ ငါ့ကို တွေ့ချင်တာလဲ"

"မတွေ့ရတာကြာလို့ပေါ့ဟာ...ငါက အလုပ်ထဲမှာပဲ အိပ်ရတဲ့ရက်က များတယ်လေ။ ပြန်လာရတဲ့ရက်ကျတော့လည်း နောက်ကျတတ်လို့"





"ဟိုတစ်ခါ ထွန်းမင်း ပြောတယ်။ နင် လာသွားသေးတယ်ဆို"

"အင်း...ထွန်းမင်းနဲ့ စကားပြောရင်း နောက်ကျနေတာနဲ့ နင့်ကို မခေါ်လိုက်တော့တာ။ အခု နင် ဘာအခက်အခဲရှိလဲ။ ငါ့မှာ လစာထုတ်ပြီး အသွားတို့ကို အပ်ထားတဲ့အပြင် ငွေပိုနေသေးတယ်။ နင် ယူသုံးထားပါလား"

"တော်ပါပြီဟယ်...အခုတလော ငွေအတွက်တော့ မပူရပါဘူး"

"အထောက်အပံ့ကောင်းရနေတယ်ပေါ့"

"အင်း...အဲဒီလိုပဲ ပြောပါတော့"

"ဘယ်သူ့ဆီက အကူအညီရနေတာလဲ"

"မမေးပါနဲ့ဟယ်...အဲဒီအကြောင်းတော့ နင့်ကို မပြောချင်ဘူး။ ငါ့မှာ မိသားစုအတွက် မဖြစ်မနေ ပေးဆပ်ရမယ့်တာဝန်ဝတ္တရားတွေ ရှိနေတယ်ဆိုတာလောက်ပဲ နင် သိထားပါ။ ဒါနဲ့ နင် အလုပ်အကိုင်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်။ ဒီလိုပဲပေါ့"

"အလုပ်က ပင်ပန်းလားဟင်...နင့်မျက်နှာလေး ချောင်ကျသွားတယ်"

"ဟုတ်လို့လား"

ဖြူဖြူစင်ပြောမှ ကိုယ့်မျက်နှာ ကိုယ်တိုင်ကြည့်ရသည်။ ဟုတ်ချင်လည်း ဟုတ်ပေလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ်တောင် သတိမထားမိ



www.burmeseclassic.com

www.burmeseclassic.com



သည့်ကိစ္စပါ။ ဖြူဖြူစင်ရဲ့ ဂရုစိုက်မှုလေးကို ခံရတော့ ရင်မှာ သိမ့်ခနဲ ကြည်နူးသွားရသည်။ သူလည်း သူမကို အရိပ်တကြည့်ကြည့် ရှိမိသူပါ။

"ငါ့ကို ပြောမနေပါနဲ့ဟာ…နင့်မျက်နှာလည်း အခုတစ်ခေါက် တွေ့ရတာ တော်တော်လေးကို ချောင်ကျနေတယ်။ နင့်အမေကြောင့် စိတ်ရောလူရော ပင်ပန်းနေရတယ်ထင်တယ်"

"အမေ့အတွက်တင် မဟုတ်ဘူး။ တစ်မိသားစုလုံးအတွက်ပါ ပင်ပန်းနေရတာ။ အဖေမရှိတဲ့ဒုက္ခက တော်တော်ကြီးမားတာပဲဟယ်"

"အဖေတွေက ရှိတိုင်းလည်း ကောင်းချင်မှကောင်းတာပါဟာ။ အဖေရှိနေပြီး အဲဒီအဖေက မိန်းမတွေနဲ့ ရှုပ်ပွေနေမယ်၊ သောက်စားနေမယ်၊ လောင်းကစားလုပ်နေမယ်ဆိုရင် အဲဒီဒုက္ခတွေကိုပါ နင် ထပ်ပြီး ခံရဦးမှာ"

"ဟဲ့…ငါ့အဖေက အဲဒီလိုအဖေမျိုးမှ မဟုတ်တာ။ မိသားစုအပေါ် အရမ်းကောင်းတာ။ အဖေရှိတုန်းက ငါ ဘာအလုပ်တစ်ခုမှ လုပ်ခဲ့ရတာ မဟုတ်ဘူး။ မိသားစုအတွက် ငွေရှာဖို့ အလုပ်ပင်ပင်ပန်းပန်း လုပ်နေရတယ်ဆိုပြီးတော့လည်း ညည်းညူတာမျိုး မရှိခဲ့ဘူး။ အလုပ်က ပြန်လာလို့လည်း အနားယူတယ်ဆိုတာ မရှိဘူး။ အမေ အဝတ်လျှော်တာတွေ့ရင် ဝင်ကူလျှော်တယ်။ ထမင်းဟင်းချက်တာတွေ လည်း ဝင်ကူချက်လိုက်တာပဲ။ မိသားစုအပေါ် အရမ်းကို အကြင်နာ နွေးထွေးတဲ့ အဖေပါ"

"အဲဒီလိုကောင်းတဲ့အဖေကျတော့ ဘာလို့ စောစောသေသွား





ရတာလဲ။ မကောင်းတဲ့အဖေတွေပဲ သေသင့်တာ။ မြန်မြန်သေသင့် တာ"

"ဟဲ့…ပိုင်ပိုင် နင် ဘာတွေပြောနေတာလဲ။ ဘာတွေဖြစ်နေ တာလဲ"

သက်ထွန်းပိုင် လေသံတွေ မာဆတ်ပြင်းရှနေ၍ ဖြူဖြူစင် အထိတ်တလန့်ပင် မေးယူရသည်။ အခုနောက်ပိုင်း သက်ထွန်းပိုင် ဘာကြောင့် ဒေါသကြီးလာတတ်သလဲ မသိပါ။

"ပိုင်ပိုင်"

"ဆောရီး…ဘာမှမဟုတ်ပါဘူး။ လောကကြီး မတရားဘူး ထင်လို့ပါ။ ကောင်းတဲ့လူတွေက အသေစောပြီး ဘာကြောင့် မကောင်း တဲ့လူတွေက ကျန်နေခဲ့ရတာလဲ။ တကယ်လို့ မကောင်းတဲ့လူတွေကို သေမင်းက အရင်ခေါ်သွားမယ်ဆိုရင် လူ့ဘဝကြီးမှာ မကောင်းတဲ့ကိစ္စ တွေ ဖြစ်လာမှာမဟုတ်ဘူး မဟုတ်လား"

"ဟဲ့…လူတွေသေတယ်ဆိုတာလည်း သူ့သက်တမ်းနဲ့သူ လာတာလေ။ ကြီးတယ်ငယ်တယ်၊ ဘာရောဂါနဲ့ သေရမယ်ဆိုတာ ရှေးအတိတ်က ကုသိုလ်ကံအကျိုးပေးတွေနဲ့ ဆိုင်တယ်"

"ဘာရောဂါနဲ့မှမဟုတ်ဘဲ သူများက သတ်လိုက်လို့ အချိန် မတန်ဘဲ သေသွားရတာကျတော့ နင် ဘယ်လိုပြောမလဲ"

"ဩော်…အဲဒါလည်း အတိတ်က အကုသိုလ်ကြောင့် အသတ်ခံရတာနေမှာပေါ့။ အကျိုးဆိုတာ အကြောင်းရှိလို့ဖြစ်တာတာ ပဲ။ ဒါနဲ့ နေပါဦး…နင် အခုတလော ဘာတွေဖြစ်နေတာလဲ ပိုင်ပိုင်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေဆင်းပြီး တစ်ခုခုကို မကျေမနပ်ဖြစ်နေသလိုပဲ။ နင် ဘာတွေ ဖြစ်နေတယ်၊ ခံစားနေရတယ်ဆိုတာ ငါ့ကို ပြောပြလေ"

သက်ထွန်းပိုင် ခေါင်းကို ယမ်းလိုက်သည်။ ရင်ဖွင့်စရာ ထွန်းမင်း ရှိနေသည့်အတွက် ဒီအကြောင်းတွေ ဖြူဖြူစင်ကို ပြောမပြချင်ပါ။

ဖြူဖြူစင်မှာလည်း သူ့အပူနှင့်သူ။

"ကဲပါ…အချိန်အရမ်းနောက်ကျနေပြီ၊ နင့်အမေက ငါတို့နဲ့ တွေ့ရင် နားလည်ပေမယ့် နင့်အစ်ကိုက နဂိုကတည်းက ပူညံပူညံရယ်။ ပြန်လိုက်တော့လေ…ငါ လိုက်ပို့မယ်။/နင့်အိမ်အနားထိရောက်အောင်"

"အေး…ဒါဆိုလည်း ပြန်မယ်"

"နင့်အိမ်အနားထိ လိုက်ပို့လို့ ဖြစ်ပါတယ်နော်။ တော်ကြာ ဆိုက်ကားနင်းနေတဲ့ နင့်အစ်ကိုနဲ့ တွေ့နေဦးမယ်"

"သေချာတယ်…ဒီနေ့တော့ လုံးဝ တွေ့မှာမဟုတ်ဘူး။ ငါ လာတော့ အိမ်မှာ အရက်ပုလင်းထောင်နေပြီ"

"ဟာ…နင့်အစ်ကိုက အမေ့ရှေ့မှာတောင် အရက်ပုလင်း ထောင်သောက်နေပြီလား။ ကလေးတွေ မြင်တွေ့နေရင်လည်း အတုခိုး မှားတော့မှာပဲ"

"အဲဒါကြောင့် မရှိတာထက် မသိတာက ခက်တယ်လို့ ပြောကြတာပေါ့ဟယ်…အစ်ကိုကြီးတစ်ယောက်ရယ်လို့ ဘာတာဝန်ယူမှုမှ မရှိဘဲ သူ့ ဆိုက်ကားနင်းနေရတာ။ ပညာမတတ်လို့၊ ပညာမတတ်ရ တာက အဖေက ငါ့ကို ပညာသင်ပေးနိုင်ဖို့အတွက် သူ့ကို ကျောင်း ထွက်ခိုင်းခဲ့လို့တဲ့။ ရှစ်တန်းကို သုံးလေးနှစ်ဖြေတာတောင် မအောင်ခဲ့တဲ့





သူ့ရဲ့ညံ့ဖျင်းမှုကိုတော့ ထည့်မပြောဘူး။ သူက ဒါကြောင့်ပဲ အရှုံးတိုင် ပြီး အရက်သောက်ခဲ့လို့ အရက်သမားဖြစ်ရတဲ့ပုံစံမျိုး။ ကျောင်းသား ဘဝကတည်းက မိဘတွေမသိအောင် အရက်ခိုးသောက်ခဲ့တာလည်း သူ့အပြစ်မဟုတ်ပြန်ဘူး…ဘယ်လောက်တောင်ဆိုးလဲလို့"

ဖြူဖြူစင်အကြောင်းတွေ ကြားရတာလည်း ရင်မောစရာပါ၊ လမ်းလျှောက်လာခဲ့ကြရင်းဖြင့် သူမလက်ကလေးကို ဆုပ်ကိုင်ပြီး အားပေးချင်လှသည်။

ညမီးရောင်မှိန်ပျပျ ရပ်ကွက်ငယ်လေးဟာ အိပ်တန်းတက်ချိ ပြန်လာသည့် ငှက်ကလေးတွေလို စီစီညံညံ စည်ကားနေဆဲပဲ ဖြစ်ေ ညအတော်ညဉ့်နက်မှ မနက်ဖြန်အတွက် အားအင်တွေမွေးဖို့ အသံတေ တိတ်သွားပေလိမ့်မည်။ ဒီည ဦးထွန်းခေါင်ဦး ဘယ်သူနှင့်အိပ်မှာလဲ

ဘယ်သူနှင့် အတူရှိနေမှာလဲ။ ဘယ်သူနှင့် ပျော်မွေ့နေမှာလဲ

အပြုံးကြီးဖြင့် သတ်ပစ်ခဲ့သည့်ဇနီးကိုလည်း သတိမရ။ သား တစ်ယောက် ရှိသေးသည်ဆိုတာကိုလည်း မေ့ထားခဲ့သည့် ဦးထွန်းခေါင်ဦး။

ခင်ဗျားရဲ့နေ့ဝင်ချိန်တွေ ဘာလို့မစောတာလဲ။ မေမေမဟုတ်ဘဲ ခင်ဗျား သေခဲ့ရမှာ။

ခင်ဗျား ရှုပ်ခဲ့ပွေခဲ့၊ အညွန့်ချိုးခဲ့တဲ့ မိန်းကလေးတွေရဲ့မိသား တွေကြောင့် ခင်ဗျား တစ်နေ့တော့…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"သူဌေးကော အမေလှ…ဘရိတ်ဖတ်စ်စားဖို့ ဆင်းမလာသေးဘူးလား"

"အေးကွဲ…ညက အိပ်ရာဝင်တာ နောက်ကျတယ်ထင်တယ်။ အမေလှ အပေါ်ထပ်၊ အောက်ထပ်အခန်းတွေ လိုက်စစ်တော့ သူ့အခန်းက မီးလင်းနေတယ်။ ဘောလုံးပွဲပဲ ကြည့်နေသလား၊ ဘယ်သူနဲ့ ဖုန်းပြောနေလို့လဲတော့ မသိပါဘူး"

"အပြင်မထွက်ဘူးလား"

"မနေ့က ပြန်လာတာတော့ နည်းနည်းနောက်ကျတယ်။ ပြန်လည်းမထွက်တော့ဘူး။ ညစာအတွက် နွားနို့နဲ့ပေါင်မုန့် စားသောက်ပြီးကတည်းက အခန်းထဲဝင်သွားတာပဲ"





"အခုတလော မိန်းကလေးကိစ္စ ငြိမ်သွားသလိုပဲနော်။ လုပ်ငန်းသုံးဖုန်းကလွဲပြီး ကျန်တဲ့ဖုန်းလည်း မကိုင်ဘူး"

"အပြောင်းအလဲလုပ်ချင်လာတာကြောင့် ဖြစ်မှာပေါ့"

"ဗျာ…ဘယ်လို"

"အသစ်တစ်ယောက် ထပ်တွေ့ပြီဆို အဟောင်းတွေနဲ့ လုပ်ငန်းကိစ္စအကြောင်းပြပြီး ခဏဖြတ်ထားလိုက်တယ်။ အဲဒီအသစ်ကို ပိုင်ပိုင်နိုင်နိုင်ရှိပြီဆိုမှ စိတ်ရှည်ရှည်စောင့်နေတဲ့ အဟောင်းကို ပြန်ပြီးချိတ်ဆက်တယ်။ စိတ်ကောက်တာ၊ စိတ်ဆိုးတာဖြစ်နေတဲ့ အဟောင်းကိုတော့ သူ ထားခဲ့လိုက်တာပဲလေ။ အဲဒါ အကျင့်လိုဖြစ်နေပါပြီ"

အမေလှလည်း သိတန်သလောက် သိထားတာပါပဲလား။ အလုပ်သမားဝန်ထမ်းတွေမို့ ဂရုမစိုက်အရေးမထားဘဲ ရှေ့မှာတင် ဖုန်းတွေဆက်နေခဲ့တာကြောင့် ဖြစ်မည်။

"ဟော…လင်းညို့ ရောက်နေပြီလား"

"သြော်…ဟုတ်ကဲ့…သူဌေး"

"အေး…ငါ့ခဲရောင်လပ်ကီးကားလေး ရောက်နေပြီဆိုပေမယ့် မင်း ဒီနေ့လည်း ကားမောင်းစရာ မလိုသေးဘူး…သိလား"

"ဗျာ…ဘာဖြစ်လို့လဲ"

"ငါ လမ်းကြောင်းတစ်ခု တွေ့ထားတာ ဖြောင့်အောင် ကြိုးစားနေတုန်းမို့ပါ။ ဒီတစ်ယောက်က နည်းနည်းခက်နေတယ်။ ပစ္စည်းမဲ့မာနလေးနဲ့ဆိုတော့ နည်းနည်းစည်းရုံးရတာ ခက်နေလို့ကွ။ ဒါပေမဲ့ သူ ကြာရှည်တောင့်မခံနိုင်ပါဘူး။ မပြည့်စုံတာကို ဖြည့်ဆည်းပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာက အင်အားတစ်ခုပေါ့ကွာ။ ဒီတစ်ခါတော့ ငါ လေးလေးနက်နက်လေးဖြစ်နေလို့ အားစိုက်နေတာ"

ကြားရသည့်စကားအတွက် ဝမ်းသာရမှာလား မသိပေ။ တခြားပေါ့ပျက်ပျက် သိက္ခာမရှိသည့် စကားတွေထက်စာလျှင်တော့ နားထောင်လို့ကောင်းသည်ဟု ပြောရမည်။

"ကျွန်တော့်ကို ခိုင်းစရာမရှိဘူးဆိုရင် ကျွန်တော် အိမ်ပြန်လို့ရမလား သူဌေး"

"မင်း အလုပ်ချိန်က မနက်ရှစ်နာရီကနေ ညနေ ငါးနာရီလေ။ အဲဒီနောက်ပိုင်း ငါ လိုအပ်လို့ မင်းလုပ်ပေးရရင် ငါ အချိန်ပိုကြေးပေးနေတာပဲ။ မင်း ပြန်ချင်တယ်ဆိုရင် ညနေမှပြန်…ဒီကြားထဲ တခြားကိစ္စ ငါ ခိုင်းစရာရှိရင် ခိုင်းမှာပေါ့…မဟုတ်ဘူးလား"

"ဟုတ်ကဲ့ပါ သူဌေး"

"အိမ်မှာနေရတော့လည်း မိသားစုလို ဝိုင်းလုပ်ဝိုင်းစားပေါ့ကွာ။ မင်း ပျင်းတယ်ဆိုရင်လည်း တီဗီကြည့်၊ ဂိမ်းဆော့၊ စာအုပ်ဖတ် တစ်ခုခုလုပ်နေပေါ့။ ငါ့စာဖတ်ခန်းထဲမှာ စာအုပ်အစုံရှိပါတယ်"

"ဟုတ်ကဲ့"

"သူဌေး ဒီနေ့ရော မနက်စာ မသုံးဆောင်တော့ဘူးလား"

"ဟိုမှာ စားဖို့စီစဉ်ထားလို့ပါ။ မိသားစုသဘောမျိုးနဲ့ ကိုယ်ပါ ဟိုမှာရောစားပေးမှ ဖြစ်မှာလေ။ ကိုယ်က အရမ်းကြီးကျယ်ပြနေရင် သူတို့ ပိုပြီးသိမ်ငယ်သွားမှာစိုးလို့ပါ"

ဒီတစ်ခါ ဦးထွန်းခေါင်ဦး အမိဖမ်းဖို့ ကြိုးစားနေသည်က





မပြည့်မစုံ ချို့တဲ့သည့်အထဲကဖြစ်လိမ့်မည်။ အတည်လား၊ အပျော်လားဆိုတာတော့ မသိ။

ဦးထွန်းခေါင်ဦး ထွက်သွားတော့ အမေလှ သက်ပြင်းချသည်။

"ခက်တာပဲကွယ်…အသက်တွေလည်း ကြီးနေပြီ၊ သူ့မိန်းမဆုံးပြီး ထောင်ကထွက်လာတဲ့နောက်ပိုင်း ဘယ်လိုအကျင့်စရိုက်တွေဖြစ်လာတယ်မသိပါဘူး"

"နဂိုဗီဇ မကောင်းလို့ ဒီလိုဖြစ်တာနေမှာပါ အမေလှရယ်…ကိုယ်လုပ်ချင်လုပ်နေပြီး ဘယ်သူ့ကြောင့်၊ ဘယ်ဝါကြောင့် အကြောင်းပြနေတာက အရှက်နည်းလွန်းလို့ပါ"

"ကိုယ့်သူဌေးကို အဲဒီလိုတော့ မပြောရဘူး လူလေး…သူကောင်းကောင်း မကောင်းကောင်း သူက ကိုယ့်ရဲ့အလုပ်ရှင်သူဌေးပဲ။ အမေလှတို့ ဝန်ထမ်းတွေက ဝေဖန်ခွင့်၊ ရှုတ်ချခွင့် မရှိဘူး။ မကောင်းတာကို မကောင်းဘူးလို့လည်း ပြောပိုင်ခွင့်မရှိဘူး။ အထူးသဖြင့် သူဌေးရဲ့နောက်ကြောင်းအတိတ်ကိုပေါ့။ သား ဟိုတစ်ခါက သူဌေးက သူ့အကြောင်း ပြောပြတယ်ဆိုတာကို အမေလှ အံ့သြနေတာ။ သူက သူ့အတိတ်အကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြဘူး။ အပြောလည်းမခံဘူး။ သူ လုံးဝ တမင်မေ့ထားခဲ့တာမို့ပဲ"

"အတိတ်ဆိုတာ မေ့ထားချန်ထားခဲ့လို့ ရတဲ့အရာလား အမေလှ။ အကုသိုလ်ဖြစ်ဖြစ်၊ ကုသိုလ်ဖြစ်ဖြစ် အရိပ်လိုလိုက်နေမှာ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်။ မကောင်းတာလုပ်ရင် မကောင်းတဲ့အပြစ်ဒဏ်ကို အပြည့်အဝ ခံစားရမှ တန်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့သလောက် မခံရဘူးဆိုရင်လည်း သူ့ကို တုံ့ပြန်မယ့်သူ ပေါ်လာမှာပဲ”

“လူလေး”

သူ့ရဲ့ပေါက်ကွဲမှုတွေကို အမေလှ နားလည်နိုင်မှာမဟုတ်ပေ။ သူဌေးကိုပြောတာ မကြိုက်သည့်ပုံစံမျိုး ဖြစ်သွားခဲ့ပြီး–

“သူဌေးကို လူလေး ပြောချင်တိုင်း မပြောပါနဲ့။ ပြောစရာရှိတိုင်း မပြောပါနဲ့။ သူကောင်းကောင်း မကောင်းကောင်း ငယ်စဉ်ကတည်းက စောင့်ရှောက်လာခဲ့ရတဲ့ကလေးမို့ သူ့ကို တစ်ယောက်ယောက်က အပြစ်တင်တာ အမေလှ မကြိုက်ဘူး။ သူ့မိဘတွေကလည်း သူ ထောင်ကထွက်လာရင် ကာကွယ်စောင့်ရှောက်ပေးဖို့ မှာသွားခဲ့တယ်။ အဲဒါကြောင့် သူနဲ့အတူ လိုက်နေပေးခဲ့ကြတာ”

“ဆောရီးပါ အမေလှ…ကျွန်တော်က သူဌေးကို ပြောချင်လို့ ပြောနေတာမဟုတ်ပါဘူး။ သူ့မှာ သားတစ်ယောက်ရှိသေးတယ်လို့ ကြားတယ်။ သူသာ အဲဒီသားအတွက် တွေးမယ်၊ စဉ်းစားမယ်ဆိုရင် ဒီလိုအပြုအမူ၊ ဒီလိုလုပ်ရပ်မျိုးတွေ လုပ်မှာမဟုတ်ဘူး။ ဒီလိုပုံစံကိုသာ သူ့သားသိရင်လည်း ရှက်လို့သေမှာပဲ။ ဒါမှမဟုတ် သူ့အမေကို သတ်တဲ့လူကြီးဆိုပြီး အဖေလို့လည်း အသိအမှတ်ပြုမှာ မဟုတ်ဘူး။ အမေ့အတွက် လက်စားချေတာ၊ လက်တုံ့ပြန်တာမျိုးလည်း လုပ်နိုင်တယ်။ သူ့အပေါ် တာဝန်မဲ့ရမလားလို့ တစ်သက်လုံး နာကြည်းသွားနိုင်တယ်”

“မင်း…ဘယ်သူလဲ”





“ဗျာ”

“မင်း ဘယ်သူလဲလို့ မေးနေတာ”

“ကျွန်တော်”

“သူဌေးရဲ့သားလား…ထွန်းခေါင်ဦးရဲ့သားလား”

“မဟုတ်ပါဘူး”

အတိအကျ မေးခွန်းထုတ်လာတာကို သူ ကြောင်ငြင်းပစ်လိုက်သည်။ အမေလှ သံသယဝင်လောက်အောင် သူ စိတ်မထိန်းနိုင်စွာ စွက်ဖက်မိလိုက်သည်ထင်သည်။

ဒါပေမဲ့ အမေလှက ယုံကြည်ချင်ပုံမပေါ်။

“မင်း ဒီလောက်ထိ သူဌေးရဲ့အကြောင်းကို သိစရာမလိုဘူး။ တခြားအပြောကြောင့် သိခဲ့မယ်ဆိုရင်လည်း ဒီလောက်ထိ မင်း ဝေဖန်တိုက်ခိုက်စရာအကြောင်းမရှိဘူး…မင်းက”

“ကျွန်တော် ဝေဖန်တိုက်ခိုက်နေတယ်လို့ အမေလှ ထင်နေတာလား။ အဲဒီလိုသဘော မဟုတ်ပါဘူး အမေလှ။ အလုပ်လုပ်စရာမရှိလို့ အမေလှနဲ့ စကားလက်ဆုံကျနေတဲ့သဘောလောက်ပါပဲ။ အမေလှ မကြိုက်ရင် နောက်တစ်ခါ သူဌေးအကြောင်းကို မပြောတော့ပါဘူး”

“မပြောစေချင်တာတော့ မဟုတ်ပါဘူး။ မရှုတ်ချစေချင်တာပါ။ သူ ဘာကြီးဖြစ်နေနေ အပြစ်မတင်ဘဲ အကောင်းမြင်ပေးရမှာ အမေလှတို့လို သူ့ဆီက လစာယူနေတဲ့ဝန်ထမ်းတွေရဲ့တာဝန်မဲ့ဟုတ်တယ်မဟုတ်လား။ လူလေး အဲဒါကို အတတ်နိုင်ဆုံး စောင့်ထိန်းပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အမေလှ…ကျွန်တော် နားလည်ပါပြီ။ ကဲ… ကျွန်တော် အလကားထိုင်နေရမှာ ပျင်းစရာကောင်းတယ်။ အမေလှတို့ကို ကျွန်တော် ဘာကူလုပ်ပေးရမလဲ အမေလှ"

အမေလှ စိတ်ဆိုးပြေစေရန် အမေလှခါးကို ဖက်၍ချွဲနွဲ့လိုက်ရသည်။ ဦးထွန်းခေါင်ဦးအတွက် သစ္စာရှိလူယုံတော်ဖြစ်နေသည်မဟုတ်လား။ ဒါကြောင့် အကာအကွယ်ပေးလိုတာကို အပြစ်မြင်လို့ မဟုတ်ပေ။

စိတ်ကောင်းရှိသော အမေလှက သူ ချော့လိုက်သည့်အခါမှာ ချက်ချင်းလိုပင် စိတ်ဆိုးပြေသွားပါသည်။

"ဘာမှလုပ်ပေးစရာမလိုပါဘူးကွယ်…အိမ်ထဲမှာက မိန်းမတွေ လုပ်ရတဲ့အလုပ်ပဲရှိတာ"

"ဒါဆို ဦးလေးဘထွန်းဆီ သွားကူလုပ်လိုက်မယ်လေ။ ခြံထဲမှာ မြက်တွေရှင်းပြီး ပန်းပင်ရေလောင်းနေတာ တွေ့တယ်"

"အေး…အေး…သူ့ဆီ သွားချင်သွားလိုက်လေ။ ဗိုက်ဆာတဲ့အချိန်တော့ ပြောနော်။ အားလုံး အဆင်သင့်ပဲ…ချက်ပြီးသွားပြီ"

"ဟုတ်ကဲ့ အမေလှ"

သူ ဦးဘထွန်းဆီ ထွက်လာခဲ့လိုက်၏။ ဦးဘထွန်းက ပန်းအိုးတွေကြားထဲမှာ ကုန်းကုန်းကွကွနှင့် ဘာတွေလုပ်နေသည်မသိပေ။

"ဦးလေးထွန်း ဘာတွေလုပ်နေတာလဲ"

"ဟ…ကောင်လေး…လန့်လိုက်တာကွာ"

ဦးဘထွန်း တုန်တက်လန့်ဖျပ်သွားကာ တစ်စုံတစ်ခုကို ပန်းခြံထဲ





ခွတ်ထိုးထိုးထည့်နေသည်။ သူ ဖျတ်ခနဲ လှမ်းမြင်လိုက်တာက-

"အဲဒါဘာလဲ ဦးလေးထွန်း"

"ဘာ…ဘာမှမဟုတ်ပါဘူးကွ"

"ကျွန်တော် သိတယ်နော်"

"ဘာသိတာလဲ…မဟုတ်ပါဘူး…တကယ် မဟုတ်ပါဘူး"

"ကျွန်တော်က ဘာပြောရသေးလို့ ခွတ်ငြင်းနေတာလဲ။ အဲဒါ အရက်ပုလင်းမဟုတ်လား။ ကျွန်တော် အမေလှကို သွားပြောမှာနော်"

"မ…မလုပ်ပါနဲ့ကွာ…မပြောပါနဲ့၊ ဟုတ်ပါတယ်။ ဟဲ…ဟဲ အရက်ပုလင်းပါ။ ငါ ခွက်ပုန်းချနေတာ သူ မသိဘူး။ မင်း သောက်ဦးမလား။ တစ်ခွက်လောက် ချလိုက်ပါလား"

"ကျွန်တော့်ကို နှုတ်ပိတ်နေတာပေါ့လေ။ ကျွန်တော်က အရက်မသောက်တတ်ဘူး။ ဘီယာတောင်မှ နည်းနည်းပါးပါးလောက်ပဲရတယ်"

"မင်း ယောကျ်ားမပီသတာဘဲကွ။ သောက်တတ်စားတတ်မှ ယောကျ်ား ပီသတာ"

"ခွက်ပုန်းချတာလည်း ယောကျ်ားပီသတာပဲလား။ မိန်းမကြောက်တဲ့သူကမှ ယောကျ်ား မပီသတာ"

"ဟုတ်လား…အေး…အေး…အဲဒါဆိုလည်း အဲဒီလိုပေါ့ကွာ။ မ·ယ·က လို့ ဂုဏ်ပုဒ်တပ်ခံရတာလည်း မဆိုးပါဘူး။ ဒီဘဝမှာ အဲဒီဂုဏ်လေးတစ်ခုတော့ ရှိသေးတာပေါ့"

ခွက်ပုန်းချတာ များသွားလို့လားမသိ။ ဦးဘထွန်း ရင်ဖွင့်ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ဖွင့်အံချင်နေသည်ထင်သည်။ သူက အလိုက်သိစွာ ပန်းအိုးဘေးမှာ ထိုင်ချလိုက်တော့ ဦးဘထွန်းလည်း သူ့အနားမှာ လာထိုင်၏။

"ငါ့ပါးစပ်က အရက်နံ့ထွက်လား…နမ်းကြည့်ပါလား လင်းညို့"

"အဝေးကတောင် နံနေတာ…နမ်းကြည့်စရာ မလိုပါဘူး"

"ဟုတ်လား…ဗီ…ဗီကေဝါးဦးမှပဲ"

အမေလှကို ဦးဘထွန်း တော်တော်လေးကို ကြောက်ပုံရသည်။ ဘယ်နေရာမှာ ဝှက်ထားမှန်းမသိသော ဗီကေထုတ်၍ စက္ကူပတ်လေးတွေ ခွာနေ၏။ ခွာပြီး ဗီကေကို ချက်ချင်း ပါးစပ်ထဲမထည့်သေး။

အရက်ပုလင်းကို ဒီအတိုင်း နှစ်ငုံလောက်ငုံပြီးမှ ဗီကေကို ဝါးသည်။

"ဟဲ…ဟဲ…လှလှက ညနေပိုင်းသောက်တာကိုတော့ နားလည်ပေးပါတယ်။ ငါကိုက ခွက်ပုန်းနဲ့ လူမသိအောင် ခိုးသောက်ရတာကို အရသာတွေ့နေတာ။ အနံ့မထွက်အောင်တော့ ဗီကေဆောင်ရတာပေါ့ကွာ"

"အမေလှကို အဲဒီလောက်တောင်ကြောက်လား"

"ကြောက်တာမဟုတ်ဘူး…ချစ်တာကွ။ သူနဲ့ငါက ဘဝတူတွေလေ"

"ဦးလေးထွန်းတို့ အိမ်ထောင်သက်လည်း ကြာနေပြီ။ ကလေး တစ်ယောက်မှ မရဘူးလား။ ပြီးတော့ သူများအိမ်မှာ ဒီအသက်အရွယ် ထိတောင် အလုပ်လုပ်နေရလား။ ဒီထက် အိုရင်…နာရင် ပြုစုမယ့်သူ





မရှိ၊ စောင့်ရှောက်မယ့်သူမရှိနဲ့ဆို ဘယ်လိုလုပ်မလဲ"

"မင်း မေးခွန်းတွေ အရမ်းလှတယ်ကွာ။ ငါလည်း အခုနောက်ပိုင်း လှလှရဲ့ တစ်နေ့တခြား အိုမင်းယိုယွင်းလာတဲ့ ရုပ်ရည်ကိုကြည့်ပြီး သံဝေဂရမိပါတယ်။ ငါတို့ရဲ့ နုပျိုမှုတဲ့အချိန်တွေဟာ ဘာအဓိပ္ပာယ် မှမရှိဘဲ အလဟဿ ကုန်ဆုံးသွားပြီလို့"

"အဲဒါ ဘာလို့ အချိန်ရှိတုန်းက ရတဲ့လစာတွေကို မစုခဲ့၊ မဆောင်းခဲ့တာလဲ"

"အေး…ဘာကြောင့်လဲဆိုတာ ငါ ပြောပြမယ်။ လှလှနဲ့ငါက လူပျိုအပျိုဘဝကတည်းက အခု သူဌေးရဲ့မိဘအိမ်မှာ အလုပ်လုပ်ကြတာကွ။ သူကလည်း ပညာနည်းတော့ အိမ်အကူအလုပ်ပဲ အဆင်ပြေတယ်။ ငါကလည်း သားအကြီးဆုံးဆိုတော့ မိဘတွေက ပညာသင် မပေးဘဲ အငယ်တွေရဲ့ပညာရေးထောက်ပံ့ဖို့ အလုပ်လုပ်ခိုင်းတယ်။ ပညာမှမတတ်တာကွာ…မာလီခြံစောင့်အလုပ်လောက်ပဲ ရမှာပေါ့… မဟုတ်ဘူးလား"

"အင်း…ဟုတ်တာပေါ့"

"အဲဒါနဲ့ သူက သူ့လစာတွေကို တစ်နှစ်စာ၊ နှစ်နှစ်စာ ကြိုထုတ်ပြီး မိဘတွေကို ထောက်ပံ့၊ ငါကလည်း အဲဒီလိုကြိုထုတ်ပြီး အိမ်ကိုထောက်ပံ့၊ သတိရလို့ အိမ်ကို အလည်အပတ်ပြန်ချင်တာတောင် ငွေတွေ ကြိုထုတ်ထားလို့ မယုံကြည်မှာ စိုးရိမ်ပြီး မပြန်ခဲ့ရဘူး"

"မိဘဆွေမျိုးတွေအတွက် အဲဒီလောက်တောင် ပေးဆပ်ခဲ့ရတာလား။ ဒီအသက်အရွယ်ရောက်တော့ သူတို့က ပြန်ခေါ်ပြီး မစောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ဘူးလား”

ဦးဘထွန်း ဘာမှပြန်မပြောသေးဘဲ ပီကေကို ဖွာကနဲ ထွေးထုတ်၍ အရက်ပုလင်းကိုယူကာ မော့သောက်၏။ ပြီးမှ ရင်ဘတ်ကို တဗုန်းဗုန်းထု၍–

“အဲဒီအကြောင်းတွေးရင် ဒီရင်ဘတ်ကြီးက အရမ်းကိုနာတယ်။ အဲဒီညီအစ်ကိုမောင်နှမတွေအတွက်ငါက ကျောင်းမနေရဘဲ အလုပ်လုပ်ခဲ့ရတယ်။ ရတဲ့လစာမှန်သမျှ မိဘကို အပ်ခဲ့ရတယ်။ အိမ်ထောင်ကျတာတောင် အလုပ်ရှင်က အသိသက်သေ လက်မှတ်ထိုး မင်္ဂလာဆွမ်းကျွေးပေးခဲ့တာ။ လစာက နှစ်တွေကြိုယူထားတာဆိုတော့ လုလုကို ကိုယ့်ငွေနဲ့ကိုယ် တင်တောင်းနိုင်ခဲ့တာမဟုတ်ဘူး။ အိမ်ထောင်ကျပြီးတဲ့နောက်ပိုင်းလည်း မိဘတွေ မသေသေးသ၍ ငါတို့နှစ်ယောက်လုံး သူ့အိမ်ကိုယ့်အိမ် ထောက်ပံ့နေခဲ့ရတာပဲ။ အခုကျတော့ မိဘတွေလည်း သေပြီ…ငါတို့လည်း အိုပြီ”

ရယ်သံစွက်ကာ ပြောလိုက်သော ဦးဘထွန်းက မျက်နှာကြီးမဲ့သွားလျက်–

“အခုအိုသွားတဲ့အချိန်မှာ ငါတို့ အနစ်နာခံပြီး ထောက်ပံ့မှုတွေနဲ့ ပညာသင်ခဲ့ကြတဲ့ ညီအစ်ကိုမောင်နှမတွေဆီက မျှော်ကိုးလို့ရတယ်လို့ မင်း ထင်လား”

“မသိဘူးလေ”

“သူတို့လည်း သူတို့အိမ်ထောင်တွေနဲ့ဖြစ်၊ သားသမီးတွေမွေး၊ ရတာနဲ့မလောက်လို့ ဟိုဟာလှမ်းတောင်း၊ ဒီဟာလှမ်းတောင်း လုပ်နေ





ကြသေးတယ်။ ငါတို့နှစ်ယောက်မှာတော့ သူများအိမ်မှာ အလုပ်လု ရင်း ကလေးယူလိုက်ရင် အလုပ်ဖြုတ်လိုက်မှာစိုးလို့ ကလေးမယူရဲ ဘူး။ ကလေးယူလို့ အလုပ်ဖြုတ်လိုက်ရင် သူတို့ကို မထောက်ပံ့နို တော့ဘူးလေ”

“အေးဗျာ…ဒီလောက်ထိ ကောင်းခဲ့တာတောင် ပြန်မကြ တာတော့ တော်တော်ဆိုးတာပဲ”

“အဲဒါကြောင့် ကိုယ့်ရင်က လွယ်မွေးရတဲ့ သားသမီးလော ဘယ်သူမှမကောင်းဘူး ပြောကြတာပေါ့။ ငါတို့သာ သားသမီးမွေး ရင် ငါတို့သားသမီးတွေက ငါတို့ကို အဲဒီလိုပစ်ထားပါ့မလား။ မိဘ သားသမီးမေတ္တာက ဘာနဲ့မှ ဖြတ်တောက်လို့မရဘူး။ မိဘတွေအနေ သားသမီးကိုပဲ ကိုယ်ပေးသလောက် ပြန်ရနိုင်တယ်လို့ ယုံကြည်ရ ရသလို သားသမီးတွေအနေနဲ့လည်း မိဘကသာ အားကိုးခိုလှုံစရ မေတ္တာရင်ခွင်ပဲ”

ဒါကိုတော့ သက်ထွန်းပိုင် လက်မခံနိုင်သလို မျက်နှာရှုံ့မဲ့သွား သည်။ သူ့အတွက် မိဘဆိုတာ ယုံကြည်စရာ၊ ကြည်ညိုစရာလူ မဟုတ်ဘဲ။

“မိဘတိုင်း သားသမီးတိုင်းရဲ့ကြားမှာ အဲဒီလို အပြန်အလှန် ယုံကြည်မှု၊ အားကိုးမှု မေတ္တာကြိုးတွေချည်းပဲ ရှိတယ်လို့ထင်လား ဦးလေးထွန်း။ မိဘက မိဘမပီသတဲ့သူ၊ သားသမီးက သားသမီး မပီသတဲ့သူတွေလည်း အများကြီးပါ။ မိဘနဲ့သားသမီးကြားမှာ ရန်သူ လို အမုန်းတွေနဲ့ တိုက်ခိုက်နေရတာမျိုးတွေလည်း ရှိနိုင်တာပဲ”

www.burmeseclassic.com



"ဟော…အဲဒီလိုပြင်းထန်တာမျိုးတော့ တစ်ခါမှ မကြားဖူးဘူး။ မိဘနဲ့သားသမီးဆိုတာက ခွင့်လွှတ်မှု၊ နားလည်မှုတွေနေကြရတာ များတယ်လေ။ ဆိုးဆိုးကောင်းကောင်း"

"လင်နဲ့မယားကြားမှာကော"

"အဲဒီလိုပဲပေါ့ကွ။ တစ်မိသားနဲ့တစ်မိသား သွေးသားစပ်ယှက်မှုတွေနဲ့ ပေါင်းသင်းပြီး ရင်းနှီးမှုတွေနဲ့ သံယောဇဉ်ကြီးတွေ ခိုင်မာလာခဲ့ကြတာ။ မင်း မကြားဖူးဘူးလား။ အရင်းနှီးဆုံး သူစိမ်းတွေဆိုတာ လင်မယားကို ပြောတာ"

"အဲဒီလို သူစိမ်းတွေမို့လို့ သတ်ပစ်ရဲလောက်အောင်ထိ ရက်စက်တဲ့စိတ်တွေ မွေးရဲတာလား"

"ဘာ…ဘယ်လိုကွ"

ဦးဘထွန်း သောက်ထားတဲ့အရှိန်ထက် ပိုမူးသွားခဲ့သည် ထင်သည်။ ခေါင်းကိုယမ်းလျက် မျက်လုံးပြူးကြီးနှင့် သူ့ကို ကြည့်နေ၏။

"လင်းညို…ပြောစမ်းပါဦး။ အဲဒါ ဘယ်သူ့အကြောင်းလဲ"

"ခင်ဗျားတို့သူဌေးအကြောင်းလေ…သူ့မိန်းမကို သူကိုယ်တိုင် သတ်ခဲ့တာမဟုတ်လား"

"မင်းကို ဘယ်သူပြောလဲ"

"အဲဒါက အရေးကြီးလား၊ ပြောတဲ့သူရှိလို့ သိတာပေါ့ ဦးလေးထွန်းရ"

"အေးပါကွာ…ထားပါတော့။ ဒါပေမဲ့ သူဌေးရှေ့မှာတော့





အဲဒီစကား သွားမပြောမိစေနဲ့နော်။ ချက်ချင်း အလုပ်ထုတ်ခံရလိမ့်မယ်"

"ဟုတ်လို့ကျော်၊ ပုပ်လို့ပေါ်တာ သူက ဘာလို့ နာလိုခံခက်ဖြစ်နေတာလဲ။ သူ လူသတ်ခဲ့တာ လူသိရှင်ကြား၊ ထောင်ကျတာလည်း လူသိရှင်ကြား၊ အခု ထောင်ကထွက်လာပြီး မိန်းမတွေ ရှုပ်ပွေတွဲနေတာလည်း လူသိရှင်ကြားပဲ"

"ဒါက အသိုက်အဝန်းတစ်ခုကြားမှာပဲ ဖုံးဖုံးဖိဖိနဲ့ ပြီးသွားတာပါ။ ငွေအင်အား၊ နေအင်အားပေါ့။ ထောင်ကထွက်လာပြီး လုပ်ငန်းကြီးလုပ်နေတာ ဘယ်သူမှ လေသံဟဟ မပြောရဲကြဘူး"

"ဒါပေမဲ့ အဲဒီအတိတ်ကတော့ လုံးဝပျောက်သွားတာမျိုး မဟုတ်ပါဘူး။ တခြားသူတွေက ကြားရင် မေ့မေ့ပျောက်ပျောက် ဖြစ်သွားမလားမသိပေမယ့် ခံခဲ့ရတဲ့သူတွေဘက်ကတော့ အဲဒီလူ့ကို နာကြည်းမုန်းတီးပြီး နောင်ဘဝထိတောင် မေ့မှာမဟုတ်ဘူး"

"အေး…ဟိုဘက်ကတော့ အဲဒီလိုဖြစ်ချင်ဖြစ်နိုင်တာပေါ့။ သမီးတစ်ယောက်လုံး ဆုံးရှုံးထားရတာ"

"အဲဒီလူ့မှာ သားတစ်ယောက်ရှိတယ်ဆို…ဖခင်ဝတ္တရားဆိုတာကိုလည်း အဲဒီလူ မေ့ထားတာထင်တယ်"

"မင်း တော်တော်သိထားတာပဲ"

ဦးဘထွန်းလည်း သူ့ကိုကြည့်ကာ အံ့သြနေသည်ထင်သည်။ သူ ဘာကြောင့် ဒီလောက်သိနေပြီး ဝေဖန်မှုတွေ ပြင်းထန်နေသလဲ စိတ်ဝင်စားနေမှာပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘာမှမပြောတော့ဘဲ ဖုတ်ဖက်ခါကာ ထရပ်လိုက်သည်။ အိမ်ကြီးဘက်ကို လှည့်ကြည့်ကာ မျက်နှာတစ်ခုလုံးလည်း တင်းမာသွား၏။ ဒီအိမ်ကြီးမှာ ဦးထွန်းခေါင်ဦး ဘယ်လောက်ကြာကြာ ပျော်ပျော်နေနိုင်းမှာလဲ။

အတိတ်ရဲ့အပြစ်ဒဏ်တွေ ခင်ဗျား ခံကိုခံရဦးမှာ ဦးထွန်းခေါင်ဦး။





# အခန်း (၁၃)

ငါးနာရီတိုး အလုပ်ချိန်ပြည့်လို့ ပြန်ခါနီးမှ ဦးထွန်းခေါင်ဦးဆီက ဖုန်းဝင်လာသည်။ ဒီရက်ထဲ ဘယ်နေရာသွားသွား သူ့ကို ခေါ်မသွားပါ။

အရင်တွဲလာခဲ့သည့် အမျိုးသမီးတွေကို အဆက်အသွယ်ဖြတ်ထားပြီး ဘယ်မိန်းကလေးကို စည်းရုံးသိမ်းသွင်းဖြားယောင်းနေသည် ဆိုတာ မသိပေ။

"ဟယ်လို"

"ဟုတ်ကဲ့ ပြောပါ သူဌေး"

"အေး…မင်း ဂိုထောင်ထဲက ကားကိုယူပြီး အခု ငါ ပြောမယ့် စားသောက်ဆိုင်ကို လိုက်လာခဲ့ကွာ။ ငါ စောင့်နေမယ်။ အမြန်ထွက်လာခဲ့နော်…အခုချက်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



အမိန့်သံက မာထန်ပြတ်သားလှသည်။ လိပ်စာပြောပြီး ဖုန်းချသွားပြီမို့ ဂိုထောင်ထဲကကားကိုထုတ်၍ ထွက်လာခဲ့ရသည်။ ဦးထွန်းခေါင်ဦး ချိန်းသည့်နေရာက ဘယ်မိန်းကလေးနှင့်မှ မရောက်ဖူးသော နေရာသစ်ပါ။ အခန်းနံပါတ်မေးကာ သီးသန့်ခန်းလေးထဲ ဝင်လာခဲ့သည်။

"ဟင်"

ခန်းဆီးစလေး ဖယ်လိုက်စဉ်မှာ မြင်လိုက်ရသည့်အရာက သူ့နှလုံးသားတွေတောင် ပြုတ်ထွက်စေလောက်သည်။

"ဖြူ…ဖြူဖြူစင်က ဘယ်လို"

သူ တွေးတောင်မတွေးရဲ။ ဦးထွန်းခေါင်ဦး အခုတလော အချိန်ပေးကြိုးစားနေသည်ဆိုတာ ဖြူဖြူစင်များလား။

"တောက်"

ခန်းဆီးအကွယ်က သူ တက်ခေါက်သံကိုတောင် ဦးထွန်းခေါင်ဦးတို့ မကြား။ ရယ်မောပျော်ရွှင်အပြုံးတွေ ဝေနေသော ဦးထွန်းခေါင်ဦး မျက်နှာကို ပြေးပြီးတော့သာ ဆွဲထိုးပစ်လိုက်ချင်သည်။ သမီးအရွယ်လည်း မချန်၊ ကလေးအရွယ်လည်းမချန်။ ဖြူ…ဖြူဖြူစင်ကရော။

သူမရဲ့ရိုးသားမှုတွေ၊ ဖြူစင်မှုတွေကရော ဘာဖြစ်သွားတာလဲ။

ဒီလူရဲ့အကြောင်းတွေ မသိလို့လား။ မသိခဲ့ရင်တောင် အသက်အရွယ်ကွာဟမှုအပေါ်မှာ ဆင်ခြင်ရမှာတော့ ဖြူဖြူစင် နားလည်သင့်သည်။

"ဟာ…လင်းညို့ ရောက်လာပြီလား…လာလေကွာ"





"ဟင်…ပိုင်ပိုင်"

အခန်းဝဘက်လှည့်ကာ ဦးထွန်းခေါင်ဦး နာမည်ခေါ်လိုက်တာကြောင့် သူမ လှည့်ကြည့်မိလိုက်စဉ်မှာ သက်ထွန်းပိုင်ကို မြင်တွေ့လိုက်ရသည့်အတွက် အံ့သြတုန်လှုပ်သွားရသည်။ လင်းညို့တဲ့။

ဘယ်လိုဖြစ်ပြီး သက်ထွန်းပိုင်က လင်းညို့ ဖြစ်သွားရတာလဲ။

ခုနက ဦးရဲ့ဒရိုင်ဘာကို အိမ်မှာ အလကားချောင်ထိုးပြီး မသုံးဖြစ်တဲ့ကား လာပို့ခိုင်းလိုက်မယ်။ အဲဒီကားနဲ့ အိမ်အထိလိုက်ပို့ခိုင်းပြီး ဖြူစင်အစ်ကိုကို ပေးလိုက်ပါတဲ့။

ဒါဆို ပိုင်ပိုင်က ဦးထွန်းခေါင်ဦးဆီမှာ အလုပ်လုပ်နေတာပေါ့။ ကုမ္ပဏီမှာလို့ပြောထားပြီး ဘာကြောင့် ဒရိုင်ဘာဖြစ်နေရတာလဲ။ သူမ တွေးလို့ကို မမီနိုင်ပေ။

"လင်းညို့…ထိုင်…ငါ မိတ်ဆက်ပေးရဦးမယ်။ ဖြူဖြူစင်"

"ဟုတ်ကဲ့"

"ဖြူဖြူစင်…သူက ဦးရဲ့ကားဒရိုင်ဘာ ဘော်ဒီဂတ်သက်တော်စောင့်၊ ရာထူးတွေ အများကြီးနဲ့ လင်းညို့တဲ့"

"ဟုတ်…ဟုတ်ကဲ့"

သက်ထွန်းပိုင်က မသိသလိုနေကာ မနှုတ်ဆက်တာမို့ သူမလည်း မသိချင်ယောင်ဆောင်နေလိုက်ရသည်။ ဒါပေမဲ့ ဒီအခြေအနေအတွက် သက်ထွန်းပိုင်ကို အားနာသလို၊ မျက်နှာပူသလို၊ ရှက်သလိုလိုဖြင့် မျက်နှာတစ်ခုလုံး ရှိန်းဖိန်းပူထူနေခဲ့သည်။

"ကဲ…မင်း ဘာစားဦးသောက်ဦးမလဲ လင်းညို့ပြီးရင် ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



ကို မင်း ယူလာတဲ့ကားနဲ့ အိမ်ပြန်လိုက်ပို့ရမယ်။ ကားကို အဲဒီမှာပဲ ထားခဲ့"

"ဗျာ…ကားကို ဘာလို့"

"ပေးလိုက်တာလေကွာ…ငါ့အတွက် ပိုနေတာဆိုတော့ လိုအပ်နေတဲ့ သူတို့ကို လက်ဆောင်ပေးလိုက်တာ"

"ဟင်"

"သူ့အစ်ကိုက ပြောတယ်။ ဆိုက်ကားနင်းရတာ သိမ်ငယ်လို့ အရက်သောက်နေတာတဲ့။ အဲဒါ အစက တက္ကစီမောင်းလို့ရတဲ့ကား မှီ ဝယ်ပေးမလို့ပါပဲ။ အခုက အိမ်စီးကား အော်ဒါလိုက်ရရင် ပိုတောင် အဆင်ပြေသေးတယ်။ အဲဒါကြောင့် ပေးလိုက်တာ။ အစ်ကို အရက် သောက်တာ ဖြူစင် စိတ်ညစ်ရတယ်ဆိုတော့ ဖြူစင်လေး စိတ်ချမ်းသာ အောင်၊ အဆင်ပြေအောင် လုပ်ပေးရမှာပေါ့ကွာ"

"ဟား"

ဦးထွန်းခေါင်ဦး အကြံကြီးလှချည်လား။ ငြိမ်သက်စွာရှိနေသော ဖြူဖြူစင်ကို ကြည့်၍ သူ အသားတွေတောင် တဆတ်ဆတ်တုန် လာခဲ့သည်။ ဒီလူကြီး ဘာဆိုတာမသိဘဲ ဖြူဖြူစင် လက်ခံခဲ့တာ ဖြစ်မည်။ ဘယ်လိုဖြစ်ပြီးများ ဒီလူနှင့် ဆုံဆည်းခဲ့ရတာများလဲ။

အရင်က ဖြူဖြူစင် ငွေလည်းမမက်။ ဒီလိုအကျင့်စာရိတ္တမျိုး လည်း မရှိခဲ့ပါ။ ဦးထွန်းခေါင်ဦးက ဖြူစင့်မျက်နှာလေး ငေးမောကြည့် လျက်-

"ဖြူစင်"





"ရှင်…ဟုတ်ကဲ့"

"ဖြူစင်တို့မိသားစုအတွက် ဦး ဖြည့်ဆည်းပေးတာ စေတနာ သန့်သန့်နဲ့နော်။ အဲဒီအပေါ်မှာ ကျေးဇူးတင်စရာ၊ ကျေးဇူးပြန်ဆပ်စရာ မလိုဘူး။ ဖြူစင့်အပေါ် ဦး မေတ္တာထားတာသပ်သပ်။ အဲဒီအပေါ်မှာပဲ ဖြူစင် စဉ်းစားပေးပါ…ဟုတ်ပြီလား"

"ဟုတ်ကဲ့…ဟို"

"ဖြူစင် အချိန်ယူပြီး စဉ်းစားလို့ရပါတယ်။ ဦးဘက်က ဟန့်တားပိတ်ပင်မယ့်သူ ဘယ်သူမှမရှိဘူး။ ဦးမှာ အနှောင်အဖွဲ့ အတွယ်လည်း မရှိဘူး။ ဦး ပိုင်ဆိုင်သမျှဟာ ဖြူစင့်အတွက်။ ပြီးတော့ သားသားမီးမီးလေးတွေ ရလာတဲ့အခါ သူတို့အတွက်ပဲ"

"ရှင်"

ဦးထွန်းခေါင်ဦးက အပြောအဆိုရဲတင်းလှသည်။ သက်ထွန်းပိုင် ရှေ့မှာ သူမ မျက်နှာဘယ်လိုထားရမှန်းပင် မသိပါ။

သက်ထွန်းပိုင် မျက်နှာတစ်ခုလုံးက သုန်မှုန်တင်းမာနေလျက်-

"သူဌေး ကျွန်တော်တို့ သွားလို့ရပြီလား။ သူ အပြန်အရမ်း နောက်ကျနေဦးမယ်"

"နောက်ကျလည်း ဖြူစင့်အိမ်က ငါနဲ့ဆို စိတ်ချပြီးသားပါ။ သူတို့ကို ရှေ့မှာသေချာပြောပြီး ခေါ်လာခဲ့တာ။ ငါ့ဂုဏ်သိက္ခာအဆင့် အတန်းနဲ့ ဘယ်သူက မယုံမကြည်ဖြစ်ရဲမှာလဲ။ ဖြူစင်ရော ဦးကို ယုံကြည်တယ်မဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့…ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ…ဦးက ဖြူစင်ဘဝလေးကို တစ်သက်လုံး တင့်တောင်းတင့်တယ် ပြည့်ပြည့်စုံစုံ ထားနိုင်တယ်။ ဒီလောက်မြင့်မားတဲ့ဘဝအထိရောက်အောင် မြေတောင်မြှောက်ပံ့ပိုးနိုင်တယ်ဆိုတာ မမေ့ပါနဲ့။ မိသားစုအတွက် ဖြူစင် ပင်ပန်းနေတာကို ဦး တကယ်ကို မကြည့်ရက်တာပါ။ ဒီလောက် ချောလှနေတဲ့မျက်နှာလေးက အမြဲတမ်း ပင်ပန်းနွမ်းနယ်နေရတယ်။ ဖြူစင်သာ ဦးကို လက်ခံလိုက်မယ်ဆိုရင် ဒီဘဝက အခုချက်ချင်း လွတ်မြောက်သွားမှာပါ။ မြန်မြန်တော့ ဆုံးဖြတ်ချက်ချပေးနော်။ ဖြူစင်အသက်က ငယ်သေးတယ်ဆိုပေမယ့် ဦးက ဇရာဘက်ရောက်ပြီး ဟိုင်းနေပြီ"

"ဟုတ်…ဟုတ်ကဲ့"

"ကဲ…ဖြူစင်လေးနဲ့ နောက်နေ့မှ ထပ်တွေ့မယ်နော်။ အခုသွားတော့…လင်းညို့ ကားကို ဖြည်းဖြည်းမောင်းနော်။ ဖြူစင်က ကားမြန်မြန်မောင်းတာ မကြိုက်ဘူး။ ကြောက်တတ်တယ်။ ဩော်…မင်းလည်း တစ်ခါတည်း ပြန်လိုက်တော့။ မနက်ဖြန်တော့ အချိန်နဲ့ ရောက်အောင်လာ"

"ဟုတ်ကဲ့"

သူ ကားသော့ကိုယူကာ ဖြူဖြူစင်ကို စောင့်မနေဘဲ ရှေ့က ထွက်လာခဲ့စဉ်မှာ ဦးထွန်းခေါင်ဦးက သူ့လက်ကို ဖျတ်ခနဲ ဖမ်းဆွဲ၍-

"ဟိတ်ကောင်…ဖြူစင်ကို သေချာစောင့်ခေါ်။ မလေးမစား မလုပ်နဲ့၊ ဖြူစင်က ငါ့ရဲ့မဟေသီလောင်း။ မင်းရဲ့အလုပ်ရှင်သူဌေးကတော်ဖြစ်လာမယ့်သူ…အမှားအယွင်းဖြစ်ရင် မင်းကို ချက်ချင်း





အလုပ်ထုတ်မယ်"

"တောက်"

ရင်ထဲကနေ အကြိမ်ကြိမ် တက်ခေါက်ပစ်လိုက်မိသည်။ ကားပေါ်ရောက်တော့ ဒေါသတွေ ဘယ်လိုမှ မျိုချလို့ မရတော့ပါ။

လမ်းတစ်နေရာအရောက်မှာတော့ ကားကို ဒုန်းခနဲ ထိုးရပ်ပစ်လိုက်သည်။

"ဗိုင်ဗိုင်"

ဖြူဖြူစင် အထိတ်တလန့် ခေါ်လိုက်တာကို ပြန်မထူးမိ။ သွေးဆူနေသည့်အတွက် စတီယာရင်ကို ဒုန်းခနဲ ဒုန်းခနဲ လက်သီးဖြင့် ထိုးချလိုက်မိသည်။ ဖြူဖြူစင်နှင့်သူ့ ချစ်သူရည်းစားတွေ မဟုတ်ကြသေးပါဘဲနှင့် သူ ဘာကြောင့် ဒီလောက်တောင် သွေးရူးသွေးတန်း စိတ်ဂနာမငြိမ် အရူးတစ်ယောက်လို ခံစားနေမိတာပါလဲ။

"ဖြူဖြူစင်…နင်"

"နင် ဘာပြောချင်နေတာလဲ။ ဘာမေးချင်နေတာလဲ ငါ သိတယ် ဗိုင်ဗိုင်…ငါ့အိမ်အခြေအနေ ငါ ဒီလို"

"ဖြူဖြူစင်…နင် အဲဒီလူကို ဘာများမှတ်နေလဲ"

"အဲဒီလူ ဘာဆိုတာ အရေးမကြီးဘူး။ ငါ့မိသားစုအခြေအနေ ဘယ်လိုဖြစ်နေတယ်ဆိုတာက ငါ့အတွက် အရေးကြီးနေတယ်"

"သူနဲ့ ဘယ်လိုပတ်သက်မိသွားတာလဲ"

"အစ်ကိုကြီးကြောင့်ပေါ့။ သူ့ကားနဲ့ အစ်ကိုကြီးဆိုက်တားပဲဒီနိုက်မိ အက်ဆီးဒင့်ဖြစ်ရာက အစ်ကိုကြီးကို ဆေးခန်းပို့ပေးရင်းနဲ့ အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါရောက်လာတယ်။ အစကတော့ စေတနာသန့်သန့်နဲ့ပဲ။ ငါတို့မိသားစု မပြည့်စုံမှုကို သနားကရုဏာဖြစ်ပြီး ကူညီထောက်ပံ့ရုံပဲထင်တာ။ အိမ်ကို အဝင်အထွက်များတယ်။ ကျန်းမာရေးမကောင်းတဲ့ အမေ့အတွက် ဆေးတွေ၊ စားစရာတွေ ဝယ်လာတယ်။ ကျန်တဲ့လူတွေအတွက် လိုအပ်တာတွေ ဝယ်ပေးတယ်။ နောက်ဆုံး သိန်းဘယ်နှရာလောက်တန်မယ်မှန်းမသိတဲ့ ကားကိုပါပေးတာ ကြည့်ပါလား"

"သူ လိုချင်တာမရှိဘဲ သူပိုင်တာကို ပေးပါ့မလား"

"ငါ သိတာပေါ့။ နင့်ရှေ့မှာပဲ သူ့တောင်းဆိုမှုတွေ ကြားတယ်မဟုတ်လား"

"နင် မငြင်းဆန်တာ လက်ခံမယ်လို့ ဆုံးဖြတ်ထားလို့လား"

"မိသားစုအတွက် ရွေးချယ်သင့်ရင် ရွေးချယ်ရတော့မှာပေါ့ ပိုင်ပိုင်…ငါ့ဘဝအတွက် အားကိုးရမယ်ဆိုရင်လည်း"

"အဲဒီလူ…အဲဒီလူက နင့်အဖေအရွယ်လောက်ရှိတယ်။ နင် အဲဒါကို"

"ငါ့ဘဝက ငါ့စိတ်ကြိုက် ပျော်သလိုနေလို့ရတဲ့အခြေအနေမှ မဟုတ်တာ။ နင် သိပါတယ်။ အခုချိန်မှာ မိသားစုတာဝန်ကို ငါ တစ်ယောက်တည်း ထမ်းနေရတာ။ အဖေလည်း မရှိ၊ အမေလည်း အလုပ်မလုပ်နိုင်တော့ဘူး။ အစ်ကိုကြီးကလည်း အားကိုးလို့မရဘူး"

"နင့်မိသားစုဘဝကို ကယ်တင်ဖို့ နင် ဒီလိုနည်းနဲ့ ရွေးချယ်မှာလား ဖြူဖြူစင်…နင့်ဘဝ နစ်မွန်းသွားမှာကို နင် မတွေးတော့ဘူးလား"





သူ့မေးခွန်းအတွက် ဖြူဖြူစင် နားမလည်နိုင်သလို မော့ကြ
လျက်-

"သူက မုဆိုးဖိုတစ်ယောက် ဖြစ်နေလို့လား။ အခုခေတ်
မယားပြိုင်တွေထားတာ၊ အငယ်အနှောင်းတွေထားတာတောင် လုပ်
ကြတာပဲ။ အခု သူ့မှာ မိန်းမ မရှိဘူး။ တခြားအနှောင်အဖွဲ့အတွ
အတာ မရှိဘူး။ သူ ပိုင်ဆိုင်သမျှက ငါ့အတွက်ချည်းပဲဆိုတာ"

"သူပြောတာ နင် ယုံသလား။ သူ အဲဒီလိုစကားမျိ
မိန်းကလေး ဘယ်နှယောက်ကို ပြောခဲ့တယ်ဆိုတာ"

"ဟင်"

သူ ဦးထွန်းခေါင်ဦးအကြောင်း အပုပ်ချသလိုဖြစ်ခဲ့ခြင်းအခေ
နောင်တ မရမိ။ တကယ်ဆို ဖြူဖြူစင်ကို ပြောသောစကားမျိုး တခြ
မိန်းမတွေကို မပြောတာ သူ အသိဆုံး။

ဘဝရေး၊ ဓနရေး ပေးနေတဲ့ မိန်းမတွေကိုတောင် ဒီလိုမက်
ပေးခဲ့တာမှမဟုတ်တာ။ ဖြူဖြူစင်အပေါ် လက်ထပ်ဖို့အထိ ရည်ရွ
လို့သာ ပိုင်ဆိုင်မှုတွေပေးဖို့အထိ မြူဆွယ်ဖြားယောင်းနေခဲ့တာ ဖြ
သည်။

"ဖြူဖြူစင်…နင် အဲဒီလူကို မပတ်သက်ပါနဲ့"

"ဘာဖြစ်လို့လဲ…သူက နင့်အလုပ်ရှင်၊ သူ မကောင်းကြော
အပုပ်ချတာတော့ မဟုတ်သေးဘူးထင်တယ်"

"ငါ သူ့အလုပ်သမားဖြစ်နေလို့ သူ့အကြောင်း ပိုသိနေတ
ပေါ့ဟာ…မိန်းမ သုံးလေးယောက်ကို တစ်ပြိုင်တည်းတွဲတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ ခေါ်အိပ်တဲ့မိန်းကလေးကသပ်သပ်၊ နင့်ကိုလည်း မပြည့်စုံတာသိလို့ မက်လုံးတွေပေးပြီး မြူဆွယ်ဖြားယောင်းနေတာ။ နင့်ကို အတည်ယူမယ့်သူ မဟုတ်ဘူး။ သူက ဘယ်မိန်းမကိုမှ မယူဘူးလို့ ဆုံးဖြတ်ထားတာ"

ဖြူဖြူစင် ခဏမျှ ငြိမ်သက်သွားသည်။ ကားဆိုဖာနောက်မှီကို ခေါင်းလေးမှေးတင်မှီချလျက် မှန်ပြတင်းကို ထွင်းဖောက်၍ အပြင်ကို အကြာကြီး ငေးမောနေ၏။ ပြီးမှ သူ့ဘက်ကို မျက်နှာလေးလှည့်လာကာ-

"အစ်ကိုကြီးနဲ့အမေ့ဆီက သူ ခွင့်တောင်းပြီးပြီ။ ငါ့ကို လက်ထပ်ပါရစေ၊ တင့်တောင်းတင့်တယ် ထားပါမယ်လို့ ကတိတွေ ပေးတယ်။ အဲဒါကြောင့် အစ်ကိုကြီးနဲ့အမေက တိုက်တွန်းနေတာ။ တစ်မိသားစုလုံး ဘဝပြောင်းလဲမှာကို ငါ့ဘဝတစ်ခု စွန့်လွှတ်ရမှာ။ ငါ ဘာလို့မလုပ်နိုင်ရမှာလဲ"

"ဖြူဖြူစင်"

"ငါ့မှာ ချစ်သူရည်းစားဆိုတာလည်း ရှိတာမဟုတ်ဘူး။ ရှိခဲ့ရင်လည်း သူ့လိုမျိုး မိသားစုအပေါ် အထောက်အပံ့ မပြုနိုင်ရင် ငါ ရွေးချယ်မှုဟာ ငါ့ချစ်သူ ဖြစ်ချင်မှဖြစ်လိမ့်မယ်"

"ဟာ…နင်ဟာ ဖြူဖြူစင်ရာ…နင် အဲဒီလို ဆုံးဖြတ်လိုက်လိမ့်မယ်လို့ ထင်မထားဘူး။ နင်က အရမ်းကို ဖြူစင်တဲ့မိန်းကလေးပါ။ နင့်ရဲ့ဖြူစင်ရိုးသားတဲ့ဘဝလေးကို ဘာလို့ ဒီလူနဲ့ အစွန်းထင်းခံမှာလဲ။ ငါ…ငါလေ နင့်ကို"





ရှေ့ဆက်ပြီး ပြောမထွက်။ ချစ်တယ်ဆိုသည့် ရင်ထဲကစကားတွေပြောမိလျှင် ဦးထွဋ်ခေါင်ဦးလောက် သူ တာဝန်ယူမှုတွေ လုပ်နိုင်ပါ့မလား။

ခုနက ချစ်သူရှိခဲ့လျှင်တောင် ဦးထွဋ်ခေါင်ဦးလောက် မိသားစုအပေါ် ပံ့ပိုးမှုမပေးနိုင်လျှင် သူမရဲ့ရွေးချယ်မှုက ချစ်သူမဖြစ်နိုင်ဘူးဟု ပြောခဲ့သည်။ အခုမှ ချစ်တယ်လို့ပြောမိလျှင်ရော သူမ ယုံကြည်မှာတဲ့လား။ ဦးထွဋ်ခေါင်ဦးကို မနာလိုလို့ဟု သူမ တုံ့ပြန်မှုတွေ ဖြစ်လာနိုင်သည်။ ဖြူဖြူစင်က မျက်လုံးကို စုံမှိတ်ချလျက်-

"နင် ဘာမှမပြောပါနဲ့တော့ ပိုင်ပိုင်…ငါ့အတွက် နင် စေတနာနဲ့ သတိပေးနေတာကို ငါ နားလည်ပါတယ်။ ခုနက ဦးနဲ့ ထိုင်နေတဲ့အချိန်မှာနင့်ကို မြင်လိုက်ရတော့ အရမ်းကို ရှက်သွားသလို ဖြစ်မိတယ်။ အသက်ကြီးကြီး ချမ်းသာတဲ့ယောက်ျားကို အပိုင်ကြံတယ်၊ အမိဖမ်းတယ်လို့ ထင်သွားပြီး အထင်များသေးသွားမလားလို့လေ။ ဒါပေမဲ့ ငါ့အခြေအနေက အဲဒါတွေကို ဂရုစိုက်နေလို့လည်း မရတော့ဘူးလေ"

"ဖြူ…ဖြူစင်…နင်…နင် ဆုံးဖြတ်ချက် မစောပါနဲ့ဦးဟာ။ ဒီလူ တကယ်မကောင်းတာ ငါ သိနေလို့ပြောတာပါ။ နင့်အစ်ကိုနဲ့ နင့်အမေနဲ့လည်း ထပ်ပြီးတိုင်ပင်လိုက်ပါဦး။ ကိုယ့်သမီး၊ ကိုယ့်ညီမ နစ်မွန်းမယ့်ကိစ္စဆိုရင် သူတို့ ထပ်ပြီးတိုက်တွန်းမှာမဟုတ်ပါဘူး"

"အေးပါ…နင် ဒီလောက်သတိပေးနေရင် ငါ လွယ်လွယ်ကူကူ ဆုံးဖြတ်ချက်ချလိုက်မှာတော့ မဟုတ်ပါဘူး။ အမေနဲ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုလည်း တိုင်ပင်ကြည့်ပါဦးမယ်။ တစ်ခုတော့ ပြောထားမယ် နော်။ ရှောင်လို့တိမ်းလို့ မရနိုင်တဲ့အခြေအနေအဖြစ်လာရင် ငါ့အတွက် စိတ်မကောင်းမဖြစ်ပါနဲ့။ ငါ့ဘဝကံအကျိုးပေးပါပဲ”

“ဖြူဖြူစင်ရာ”

ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်။ နှင့်နှင့်သီးသီး တင်းတင်း ကျပ်ကျပ်ကြီးနှင့် ဝေဒနာတွေက ခံရခက်လွန်း၏။ ဦးထွန်းခေါင်ဦး ဆိုသည့်လူက သူ့အတွက် ဘယ်လိုမှကို ကောင်းကျိုးမပေးသောသူ ပါလား။

ဘာလုပ်ရမလဲ…ကျုပ် ဘာလုပ်ရမလဲ။

ရင်ဘတ်တစ်ခုလုံး နာကျင်မှုဒဏ်ရာတွေက အထပ်ထပ်…။





## အခန်း (၁၄)

“ဘာ…ဒီစကားတွေက ခုနက ကားလာပို့တဲ့ သက်ထွန်းပိုင် ပြောတာလား”

“မ…မဟုတ်ပါဘူး အစ်ကိုကြီးရဲ့…ဒီလိုပဲ သူနဲ့တွဲသွားရင်းက သူများတွေပြောတဲ့စကားသံကို ကြားရတာ”

“အတင်းပြောတာဆိုရင် အဲဒီလူတွေရဲ့စကားကို ယုံလို့ရမှာ လား။ လူတွေက သူများအကြောင်းဆိုရင် မကောင်းတာဘဲ ပြောချင် ကြတာ။ အဲဒါ ထုံးစံပဲ။ တကယ်လို့ သူ မိန်းမရှုပ်တယ်ဆိုရင်ရော ဘာဖြစ်လဲ။ နင့်ကို အတည်ယူမှာလေ။ အမေ့ကိုရော ငါ့ကိုရော ကတိ ပေးထားတာ။ တခမ်းတနား လက်ထပ်ယူမှာတဲ့။ အဲဒါကို နင်က ဘာဖြစ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမပွေတဲ့ရုပ်တဲ့သူဆိုရင်တော့ ညီမလေး လက်မထပ်ချင်ဘူး ကိုကြီး…လက်ထပ်ပြီးလည်း အဲဒီအကျင့်ကို မပျောက်ရင် ညီမလေး တစ်သက်လုံး စိတ်ဆင်းရဲနေရမှာ"

"ဟ…ဘယ်သူ သွေးတိုးလွှတ်လိုက်လို့ နင် ဒီလိုစိတ်ပြောင်းသွားတာလဲ။ မိသားစုအတွက် ပေးဆပ်ရမယ်၊ အနစ်နာခံပါ့မယ်ဆိုပြီး လက်ခံမှုတွေနဲ့ အဲဒီလူခေါ်တာကို လိုက်သွားတာမဟုတ်လား။ ငါ့ကို ပြောစမ်း…ဟိုကောင် သက်ထွန်းပိုင်က ဦးထွန်းခေါင်ဦးဆီမှာ ဘာလဲ"

"ကား…ကားဒရိုင်ဘာပါ"

"တောက်"

ကျော်မင်းသူ တက်ခေါက်ပြီး အရက်ခွက်ကို ကောက်မော့၏။ ခွက်နှင့် အားမရတော့ ပုလင်းလိုက်မော့သည်။ ပြီးမှ ဖြူဖြူစင်ကို မျက်ထောက်နီဖြင့်ကြည့်လျက်–

"ဦးထွန်းခေါင်ဦးအကြောင်း ဒီကောင် ပြောလိုက်တာမဟုတ်လား။ ဒီကောင်ပြောလို့သာ နင် လေသံပြောင်းသွားတာ ငါ မသိဘူး မမှတ်နဲ့။ အဲဒီကောင်က နင့်ကိုကြိုက်နေလို့ ဦးထွန်းခေါင်ဦးကို မနာလိုပြီး ကလိမ်ကကျစ် လျှောက်ပြောလိုက်တာ…သိလား"

"အို…မဟုတ်ပါဘူး။ ပိုင်ပိုင်က ညီမလေးကို မကြိုက်ပါဘူး"

"ဘာမကြိုက်ရမှာလဲ…ဒီကောင် နင့်အပေါ် ဘယ်လိုစိတ်ထားနေတယ်ဆိုတာ ငါ သိတယ်။ နင့်ကို ဟိုခေါ်တွေ့၊ ဒီခေါ်တွေ့၊ အပြန်လိုက်ပို့ရတာနဲ့။ ဘယ်ယောကျ်ားလေးက မကြိုက်ဘဲ၊ မချစ်ဘဲ မိန်းကလေးတစ်ယောက်အတွက် အချိန်ကုန်ခံမှာလဲ"





"မဟုတ်ပါဘူး အစ်ကိုကြီးရယ်…ညီမလေးတို့က သူငယ်ချင်းတွေပါ။ ရိုးရိုးသားသား ခင်မင်ကြရုံပါပဲ"

"ပါးစပ်ကနေ အာမခံမနေနဲ့။ အဲဒီကောင်နဲ့ ရိုးသားတာ တကယ်ဆိုရင် နင် ဦးထွန်းခေါင်ဦးကို ဘာဆင်ခြေမှမပေးဘဲ လက်ထပ်ရမယ်"

"ရှင်"

"သားရယ်…ညီမလေး ဆန္ဒမပါရင်တော့ ဖွတ်အတင်းမပြောပါနဲ့ကွယ်။ အမေတို့ ဒီအတိုင်းလေးလည်း ခြိုးခြံချွေတာပြီး စားသောက်နေထိုင်သွားလို့ ရပါတယ်။ သားက အိမ်စရိတ်လေး နည်းနည်းပါးပါး ကြည့်ပေးပေါ့။ ဒါကလည်း အမေ နေမကောင်းလို့ ဈေးမရောင်းနိုင်တဲ့အချိန်လေးပါပဲ"

"ဘာလဲ…ကျွန်တော်က ဆိုက်ကားပြန်နင်းရဦးမှာလား အမေ။ အိမ်ရှေ့မှာ ကားကြီးရောက်နေပြီလေ။ သူတစ်ယောက် အနစ်နာခံရုံနဲ့ တစ်မိသားစုလုံး ဒီအိမ်စုတ်ကနေ အိမ်ကောင်းကောင်းနဲ့ နေရမယ်၊ စိမ်ခံပစ္စည်းတွေနဲ့ အဆင့်အတန်းရှိရှိနေရမယ်၊ အမေ ကျန်းမာရေးအတွက် ဆေးကောင်းကောင်းကုနိုင်ရင် အမေ အသက်ရှည်ရှည်နေရမယ်။ ဒါတောင် သူ မလုပ်နိုင်ဘူးလား"

"သားရယ်…ဒါပေမဲ့လည်း"

"ကျွန်တော်က သူ ဘွဲ့ရပညာတတ်ဖြစ်အောင် အဲကွန်းခန်းထဲမှာ သက်သက်သာသာ အလုပ်လုပ်နိုင်အောင် ကျောင်းထားပြီး ဆိုက်ကားနင်းလာရတဲ့ကောင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မပြောပါနဲ့ ကိုကြီး…အဖေ သေပြီးကတည်းက အိမ်ကို အစ်ကိုကြီး ဘာအထောက်အပံ့ပြုလို့လဲ။ ညီမလေးဘာသာ အလုပ်တစ်ဖက်နဲ့ ဘွဲ့ရအောင် ယူခဲ့ရတာပါ။ အစ်ကိုကြီး ကျောင်းထွက်တာက စာမေးပွဲခဏခဏကျလို့ အဖေ မဆူအောင် အလုပ်လုပ်မယ်လို့ ပြောခဲ့တာမဟုတ်ဘူးလား"

"အောင်မာ…ဖြူဖြူစင်၊ ငါ့ကို ဘာအားကိုးနဲ့ အာခံပြောနေတာလဲ။ အဲဒီတုန်းက ငါ ဆိုက်ကားနင်းလို့ရတဲ့ ပိုက်ဆံပေးလို့ နင် စာကောင်းကောင်းသင်နိုင်ခဲ့တာလေ။ အဖေဆုံးပြီးမှ ဘာညာတွေ လာပြောမနေနဲ့။ ငါ ပညာနည်းလို့ ပင်ပင်ပန်းပန်း ငွေရှာရတာက ရှာရတာပဲ။ အခု အားလုံး သက်သက်သာသာနေရတော့မှာကို နင် ဒါလေးတောင် အနစ်နာမခံနိုင်ဘူးလား…ပြောစမ်းပါဦး"

ပခုံးကို ကိုင်ဆောင့်ကာမေး၍ ဖြူဖြူစင်မျက်နှာလေး နာကျင်စွာ ရှုံ့မဲ့သွားရသည်။ အမေဖြစ်သူလည်း ဆွဲဖို့လွဲဖို့ မလုပ်ရဲပါ။ ကျော်မင်းသူက မူးလာလျှင် ဘယ်သူ့ကိုမှ မျက်စိထဲမြင်တာမဟုတ်။ ဒါပေမဲ့ သမီးဖြေနှင့် မျက်ရည်ခံတော့ထိုးရသည်။

"သားရယ်…ညီမလေးကို ကြမ်းကြမ်းတမ်းတမ်းတွေ မလုပ်ပါနဲ့ကွယ်။ သူ့မှာလည်း သူ့စိတ်၊ သူ့ခံစားချက် ရှိသေးတာပဲ။ အိမ်ထောင်တစ်ခုကို ဆန္ဒမပါဘဲ အတင်းအကျပ်လုပ်လို့ ဘယ်ဖြစ်မှာလဲ။ တစ်သက်လုံး ပေါင်းသင်းပြီး တစ်သက်လုံး စိတ်ဆင်းရဲသွားရမှာမျိုးဆိုရင်"

"တော်ပါ အမေရာ…ကျွန်တော်သာ သူ့နေရာမှာဆိုရင် မိသားစုသာ ချမ်းသာမယ်ဆိုလို့ကတော့ ချက်ချင်းကို ယူပစ်လိုက်မှာ။ ဘာဖြစ်လဲ…အားလုံး ကောင်းစားမှာကို တစ်ယောက်က အနစ်နာခံမပေးနိုင်ဘူးလား။ တစ်နိုင်ငံလုံး၊ တစ်တိုင်းပြည်လုံးအတွက် မိဘ သားသမီး ဇနီးမယား ဆွေမျိုးသားချင်း ကိုယ့်အသက်ကိုယ်ပါ အားလုံးစွန့်ပြီး အသေခံစစ်တိုက်နေတဲ့ စစ်သားတွေကို အတုယူစမ်းပါ။ ကိုယ်ကျိုးအတွက်ပါသလား…လစာလေး မဖြစ်စလောက် မလောက်မငနဲ့ လူတန်းစေ့မနေရဘဲနဲ့ အနစ်နာခံနေကြတာ။ နင်က မိသားစုအတွက်ပဲ အနစ်နာခံရမှာပါ"

အရက်သောက်ပြီး စကားလုံးအကြီးကြီးတွေ လွှတ်နေသော ဒီအစ်ကိုကို တုဖက်ပြိုင်ယှဉ်ပြောနေလည်း ဘာမှထူးမှာမဟုတ်ပေ။

"ကဲပါ အစ်ကိုကြီးရယ်…ညီမလေး ခုံတော့ဆုံးဖြတ်ပါ့မယ်။ ဒါပေမဲ့ အခုချက်ချင်းကြီးတော့ မဟုတ်သေးဘူး။ ညီမလေးတို့အပေါ် အဲဒီလူ အတည်လား၊ တကယ်အပျော်ကြံတာလားဆိုတာတော့ ခဏစောင့်ကြည့်ပြီး လေ့လာဦးမယ်။ ဒီခေတ်က ငွေရှိတိုင်း၊ ဂုဏ်ရှိတိုင်း ယုံလို့ရတာမဟုတ်ဘူး"

"အိမ်ကနေ ထိုင်ပြီးလေ့လာနေလို့တော့ ရမှာမဟုတ်ဘူး။ နင် သူ့အကြောင်း စုံစမ်းချင်ရင် သူခေါ်တဲ့နေရာလိုက်၊ သူချိန်းတဲ့နေရာ သွား၊ အနီးကပ်နေမှ သူ့အကြောင်း သေချာဂဃနဏ သိရမှာ"

"ဟုတ်ကဲ့"

အရောက်ပို့နေမှန်းသိရဲ့နှင့် ငြင်းဆန်မနေချင်တော့။ သူမလည်း မိသားစုအတွက် ဘဝတစ်ခုလုံး စွန့်လွှတ်ကာ စွန့်စားပစ်လိုက်ချင်ပါ




ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမဲ့ သက်ထွန်းပိုင်ကို မြင်လိုက်ရသည့်အချိန်မှာ သူမ နှလုံးသားတွေက ခုန်လှုပ်ပူနွေး၍ နောက်ဆံတင်းသွားခဲ့သည်။

သက်ထွန်းပိုင် ဘာကြောင့် သွေးဆူကာ ဖွတ်အတင်း တားဆီး သတိပေးနေသည်မသိပေ။ သူမအပေါ် တကယ်စိတ်ဝင်စားနေခဲ့လို့ လား။

ဒါမှမဟုတ် ဦးထွန်းခေါင်ဦးအကြောင်းတွေ တကယ်ပဲ သိနေခဲ့ လို့လား။ သက်ထွန်းပိုင်က သူများအကြောင်း မကောင်းပြော အပုပ်ချ တတ်သည့်သူမျိုးမှ မဟုတ်တာ။

ဘာလို့များ ဒီလိုတွေပြောရတာလဲ။ ပြီးတော့ ကုမ္ပဏီတစ်ခုခု မှာ အလုပ်လုပ်သည်လို့ သိထားတာ။ ဘယ်လိုဖြစ်ပြီး ဦးထွန်းခေါင်ဦး ဆီမှာ ဒရိုင်ဘာဝင်လုပ်နေရတာလဲ။

တကယ်ဆို သူ့အဘိုးအဘွားတွေရဲ့ပွဲရုံမှာ လုပ်လို့လည်း ရရဲ့ သားနှင့်။ ဆုံးရှုံးကျဆင်းနေသည့် ပွဲရုံဖြစ်နေရင်တောင် အောင်မြင် အောင် ပြန်ထူထောင်လို့ရနေတာပဲ။

နှင့်အကြောင်း ခေါင်းထဲက ထုတ်လို့မရပါလား ပိုင်ပိုင်ရယ်…





# အခန်း (၁၅)

"ထုတ်လို့ရအောင် ထုတ်လိုက်တော့ ပိုင်ပိုင်…မင်းအဖေနဲ့ ပတ်သက်နေပြီ၊ ငြိနေပြီဆိုရင် မင်းအတွက် နိမိတ်မကောင်းတော့ဘူး။ ကျော်မကောင်းကြားမကောင်းနဲ့ တကယ်ကို ပြဿနာကြီး"

"ဖြူဖြူစင်ကို ဒီအတိုင်း လက်လွှတ်လိုက်လို့ဖြစ်မလား။ ဖြူဖြူစင်ဘဝလေး ဘယ်လောက်ဖြူစင်တယ်ဆိုတာ မင်းရောငါရော အသိဆုံးပါ။ ဦးထွန်းခေါင်ဦးက လူညစ်ပတ်၊ လူသတ်သမား၊ ထောင်ထွက်။ မိန်းမတကာနဲ့ ရှုပ်ပွေနေတဲ့သူ။ ဘယ်လိုမှကို မတန် ဘူး။ ဘယ်လိုမှကို မဖြစ်သင့်ဘူး"

"အဲဒါ မင်း ဝေဖန်သုံးသပ်နေရမယ့်ကိစ္စ မဟုတ်ဘူးလေ။ ဖြူစင်က သူ့မိသားစုအတွက် ဆုံးဖြတ်လိုက်တဲ့ကိစ္စ။ မင်းရောငါရော ဖြူစင်ကို နှမြောတယ်ဆိုရင်တောင် ဘာမှမတတ်နိုင်ဘူး။ ဖြူစင်ဘဝကို မင်း မြှင့်တင်ပေးနိုင်လို့လား။ ဦးထွန်းခေါင်ဦးက ကယ်တင်မယ်ဆိုရင်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး…လုံးဝ မဖြစ်ဘူး။ ဖြူစင်နဲ့ အဲဒီလူ လုံးဝ မဖြစ်ရဘူး"

သက်ထွန်းပိုင် ခါးခါးသီးသီး ငြင်းဆန်အော်ဟစ်နေသည်။ ထွန်းမင်းက သက်ထွန်းပိုင်ပခုံးကို အပေါ်ကဖိကာ ပုတ်လိုက်ပြီး–

"မင်း ဘာဖြစ်နေတာလဲ ပိုင်ပိုင်…မင်း ဖြူစင်ကို ကြိုက်နေတာလား။ အဲဒါကြောင့် ဒီလိုမျိုး"

"အာကွာ"

"ဒုန်း"

စားပွဲခုံကို ဒုန်းခနဲ ထုချလိုက်ပြီး သက်ထွန်းပိုင် အံကိုကြိတ်၏။

"ပိုင်ပိုင်…မင်း"

"ငါ…ငါ"

"သဘောပေါက်ပြီ…သဘောပေါက်ပြီ သူငယ်ချင်း။ မင်း ဖြူစင်ကို ချစ်နေတာပဲ။ မင်း ဘာလို့ အစကတည်းက ဖြူစင်ကို ဖွင့်မပြောခဲ့တာလဲ ပိုင်ပိုင်…အရင်ကသာ မင်း ဖွင့်ပြောခဲ့ရင် ဖြူစင် ဒီအခြေအနေမျိုး ဖြစ်ချင်မှဖြစ်လာမှာ။ မင်းကို လက်ခံပြီး"

"ငါ ပြောမထွက်ခဲ့ရတဲ့အကြောင်းအရင်းက ဦးထွဋ်ခေါင်ဦး ကြောင့်ပဲ။ ငါ လုပ်ချင်တာတွေ မလုပ်ရသေးဘူး။ ငါ ဖြစ်စေချင်တာတွေ မဖြစ်သေးဘူး။ ဖြူစင်က မပြည့်စုံတဲ့သူ၊ သူ့ကို ကောင်းကောင်း တာဝန်မယူနိုင်သေးဘဲ စိတ်ခံစားမှုတွေ မပေးချင်လို့ ငါ အချိန်တစ်ခုကို စောင့်နေခဲ့တာ"

"အခု ဦးထွဋ်ခေါင်ဦးက မင်းရဲ့ပြိုင်ဘက်ဖြစ်သွားပြီ။ မင်း





နောက်ကျသွားတဲ့အတွက် ဖြူစင်က"

"ငါ နောက်ကျတယ်လို့ ဘယ်သူပြောလဲ။ ဖြူစင်ကို ဦးထွဋ်ခေါင်ဦး ပိုင်ရမယ်လို့ ဘယ်သူပြောလဲ။ မတန်လိုက်တာကွာ…ဦးထွဋ်ခေါင်ဦး ဘယ်လိုလူမျိုးလဲဆိုတာ"

"ဘယ်လိုလူမျိုးဖြစ်ဖြစ် ဖြူစင်က သူ့မိသားစုအတွက် မဖြစ်မနေ ရွေးချယ်ရမယ်ဆိုရင် မင်း ဘယ်လိုလုပ်မှာလဲ"

"ငါ ရအောင်ဖျက်မယ်။ ဦးထွဋ်ခေါင်ဦးလိုလူမျိုးဆီမှာ ဖြူစင် ဘဝ ဘယ်တော့မှ မစွန်းထင်းစေရဘူး။ ငါ ဘာလုပ်မလဲဆိုတာ မင်း စောင့်ကြည့်နေ"

"ပိုင်ပိုင်…သက်ထွန်းပိုင်…မင်း ဘာလုပ်မှာလဲ"

"ငါ စီစဉ်ထားတဲ့အတိုင်းပေါ့ကွာ…ငါ့ဘဝအတွက် အမှတ်တရတွေပေးခဲ့တဲ့ ဦးထွဋ်ခေါင်ဦးကို ငါလည်း အမှတ်တရတွေ ပေးရမှာပေါ့"

အံကြိတ်ပြီး ပြောနေတာက ဆုံးဖြတ်ထားတာတွေ သေချာအောင်လုပ်ဖို့ဖြစ်မည်။ တစ်ခါမှ ဘီယာကို တစ်ခွက်ကုန်အောင် မသောက်ဖူးသော သက်ထွန်းပိုင်က ဘီယာခွက်ကို ဆင့်ကဲမော့နေ၏။

"မင်း မူးမယ်…ပိုင်ပိုင်၊ အိမ်ပြန်မှာမဟုတ်လား…မင်း အဘိုးနဲ့အဘွားက စိုးရိမ်နေဦးမယ်"

"ကိုယ့်ကိုယ်ကိုယ် မထိန်းသိမ်းနိုင်လောက်အောင်၊ ပျက်စီးအောင် ငါ ဘယ်တော့မှ မလုပ်ပါဘူး။ ဦးထွဋ်ခေါင်ဦးရဲ့ရွေးသားဖြစ်ခဲ့ပေမယ့် ဦးထွဋ်ခေါင်ဦးလို ဘယ်အရာမဆို ဆင်ခြင်နိုင်တရားမဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်တော့မှ မဖြစ်စေရဘူး”

“အေးပါ…မင်း အသိတရားလေးရှိတာ ချစ်စရာကောင်းပါတယ်။ ဒါပေမဲ့ မင်း အခုလက်တုံ့ပြန်နေတာ မင်းအဖေဆိုတာလည်း မင်း မမေ့နဲ့ဦး”

“အဲဒါကိုလည်း ငါ မမေ့အောင် ကြိုးစားနေတယ်။ ငါ့အမေကိုသတ်တဲ့လူ၊ သွေးသားတစ်ယောက်လုံးကို မေ့ထားပြီး အပျော်ကျူးနေတဲ့သူ၊ အဲဒီလူအတွက် ငါ လက်တုံ့ပြန်တာ ဘာမှားလို့လဲ။ ငါ အပြစ်ဒဏ်ခံရအောင် ကိုယ်ထိလက်ရောက် ကျူးလွန်မှာမှမဟုတ်တာ။ သူ တန်ဖိုးမထားတဲ့ မိန်းမတွေကပဲ သူ့ကို ဒဏ်ပြန်ခတ်ပါလိမ့်မယ်”

“သတိမပေးတော့ဘူးကွာ…မင်း လုပ်ချင်ရာလုပ်တော့”

ထွန်းမင်း စိတ်လျှော့လိုက်သည်။ အခုချိန်မှာ သက်ထွဋ်ပိုင်ကို တားဆီးလို့ရတော့မှာ မဟုတ်တာ။ ဆန္ဒတွေ ပြင်းပြနေခြင်းက ခံစားရတာတွေနှင့် မဆုံတော့လို့ဘဲ မဟုတ်ပါလား။

ကိုယ်သာဆိုလျှင်လည်း ဒီလိုဆန္ဒတွေ ရှိခဲ့မှာပါပဲ။ ကိုယ့်အမေကိုသတ်တဲ့လူကို မေတ္တာနှင့် ခွင့်လွှတ်ပေးနိုင်လိမ့်မည်မထင်။

အဲဒီလူဟာ အဖေပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ်။

သက်ထွဋ်ပိုင် မင်း မမှားပါဘူးကွာ…





# အခန်း (၁၆)

“အင့်”

“အွန့်…အ”

“ဟာ…ဆောရီး”

စိတ်က လောနေတာမို့ ဟိုတယ်ထဲက ထွက်လာသည့် အမျိုးသမီးကို မမြင်မိလိုက်။ အကျွေတောင့်ချိုးလေးမှာ အရှိန်နှင့်ပစ်တိုက်မိလိုက်ပြီး ထိုအမျိုးသမီးရဲ့ဆလင်းဘတ်စ်အိတ်ထဲက အရာဝတ္ထုတွေအားလုံး ပြန့်ကျဲကုန်သည်။

“ကိုယ့်လူ ကောက်ပေးပါ့မယ်”

အမျိုးသမီးက ကိုယ့်ကို မော့လည်းမကြည့်။ သူမပစ္စည်းတွေ လိုက်ကောက်ပေးနေတာကိုလည်း ကျေးဇူးတင်ပါတယ် မပြော။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို အခုလို တိုက်မိခြင်းဟာ ကိုယ်တစ်ယောက်တည်း မှားတာတော့မဟုတ်ပေ။ သူမလည်း ငေးမောပြီး အလျင်စလို ထွက်လာခဲ့တာပဲ ဖြစ်မည်။

နိုင်ငံကူးပတ်စ်ပို့၊ သူမ ဒီနိုင်ငံသား မဟုတ်ဘူးလား။

ဝတ်ပုံစားပုံကတော့ ဟော့ဟော့ရမ်းရမ်း မဟုတ်။ မြန်မာဝတ်စုံကို စတိုင်ကျကျ ဝတ်ထားတာပါပဲ။ ရိုးရှင်းကျက်သရေရှိသည်ဟု အသိအမှတ်ပြုရလောက်အောင် မျက်လုံးထဲမှာ ထင်းခနဲ ပေါ်လွင်နေသည်။

"ကျေးဇူး"

"သြော်...ဟုတ်ကဲ့"

သူမလက်ထဲ ပစ္စည်းတွေစုံသွားမှ မျက်မှန်အမည်းကြီးကို နဖူးမှ ပင့်လှန်တင်လျက် အသံထွက်လာသည်။ နှုတ်ခမ်းကို လှုပ်ခတ်ရုံပြုံး လိုက်ပုံက ရင်ဘတ်တစ်နေရာကို ထိထိမိမိ ဆွဲဆောင်မှုရှိ၏။

"မင်း ဧည့်သည်လား"

"ဟုတ်...ဒီဟိုတယ်မှာ ခဏတည်းပါတယ်။ မြန်မာပြည်ကို အလည်လာတာ"

"မင်း မြန်မာအမျိုးသမီးပဲမဟုတ်လား။ မြန်မာလို ကောင်းကောင်း ပြောတတ်တာပဲ"

"အင်း...ဘန်ကောက်မှာ မိဘတွေနဲ့ လိုက်နေရင်းက အဲဒီနိုင်ငံသား ခံယူထားရတာ။ ဒီကလူတွေက ဟိုကိုရွှေ့ပြောင်းထွက်ကြတယ်။ သူဇာက မြန်မာဝတ်စုံနှစ်သက်တော့ ဒီကို ရွှေ့ပြောင်းထွက်တယ်။ ဟိုမှာ





အစစ်တွေ သိပ်မရဘူး။ ရွှေတိဂုံဘုရားကို ဖူးလိုက်ရရင် အလွမ်းလည်း ပြေတာပေါ့။ သြော်...မတ်တတ်ရပ်ပြီး စကားတွေကောင်းနေလိုက်တာ။ တစ်ခုခုနဲ့ ဧည့်ခံပါရစေ။ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"ဟို...ကိုယ်"

မအားဘူးလို့ ဆင်ခြေပေးလိုက်ရမှာ အားနာနေသည်။ ဒီအမျိုးသမီးရဲ့အလှမှာ ခြေချုပ်မိသွားလို့ပါ။

တကယ်တော့ ဒီဟိုတယ်ရဲ့စားသောက်ခန်းမတစ်ခုအတွင်းမှာ ဖြူဖြူစင် စောင့်နေမှာပါ။ ကိုယ့်အိမ်ကွင်းထဲကကြက် ဘယ်အချိန် ရိုက်သတ်စားစားရတာမို့ ဖုန်းခလုတ်တွေကိုသာ နှိပ်လိုက်သည်။

"ဆောရီးနော်...ကိုယ် ဖုန်းခဏဆက်လိုက်ဦးမယ်"

လှူကြီးလှူကောင်းဆန်ဆန် ခွင့်တောင်းပြီးမှ ဖြူဖြူစင်နှင့် ဖုန်းပြောလိုက်သည်။

"ဟယ်လို...အင်း...ဖြူစင် ဦး လုပ်ငန်းကိစ္စလေးတွေ အရေးကြီးနေလို့ နောက်မှတွေ့ရအောင်နော်။ ဖြူစင် စောင့်နေရမှာ အားတော့နာပါတယ်။ အလုပ်ကိစ္စကြောင့် ဧည့်သည်တစ်ယောက်နဲ့ တွေ့ရမှာလည်း အရေးကြီးနေလို့ပါ။ ဖြူစင်ကို ပြန်ပို့ပေးဖို့ လင်းညို ကို လွှတ်လိုက်မယ်။ ဟုတ်ပြီနော်...ဖြူစင်...အိုကေ"

ဖုန်းပြောပြီးချိန်မှာ သူဇာဆိုသောအမျိုးသမီးက ခပ်ညို့ညို့ကြည့်လာပြီး-

"အဆင်ပြေရဲ့လား...မိန်းကလေးတစ်ယောက်နဲ့ ချိန်းပြီးသွား ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး…ကိုယ့်ညီမလေးပါ၊ သူ့ကို မွေးနေ့လက်ဆောင် ဝယ်ပေးမယ်ဆိုပြီး ပြောထားတာ။ အရေးမကြီးတဲ့အကန့်ပါ…ဩော် သူဇာက ဘယ်အခန်းယူထားတာလဲ"

"တစ်ရာ့ခြောက်"

"ဒါဆို အပေါ်ထပ်မှာပဲ စားတာပေါ့။ နေ့လည်စာချိန်လည်း နီးနေပြီ။ ကိုယ်က အိမ်ရှင်ဆိုတော့ ကိုယ် ဧည့်ခံပါ့မယ်"

"သူဇာက နောက်တစ်လှည့်ပေါ့…အိုကေ"

မြန်မာဆန်ဆန် ရိုးရှင်းစွာ ဝတ်စားပြင်ဆင်ထားပေမယ့် နိုင်ငံခြားမှာ အနေများတာကြောင့် စကားပြောဆိုတာတော့ ရဲတင်းသွက်လက်လေသည်။ ခန္ဓာကိုယ်အချိုးအစားနှင့် အရပ်အမောင်းက လိုက်ဖက်မှုရှိပြီး မျက်လုံးနှင့်အပြုံးများက ယောကျ်ားသားများကို ညှို့ယူသိမ်းသွင်းနိုင်စွမ်းရှိသည်ဟု သုံးသပ်မိ၏။

"သူဇာ ကြိုက်တာမှာလေ…ကိုယ်တော့ ရှန့်ပိန်လေး နည်းနည်း ကစ်လိုက်ဦးမယ်။ သူဇာ့ကို အရိုသေတန်သလိုဖြစ်သွားရင် ဆောရီးပါ။ ကိုယ် နည်းနည်းမြူးနေလို့"

"အနံ့တော့ မယဉ်ဘူး။ ဒါပေမဲ့ နားလည်ပေးရမှာပေါ့… သုံးဆောင်ပါ"

"သိုင်းကျူး"

ဒီလိုနားလည်မှုရှိတတ်သည့် မိန်းကလေးဆိုလျှင်တော့ မခိုးပေ။ မိန်းမတွေအထာကို ကျွမ်းကျင်နေပြီမို့ ကိုယ့်အတွက် စိန်ခေါ်မှုပါပဲ။ အစားအသောက်တွေရောက်လာတော့ သူဇာဆိုသည့် အမျိုးသမီးရဲ့





လှပသောနှုတ်ခမ်းများ လှုပ်ခတ်သွားတာကို ငေးမောကြည့်နေလိုက်သည်။

"ခုနက မြန်မာဝတ်စုံတွေအတွက် ရှော့ပင်းထွက်လာတာလို့ ပြောတယ်နော်…ကိုယ်လိုက်ပြီးအကူအညီပေးလို့ရမလား"

"ရတာပေါ့…အရင်တော့ လမ်းညွှန်နဲ့ပဲ ကားတစ်စီးငှားပြီး လျှောက်ဝယ်တာ…ဒီက"

"ထွဋ်ခေါင်ဦး"

"ကိုထွဋ်ခေါင်လို့ခေါ်ရင် အဆင်ပြေပါတယ်နော်"

"သူဇာသဘောပါ"

"အင်း…ကိုထွဋ်ခေါင်က ဒရိုင်ဘာလည်းလုပ်၊ ဂိုဒ်လည်း လုပ်ပေးမယ်ဆိုရင် သူဇာက အဲဒီကျေးဇူးကို မမေ့ပါဘူး"

"အိုကေပါဗျာ…ကိုယ်က ကျေးဇူးအတင်ခံချင်နေတာ"

"ဒါဆို သူဇာ ဗီဇာထပ်တိုးမှဖြစ်မယ်ထင်တယ်။ ဧည့်ဝတ်ကျေပွန်လောက်ပဲဆိုရင် သူဇာက ကျေးဇူးမတင်တတ်ဘူး"

"ကိုယ်ဖိရင်ဖိ စောင့်ရှောက်ပေးမှာပါ"

"အဟွန်း"

ကိုယ့်ရဲ့အပြောမှာ သူဇာ ဟွန့်ခနဲ တစ်ချက်ပြုံးသွား၏။ ထိုအပြုံးမှ ယောကျ်ားတွေ ကြွေဆင်းသွားလောက်အောင် ညှို့ဓာတ်တွေ အများကြီးပါသည်ဆိုတာ သဘောပေါက်လိုက်သည်။

အသစ်အဆန်းအဖြစ်နှင့် ရင်မှာ လှုပ်လှုပ်ခတ်ခတ် ငြိသွား၏။ ဒါပေမဲ့ ရင်ထဲထိအောင်မရောက်တဲ့ အပျော်ပဲဆိုတာ ကိုယ့်ကိုယ် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိသည်။ ဘယ်လိုမိန်းမမှ ကိုယ့်ရင်ထဲကို မရောက်နိုင်ပါ။

ရင်ထဲမှာ သိပ်သည်းနက်ရှိုင်းစွာရှိနေခဲ့သောအရာက ဘယ်လိုမှ ဘယ်တော့မှ ပျောက်ဖျက်လို့ရမှာမဟုတ်။

ဒါကို ဘယ်သူမှ မသိသော်လည်း…





## အခန်း (၁၇)

"ဖြူဖြူစင်"

"ဟင်…အော်…ပိုင်ပိုင်"

အတွေးများနှင့် ဖြူဖြူစင်မျက်နှာလေးက ညှိုးနွမ်းနေ၏။ သူရောက်လာတာကိုတောင် တအံ့တသြမဖြစ်ဘဲ မျက်လွှာလေးချထားသည်။ သူက ခုံလွတ်မှာ ဝင်ထိုင်ပြီး ခပ်မဲ့မဲ့ ပြုံးလိုက်ကာ-

"ဦးထွန်းခေါင်ဦး…မလာဘူးမဟုတ်လား"

"အင်း…အလုပ်ကိစ္စကြောင့် ညှိသည်နဲ့ တွေ့ရမှာ၊ အရေးကြီးလို့တဲ့…နင့်ကို လာကြိုဖို့လွှတ်လိုက်မယ်လို့ အခုပဲ ဖုန်းဆက်တယ်။ နင် ရောက်လာတာ မြန်လှချည်လား။ ဘယ်ကနေ လာတာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“အဟင်း…နှင် အတော်ပိန်းသေးတာပဲ ဖြူစင်ရယ်… ဦးထွန်းခေါင်ဦးက နှင့်ကို လာမတွေ့နိုင်တာ ဘယ်ရောက်နေပြီထင်လို့လဲ”

“သူ့ကုမ္ပဏီမှာပဲ ရှိမှာပေါ့။ အလုပ်ကိစ္စကြောင့် ဧည့်သည်နဲ့ တွေ့ရမှာ အရေးကြီးလို့လို့ ပြောတာပဲ”

“သူ ဒီဟိုတယ်ထဲမှာရောက်နေပြီ”

“ဘာ”

“နှင့်ကို ဖုန်းဆက်တဲ့အချိန်က ဒီဟိုတယ်ရှေ့မှာ မိန်းမတစ်ယောက်နဲ့တွေ့နေတာ။ အခုတော့ အခန်းတစ်ခုတည်းမှာရှိမှာပေါ့”

“ဟင်”

“ဦးထွန်းခေါင်ဦးက အဲဒီလိုလူစားမျိုးပဲ ဖြူစင်…လုပ်ငန်းကိစ္စကြောင့် နှင့်ဆီ မလာနိုင်တာမဟုတ်ဘူး။ မိန်းမတစ်ယောက်နဲ့တွေ့လို့ အဲဒီမိန်းမကို ဖွန်ကြောင်ဖို့အတွက် နှင်တစ်ယောက်တည်း ယောင်တောင်တောင် စောင့်နေမယ်မှန်းသိရဲ့နဲ့ ဥပေက္ခာပြုထားတာ”

“သူ့အပေါ် မကောင်းမြင်စိတ်တွေ လျှော့လိုက်ပါလား ပိုင်ပိုင်”

“ဘာပြောတယ် ဖြူစင်”

သူပြောတာကို မယုံကြည်ဘဲ သူ့ကို ပြန်ပြီးတုံ့ပြန်လိုက်တာကြောင့် သူ ကြောင်တောင်တောင် အမှင်တက်သွားရသည်။ ဖြူစင်က အင်္ကျီကို ဆွဲဆန့်၊ ခါးကို ခပ်မတ်မတ် ပြင်ထိုင်၍-

“သူက စီးပွားရေးလုပ်ငန်းကြီးသမား၊ အကြောင်းကိစ္စ အရေးကြီးတာတွေရှိမှာပဲ…ကျန်တဲ့အချိန်တွေ ငါ့မိသားစုကိုရော ငါ့ကို





ရော ဂရုစိုက်တာ၊ စောင့်ရှောက်တာ ငါ အသိဆုံး။ နှင် သူ့ကို ဘာလို့ မနှာလိုဖြစ်ပြီး တိုက်ခိုက်နေတာလဲ။ သူ့ကို အကောင်းမမြင်စေချင်ဖြစ်နေတာလဲ ပိုင်ပိုင်”

“ဖြူစင်…ငါ”

ဘယ်လိုမှ ပြောမထွက်။ ဦးထွန်းခေါင်ဦးက ငါ့အဖေ…ငါ့အမေကို သတ်တဲ့လူကြီးလို့ ဘယ်လိုပြောပြရမလဲ။

ငါ နှင့်ကိုချစ်လို့ ဦးထွန်းခေါင်ဦးကို မပေးနိုင်ဘူးလို့ ဘယ်လိုပြောရမလဲ။

“ပိုင်ပိုင် ငါ ပြန်တော့မယ်…လိုက်ပို့”

“နေ…နေပါဦး ဖြူစင်၊ နှင် ဘယ်လိုလုပ်မှာလဲ…ဘယ်လိုဆုံးဖြတ်မှာလဲ”

“ဆုံးဖြတ်ပြီးသားကိစ္စကို ငါ ဘာထပ်ပြီး ဆုံးဖြတ်ရဦးမှာလဲ။ ငါ့အတွက် ပြင်ဆင်စရာမရှိတော့ဘူး။ အစ်ကိုကြီးက တစ်မိသားစုလုံး ပြည့်စုံကောင်းစားမှာကို ငါတစ်ယောက်က အနစ်နာခံမပေးနိုင်ဘူးလားတဲ့။ ဆိုက်ကားအငှားနင်းနေရင်းက ကိုယ်ပိုင်ကားနဲ့ဖြစ်မယ်၊ တိုက်နဲ့တာနဲ့နေရမယ်၊ တစ်သက်လုံး မျှော်မှန်းလို့မရတဲ့ဘဝမျိုးနဲ့ နေရမှာကို ငါ မက်မောတမ်းတလို့ မဟုတ်ပေမယ့် မိသားစုအတွက်”

“နှင် တစ်သက်လုံး ပျော်ရမှာမို့လား ဖြူစင်…မိသားစုအတွက်ဆိုပြီး နှင့်ဘဝကို ရင်းရမှာတန်လို့လား”

“ငါ့မိသားစုအတွက် ငါ ဘာပဲဖြစ်ဖြစ် နှင်နဲ့ ဘာဆိုင်လို့လဲ ပိုင်ပိုင် နှင် ဘာလို့ ဒီလောက်တောင် ငါ့ကိစ္စတွေကို ဝင်ပါနေရတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို ချစ်လို့…ချစ်လို့ပါ ဖြူစင်"

"ဟင်…ပိုင်ပိုင်"

သူမ အံ့ဩသွားမိရင်း မျက်ခုံးလေးပင့်ကာ သက်ထွန်းပိုင်ကို မော့ကြည့်မိ၏။ ရိုးသားစွာနေလာခဲ့ကြပြီးမှ အခု ဘာကြောင့် ဒီစကားမျိုးကို အလွယ်ပြောထွက်လိုက်တာပါလဲ။

စဉ်းစားရင်းဖြင့် အံလေးကြိတ်မိကာ မျက်ရည်တွေ ဝဲတက်လာခဲ့သည်။

"ဘာလို့လဲ…ဖြူစင်၊ နင်ငါ့ကို မယုံလို့လား"

"နင် ငါ့ကို အထင်သေးလို့ ဒီစကားကို လွယ်လွယ်ပြောထွက်လိုက်တာမဟုတ်လား ပိုင်ပိုင်"

"ဘာကိုလဲ…ချစ်တယ်လို့ပြောမိတာကိုလား…ငါ တကယ် နင့်ကို"

"မဟုတ်ပါဘူး…နင် ငါ့ကို တကယ်ချစ်ခဲ့တယ်ဆိုရင် အဲဒီစကားကို အရင်ကတည်းက ပြောခဲ့မှာပေါ့။ အခုက အသက်ကြီးကြီး သူဌေးတစ်ယောက်ကို အမိဖမ်းနေတယ်ထင်လို့"

"မဟုတ်ဘူး…မဟုတ်ဘူး…ဖြူစင် ငါ နင့်ကို အထင်မသေးပါဘူး။ နင် ဘာကြောင့် ဒီလိုဆုံးဖြတ်ရတယ်ဆိုတာ ငါ နားလည်နေတာပဲ"

"နားလည်တယ်ဆိုရင် နင် ဘာလို့တားဆီးနေတာလဲ။ ဝိတ်ပင်နေရတာလဲ ပိုင်ပိုင်…ဒီကိစ္စတွေမှာ နင် ဝင်မပါရင်တောင် ငါ ဒီလောက် ခံစားရမှာမဟုတ်ဘူး။ အခု နင် ငါ့ကို လုံးဝ အထင်သေး





ရှုတ်ချပြီး"

"ဖြူစင်…တော်…တော်ပါဟဲ့…နင် ငါ့အချစ်ကို မယုံကြည်ရင်နေပါ။ အထင်တော့မလွဲလိုက်ပါနဲ့။ ငါ့အချစ်ကရော နင့်အတွက် အဲဒီလောက်တောင် အထင်သေးစရာကောင်းနေလား ဖြူစင်…ငါက ဦးထွန်းခေါင်ဦးလို မပြည့်စုံလို့"

"နင် ဘာလို့ အဲဒီဦးထွန်းခေါင်ဦးနဲ့ပဲ နှိုင်းယှဉ်နေရတာလဲ။ သူ့ကို နင် ဘာလို့ ပြိုင်ဘက်တစ်ယောက်လို သဘောထားနေတာလဲ ပိုင်ပိုင်။ တကယ်ဆို သူ့ထက်အရင် နင်နဲ့ငါ အနေရင်းနှီးခဲ့ကြတာပါ။ အဲဒီအချိန်တွေတုန်းကတော့ သူငယ်ချင်းလိုပဲ သဘောထားခဲ့ပြီး အခု ဘာလို့ နင့်စိတ်တွေ ပြောင်းလဲသွားတာလဲ။ ငါ့ကို တွေဝေအောင် မလုပ်ပါနဲ့။ မိသားစုအတွက် ငါ့စိတ်တွေကို မနည်းတင်းခံထားရတာပါ။ နောက်ပြန်လှည့်ချင်အောင် အချစ်တွေနဲ့ မဖြားယောင်းပါနဲ့ဟာ"

ဒီလောက်ဆိုလျှင် ဖြူစင်စိတ်ကို သူနားလည်လိုက်သည်။ သူမလည်း သူ့အပေါ် စိတ်ယိုင်နေခဲ့သည်လို့ ဝန်ခံလိုက်တာပဲမဟုတ်ပါလား။ သူ မချင့်မရဲဖြစ်လာလျက် သူမလက်ဖျားလေးတွေကို တွေးဆုပ်ကာ ကိုင်လိုက်မိသည်။

"ငါ တစ်ခုပဲ တောင်းဆိုပါရစေ ဖြူစင်…ဦးထွန်းခေါင်ဦးရဲ့ ပေးကမ်းရက်ရောမှုတွေကို အားနာပြီး နင့်ဘဝကိုတော့ အစွန်းထင်း မခံလိုက်ပါနဲ့။ ဒီလူကို အချိန်ဆွဲပြီး စောင့်ကြည့်ပါဦး။ ဒီလူဟာ လူကောင်းတစ်ယောက် မဟုတ်ဘူးဆိုတာ ငါ ကျိန်ပြောရဲပါတယ်။ ဒီစကားဟာ ဒီလူကို ငါ မနာလိုလို့ ပြောတဲ့စကားမဟုတ်ဘူး။ နင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် လက်တွေ့သိလာအောင် ငါ လုပ်ပြမယ်"

"ပိုင်ပိုင်"

"ထ…အခု ဦးထွန်းခေါင်ဦး ဘယ်သူနဲ့ ဘယ်နေရာမှာရှိနေတယ်ဆိုတာ ငါ လိုက်ပြမယ်"

ဖြူဖြူစင်လက်ကိုဆွဲကာ ခေါ်လာခဲ့သည်။ ဟိုတယ်ရဲ့ အပေါ်ထပ် စားသောက်ခန်းမအတွင်းမှာ မိန်းမတစ်ယောက်နှင့်အတူ ရှိနေသော ဦးထွန်းခေါင်ဦးကို ဖြူဖြူစင် မြင်သာအောင် ခန်းဆီးစလေး ဆွဲကာ ပြလိုက်၏။

အရယ်အပြုံး အညှုအခရာများဖြင့် မိန်းမတစ်ယောက်ကို နှူးနှပ်နေသော ဦးထွန်းခေါင်ဦးအပြုအမူများက ရွံစရာပင်။

"တွေ့ပြီလား ဖြူစင်…ငါက နင့်ကို အိမ်ရောက်အောင်လိုက်ပို့ပြီးရင် သူတို့နှစ်ယောက် သွားမယ့်နေရာတွေကို ကားနဲ့လိုက်ပို့ရဦးမှာ။ ငါ နင့်အတွက် ရင်တွေနာလွန်းလို့…မခံမရပ်နိုင်ဖြစ်လွန်းလို့"

"ပိုင်ပိုင်… နင် ဘာမှမပြောပါနဲ့တော့ဟာ…ငါ ပြန်တော့မယ်"

သက်ထွန်းပိုင်ရှေ့ကနေ သုတ်ခနဲ လှည့်ထွက်လာခဲ့သည်။ သူမ ဘာကြောင့်များ ဒီလိုလူမျိုးနှင့် လာခုံတွေ့ရတာလဲ။ အရင်ဘဝက မပြည့်စုံပေမယ့် အေးချမ်းခဲ့သည်။

အခု ဦးထွန်းခေါင်ဦးရဲ့ ရက်ရောမှုတွေက ဘာအတွက်လဲ။ သူမကို ပိုင်ဆိုင်ချင်တာဆိုရင်လည်း ဒီလိုကိစ္စမျိုးတွေ မရှိသင့်။ တန်ဖိုးမထားနိုင်ဘူးဆိုလျှင် ဘာလို့ အမေနှင့်အစ်ကိုကြီးဆီမှာ မျှော်လင့်ချက်





မက်လုံးတွေ၊ ကတိတွေ ပေးနေရသေးလဲ။

ပိုင်ပိုင်…နင်ကရော ငါ့ကို ချစ်တယ်တဲ့လား။ အလိုလိုမှ ငါ့စိတ်တွေက တွေပြားနေရတာပါ။ တွေဝေအောင် မဖြားယောင်းပါနဲ့။ နဂိုကမှ ငါ့အသည်းတွေက ယိုင်နဲ့နဲ့ပါ။ အချစ်က ငါနဲ့မထိုက်သေးလို့…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"အဲဒါဘာပြောတာလဲ ဖြူစင်...ဦးကို ရှင်းအောင်ပြော"

"အဲဒီနေ့က ဖြူစင့်ကို ဘာလို့ညာတာလဲ။ အလုပ်ကိစ္စနဲ့ ညည်သည့်ကို တွေ့ရမယ်ဆိုပြီး ဟိုတယ်ထဲကို ရောက်လာရဲ့နဲ့ ဖြူစင်ကို ပြန်ခိုင်းခဲ့တယ်"

"အဲဒါ ဦး ဘာညာလို့လဲ ဖြူစင်...တကယ်ကို ဧည့်သည်နဲ့ တွေ့နေတာမို့ ဖြူစင်ကို ပြန်ခိုင်းရတာပါ။ အချိန်က မြန်မယ်ကြာမယ် မသိရတော့ ဖြူစင်ကို စောင့်ခိုင်းရမှာ အားနာလို့ပါ။ ဦး တကယ် ပြောတာ"

"ဒါဆို ဧည့်သည်က အမျိုးသမီးလား...အမျိုးသားလား"

"အမျိုးသမီးပါ"

"ဟင်"





ဒါဆို ဦးထွန်းခေါင်ဦး လိမ်ညာနေတာမှမဟုတ်တဲ့။ အမှန်တရားတွေ ပြောနေတော့ သက်ထွန်းပိုင်ပဲ လုပ်ကြံစွပ်စွဲလေသလားလို့ သံသယဝင်ရမလို ဖြစ်သွားခဲ့လေသည်။

စကားသံတွေ မကြားရတာမို့ လုပ်ငန်းကိစ္စလား၊ တခြားအကြောင်းကိစ္စပြောနေတာလားဆိုတာမှ မသိရတာ။

"အဲဒီနေ့က တစ်နေ့လုံး ဖြူစင်ကို ပြန်မဆက်သွယ်ဘူးနော်"

"ဩော်...ဖြူစင်လေးက ဦး ဆက်သွယ်မှာကို စောင့်နေခဲ့တာလား။ ဒါကြောင့် ဖြူစင်လေး ဒေါသဖြစ်နေတာကိုး...ဆောရီးပါကွာ၊ ဦး အလေးအနက် တောင်းပန်ပါတယ်။ အဲဒီဧည့်သည်က ဒီနိုင်ငံသား မဟုတ်ဘူး။ လုပ်ငန်းကိစ္စတွေနဲ့ ဗီဇာနဲ့လာတာဆိုတော့ ဧည့်ဝတ်လည်း ကျေပေးရတယ်။ လုပ်ငန်းကိစ္စတွေလည်း တိုင်ပင်ရတယ်။ တစ်နေကုန် သူ့ကိစ္စတွေ လိုက်လုပ်ပေးနေရတာနဲ့ အိမ်ပြန်ရောက်သွားတော့ စိတ်ရောလူရော ပန်းသွားပြီ။ အဲဒါနဲ့ ဖြူစင်ဆီကိုလည်း ဖုန်းမဆက်ဖြစ်တော့တာပါ"

"ဒါဆို ဘာတွေကမှားနေတာလဲ"

"ဟင်...ဖြူစင် ဘာပြောလိုက်တာလဲ"

"ဩော်...ဘာ...ဘာမှမဟုတ်ဘူး"

သက်ထွန်းပိုင်ပြောတာတွေ အတွေးရောက်သွားလို့ပါ။ ဘာလို့ သူမနှင့်ဦးထွန်းခေါင်ဦးကြားမှာ သွေးတိုးစကားတွေ ပြောနေရတာလဲ။

သူမကို ချစ်တာကြောင့် ဦးထွန်းခေါင်ဦးကို မယုံကြည်စေချင်၊ အထင်လွဲစေချင်နေတာများလား။ ဒါကြောင့်ပဲဆိုလျှင်တော့ ဦးထွန်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဦးကို ဒီလောက်ထိ မတိုက်ခိုက်သင့်ဘူးဟု ထင်မိသည်။

ဦးထွဋ်ခေါင်ဦးအကြောင်းကိုပြောတိုင်း သက်ထွဋ်ပိုင် မျက်ဝန်းတွေထဲမှာ မုန်းပြီးစိမ်းမျက်နေသလားလို့ပါ။

"ဖြူစင်"

"ရှင်...ဟုတ်ကဲ့"

"ဦး ပြောထားတဲ့ကိစ္စ ဖြူစင့်ဆီက အဖြေရဖို့ ဦး ဘယ်လောက်ကြာကြာ စောင့်ရဦးမှာလဲ"

"ဟို...နေ...နေပါဦး။ ဖြူစင်စိတ်က လက်ထပ်ဖို့ဆိုတာတွေ လက်...လက်ခံဖို့ အဆင်သင့်မဖြစ်သေးလို့ပါ"

"ဘာတွေ တွေးကြောက်နေတာလဲ ဖြူစင်...ဖြူစင့်အမေရော အစ်ကိုရော ဒီကိစ္စ သဘောတူလက်ခံနေပြီ၊ အမေကတော့ အခုနောက်ပိုင်း ဖြူစင် ဘာပြောထားလို့လဲမသိဘူး။ သမီးနဲ့သာ အဆင်ပြေအောင် ညှိနှိုင်းပါတဲ့။ သမီးကို ဖွတ်အတင်းကြီး တိုက်တွန်းတာမျိုး မလုပ်ချင်ဘူးတဲ့"

"အဲဒါက"

"ဦး နားလည်တယ်၊ အသက်အရွယ်ကွာဟတဲ့အပေါ်မှာ ဖြူစင် တွေဝေနေတာမဟုတ်လား။ ဦးက အဲဒီလောက်တောင် အရွယ်မတင်ဘူးလား ဖြူစင်"

"မဟုတ်ပါဘူး။ ဖြူစင်စိတ်ထဲမှာ အိမ်ထောင်ပြုဖို့"

"ဦး ဒီထက်ပိုပြီး ဘာတွေထပ်ဖြည့်ဆည်းပေးရဦးမလဲ ဖြူစင်"

"ဦးဆီက လိုချင်တာတွေရှိသေးလို့ ဖြူစင် အချိန်တွေဆွဲနေတာ





မဟုတ်ပါဘူး။ အခု ဦး ပေးထားတဲ့အကူအညီတွေကိုလည်း ဖြူစင် မမက်မောပါဘူး။ မိသားစုအဆင်ပြေနေတာကိုတော့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့..."

"ဘယ်လောက်ထိ ထပ်စောင့်ပေးရဦးမှာလဲ"

အတင်းအကျပ်လိုဖြစ်နေတာကြောင့် ဖြူစင်စိတ်တွေ ရှုပ်ထွေးနောက်ကျိလာသည်။ သက်ထွဋ်ပိုင်ကြောင့်ပဲ သူမ တွေဝေနေမိတာပါ။

အခုမှပဲ သူမကို ချစ်တယ်လို့ ပြောလာရသလား။ ဟိုအရင်ကတည်းက ဖွင့်ပြောခဲ့လျှင် မိသားစုကိုတောင် ငဲ့ကွက်မိပါ့မလားမသိပေ။

"ဖြူစင်....ဦး မေးတာကြားရဲ့လား"

"ဟုတ်...ဟုတ်ကဲ့"

"ဦးကို ဘာတွေမယုံကြည်စရာများရှိနေလဲ။ ဦး တစ်ခုတော့ ပြောထားမယ်။ ဦးမှာ ဦးကို လက်ထပ်ချင်တဲ့အမျိုးသမီးတွေ ဝိုင်းဝိုင်းလည်နေတာပါ။ ကြွားတာတော့ မဟုတ်ဘူး။ အလှစုံက အမျိုးသမီးတွေကို ဦး ဘယ်သူ့ကိုမှ လက်ထပ်ဖို့ စိတ်မကူးခဲ့ဘူး။ အဲဒါ ဘာကြောင့်လဲဆိုတော့ သေသွားတဲ့ ဦးရဲ့မိန်းမနဲ့ ကတိသစ္စာတွေရှိခဲ့လို့ပဲ။ လက်မထပ်ခင်မှာ ဘုရားတစ်ဆူကိုသွားပြီး ဦးတို့ သစ္စာရေ အထိသောက်ပြီး သစ္စာပြုခဲ့ကြတယ်"

"ဒါဆို ဘာလို့"

"အနှစ်နှစ်ဆယ်ကျော်အထိ အဲဒီသစ္စာတရားတွေကို ဦး စောင့်ထိန်းခဲ့ပြီးပါပြီ။ သေတဲ့အထိလည်း အဲဒီသစ္စာတရားတွေကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်ထိန်းသွားချင်ပါတယ်။ ဒါပေမဲ့ ဦးအသက်က တဖြည်းဖြည်း အိုမင်းရင့်ရော်လာပြီ။ အခုချိန်ထိ ဦး ကြိုးစားရှာဖွေစုဆောင်းလာခဲ့ ပစ္စည်းဥစ္စာတွေ ဘယ်သူ့အတွက် ထားခဲ့ရမလဲ။ အိုနာကျိုးကန်းဖြစ်တဲ့ အချိန် ဦးကို ဘယ်သူစောင့်ရှောက်မလဲ။ ဒါတွေအတွက် ဦး တွေးမိလာတော့ အိမ်ထောင်ပြုဖို့ လိုအပ်လာတယ်လို့ ထင်မိတယ်"

"ဟုတ်…ဟုတ်ကဲ့"

"ပြည့်စုံတဲ့မိန်းမကိုယူပြီး ဦး ဘာလုပ်ရမှာလဲ။ ဦးက တဏှာ ရာဂနဲ့ လက်ထပ်ချင်တာမှမဟုတ်တာ။ ထားခဲ့ချင်တာ။ ဦး ပိုင်ဆိုင် သမျှတွေကို ဦးကို ယုံကြည်မယ်၊ အားကိုးမယ့်သူတွေဆီမှာ ထားခဲ့ ချင်တာ။ အဲဒီအပေါ်မှာ ဦး တောင်းဆိုချင်တာတစ်ခုပဲ ရှိပါတယ်။ ဦး အိုနာကျိုးကန်းဖြစ်တဲ့အချိန် စေတနာနည်းနည်းလေးနဲ့ ပြုစုစောင့် ရှောက်ပေးရုံလေးပါပဲ"

တောင့်တမှုက လောဘတွေမပါ။ မျက်ရည်ပါကျလောက်သည် ထိ သူမစိတ်တွေ နုံးချိသွားရလေသည်။ ဒီစကားတွေကြောင့်ပဲ အမေနဲ့ အစ်ကိုကြီးက သူမကို တိုက်တွန်းခဲ့ကြတာ။ သူမရဲ့ တွေဝေမှုကြောင့် အမေကတော့ အခုနောက်ပိုင်း သမီးရဲ့သဘောပါပဲလို့ ဖြေသိမ့်ခဲ့သည်။

အစ်ကိုကြီးကတော့ ဒီလိုမဟုတ်။ သက်တွင်ရှိပိုင်ကြောင့်မဟုတ် လားဟု စွပ်စွဲမှုတွေဖြင့် မူးပြီး သောင်းကျန်းပြောဆိုမှုတွေ ရှိခဲ့သည်။

သူမ ဘာလုပ်ရမှန်းပင် မသိတော့ပေ။

"ဖြူစင့်ကို အချိန်နည်းနည်းပဲပေးပါ။ ဖြူစင် သိပ်မကြာခင် ဆုံးဖြတ်ချက်ချနိုင်မှာပါ"





"ကောင်းပြီလေ…ဦး ဖွတ်မလောပါဘူး။ ဒီလိုကိစ္စမျိုးဆိုတာ ဆုံးဖြတ်ချက်မှားသွားလို့မှ မဖြစ်တာ။ ဒါပေမဲ့ အချိန်တွေ သိပ် တန်ဖိုးရှိတယ်ဆိုတာတော့ မမေ့စေချင်ဘူး"

"ဟုတ်ကဲ့ပါ…ဖြူစင် နားလည်ပါတယ်"

"ကဲ…ဒါဆို ဖြူစင် ပြန်လိုက်တော့လေ။ လင်းညို့ကိုတော့ လိုက်ပို့ခိုင်းလို့ ရတော့မှာမဟုတ်ဘူး။ ဦး တခြားသွားစရာကိစ္စလေး တွေ ရှိနေတယ်။ တက္ကစီငှားခိုင်းပြီးပဲ ပြန်ပို့လိုက်တော့မယ်နော်။ ဖြူစင် အစ်ကိုကလည်း အော်ဒါနဲ့ နယ်ရောက်နေတယ်ဆိုတော့"

"ဟုတ်ကဲ့… အစ်ကိုကြီးကားက မော်လမြိုင်ဘက် ကားအော်ဒါပါသွားပါတယ်။ အဲဒီလိုအလုပ်အကိုင်ကောင်းရှိနေတဲ့ အတွက် အစ်ကိုကြီး အရက်သိပ်မသောက်ဖြစ်တော့တာတော့ ဦးကို တကယ် ကျေးဇူးတင်မိပါတယ်"

"အဲဒီကျေးဇူးတွေ ပြန်အဆပ်ခံချင်နေပြီ ဖြူစင်…ဦး လောဘ ကြီးပြီး ဖွတ်တောင်းဆိုနေတာတော့ မဟုတ်ပါဘူး"

"ဟုတ်…ဟုတ်ကဲ့ပါ…ဦး"

"အဟင်း… လင်းညို့ကို ဖုန်းဆက်ခေါ်လိုက်မယ်နော်။ ဒီကောင် အပြင်မှာရှိတယ်။ သူ့ကို ကားငှားခိုင်းလိုက်မယ်"

"ရှင်"

လင်းညို့ အပြင်မှာရှိနေသည်ဆိုလျှင် သူမတို့ပြောနေတာတွေ အားလုံး ကြားသွားနိုင်သည်ပေါ့။ လင်းညို့ ဝင်လာသည့်အခါမှာတော့ မျက်နှာတွေပူလို့ သူမ ဘယ်လိုနေရမှန်းပင် မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"လင်းညို့…ကားရပြီလား"

"ဟုတ်ကဲ့"

"ဖြူစင်ကို တက္ကစီကားနားအထိ လိုက်ပို့လိုက်ပါ။ ပြီးရင် မင်း ပြန်လာ…သွားစရာရှိတယ်"

"ဟုတ်ကဲ့"

မျက်နှာလေးငံ့ချကာ သက်ထွန်းပိုင် ရှေ့ကထွက်လာခဲ့ရသည်။ ရှက်ရွံ့ထူပူမှုများနှင့် သူမခြေလှမ်းတွေ ခပ်သုတ်သုတ်ဖြစ်နေမှာပါ။

"ဖြူစင်"

သက်ထွန်းပိုင်က သူမလက်ကို ဖျက်ခနဲ လှမ်းဆွဲလိုက်တာမို့ သူမခြေလှမ်းတွေ တုံ့ခနဲ ရပ်တန့်သွားရသည်။

"ဖြူစင်…နင် အဲဒီလူကြီးပြောတဲ့စကားတွေ မယုံနဲ့။ ကူလီ ကူမာ ကလိမ်ကကျစ် အလိမ်အညာစကားတွေ ပြောနေတာ။ သူ့မိန်းမ နဲ့ ဘာကတိစကားမှ မပြောခဲ့၊ ဘာသစ္စာမှ မဆိုခဲ့ဘူး။ သူ ပိုင်ဆိုင်တာ တွေ နင့်ကို ပေးချင်လို့ဆိုတာလည်း မဟုတ်ဘူး"

"နင်က ဘယ်လိုလုပ်သိတာလဲ"

"ဟင်"

"နင် ငါ့ကိစ္စတွေကို ဝင်မပါပါနဲ့တော့ ပိုင်ပိုင်…ငါ့မိသားစု အတွက် ငါ့ဘဝ ငါ ဆုံးဖြတ်ပါရစေ။ မှားသွားရင် ငါ မှောက်အိပ် လိုက်မယ်။ မိသားစုအတွက်မို့ ငါ နောင်တရမှာမဟုတ်ဘူး"

"ဟင့်အင်း…ဖြူစင်၊ နင် အဲဒီလူကြီးကို မယူရဘူး။ လက်မထပ်ရဘူး။ ဘယ်လိုမှမဖြစ်ဘူး…အဲဒီလူကြီးက"





"တော်ပါတော့…ရပ်ပါတော့။ နင် ငါ့ကိုချစ်လို့ ဦးထွန်းခေါင် ဦးကို ရန်လိုတိုက်ခိုက်ချင်နေတာဆိုလည်း နင် အဲဒါ နင့်ရဲ့အလုပ်ရှင်၊ ထမင်းရှင်ကို ပြစ်မှားနေတာ၊ စော်ကားနေတာနဲ့ အတူတူပဲ။ ဒီလောက် တောင် သူ့အပေါ် မလိုမုန်းထားနေရင် သူ့ဆီက အလုပ်ထွက်လိုက်ပါ လား။ သူ့ကို မမြင်ရ၊ မတွေ့ရမယ့်နေရာမှာ နေပါလား"

"ငါ…ငါက"

"နေခဲ့လိုက်တော့ ပိုင်ပိုင်…ငါ့ဘာသာ တက္ကစီငှားသွားတော့ မယ်"

ဖြတ်လာသည့် တက္ကစီကိုတား၍ ဖြူစင် တက်လိုက်သွားသည်။ သက်ထွန်းပိုင် ငူငိုင်စွာ ကျန်ရစ်ခဲ့ရင်း လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။

ဦးထွန်းခေါင်ဦးအပေါ် အငြိုးတွေ ထပ်တိုးရင်းဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"ခင်ဗျားတို့အခြေအနေ ဘယ်အဆင့်ထိရောက်သွားပြီလဲ"

"တရင်းတနှီးပါပဲ။ မင်းရဲ့လူက ရက်ရောတာလေးတွေရှိပေမယ့် တွန့်တိုတာလေးတွေလည်း များတယ်။ ဒီထက်ပိုပြီး ပတ်သက်ချင်တာ မဟုတ်ရင် တို့ဘာမှလုပ်လို့ရမှာမဟုတ်ဘူး"

"ဒီလူက ဒီလောက်ခက်ခဲတဲ့သူ မဟုတ်ပါဘူး။ ခင်ဗျားမှာ ပညာတွေ၊ သမ္မာတွေရှိတယ်ဆို။ အဲဒါတွေ အသုံးမချရသေးဘူးလား"

"မင်းလူက တို့ထက် သမ္မာရင့်ပြီး ကျမ်းကျေနေတယ်။ အမိဖမ်း ရဖို့ဆိုရင် အချိန်စောင့်ဖို့လိုတယ်။ မင်းက အဲဒီကိစ္စအောင်မြင်ရင် တို့ကို ဘာပေးမှာလဲ"





"ကျွန်တော် ပေးနိုင်သလောက်ဆိုရင် ခင်ဗျား ဘယ်လောက်ရမှာလဲ ဒေါ်သုဇာ။ အဲဒီလူကိုရရင် အဲဒီလူပိုင်ဆိုင်သမျှ ခင်ဗျားအတွက် ချည်းပဲဥစ္စာ။ ခင်ဗျား မခန့်မှန်းနိုင်လောက်အောင် များပြားတဲ့ ပစ္စည်းဥစ္စာတွေ၊ ဂုဏ်ရနေတွေ ခင်ဗျား မသေခင် ပျော်ပျော်ကြီး စံစားသွားလို့ရတယ်။ ခင်ဗျား သူ့ကို ပြန်ပေးရမှာက"

ဒေါ်သုဇာ သဘောပေါက်ကာ နှုတ်ခမ်းလေးလှုပ်ရှုံပြုံးလိုက်သည်။ ခဏနေတော့ နှုတ်ခမ်းတစ်ဖက် မဲ့ကျသွားခဲ့ပြီး-

"ဒီလိုကျမ်းကျေပြီးသားလူကြီးကို အမိဖမ်းဖို့က မင်း ပထမ စီစဉ်ထားတဲ့အတိုင်းဆို မလွယ်ဘူး။ တို့နောက်ကြောင်းကို စုံစမ်းမိသွားတာနဲ့ အားလုံး သဲထဲရေသွန်ဖြစ်ပြီးသားပဲ။ ငါတို့ကျင်လည်နေတဲ့ ဘဝက ယောကျ်ားတစ်ယောက်ကို အဲဒီလိုလုပ်ပြီး အပိုင်ယူလို့မဖြစ်တာ မင်းလည်း သိသားပဲ။ အပျော်ဖြေခံသက်သက် နိမ့်ကျတဲ့ဘဝမျိုး၊ သိပ်ပြီး ရင်နာစရာကောင်းတယ်"

"ပျော်မွေ့လို့ ကျင်လည်နေတဲ့ဘဝကို အခုမှ ရင်နာနေရလား၊ အဲဒါကြောင့် ကျွန်တော့်ကို ကျေးဇူးတင်သင့်တယ်လို့ ပြောတာပေါ့"

ဒေါ်သုဇာ လှပစွာ ပြုံးလိုက်ပြန်၏။ သက်တွင့်မှုပိုင်ကို အဓိပ္ပာယ် ပေါင်းများစွာနှင့် မျက်လုံးလှန်ကြည့်လိုက်ပြီး-

"မင်းရဲ့ကြိုးပမ်းမှုဟာ ငါ့ဘဝအတွက် နောက်ဆုံးအခွင့်အရေးကောင်းပါပဲ။ ငါ့ရဲ့အလှတွေနဲ့ ငါ့ဘဝကို ပျော်သလို အသုံးချနေခဲ့တာ ကြာပြီ။ ငါက ကာမဂုဏ်ပျော်ပါးရတာ ဝါသနာပါတယ်။ ဒါကြောင့်လည်း မိဘဆွေမျိုးအသိုက်အဝန်းရဲ့ စွန့်ပစ်ခြင်းကို ခံခဲ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



မိဘဆွေမျိုးအသိုက်အဝန်းကို စိတ်ဆင်းရဲအောင်၊ အရှက်ရအောင် လုပ်ခဲ့မိတဲ့အတွက် အဲဒီအပြစ်ဒဏ်ကို ငါ ခံရတော့မယ်။ ငါ လူ့လောကမှာ နေဖို့ နောက်ထပ် ခြောက်လပဲကျန်တော့တယ်။ ဒါပေမဲ့ ငါ့အလှက ကြည့်မကောင်းလောက်အောင် ယိုယွင်းပျက်စီးမနေသေးဘူး မဟုတ်လား”

“ဆေးကောင်းဝါးကောင်းသုံးပြီး စိတ်ချမ်းသာသာနေမယ်ဆိုရင် ခင်ဗျား သက်တမ်းစေ့လည်း နေနိုင်ပါတယ်”

“အေး…မင်းရဲ့အားပေးစကားတွေကြောင့် ငါ ဒီကိစ္စကို လက်ခံခဲ့တာ။ စိတ်ပျော်ရွှင်လို့လားမသိဘူး။ ကျန်းမာရေးလည်း တော်တော်ကောင်းလာတယ်။ ဒါပေမဲ့ ငါ့ခန္ဓာကိုယ်ထဲကနေတော့ ဒီရောဂါဆိုးက ဘယ်တော့မှ ထွက်သွားတော့မှာ မဟုတ်ဘူး”

“အဲဒီအတွက် တစ်ယောက်ယောက်ကိုတော့ ခင်ဗျား မျှဝေပေးနိုင်မှာပါ။ ခင်ဗျားရောဂါတွေ ဟုတ်တယ်နော်။ ခင်ဗျား အဖော်ရအောင် ကျွန်တော်က စေတနာနဲ့ ကူညီနေတာ”

“ဟား…ဟား…ဟား…ကောင်လေး…မင်းကို ခေါင်းသန်းညွှန့်က ငါ့ကို မိတ်ဆက်ပေးတော့ ကျေးဇူးတင်ရမှန်းမသိသေးဘူး။ ငါ့မှာ ရောဂါရှိပြီဆိုကတည်းက ငါ ဘယ်သူနဲ့မှ မဆက်ဆံဘဲနေခဲ့တာ။ ဝါသနာကြီးပေမယ့် ငါတို့လောကမှာလည်း စည်းစောင့်ရတယ်။ ဒါပေမဲ့ မင်းပြောတော့ ငါ ပျော်သွားတယ်။ ဘာ… အဖော်ရအောင် မင်း စကားလုံးလေးလှတယ်။ ဒါနဲ့ မင်းကို တစ်ခု မေးရဦးမယ်။ မင်း ဘာလို့ အဲဒီလူကို အဲဒီလိုဖြစ်စေချင်တာလဲ”





“အဲဒီမေးခွန်းမျိုးကိုလည်း ခင်ဗျား စည်းစောင့်သင့်တယ်”

သူ ခပ်တင်းတင်း ပြောပစ်လိုက်ပေမယ့် ဒေါ်သူဇာက အပြုံးမပျက်ပေ။ ဒီမိန်းမ အသက်သုံးဆယ်ကျော်အရွယ်ဆိုပေမယ့် ပါရမီအခံကြောင့် နှစ်ဆယ်ကျော်အရွယ်လောက် နုပျိုဖျတ်လတ်လှပနေတုန်း။ ယောက်ျားသားတွေကို ဆွဲဆောင်သိမ်းသွင်းနိုင်တုန်းပါ။ သူ့ပခုံးကို ဖျတ်ခနဲ လှမ်းပုတ်လိုက်ရင်း–

“တို့…စိတ်ဝင်စားလို့ပါ။ တချို့က မိသားစုအတွက် ရာဇဝင်ကြွေးရှိခဲ့တယ်လူဆိုရင် စီးပွားပြိုင်ဘက် မာန်မာနပြိုင်ဘက်အနေနဲ့ တိုက်ခိုက်ကြတယ်။ အငြိုးနဲ့ သတ်ချင်လည်း သတ်ပစ်တတ်ကြတယ်။ မင်းကတော့ အနီးကပ်နေပြီးမှ တမြေ့မြေ့ သူ့ကို လောင်မြိုက်ပြီး သူ့ရဲ့ကျဆုံးခန်းကို ကြည့်ချင်တာဆိုတော့ အရမ်းထူးဆန်းမနေဘူးလား”

“အဲဒီလူက ကျွန်တော့်အမေကို သတ်ခဲ့တဲ့လူ”

“ဘာ”

“မိန်းမတွေကို တန်ဖိုးမထားတတ်ဘူး။ အချစ်ကို တန်ဖိုးထားရမှန်းမသိဘူး။ အဲဒီမိန်းမတွေ၊ အဲဒီအချစ်တွေနဲ့ ဒဏ်ပြန်ခတ်တာကို ခံသင့်တယ်။ မိန်းမတွေဆိုတာ သူ ဆော့ကစားစရာ၊ သူ လှောင်ပြောင်စရာမဟုတ်ဘူးဆိုတာ သူ သိသွားစေရမယ်။ အချစ်ကို တန်ဖိုးမထားချင်ရင်၊ အချစ်နဲ့ဝေးရာကို နေသင့်တာမဟုတ်ဘူးလား။ ပြီးတော့”

“ဆက်ပြောလေ”

မျက်ရည်တွေဝဲတက်မလာအောင် အံတစ်ချက်ကြိတ်ကာ မှိုသိပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း-

"သူက သွေးသားကိုလည်း တန်ဖိုးထားရမှန်းမသိ၊ တာဝန်ယူရမှန်းမသိတဲ့လူပဲ။ အဲဒီအတွက် ဒီအပြစ်ဒဏ်တွေနဲ့ ထိုက်တန်ပါတယ်ဗျာ။ ငွေကြေးတွေ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အဲဒီချမ်းသာပြည့်စုံမှုနဲ့ အလဲအထပ်လုပ်လို့ မရ၊ ကုလို့မရတဲ့ရောဂါတွေရပြီး သူဗုန်းဗုန်းလဲကျသွားမှ မိသားစုတန်ဖိုး၊ ဇနီးမယား၊ သားသမီးရဲ့တန်ဖိုးကို သူ နားလည်မှာ"

"ငါက သူ့အနားမှာ ဘယ်လောက်ထိနေရမှာလဲ"

"ခင်ဗျား ဘယ်လောက်ထိနေနိုင်မှာလဲ"

"သူ ငါ့ကို ဘယ်အချိန်ထိ လက်ခံမယ်လို့ မင်း ထင်လဲ"

အပြန်အလှန် မေးခွန်းများဖြင့် မရေရာစွာ ထရပ်ပြီး အပြင်ကို အဓိပ္ပာယ်တွေမဲ့စွာ ငေးမောဖြစ်သွား၏။ ခဏကြာမှ သက်ပြင်းတစ်ရှိုက်ဖြင့် ဒေါ်သူဇာဘက် ပြန်လှည့်ဖြစ်ကာ-

"ဦးထွဋ်ခေါင်ဦးက ဒီလိုကိစ္စမှာ အညှာလွယ်တယ်ဆိုတာ ကျွန်တော် သိတယ်။ အဆင်ပြေမယ့်နေ့ကျရင် ကျွန်တော် အဆင်သင့်ဖြစ်နေရမယ်"

"မင်း ကင်မရာတစ်လုံးနဲ့ အမိဖမ်းခံမယ့်လူလို့ ထင်နေလားကောင်လေး"

"ဂုဏ်သိက္ခာနဲ့ အရှက်ရှိတဲ့သူက လူကိုမယူတောင် နှစ်နာကြေးတော့ ထိုက်ထိုက်တန်တန် ပေးလိုက်မှာပါ။ ခင်ဗျားအတွက် အရှုံးမှမရှိဘဲ။ လူကိုပါ ယူချင်ဆိုရင်တော့ ခင်ဗျား ဒီထက်ပို့ပြီး နူးနူးညံ့ညံ့





ကိုင်တွယ်တတ်မှဖြစ်လိမ့်မယ်"

"ဟင်း…ဟင်း…ငါ့အတွက် ဒါတွေက ပါးပါးလေးပါ။ မင်းပြောသလို လူကိုမပိုင်တောင် ငါ သွားရမယ့်လမ်းမှာ အဖော်အဖြစ်ပါလာမယ်ဆို မခိုးပါဘူး။ သာသာယာယာ ငြိမ့်ငြိမ့်ညောင်းညောင်းလေး သွားလို့ရတာပေါ့"

သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။ ဦးထွဋ်ခေါင်ဦးရဲ့ နေဝင်ချိန်ကို သူ လှမ်းမြင်နေရ၏။ သိပ်မဝေးတော့သော ဦးထွဋ်ခေါင်ဦးရဲ့အနာဂတ်က ဘယ်လိုမှ လှပနိုင်တော့မှာမဟုတ်။

နောက်ဆုံးအချိန်တွေရောက်မှ သားဆိုတာကို တောင့်တလာခဲ့ရင်…

ပြီး



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၀)

"မြေးလေး…ဝယ်လာတာတွေ များလှချည်လားကွယ်။ ဘာလို့ ဒီလောက်တောင် ဆေးတွေရော၊ စားစရာတွေရော၊ အဝတ်အစားတွေရော ဝယ်လာရတာလဲ"

ပါလာသည့်အထုပ်အပိုးတွေ ကိုင်ကြည့်ရင်း အဘွားက ပြောနေသည်။ သူက အဘွားပါးကို ရွှတ်ခနဲ နမ်းလိုက်ပြီး-

"သား လစာထုတ်လို့ ဝယ်လာတာပဲ အဘွားရယ်…အိမ်မှာ လိုအပ်နေတာလည်း သား သိတာပဲ"

"အေး…ပွဲရုံကလည်း လက်လီတောင် ရောင်းအားကျနေတော့ မောင်ကျော်လင်းလည်း အဘွားတို့ကို ငွေကောင်းကောင်းရှာမပေးနိုင်ဘူး။ ပွဲရုံကို အငှားထားလိုက်တာက တော်ဦးမယ်လို့ ပြောတယ်။





ဒါပေမဲ့ ကိုယ့်ဆီမှာ လုပ်ခလစာ ဘယ်လောက်လေးပဲရရ အနစ်နာခံ သည်းခံလုပ်နေတဲ့ ဝန်ထမ်းတွေအတွက် ပြန်စွေးပေးရဦးမယ် မဟုတ်လား"

"ဒါပေမဲ့ အဘွားရယ်…လုပ်ငန်းက လည်ပတ်မှုမရှိဘဲ ရသမျှ ဝင်သမျှ ဝန်ထမ်းတွေအတွက်ပဲဖြစ်နေတာ။ စာရင်းငှားထားလိုက်တာ ကောင်းပါတယ်။ သူတို့လည်း ဒီထက်ဝင်ငွေကောင်းတဲ့ ရှာလို့ရတာပေါ့"

"မြေးလေးက ဒီအလုပ်ကို ကြိုးစားလိုက်ရင် ကောင်းမှာကွယ်။ ဘိုးဘွားအမွေလေးကို ကြိုးစားရင် ဖြစ်နိုင်ပါသေးတယ်"

"အစက ပြန်ကြိုးစားရမှာ။ သူများထက် နောက်ကျကျန်ခဲ့မှာပဲ အဘွား…လုပ်ငန်းတစ်ခု အောင်မြင်ဖို့ဆိုတာ ရင်းနှီးမြှုပ်နှံမှုက အရေးကြီးဆုံးပဲ။ သား ဝါသနာလည်း မပါလို့ပါ အဘွား။ အဘိုးနဲ့ အဘွားကို သား ခွန်အားနဲ့ ကောင်းကောင်းလုပ်ကျွေးနိုင်ပါတယ်။ အခု သား လစာနှစ်သိန်းအပ်ပါတယ်။ အဘိုးနဲ့အဘွားကို သား ထိုင်ပြီး ကန်တော့မယ်နော်"

သူ ငွေနှစ်သိန်းကို အဘွားလက်ထဲထည့်၍ ထိုင်ကန်တော့လိုက်သည့်အချိန်မှာ အဘိုးရောအဘွားရော မျက်ရည်ဝဲနေကြသည်။

"မြေးလေးရယ်…လစဉ်ကန်တော့နေတာ မြေးလေးအတွက်လည်း စုဆောင်းထားဦးမှပေါ့"

"သားအတွက်က ဘာလိုအပ်မှာလဲ အဘွားရယ်။ အဝတ်အစား အသုံးအဆောင်ဆိုတာလည်း တစ်ခါတစ်ရံမှ ဝယ်ရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း မြေးအမေရဲ့ နှစ်ပတ်လည်ကုသိုလ်လုပ်ဖို့အတွက် သုံးရတာပေါ့ကွယ်။ မြေးလေး ကုသိုလ်ရတာပေါ့နော်…မြေးလေး"

"သား အသက်နှစ်ဆယ့်သုံးကျော်ပြီဆိုတော့ မေမေသေတာ နှစ်ဆယ့်တစ်နှစ်ပြည့်မှာပေါ့နော်"

"ဟုတ်တယ် မြေး…မြေးလေးအမေဆုံးတာ နှစ်ဆယ့်တစ်နှစ်ပြည့်တော့မယ်။ အဲဒီနေ့ကျရင် မြေးလေး အလုပ်က ခွင့်ယူလို့ရရင် ကောင်းမှာပဲ။ မြေးလေးပါ ဆွမ်းတရားနာလို့ရတာပေါ့"

"ဟုတ်ကဲ့…သား ခွင့်ယူကြည့်ပါ့မယ် အဘွား"

"ဘာလိုလိုနဲ့ သမီးဆုံးတာ နှစ်နှစ်ဆယ်တောင်ကျော်ပြီပဲ။ ငါ ကတော့ မနေ့တစ်နေ့ကလိုပဲ အောက်မေ့နေတာ"

ယောက်ျားကြီးတန်မယ့် ဝမ်းနည်းစွာပြောရင်း အဘိုးမျက်ရည်ကျလာကာ အဘွားကပါ မျက်ရည်စမ်းစမ်းဖြစ်လာတော့ သူလည်း စိတ်မကောင်းဖြစ်ရသည်။ မေမေ့ကို တစ်နေ့မှ မေ့မထားခဲ့ကြပေမယ့် ဒီလိုအချိန်ဆိုလျှင်တော့ မျက်ရည်ပါ မဆယ်နိုင်ကြပေ။

ဦးထွဋ်ခေါင်ဦးကတော့ အမုန်းတွေ၊ အငြိုးတွေနှင့် သတ်ခဲ့သည့် သူတစ်ယောက်မို့ သေသောသူ ကြာရင်မေ့ဆိုသလို သတိတောင် ရုံးဝ ရမှာမဟုတ်ပေ။ အဘွားတို့ရှေ့ မျက်ရည်မကျချင်တာမို့ သူ့အခန်းထဲကို ဝင်လာခဲ့သည်။

"မေမေ"

မေမေ့ဓာတ်ပုံကို ပုံကြီးချဲ့ကာ မှန်ဘောင်သွင်းပြီး နံရံမှာ ချိတ်ဆွဲထားတာမို့ သူ မော့ကြည့်ကာ လက်အုပ်ချီရှိခိုးလိုက်သည်။ မဟာဆန်





ကာ လှပလွန်းသော မေမေ။ မျက်လုံး မျက်ခုံး၊ မျက်နှာကျကအစ ကျက်သရေရှိလွန်းလှ၏။

ရိုးယဉ်သော မြန်မာဝတ်စုံဖြင့် စိတ်ထားမွန်မြတ်လွန်းလှသည့် မေမေ့ကို ဦးထွဋ်ခေါင်ဦး ဘယ်လိုအမုန်းတွေနှင့်များ သတ်ပစ်ရက်ရ တာပါလဲ။

"ဒီလူဗျာ…မေမေ့ကို"

အံကိုကြိတ်ရင်း လက်သီးကို ဆုပ်မိပြန်၏။ ရင်ထဲမှာ အဆမတန် နာနာကျင်ကျင် ခံစားနေရ၏။ ရက်စက်တတ်သော ဒီယောက်ျားကို မေမေ့အသက်ကိုပေးကာ ချစ်သွားခဲ့သည်။

တစ်နေ့နေ့တော့ မေမေ့ကို ဘာကြောင့်သတ်ရတာလဲလို့ သား မေးဖြစ်အောင် မေးမှာပါ မေမေ။ သူ မိန်းမတွေနဲ့ လွတ်လွတ်လပ်လပ် မပျော်ပါးရလို့ပါလို့ သူ ဖြေမှာတော့ သိနေခဲ့ပါတယ်။

နှစ်နှစ်သားအရွယ်လေးဆိုတာ မိခင်ရင်ခွင်မှာ ခိုဝင်ချွဲနွဲ့နေရမယ့် အချိန်လေးမဟုတ်လား။ သားကျောင်းနေရတဲ့အရွယ်မှာလည်း မိဘမဲ့ မို့ မျက်နှာငယ်ခဲ့ရပါတယ်။

အဘိုးအဘွားမေတ္တာငွေ့နဲ့ပဲ သား ကြီးပြင်းခဲ့ရတာ။ အဲဒီလူ ကြောင့်…

မေမေ့ကို သတ်ခဲ့တဲ့ အဲဒီလူကို သား ဘယ်တော့မှ ခွင့်မလွှတ် ဘူး မေမေ။ တစ်သက်လုံး ခွင့်မလွှတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၁)

"ထွန်းမင်း…ထွန်းမင်း၊ ဟဲ့"

နောက်က အမှီပြေးလိုက်လာရင်း ပခုံးပုတ်ကာ ခေါ်လိုက်မှ ထွန်းမင်းက အံ့သြတကြီး လှည့်ကြည့်လာကာ–

"သြော်…ဖြူစင်၊ နင် အလုပ်က ပြန်လာတာလား…ဒီဘက်ကို"

"အေး…နင်နဲ့ တွေ့လိုတွေ့ငြား ဒီဘက်က လှည့်လာတာ"

"ငါ့ကို တွေ့ချင်လို့လား"

"အင်း…မေးစရာလေးရှိလို့ပါ။ အအေးဆိုင် ခဏထိုင်ရအောင် လေ…အချိန်ရလား ထွန်းမင်း"





"ရတာပေါ့ဟ…ငါတို့ မတွေ့တာကြာပြီ။ အခုတလော သက်ထွဋ်ပိုင်နဲ့တောင် မတွေ့ဖြစ်ဘူး။ နင်နဲ့ရော တွေ့သေးလား"

ဖြူဖြူစင် ခေါင်းညိတ်ခေါင်းခါ မလုပ်သေးဘဲ အအေးဆိုင်ထဲ ဝင်ထိုင်လိုက်ကြသည်။ ထွန်းမင်းက ခပ်နွမ်းနွမ်းဖြစ်နေသည့် ဖြူစင် မျက်နှာကို အကဲခတ်ပြီး–

"ဖြူစင်…နင် ငါ့ကို မေးစရာရှိတာလား…ပြောစရာရှိတာ လား"

"နှစ်ခုလုံးပဲ"

"အအေးသောက်မှာလား…မှာလေ"

"ထိုင်ပြီးမှတော့ ကုတ်တစ်ဘူးလောက်တော့ မှာလိုက်ပါ။ ဖန်ခွက်နဲ့ သောက်မယ်မဟုတ်လား"

ခေါင်းညိတ်ပြလိုက်တော့ ကုတ်ဘူးကို မှာပြီး ဖန်ခွက်ထဲ၌ ပိုက်ပါတပ်ပေးလိုက်သည်။ ဖြူဖြူစင်က ပိုက်တံလေးကိုကိုင်ကာ မွှေနေသော်လည်း စိတ်အာရုံတွေဆီက အအေးဖန်ခွက်ဆီမှာ မရှိပါ ခဏနေမှ

"ပိုင်ပိုင် နင့်ကို ဘာပြောသေးလဲ"

"နင့်အကြောင်းလား…သူ့အကြောင်းလား"

"သူ့အကြောင်း သပ်သပ်ပြောစရာရှိလို့လား"

"ဟို…ဒီလိုပါ"

"သူ ငါ့ကို"

"ချစ်တယ်လို့ ပြောတာလား"

"နင့်ကို တိုင်ပင်သေးလား"



www.burmeseclassic.com

www.burmeseclassic.com



"သူမှာ ပြောစရာဆိုလို့ နှင်နဲ့ငါပဲရှိတာ။ နှင့်အကြောင်းကိုတော့ ငါ့ကို တိုင်ပင်တယ်။ အဲ..မဟုတ်ဘူးဟ၊ အသိပေးတာပေါ့။ နှင်က ဘာလို့"

"ငါ့အကြောင်းပြောတယ်ဆို...ဦးထွဋ်ခေါင်ဦးနဲ့ပတ်သက်တာကိုပါ နှင် သိနေမှာပေါ့"

"အဲဒီဦးထွဋ်ခေါင်ဦးဆိုတာ"

သက်ထွဋ်ပိုင် အဖေပါလို့ ပြောမထွက်။ သက်ထွဋ်ပိုင်က မပြောစေချင်တာထက် လူသတ်ကောင်တစ်ယောက်ကို သူငယ်ချင်း သက်ထွဋ်ပိုင်အဖေပါလို့ ပြောမထွက်ပေ။ ဆွံ့အ,နေခြင်းကို ဖြူဖြူစင်က အဓိပ္ပာယ်ကောက်လွဲလျက်-

"နှင့်ကို အသိပေးထားတယ်ဆိုရင် အဲဒီအကြောင်းလည်း ပါမှာပါ။ ငါ ဦးထွဋ်ခေါင်ဦးနဲ့ လက်ထပ်တော့မယ်"

"ဘာ...ဦးထွဋ်ခေါင်ဦးကို ဒီလို ဆုံးဖြတ်ချက်ချပြီးပြီဆိုတာတော့ မပြောရသေးပါဘူး။ ဒါပေမဲ့ ပိုင်ပိုင်ကိုတော့ ကြိုအသိပေးသင့်တယ်လို့ ထင်တယ်။ သူ အလကားသက်သက် မျှော်လင့်နေမှာစိုးလို့"

"နှင်...နှင့်ဆုံးဖြတ်ချက် ပြင်လို့မရတော့ဘူးလား"

"ဘာဖြစ်လို့လဲ"

"ပိုင်ပိုင်က နှင့်ကို ချစ်တယ်လို့ပြောထားတယ်မဟုတ်လား။ သူ နှင့်ကို တကယ်ချစ်တာပါ"

"သူ့အချစ်က ငါ့မိသားစုရဲ့ဘဝတွေကို ပြေလည်အောင် လုပ်





မပေးနိုင်တာ"

"နှင့်ဆန္ဒက"

"ငါ ပိုင်ပိုင်ကို ချစ်တာပေါ့"

"ဟင်"

"အချစ်က ကိုးကွယ်လို့ရရင် ကောင်းမယ်။ အားကိုးလို့ရရင် ကောင်းမယ်။ ဟိုအရင်ကတည်းက ချစ်တယ်လို့ပြောခဲ့ရင် ဦးထွဋ်ခေါင်ဦးနဲ့ ဒီအခြေအနေထိ ရောက်လာချင်မှရောက်လာမှာ"

"သူ နှင့်ကို တကယ်ချစ်ခဲ့လို့ မပြောခဲ့တာပါ။ သူ့မှာ တခြားကိစ္စတွေ ရှိနေလို့"

"ငါ ထင်ပါတယ်"

"ဘာကိုလဲ"

"ဦးထွဋ်ခေါင်ဦးနဲ့ကိစ္စတွေဖြစ်လာမှ သူ မနာလိုသဝန်တိုပြီး ငါ့ကို ဖွင့်ပြောလာတာ။ မဟုတ်ရင် သူ ငါ့ကို ဒီအချိန်ထိလည်း ဖွင့်ပြောသေးမှာ မဟုတ်ဘူး"

"မဟုတ်သေးဘူး"

"ဘာကို မဟုတ်သေးတာလဲ"

ဘာပြောရမှန်းမသိ။ အခြေအနေက သက်ထွဋ်ပိုင်အတွက် လုံးဝကံမကောင်းနိုင်။ အမှန်တရားတွေကို သက်ထွဋ်ပိုင် သိစေချင်မှာ မဟုတ်ပေ။

"နှင် ပိုင်ပိုင်ကို ချစ်တယ်ဆို၊ ဘာလို့ သူ့ကို ထားခဲ့ဖို့တွေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မိသားစုအတွက် သူ ဘာလုပ်ပေးနိုင်လဲ၊ မလုပ်ပေးနိုင်တာကို ငါက ကျေနပ်နိုင်တယ်။ သူ့အချစ်ကလွဲရင် ကျန်တာတွေ မမျှော်လင့်ဘူးလို့လည်း စိတ်ကူးယဉ်အချစ်နဲ့ ချစ်နိုင်တယ်။ ဒါပေမဲ့ ငါ့မိသားစုက ကျေနပ်ပါ့မလား။ မိသားစုလေးယောက် အဆင်ပြေသာသာယာယာနေနိုင်ဖို့အတွက် ငါတစ်ယောက်က အနစ်နာခံပေးသင့်တယ်လို့ တိုက်တွန်းနေကြတယ်။ ငါက အချစ်ကို ကိုးကွယ်လိုက်မယ်ဆိုရင် သူတို့ ဘာဖြစ်သွားမလဲ"

"ဖြူစင်"

"ပြော"

"ပိုင်ပိုင်က"

"အင်း"

"ဦးထွဋ်ခေါင်ဦးရဲ့"

"ထွန်းမင်း…နင် ဘာဖြစ်နေတာလဲ။ ငါ့အပေါ်ကို မပွင့်လင်းတာတွေ၊ ထိန်ချန်ထားတာတွေ ရှိနေသလိုပဲ။ ပိုင်ပိုင်ကိုလည်း ငါ အံ့သြတယ်။ ဦးထွဋ်ခေါင်ဦးအပေါ် လိုအပ်တာထက် ပိုပြီး ရန်လိုနေတယ်။ တိုက်ခိုက်ချင်နေတယ်လို့ ငါ ထင်တယ်"

"အကြောင်းအရင်းတွေ ရှိလိမ့်မယ်လို့ရော နင် မထင်ဘူးလား"

"ဘာအကြောင်းအရင်းလဲ"

"အဲဒါကို…ငါ"

အအေးခွက်ဆီ အာရုံပို့လိုက်၏။ ပြောလို့မရသည့်အကြောင်း





အရင်းတွေကြောင့် လူကို တုံ့ဆိုင်းတွေဝေစေ၏။ ဖြူဖြူစင် မကျေမနပ် အားမလိုအားမရ ဖြစ်သွားသည်။ အအေးတွေကို ပိုက်တံလေးက တစ်ဆင့် ရင်ထဲထိအေးလိုအေးငြား ဖွတ်အတင်းမျိုချနေ၏။

"ဖြူစင်"

"ပြောစရာမရှိရင် ပြန်တော့မယ်။ နင်ကတစ်ဆင့် ငါ ဦးထွဋ်ခေါင်ဦးကို လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း ပိုင်ပိုင်ကို အသိပေးလိုက်ပါ။ ငါကိုယ်တိုင် ပြောရမှာ မျက်နှာပူပြီး အားနာလို့"

"နင် စဉ်းစားပါဦးလား"

"ဆုံးဖြတ်တောင်ပြီးနေပြီ…ဘာကို စဉ်းစားရဦးမှာလဲ။ ငါ့မိသားစု၊ ငါ့အခြေအနေ နင်တို့သိပါတယ်။ ငါ မျှော်ရှင်ကြည်နူးပြီး လက်ထပ်ရမယ့်အိမ်ထောင်ရေးမျိုး မဟုတ်ပေမယ့် မိသားစုတွေ စိတ်ချမ်းသာရမယ်ဆိုရင် ငါ တစ်သက်လုံး နောင်တရဖြစ်မှာ မဟုတ်ဘူး"

"ဦးထွဋ်ခေါင်ဦးက မိန်းမရှုပ်တဲ့ပွေတဲ့သူဆို… ဘယ်မိန်းကလေးတစ်ယောက်ကိုမှ အတည်လက်ထပ်မယူခဲ့ဘူး"

"ပိုင်ပိုင် ပြောတာမဟုတ်လား။ အဲဒီကိစ္စအမှန်ဆိုရင်လည်း ငါ့ကံတရားပါပဲ။ ဒါကြောင့်မို့ဆိုပြီး ငြင်းလိုက်ရင် ငါ့မိသားစုပဲ နစ်နာမှာ"

"ဟူး"

သက်ပြင်းတွေကြောင့် ခန္ဓာကိုယ်တစ်ခုလုံးတောင် လေးလံသွား၏။ ဖြူစင် ပြန်သွားတော့ သက်ထွဋ်ပိုင်ဆီ ဖုန်းဆက်ဖြစ်၏။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းပြောပြဖြစ်တော့ သက်ထွန်းပိုင်ဘက်က တက်ခေါက်သံ အကျယ်ကြီး ကြားလိုက်ရ၏။

ဖြူဖြူစင်ကို မကျေနပ်လို့တော့ မဟုတ်နိုင်ပေ။

"မင်း ငါ့ကို လာတွေ့ဦးမလား ပိုင်ပိုင်"

"ငါ မအားဘူး။ ဦးထွန်းခေါင်ဦးကို မိန်းမတစ်ယောက်စီ လိုက်ပို့ရမယ်။ အဲဒီမိန်းမက"

"ငါ သဘောပေါက်ပြီ၊ ဘယ်အခြေအနေထိ ရောက်နေပြီလဲ"

"ဤခရီး နီးပြီပေါ့ကွာ…ဒါပေမဲ့ ဦးထွန်းခေါင်ဦးက ပရမ်းပတာတော့ မဟုတ်ဘူး။ အထိန်းအသိမ်းနဲ့ အကွေ့အကောက်က များလွန်းတယ်။ အဲဒါကြောင့် ရောက်ချင်တဲ့ခရီးက မပေါက်ဘဲ ကြန့်ကြာနေတာ"

"အဲဒီမိန်းမကို စိတ်မဝင်စားလို့များလား"

"မေမေနဲ့ အနီးစပ်ဆုံးတူတဲ့သူဆိုတော့ စိတ်မဝင်စားစရာ အကြောင်းတော့ မရှိပါဘူး။ ဆိုလိုတာက စိတ်ဓာတ်နဲ့ကိုယ်ကျင့်တရား ကို ပြောတာမဟုတ်ဘူး။ ဝတ်စားဆင်ယင်တာ မိန်းမဆန်တယ်။ ပြီး တော့ ကျက်သရေရှိတဲ့ အလှတရား၊ သိတတ်တဲ့အရွယ်မဟုတ်လို့ ထိတွေ့ခံစားမှု မရှိခဲ့ဘူးဆိုပေမယ့် ဓာတ်ပုံထဲမှာ မြင်နေရတဲ့ မေမေ့ရဲ့ အလှတရားတွေနဲ့ အနီးစပ်ဆုံး မိန်းမတစ်ယောက်ကို ထိထိရောက် ရောက်ဖြစ်အောင် ငါ ရှာပေးခဲ့တာပဲ။ အဆင်မပြေစရာတော့ မရှိပါ ဘူး"

"မင်းရည်ရွယ်ချက်နဲ့ မင်းတော့ ဟုတ်နေတာပဲ"





"ဖြူစင်နဲ့ပတ်သက်တော့ ငါ့ရဲ့စိတ်တွေ ပိုပြီးပြင်းထန်လာ တယ်။ အဲဒီမိန်းမနဲ့ အမြန်ဆုံး ငြိတွယ်ပြီး သူ့ရောဂါရသွားမယ်ဆိုရင် သူ့ရဲ့နောက်ဆုံးအချိန်တွေမှာ မေမေ့ကို တမ်းတလာမယ်။ ငါ့ကို တောင့်တလာမယ်။ မိသားစုဆိုတာ ဘာလဲလို့ တောင့်တလာရင် နောင်တရလာရင် ငါ ကျေနပ်ပြီ"

"အပြစ်ဒဏ်ခတ်တာ များလွန်းမနေဘူးလားကွာ။ ဒီအတိုင်း တစ်ခါတည်း သတ်ပစ်လိုက်တာက တော်ပါသေးတယ်။ ဒီရောဂါရရင် လူတောမတိုး လူဖြစ်ရှုံးသွားမှာ"

"အခု သူက လူသတ်ပြီး ထောင်ကျခဲ့တာတောင် မော်ကြွား နေတာ။ မေမေ့ကို သတ်ပစ်ခဲ့ပြီး ငါ့ကို ဥပေက္ခာပြုပြီး အဲဒီလိုနေသင့် သလား။ အဲဒီလို ပျော်နေသင့်သလား"

"ထောင်ထဲမှာ သူ အပြစ်ဒဏ်တွေခံခဲ့ပြီးပြီပဲ။ ဒီအတိုင်းထား မယ်ဆိုလည်း ထားလိုက်လို့ရပါတယ်။ မင်း အပြီးတကြီး လုပ်နေတာ တွေက ငရဲမှာ ပြန်ခံရမှာ။ ငါ စိုးရိမ်လို့ ပြောနေတာ"

"ထွန်းမင်း…မင်း ငါ့ကို ကိုယ်ချင်းစာကြည့်ပါကွာ။ အမေ့ကို သတ်ခဲ့တဲ့ ဒီအဖေကို ငါက တခြားမိန်းမတွေနဲ့ ဆက်သွယ်ပေးရတယ်၊ ချိန်းပေးရတယ်။ တခြားအမျိုးသမီးတွေရဲ့မိသားစုတွေ ပြဿနာရှာမှာ ကို ကာကွယ်ပေးရတယ်။ သူ တခြားမိန်းမတွေနဲ့ ပျော်ပါးတာကို သက်တော်စောင့်လုပ်ပေးရတယ်။ ငါ့အမေမဟုတ်တဲ့ တခြားမိန်းမတွေ ကို ချစ်တယ်လို့ပြောတာ ငါ့နားနဲ့ ဆတ်ဆတ်ကြားနေရတယ်။ မင်း ငါ့နေရာကဝင်ပြီး ခံစားကြည့်စမ်းပါ။ ရင်တစ်ခုလုံး စုတ်ပြဲသတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခန္ဓာကိုယ်တစ်ခုလုံး ကြွေပြန့်နေပြီ။ အဖေဆိုတဲ့ခံစားချက် ဘယ်နေရာမှာသွားထားရမလဲ”

ထွန်းမင်း အသံတိတ်ကျသွားလျက် မျက်ရည်ဝဲမိ၏။ ဟုတ်မှာပဲလို့ ဖြေသာရုံလောက်မဟုတ်။ ထပ်တူခံစားမိလျက် ကိုယ်ချင်းစာကာနာကျင်စွာ ခံစားလိုက်ရသည်။ မင်း မမှားပါဘူး ပိုင်ပိုင်…မင်း မမှားပါဘူးကွာ။





## အခန်း (၂၂)

“သူ့ခွေးရော အမေလှ”

“ရောက်ကတည်းက သူ့အခန်းထဲဝင်သွားတာ ပြန်ထွက်မလာတော့ဘူး။ ညစာလည်း မစားတော့ဘူးပြောတယ်။ လသာဆောင်မှာတော့ အရုက်ပိုင်းပြင်ခိုင်းထားတယ်။ သူ့မိန်းမ နှစ်ပတ်လည်နှီးတိုင်း အဲဒီအတိုင်းပါပဲ”

“ဗျာ”

“သန့်ဘက်ခါဆိုရင် သူ့မိန်းမသေတာ ဘယ်နှနှစ်ရှိပြီလဲမသိဘူး။ နှစ်ပတ်လည်နေ့လေ…ဒီနေ့ကစပြီး ဘယ်မှမထွက်တော့တဲ့ ဖန်းအဆက်အသွယ်တွေဖြတ်ပြီး လသာဆောင်မှာ အရက်သောက်မယ်။ ဘယ်သူမှ ဝင်ခွင့်ထွက်ခွင့် မရှိ။ သန့်ရှင်းရေးလုပ်ခွင့်မရှိတဲ့ အခြံတမ်း



www.burmeseclassic.com

www.burmeseclassic.com



သော့ပိတ်ထားတဲ့ အခန်းထဲကိုဝင်မယ်။ အချိန်တော်တော်ကြာရင် ပြန်ထွက်လာပြီး လသာဆောင်မှာ ပြင်ထားတဲ့အရက်ဝိုင်းမှာ အရက်သောက်မယ်။ တစ်ယောက်တည်း စကားတွေပြောချင်ပြောမယ်။ ငိုချင်ငိုမယ်။ ပြီးရင် အခန်းထဲဝင်မယ်။ သုံးလေးရက်လောက်တော့ မအိပ်မစားဘဲ ဒီအတိုင်းနေဦးမှာပဲ။ နောက်ဆုံး အိပ်ရာထဲလဲမှ အမေလှတို့က မနေသာလို့ ဆရာဝန်ခေါ်ဆေးကု အဲဒီလိုလုပ်ရတာ။ နှစ်ပေါင်းမနည်းတော့ဘူး”

“ဘာအတွက် အဲဒီလိုလုပ်တာလဲ”

“မသိဘူးလေ။ အဲဒီအချိန် ဘယ်သူမှ သူ့အနားမကပ်ရဘူး။ မနေရဘူး။ အရက်ပုလင်း ကုန်သွားလား၊ အမြည်းတွေ ရှိသေးလား ဘာထပ်လုပ်ပေးရဦးမလဲဆိုတာ ကိုဘထွန်းကို စောင့်ကြည့်ခိုင်းရတယ်။ လိုအပ်တာလုပ်ပေးဖို့ပေါ့။ ဒါတောင် အဲဒီနားမှာနေတာ မကြိုက်ဘူးနော်။ အလိုက်တသိ မနေတတ်ရင်တော့ ပြဿနာရှာတော့တာပဲ။ သူ့မိန်းမကို အတော်ချစ်ရှာတယ် ထင်ပါတယ်”

ဒီစကားကိုတော့ သူ မယုံ။ နှစ်ပတ်လည်နေ့မို့ အမှတ်တရ ရှိချင်ရှိနိုင်ပေမယ့် အမုန်းအငြိုးတွေဖြင့် အပြစ်တွေပဲ ပြောချင်ပြောနေမှာပါ။ သူ သတ်ခဲ့တာကို နောင်တမရဘဲ ထောင်ကျခဲ့ရတာကို မကျေမနပ် ဖြစ်ချင်ဖြစ်နေပေလိမ့်မည်။ သူ့နှုတ်ခမ်းတစ်ဖက် မဲ့သွားမိလျက်–

“ဧနီးမယားကို ချစ်တဲ့ယောက်ျားတစ်ယောက်က ကိုယ့်မိန်းမကိုယ် သတ်ပစ်လောက်အောင်ထိ ရက်စက်ရက်ပါ့မလား အမေလှရဲ့။





ပြီးတော့ အပျော်မယားတွေရော ထားပါ့မလား။ နောင်တဆိုတာမျိုး ရှိခဲ့ရင်တောင် သူ့သားကိုတော့ သူ ရှာရမှာပဲလေ။ အမွေတို့၊ ပိုင်ဆိုင်မှုတို့ဆိုတာလည်း စာရင်းထဲမှာတောင်မရှိဘူး”

“ဒါ လင်းညို့ ဝေဖန်ရမယ့်ကိစ္စ မဟုတ်ဘူး။ သူ့အကြောင်းနဲ့သူရှိခဲ့မှာပေါ့ လင်းညို့ရဲ့။ အမေလှတို့တောင် အတူနေခဲ့တာဆိုပေမယ့် အကုန်သိခဲ့ရတာ မဟုတ်ဘူး။ ပြောရရင် နောက်နောင်က အကြောင်းတွေလည်း ပါခဲ့မှာပဲ”

“အတိတ်ဆိုတာ လူကလုပ်တဲ့ ကံတရားပါ အမေလှ။ မကောင်းတာလုပ်ရင် မကောင်းတဲ့အရိပ်က ကိုယ့်နောက်လိုက်လာမှာပဲ။ သူ မကောင်းမှုပြုခဲ့ရင် အဲဒီအပြစ်ဒဏ် ခံကိုခံရမှာပဲ။ အခု သူက အဲဒါတွေကို မခံစားဘဲ အပျော်စည်းစိမ်တွေ စံစားနေတာ တရားသလား”

ဦးထွန်းခေါင်ဦးအကြောင်းပြောတိုင်း သူ့စိတ်တွေကို မထိန်းနိုင်။ အမေလှက သူ့ကို သံသယမျက်လုံးများနှင့် ကြည့်လာခဲ့ရင်း–

“လင်းညို့ကို အမေလှ တစ်ခုလောက် မေးချင်တယ်။ အမှန်အတိုင်းဖြေပေးပါ”

“ဘာမေးမှာလဲ အမေလှ”

“မင်း သူဌေးနဲ့ တစ်ခုခု ပတ်သက်မှုရှိတယ်မဟုတ်လား”

“ဗျာ...မ...မရှိပါဘူး။ ကျွန်တော်က သူနဲ့ ဘာလို့ပတ်သက်ရမှာလဲ”

“မပတ်သက်ဘဲ မင်း ဒီလောက်ထိ သူဌေးရဲ့ သိစရာ၊



www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ အကြောင်းမရှိဘူးလို့ ထင်တယ်။ မင်းသိတာက တော်တော်များပြီး ပြောတာတွေက ဝေဖန်ရုံလောက်မဟုတ်တဲ့ တိုက်ခိုက်နေသလို ဖြစ်နေတယ်"

"ကျွန်တော့်ရင်ထဲမှာ တခြားအကြောင်းနဲ့ ဒဏ်ရာတွေရှိနေလို့ပါ။ သူဌေးနဲ့တော့ မပတ်သက်ပါဘူး"

"အေး…အဲဒါဆိုလည်း အပြောတော့ လျှော့ပါကွယ်။ အမေလှတို့က သူဌေးကို မမွေးရုံတမယ်ဘဲ စောင့်ရှောက်ခဲ့ရတာဆိုတော့ သူ ကောင်းကောင်း မကောင်းကောင်း အပြောမခံနိုင်ဘူး။ ဝေဖန်တာ မကြိုက်ဘူး။ အရိပ်လိုကြည့်ပြီး သွေးသားလို မြတ်နိုးခဲ့ရတဲ့လူမို့ပါ"

"ဟုတ်…ဟုတ်ကဲ့ပါ အမေလှ။ ကျွန်တော်လည်း ပြောချင်လို့ ပြောနေတာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ"

"ထားပါတော့…ဒါနဲ့ သူဌေးကို မင်း ဘာလို့မေးတာလဲ"

"ကျွန်တော် ပြန်ရမယ်၊ မပြန်ရဘူး မပြောသေးလို့ပါ။ ဖုန်းတွေ ဆက်ကြည့်တော့လည်း သုံးလုံးလုံး မကိုင်တော့ဘူး။ ကျွန်တော် ခွင့်ယူဖို့လည်း ပြောချင်နေတာ"

"ဟုတ်တယ်…ဒီအချိန်ဆို လုပ်ငန်းတွေတောင် မလုပ်တော့ဘူး။ အစားအသောက်တွေလည်း ဆင်းမစားတော့ဘူး။ အမေလှတို့က ဝဲ အမြည်းတွေကို ကောင်းနိုးရာရာလုပ်ပြီး သူ့အရိပ်အခြည်ကြည့်သွားထားရတာ"

"အဲဒါတွေ ကျွန်တော် လုပ်ပေးပါ့မယ်"

"ဘာကွဲ့"





သူ ဒီလိုပြောတော့ အမေလှ အံ့သြသွားဟန်တူသည်။ သူလည်း ဘာကြောင့် ဒီလိုလွှတ်ခနဲ ပြောထွက်သွားမိသည်မသိပါ။

ဦးထွန်းခေါင်ဦးအထာကို စိတ်ဝင်စားမိတာတော့ အမှန်ပင်။ ဘာကြောင့် ဒီလိုလုပ်တာလဲ။ ဒီလိုရက်၊ ဒီလိုအချိန်မှာ အားလုံးကို ဥပေက္ခာပြုထားလောက်အောင် ဘယ်အရာတွေက ဦးထွန်းခေါင်ဦးအတွက် အရေးကြီးနေတာလဲ။

"ကျွန်တော်က သူ့ရဲ့ဒရိုင်ဘာ၊ သက်တော်စောင့်၊ ဘော်ဒီဂတ်ပါ။ ဘယ်နေရာမှာ ဘာပဲဖြစ်ဖြစ်နေ ကျွန်တော့်မှာ တာဝန်ရှိပါတယ်။ သူ့ကို ကျွန်တော်"

"အဲဒီအချိန် သူ့အနား ဘယ်သူကပ်တာမှ မကြိုက်ဘူး။ အကုန်အော်ထုတ်တာ"

"ကျွန်တော် လုပ်ပေးသင့်တာ လုပ်ပေးပြီး ခပ်လှမ်းလှမ်းကနေ သူ မမြင်သာအောင် စောင့်ရှောက်ပေးပါ့မယ်။ သူ တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ။ ကျွန်တော်ရှိတော့ အမေလှတို့လည်း ကောင်းကောင်း အိပ်ရ အနားယူရတာပေါ့။ ဦးလေးဘထွန်းလည်း တစ်နေကုန် အလုပ်လုပ်နေရတာ ပင်ပန်းပါတယ်"

"အေး…ဟုတ်တယ်…ဟုတ်ပါတယ်။ မင်းရှိတော့လည်း အားကိုးရတာပေါ့။ အစက မင်း ခွင့်ယူမလို့ဆို"

"အဲဒီအကြောင်း အိမ်ကိုတော့ သွားပြောလိုက်ပါ့မယ်။ ခွင့်ယူလို့မရဘူးဆိုတာပေါ့"

"အင်း…အဲဒီလိုလုပ်လို့ရရင်လည်း လုပ်လိုက်ပါ"၊ သူ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



နေနေရင် မင်းမှာလည်း တခြားလုပ်စရာ မရှိဘူးဆိုပေမယ့် မသိမသာ စောင့်ရှောက်ပေးတော့လည်း ကောင်းတာပေါ့ကွယ်။ ကိုယ့်ရဲ့အလုပ်ရှင်က ကိုယ့်ရဲ့ထမင်းရှင်ပဲမဟုတ်လား။ ကျေးဇူးသိတတ်ရမှာပေါ့"

"ဟုတ်ကဲ့"

ထိုစကားအပြောခံရတိုင်း အောင့်သက်သက် ဖြစ်ရသည်။ ကိုယ့်သဘောနှင့်ကိုယ် အလုပ်လာလုပ်ခဲ့တာဆိုပေမယ့် အဖေတစ်ယောက်ဆီမှာ သားက အသိအမှတ်ပြုမခံရဘဲ အလုပ်သမားဝန်ထမ်းလုပ်နေရတာ ဘယ်လောက် ရင်နာစရာ ကောင်းလိုက်ပါသလဲ။

သူ့မျက်လုံးတွေက အပေါ်ထပ်မှာရှိနေမည့် ဦးထွန်းခေါင်ဦးကို စိမ်းသက်စွာ ကြည့်မိသွား၏။ ဒီရက်တွေအတွင်း ဦးထွန်းခေါင်ဦး ဘာလုပ်မှာလဲ။ သူ့အတွေးမှာ စိတ်ဝင်စားမှုတွေ များနေခဲ့လျက်…





## အခန်း (၂၃)

"မြေးလေး…ဒါဆို ခွင့်ယူလို့မရဘူးပေါ့"

"ဟုတ်ကဲ့ အဘွား…ကုမ္ပဏီမှာ အရေးကြီးကိစ္စတွေ ရှိနေလို့ပါ။ နယ်ထွက်ရမှာမို့ သား ပြန်လာလို့တောင် ရမှာမဟုတ်ဘူး"

"အေးကွယ်…မြေးအမေအတွက် ကုသိုလ်လုပ်တာ မြေးလေး ရှိနေမှ ကောင်းမှာကို"

"နှစ်တိုင်း သား ရှိနေတာ။ ဒီနှစ်မှ သား အလုပ်ခွင်ဝင်လိုက်လို့ပါ။ အရင်က သား တစ်ခုတွေးမိသေးတယ်။ သားငယ်ငယ်လေးနဲ့ အဖေရော အမေရော ဆုံးသွားတယ်ဆိုပြီး ကုသိုလ်လုပ်ရင် မေမေ့အတွက်ပဲ လုပ်ပေးတယ်။ ဖေဖေကျတော့ ဘာလို့ ဘာမှလုပ်မပေးတာလဲလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဘက်က မိဘတွေ လုပ်မှာပေါ့လို့ အဘွား ဖြေသိမ့်ပေးခဲ့တယ်မဟုတ်လား။ ခုတော့ အဲဒါတွေအားလုံး မြေးလေး ရှင်းရှင်းလင်းလင်း သိသွားရောပေါ့။ ဒါပါပဲလေ။ ကိုယ့်သားသမီးအတွက်တော့ အတ္တကြီးကြတာချည်းပါပဲ။ သူ့မိဘတွေလည်း သူ့ကြောင့် သက်တမ်းစေ့တောင် မနေလိုက်ရရှာဘူး။ သားကို ချစ်လွန်းလို့ သေဒနာတွေ တော်တော်များများ ခံစားပြီး သေသွားရှာတာ စိတ်တော့ မကောင်းပါဘူး။ တွေးကြည့်ရင် ထွန်းခေါင်ဦးက ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးခဲ့ဘူး"

အဘွားစကားအတွက် အဘိုးကလည်း အံကြိတ်ရင်းနှင့်–

"သမက်လူချောလူလှ လူချမ်းသာရလို့ အိမ်ထောင်စောစောကျပေမယ့် သမီးအတွက် ကံကောင်းလှပြီ အောက်မေ့ခဲ့တာ။ ရပ်ဇာနီပြပြီး မြာပွေတဲ့ကောင်ဖြစ်နေတော့ တော်တော်ကံဆိုးခဲ့ရတာပဲ။ နောက်တဝဋ်တောင် ဒီလိုကောင်မျိုးနဲ့ ပြန်မဆုံရပါစေနဲ့လို့ ဆုတောင်းတယ်။ မြေးလည်း ဘယ်နေရာမှာတွေ့တွေ့ မကြည့်မိစေနဲ့၊ မခေါ်မိစေနဲ့။ ကျော်လင်းကြောင့်မို့သာ မြေးလေး သိသွားခဲ့ရတာ။ မဟုတ်ရင် အဘိုးတို့က သူ့ကို သေစာရင်းသွင်းပြီး မြေးလေးကို ဘယ်တော့မှ မသိစေရဘူးလို့ ဆုံးဖြတ်ထားခဲ့တာ"

"မောင်ကျော်လင်းကိုလည်း အပြစ်မပြောပါနဲ့တော်… သူလည်း မျက်နှာချင်းဆိုင်ဆုံလိုက်တော့ မခံချင်စိတ်တွေနဲ့ မြေးလေးကို ပြောဖြစ်သွားတာပေါ့။ အရက်မူးနေတဲ့အချိန်လည်းဖြစ်တော့ ဘယ်စိတ်ထိန်းနိုင်မှာလဲ"





"ငါက ဘာပြောနေလို့လဲ။ အခု သိသွားတော့ရော ဘာဖြစ်လဲ။ သူ့အမေကို သတ်တဲ့သူမို့ မုန်းနေရုံနေတာပဲလေ။ မြေးက အဖေပါဆိုပြီး တမ်းတမ်းတတ ဖြစ်နေလို့လား။ မကြည့်ချင် မမြင်ချင်လောက်အောင် နာကြည်းနေတာပါ…ဟုတ်တယ်မဟုတ်လား မြေး"

"ဟုတ်…ဟုတ်ပါတယ် အဘိုး"

အဲဒီလူအိမ်မှာ မျက်နှာချင်းဆိုင် မြင်တွေ့ပြီး အလုပ်လုပ်နေသည်ဆိုတာသိလျှင် အဘိုးတို့ ဘာပြောမည်မသိပေ။ ချစ်ချစ်မုန်းမုန်း အဲဒီလူ့ရဲ့အရိပ်မှာ မနေရဘူးလို့ ဆွဲထုတ်ခေါ်မှာတော့ သေချာသလောက်ပင်။

"အဘွား…သား အပြင်ခဏသွားလိုက်ဦးမယ်။ ထွန်းမင်းနဲ့ မတွေ့တာကြာလို့ ဒီကောင် အလုပ်ပြန်ချိန်သွားစောင့်ချင်လို့ပါ"

"အေး…အေး…အရင်တစ်ခါလို သောက်စားမူးရူးတာမျိုးတော့ မဖြစ်စေနဲ့။ လူငယ်မို့ နည်းနည်းပါးပါး သောက်စားတတ်တာတော့ အဘွားတို့ နားလည်ပါတယ်"

"ဟုတ်ကဲ့ပါ အဘွား…အဲဒီလိုမဖြစ်စေရတော့ပါဘူး"

"အေးပါ…မြေးလေးက လိမ္မာတော့ အဘွားတို့ စိတ်ချမ်းသာရပါတယ်။ မြေးလေးကို မွေးပေးထားခဲ့တာပဲ ကျေးဇူးတင်ရဦးမယ်။ မြေးလေးသာ မကျန်ခဲ့ရင်တော့ အဘွားတို့လည်း ဒီလောက် သက်ဆိုးရှည်ရှည်မနေနိုင်ဘဲ သမီးနောက်ကို လိုက်သွားဖြစ်မယ်ထင်တယ်"

"မြေးလေး စိတ်မကောင်းအောင် မပြောပါနဲ့တော့ကွာ။ ကဲ…မြေးလေး သွား…သွား။ အပြန်မိုးမချုပ်စေနဲ့နော်…နောက်နေ့ကျမှဆီ



www.burmeseclassic.com

www.burmeseclassic.com



ကနေ ခရီးထွက်ရမှာဆို…ပြင်ဆင်စရာရှိတာ ပြင်ရဦးမယ်မဟုတ်လား"

"အဝတ်အစားနှစ်စုံသုံးစုံ ယူရုံပါပဲ။ အဘိုး တခြားဘာမှ မလိုအပ်ပါဘူး။ သားအတွက် စိတ်မပူပါနဲ့။ သွားပြီနော် အဘိုး"

စကားဖြတ်ကာ ထွက်လာခဲ့ရသည်။ သူ အပြင်ထွက်တိုင်း အိမ်ကကားကိုတော့မယူ။ အဘိုး လုပ်နိုင်ကိုင်နိုင်သည့်အချိန်ကတည်းက ဝယ်ထားသည့်ကားက အန်းတိတ်ဖြစ်ကာ ဟောင်းနွမ်းနေပေပြီ။ စီးပွားရေးကျဆင်းနေသည်မို့ အသစ်ပင်မလဲနိုင်ကြပါ။ သူ့ကို ထွေးပိုက်ယုယပြုစုစောင့်ရှောက်လာခဲ့သော အဘိုးနှင့်အဘွားကို ပြန်ပြီးပြုစုစောင့်ရှောက်ရမှာ သူ့ရဲ့တာဝန် ဖြစ်သည်။

"ပိုင်ပိုင်…ဟဲ့…ပိုင်ပိုင်"

"ဟင်"

ခြေလှမ်းသုတ်သုတ်နှင့် ဖြူဖြူစင် သူ့နောက်က လှမ်းပြီးအော်တာကြောင့် သူ အံ့သြမိရင်း ခြေစုံရပ်စောင့်လိုက်ရသည်။

"ဘယ်ကလာတာလဲ…အလုပ်ပြန်လား"

"အင်း…နှင့်ကို မြင်လိုက်လို့ ဖယ်ရီကားပေါ်က ဆင်းပြီးနေခဲ့တာ"

"ဩော်…ထွန်းမင်းကို ပြောတဲ့စကားတွေ ငါ့ကို ကိုယ်တိုင်ပြောချင်လို့လား"

"မခန့်ပါနဲ့ဟာ…နှင့်ကို မေးစရာရှိလို့ပါ"

"ဘာမေးမလို့လဲ"





"ဦးထွဋ်ခေါင်ဦး ဘယ်ရောက်နေလဲ"

"ဘာ"

"အစ်ကိုကြီးက သူ ဖုန်းဆက်မရလို့ဆိုပြီး ငါ့ကို ဆက်ခိုင်းတယ်။ ငါ ဆက်တော့လည်း စက်ပိတ်ထားတာချည်း ပြောနေတာ။ ဖုန်းနံပါတ်နှစ်ခုပေးထားတာ တစ်ခုမှလည်း ဆက်လို့မရဘူး။ အဲဒါ ရုံးကနေ ခဏခွင့်တောင်းပြီး သူ့ကုမ္ပဏီကို သွားမေးကြည့်တော့လည်း ကုမ္ပဏီကို မလာဘူးတဲ့"

"နင်က ဘာလို့ ဒီလောက် အရေးတကြီး ဦးထွဋ်ခေါင်ဦးကို တွေ့ချင်နေရတာလဲ"

"ဟို…အစ်ကိုကြီးက လက်ထပ်ဖို့ကိစ္စ တိုင်ပင်ဖို့တဲ့"

"နင် အဲဒီလောက်တောင် ဦးထွဋ်ခေါင်ဦးကို လိုချင်နေပြီလား"

"ပိုင်ပိုင်"

"မိသားစုအတွက် အကြောင်းပြချက်ပေးပြီး နင်ကိုယ်တိုင်က ဒီဘဝက လွတ်မြောက်ပြီး ချမ်းသာချင်နေတာမဟုတ်လား"

"နင် အဲဒီလိုမပြောနဲ့ ပိုင်ပိုင်…ငါက ချမ်းသာမှုတွေ၊ ငွေတွေကို မက်မောနေတဲ့မိန်းမ မဟုတ်ဘူး။ မိသားစုအတွက်ပဲ ငါ လုပ်ခဲ့ရတာ။ အဲဒါလည်း အဖေမရှိလို့ အစ်ကိုကြီးက အစ်ကိုကြီးတာဝန်မကျေလို့၊ အမေလည်း ကျန်းမာရေးမကောင်းဖြစ်လာလို့ ငါ့ညာရမယ်။ စောင့်ရှောက်ရမယ့်တာဝန်တွေ ငါ့အပေါ် ပုံလာခဲ့တာ။ ဒီတာဝန်တွေကို ဖြေရှင်းပေးနိုင်မယ့်သူဆိုလို့"

"ဦးထွဋ်ခေါင်ဦးတစ်ယောက်တည်း ရှိတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူစင် မဖြေ။ ဒီစကားပြောလိုက်တာနှင့် သက်ထွန်းပိုင်ဆီက ရန်လိုတိုက်ခိုက်မှုတွေ ခံရမှာသိပါလျက် ဦးထွန်းခေါင်ဦးကို ဆက်သွယ်လို့မရတာကြောင့် မေးမိလိုက်ခြင်းပင်။

"ငါ သွားတော့မယ်"

"နေဦး"

သက်ထွန်းပိုင်က ဖြူဖြူစင်လက်ကို ဖျတ်ခနဲ လှမ်းဆွဲ၏။ လူရှင်းကာ နေရာက တိတ်ဆိတ်နေသည်မို့ ဖြူဖြူစင်ကိုယ်လေးကို ရင်ခွင်မှာ ဆွဲကပ်ပစ်လိုက်သည်။ ဖြူဖြူစင်က အံ့သြမှင်တက်သွားသလို ရုန်းဖယ်ခြင်းမပြုနိုင်ခဲ့ပေ။

"နင် ဦးထွန်းခေါင်ဦးကို လက်မထပ်ပါနဲ့ဟာ…ဘယ်လိုမှ လက်ထပ်လို့မဖြစ်ပါဘူး။ နင့်ကို ငါ ချစ်တယ် ဖြူစင်။ နင့်ဘဝနဲ့ နင့်မိသားစုကို ငါ တာဝန်ယူနိုင်အောင် ကြိုးစားပါ့မယ်။ ဦးထွန်းခေါင်ဦး သေလူဖြစ်မယ့်သူပါ။ လူတွေ မုန်းတဲ့ရွံတဲ့ရောဂါတွေရပြီး သေခါနီးမှာ လူတွေက စွန့်ပစ်ခံရမယ့်သူပါ။ နင့်ကို အဲဒီဝေဒနာတွေ ကူးစက်မခံရစေချင်ဘူး"

"ပိုင်ပိုင်…နင် ဘာတွေပြောနေတာလဲ"

"ငါ ပြောနေတာတွေ နင် တစ်နေ့တော့ နားလည်လာမှာပါ။ အခုလတ်တလော ဘာမှဆုံးဖြတ်ချက် မချလိုက်ပါနဲ့ဦးဟာ။ နင့်အစ်ကို ဆန္ဒရှိလို့ လောနေခဲ့တယ်ဆိုရင်လည်း နင် အချိန်ခဏဆွဲထားပါ။ ဦးထွန်းခေါင်ဦးရဲ့ သရုပ်မှန်ပေါ်လာပါလိမ့်မယ်။ အဲဒီလိုဖြစ်ဖို့ အချိန်တွေ သိပ်မကျန်တော့ပါဘူး။ ငါပြောတာကို နားလည်ပါနော်။ ခဏ





ပါပဲ…ခဏလေးပါဟာ။ ဦးထွန်းခေါင်ဦးကို ယုံပြီး နင် လုံးဝ ပုံမအပ်လိုက်ပါနဲ့"

"နင် ပြောနေတာတွေ ငါ နားမလည်ဘူး"

"နားလည်လာမှာပါ။ ခဏပဲစောင့်ပါဟာ…ငါ အခု ရှင်းမပြနိုင်တာ တခြားအကြောင်းကိစ္စလေးတွေ ရှိနေလို့ပါ။ နင် အခု ငါ့ကို နားလည်ချင်မှ နားလည်လိမ့်မယ်။ ဒါပေမဲ့ နောက်တော့ နားလည်လာမှာပါ"

"ဘာတွေမှန်းမသိတော့ဘူး ပိုင်ပိုင်ရယ်…ငါ အရမ်းစိတ်ညစ်တာပဲ"

သက်ထွန်းပိုင်ရင်ခွင်ကနေခွာရင်း ဖြူဖြူစင် ညည်းညူသည်။ ဘယ်အရာတွေက ချုပ်နှောင်တည်းထားမှန်းမသိဘဲ ရုန်းထွက်ရခက်ခဲနေခဲ့သည်။ နွေးမြသော သက်ထွန်းပိုင်ရင်ခွင်ကနေ မခွာချင်ပါ။ ဒါပေမဲ့ ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျနိုင်သည့်အခြေအနေမဟုတ်။

နောက်ထပ်လည်း ဘာကြောင့်လဲလို့ သက်ထွန်းပိုင်ကို မမေးချင်တော့။ အဲဒီအကြောင်းအရင်းဆိုတာ ဘာလဲလို့ စိတ်ဝင်စားမိပေမယ့်လည်း…

ပြီး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ညအမှောင်သည် တိတ်ဆိတ်အေးချမ်းမှုနှင့်အတူ ငြိမ်သက်နေခဲ့သည်။ ညဉ့်အတော်နက်နေပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး အိပ်မောကျကာ အသက်ရှူသံမှုဦးမှုဦးမျှပင် မကြားရတော့။

"ဦးထွန်းခေါင်ဦး ဟိုအခန်းထဲဝင်ပြီး ဘာလုပ်နေတာလဲ"

ညနေစောင်းကတည်းက လသာဆောင်မှာ ပြင်ပေးထားသော အရက်ဝိုင်းမှာ တစ်ယောက်တည်း ထိုင်သောက်နေသည်။ အမြည်းတွေကတော့ စားလား၊ မစားလားမသိဘဲ သွေ့ခြောက်နေသည့်အချိန်မှာ အမေလှက မညည်းမညူ အသစ်ပြင်ဆင်ပေးရင်း သူ့ကို ပို့နိုင်းသည်။ သူ အရက်ခွက်ထည့်ပေး၊ အမြည်းပန်းကန်ချပေးသော်လည်း သူ့ကို စကားတစ်ခွန်းမှမပြော။





အချိန်ကြာသွားလျှင်တော့ သူ့ကို မျက်မှောင်ကြုတ်မျက်လုံးစိမ်းနှင့်ကြည့်လျက် နေရာကနေ ထသွားနိုင်းသည်။ အခုတော့ ညဆယ်နာရီကျော်ကနေ ဟိုအခန်းထဲကိုဝင်သွားတာ ညနှစ်နာရီကျော်သည့်တိုင်အောင် ပြန်ထွက်မလာ။ အခန်းထဲမှာ ဘာတွေလုပ်နေတာလဲ။ အရက်တစ်ပုလင်းပြီးတစ်ပုလင်းသောက်ကာ မူးနေပြီမို့ ယိုင်ထိုးစွာ ဝင်သွားရင်း အခန်းထဲမှာ မူးလဲနေပြီလား။ မမြင်ကွယ်ရာ စောင့်ကြည့်အကဲခတ်နေရင်း သူ့ခြေလှမ်းတို့ ရှေ့တိုးလာခဲ့သည်။ မနေ့ကကတည်းက ထိုအခန်းထဲကို ဝင်လိုက်ထွက်လိုက် အရက်ထွက်သောက်လိုက် လုပ်နေခဲ့သည်ဟု အမေလှ ပြောသည်။ သူ ရောက်လာတော့လည်း ထိုအတိုင်းပင်။ ခါတိုင်း မျက်နှာထားတင်းတင်းနှင့် စကားတွေ ပြောနေတတ်သော ဦးထွန်းခေါင်ဦးက သူ့ကို လုံးဝစကားမပြော။

"ဟင်"

အခန်းတံခါးပိတ်ဖို့တောင် ဦးထွန်းခေါင်ဦး မေ့လျော့နေသည်ထင်သည်။ အရက်တွေမူးနေတာမို့ ပတ်ဝန်းကျင်ကိုတောင် သတိထားမိပုံမပေါ်တော့။ သူ အခန်းတံခါးကို အနည်းငယ် တွန်းကြည့်လိုက်သည်။ အခန်းတံခါးက အသံမမြည်ဘဲ ခပ်ဟာဟာလေး ပွင့်သွားခဲ့၏။

"ဟင်...ဦးထွန်းခေါင်ဦး"

မီးရောင်က လင်းလင်းထင်းထင်းကြီးမဟုတ်။ ပြာလဲ့လဲ့ညမီးရောင်က အခန်းတစ်ခုလုံးကို မှုန်ပျပျသာ ဖြစ်နေခဲ့သည်။ ထိုအနေအထားမှာ အရာဝတ္ထုတစ်ခုရှေ့မှာ တစ်ကိုယ်လုံး သိမ့်သိမ့်လှုပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရှိုက်သံတွေထွက်နေသော ဦးထွန်းခေါင်ဦးကို မြင်လိုက်ရ၍ သူ အံ့အားသင့်သွားမိခြင်း ဖြစ်သည်။

"ဒါ ငိုနေတာလား"

ကြိတ်၍ငိုသော သည်းထန်သည့် ရှိုက်သံတွေ ထပ်ထွက်လာတာမို့ သူ ပိုပြီးအံ့သြသွားခဲ့ရသည်။ ဘာအတွက်၊ ဘယ်သူ့အတွက် ဝမ်းနည်းကြေကွဲနေရတာပါလဲ။

ဦးထွန်းခေါင်ဦး ဘာကိုကြည့်ပြီး ငိုနေတာလဲ။ ကိုယ်ခန္ဓာနှင့် အနည်းငယ်ကွယ်နေတာမို့ ဦးထွန်းခေါင်ဦး ကြည့်ငိုနေသောအရာကို သူ သဲကွဲစွာမမြင်ရ။

"ဟင်"

အားမလိုအားမရနှင့် အခန်းထဲကို ကိုယ်ခန္ဓာတစ်ခုလုံး ဝင်လိုက်စဉ်မှာ ထင်မှတ်မထားသောအရာတွေက သူ့ကို တုန်လှုပ်သွေးပျက်သွားစေသည်။

"မေ…မေမေပန်းချီပုံတွေ…တစ်ပုံ…နှစ်ပုံ…သုံးပုံ…လေးပုံ ငါးပုံ"

နံရံအပြည့် စီတန်းကာ ချိတ်ဆွဲထားတာမို့ စိတ်ထဲကနေ ရေတွက်လိုက်စဉ်မှာ မေမေ့ရဲ့ပန်းချီဆွဲထားသည့်ပုံတွေက နှစ်ဆယ်တိတိ။

ဒါဆို ဦးထွန်းခေါင်ဦးရှေ့မှာရှိနေတာ မေမေ့ရဲ့နှစ်ဆယ့်တစ်ပုံမြောက်လား။ ဦးထွန်းခေါင်ဦး မေမေ့ပုံကို ပန်းချီဆွဲရင်း ငိုနေတာလား။

"ဟား…ဟား"

သူ ဘာကြောင့်မှန်းမသိဘဲ ခန္ဓာကိုယ်ရှိသွေးတွေ ပွက်ပွက်ဆူထ





နေသလို ပူနွေးကာ တရှိန်းရှိန်း ဖြစ်လာခဲ့သည်။ ခန်းလုံးပြည့် မေမေ့ပုံတွေ။ မေမေ့အကျီအဝတ်၊ အလှပြင်ပစ္စည်းများ။

"ဟင်"

အားလုံးက အစီအရီ နေရာတကျ။ အခန်းထဲမှာ ခုတင်၊ မွေ့ယာစောင်၊ ခေါင်းအုံး၊ ခြင်ထောင်ကအစ ရှိသည်။ ဒါတွေက ဘာလုပ်ထားတာလဲ။

မေမေ့ရဲ့ ကျက်သရေရှိလှသောအပြုံး။ ရွှဲညို့နေသော မျက်လုံးများက ဘာကြောင့် တစ်ပုံနှင့်တစ်ပုံ မတူရတာလဲ။

"လင်းညို"

"ဗျာ…ဗျာ…သူခွေး"

"မင်း ဘာလာလုပ်တာလဲ။ ဒီအခန်းထဲ ဘာကြောင့်ဝင်လာတာလဲ"

"ဗျာ…ဟို"

ဦးထွန်းခေါင်ဦးရဲ့မျက်ရည်တွေ စိုစွတ်နေဆဲရှိသေးသည့် မျက်နှာက တင်းမာခက်ထန်အေးခဲနေပြီး လေသံတွေက ပြင်းထန်လှသည်။ သူ တုန်လှုပ်ချောက်ချားမှုတွေရှိနေသော်လည်း စိတ်ဝင်စားမှုတွေနှင့် ဒီအခန်းထဲက မထွက်ချင်သေးတာကြောင့်-

"သ…သူခွေးကို ကျွန်တော် စိုးရိမ်လို့ပါ။ အရက်တွေ အများကြီးသောက်ပြီး ဒီအခန်းထဲဝင်သွားတာ ကြာပြီ…တော်တော်နဲ့ ပြန်ထွက်မလာတော့ တစ်ခုခုဖြစ်နေသလားလို့ပါ။ ဟို…ပြီး…ပြီးတော့ တံခါးကလည်း ပိတ်မထားတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…တံခါးပိတ်ဖို့ ငါ မေ့သွားခဲ့တာလား။ ငါလည်း အသက်တစ်နစ် ပိုကြီးလာတော့ သတိတောင် မေ့တတ်နေပြီပဲ။ ဝေလည်း ဒီအတိုင်းပဲရှိမှာ။ သူလည်း အသက်လေးဆယ့်သုံးနှစ် ပြည့်ပြီလေ"

"ဟင်"

ဝေဆိုတာ မေမေ့ကိုခေါ်တာ ဖြစ်မည်။ မေမေ့နာမည်က နှင်းနွယ်ဝေ။

"လင်းညို့"

"ဗျာ"

"မင်း သွားတော့၊ ဒီအခန်းထဲက ထွက်သွားတော့"

"ဟို…သ…သူဌေးလည်း နားသင့်ပြီ။ အခန်းထဲမှာ သက်သောင့်သက်သာ ပြန်အိပ်လိုက်ပါလား။ ဒီလိုကြီးနေတာ သူဌေး ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ"

"စိုးရိမ်တယ်…မင်းက ငါ့ကို စိတ်ပူတယ်။ မင်း အဲဒီလိုပြောတဲ့စကားကို ကြားရတာ ငါ့ရင်ထဲ နွေးသွားသလိုပဲ။ တစ်မျိုးကြီး ခံစားရတယ်။ ငါ့သားလေးရှိရင်လည်း ငါ့ကို အဲဒီလိုမျိုးပြောလိမ့်မယ် ထင်တယ်"

"သားက"

"ဟုတ်တယ်…ငါ့မှာ အသက်ရှင်နေမယ်ဆိုရင် မင်းလိုအရွယ် လောက်ရှိမယ့် သားတစ်ယောက်ရှိတယ်"

"အသက်ရှင်ရင်ဆိုတော့"





"ငါ့…ငါ့သားလေးက သေသွားလို့ပေါ့ကွာ"

"ဗျာ"

ဦးထွန်းခေါင်ဦး ဒီလိုသိထားတာကတော့ အံ့သြစရာပင်။ ဘာကြောင့် မသေသေးသည့်သူ့ကို သေပြီလို့ ပြောရတာလဲ။

"သူက ဘာလို့သေသွားတာလဲ။ ဘာရောဂါနဲ့လဲ"

"ငါ ထောင်ကထွက်လာတဲ့အချိန်မှာ ငါ့သားလေးကို ငါ သွားရှာတယ်။ သားလေးကို သားလေးရဲ့အတိုးအတွားတွေက စောင့်ရှောက်မှာပဲထင်လို့ ငါ သွားရှာခဲ့တာပါ။ သူတို့ အဲဒီအရင်နေတဲ့နေရာမှာ မရှိတော့ဘူး။ ပြောင်းသွားကြပြီဆိုလို့ ပွဲရုံမှာတော့ ရှိမှာပဲဆိုပြီး လိုက်သွားခဲ့တယ်။ အဲဒီမှာ မင်းလို ငါ့သမီးကိုသတ်တဲ့ လူသတ်သမားရဲ့ သွေးသားကို ငါတို့က ဘာလို့ ဂရုတစိုက် မွေးရမှာလဲ။ ငါတို့ ဂရုမစိုက်နိုင်လို့ မင့်သား သေတာကြာပြီတဲ့"

"ဗျာ"

"သူတို့သမီးကို သတ်လို့ ငါ့သားကို ဂရုမစိုက်ခဲ့တာတဲ့။ သူတို့လည်း ငါ့သားကို သတ်လိုက်တာပဲ။ ငါ့သားကို သူတို့သတ်လိုက်တာနဲ့ ဘာထူးလဲ။ ငါ့ကို လက်စားချေတာပေါ့ကွာ။ ငါ ဘယ်လောက် နာကျင်ခံစားရမလဲ။ မင်း တွေးကြည့်စမ်းကွာ"

မှူးနေသည်ဆိုသော်လည်း ဒီစကားကိုတော့ ဦးထွန်းခေါင်ဦး လိမ်ညာပြောတာ မဖြစ်နိုင်။ အတွားတို့လည်း စိတ်နာနာနှင့် ဒီလိုစကားမျိုးမပြောဘဲနေပါ့မလား။ သူ့စိတ်ထဲမှာ ဝေဒနာလိုလို အဖုအထစ် ဖြစ်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးထွဋ်ခေါင်ဦးက မိန်းမကို ဘာလို့သတ်ခဲ့တာလဲ။ မုန်းလို့လား…နာကြည်းစရာတွေရှိလို့လား။ ဟို…ဦးထွဋ်ခေါင်ဦးမိန်းမက တခြားယောကျ်ားနဲ့ ဖောက်ပြန်မှု"

"နိုး…ဟိတ်ကောင် မင်း စကားပြောဆင်ခြင်စမ်း။ ငါ့မိန်းမက အဲဒီလိုမိန်းမမျိုး မဟုတ်ဘူး။ အရမ်းယဉ်ကျေးသိမ်မွေ့ မြန်မာဆန်ပြီး ရိုးသားဖြူစင်တယ်။ ငါကလွဲပြီး ဘယ်ယောကျ်ားကိုမှ ယောကျ်ားလို့ ထင်တာမဟုတ်ဘူး။ တစ်လောကလုံးမှာ ငါ့တစ်ယောက်ကိုပဲ ချစ်ရမယ်လို့ သိထားတာ"

"ဒါ…ဒါနဲ့တောင် ဒီလိုမိန်းမမျိုးကို ရက်ရက်စက်စက် သတ်ရက်ရတာလဲဗျာ"

သူ ဒီလိုမေးလိုက်တာကို အရင်ကသာဆိုလျှင် ငါ့ကိုယ်ရေးကိုယ်တာ မင်း စပ်စုစရာမလိုဘူးလို့ အော်ငေါက်ထုတ်ပေလိမ့်မည်။ အခုတော့ မှုးနေသည့်အချိန်မို့ ပြောရမှာမေ့နေသည်လား။ ခံစားချက်တွေမွန်နေသည့်အချိန်မို့ စကားပြောဖော်ရနေသည်လို့ အောက်မေ့နေသည်လား မသိပေ။

ထိုင်ခုံကနေ ဒယီးဒယိုင် ထရပ်လာလျက်–

"ငါ မသတ်ချင်ပါဘူး၊ မသတ်ရက်ပါဘူး။ ငါ့မိန်းမကို ငါ အရမ်းကို ချစ်တာ။ ငါတို့ လက်ထပ်တဲ့အချိန်က အရမ်းကို ရင်ခုန်ပြီး ပျော်စရာကောင်းခဲ့တာပါ။ တကယ့်ကို ပျော်စရာကောင်းတဲ့အချိန်တွေ များခဲ့ပါတယ်။ မသေခင်အချိန်ထိ ငါ သူ့ကို မသတ်မိတဲ့နေ့ကအထိ ငါတို့ အရမ်းကိုချစ်ခဲ့ကြပါသေးတယ်။ ရင်ခုန်သံတွေ မြန်နေခဲ့ကြပါ





သေးတယ်"

ပြောနေရင်းနှင့် ဦးထွဋ်ခေါင်ဦး မျက်ဝန်းအိမ်က မျက်ရည်တွေ အလုံးအရင်းနှင့် ပြိုကျလာ၏။ နီရဲနေသော မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံနေတာမို့ ခေါင်းကိုမော့ခါပစ်လိုက်ပြီးမှ–

"ယောကျ်ားတစ်ယောက်ရဲ့မာနပေါ့။ သိက္ခာအရှက်ကိုယ်ကျင့်တရားကို ထိပါးခံရလို့ စိတ်လွှတ်သွားခဲ့တာ။ အဲဒီနေ့က ကုမ္ပဏီကို စေ လိုက်လာတယ်။ ငါကြိုက်တဲ့ ဝက်သားနဲ့ပုန်းရည်ချက်ပြီး ထမင်းချိုင့်လာပို့တာ"

"ဟင်"

"ငါက ရုံးခန်းထဲမှာ မျိုးသစ္စာဆိုတဲ့ အမျိုးသမီးနဲ့အတူ ရှိနေခဲ့တယ်။ အဲဒီမျိုးသစ္စာက ကျောင်းတုန်းက သူငယ်ချင်း။ မိဘချင်းလည်း ရင်းနှီးတယ်။ လုပ်ငန်းချင်းဆက်စပ်နေတဲ့သဘောဆိုတော့ မိဘတွေချင်းကလည်း ကျောင်းပြီးရင် ဘွဲ့ရရင် လုပ်ငန်းခွင်ဝင် လက်ထပ်ပေးစားမယ်၊ လိုက်ဖက်တယ်၊ နေနဲ့လ ရွှေနဲ့မြ လိုက်ဖက်တယ်ဆိုတဲ့ အပြောင်အနောက်စကားတွေ အတည်ပြောတာတွေ ရှိတယ်။ ပြီးတော့ မျိုးသစ္စာက ငါ့ကို တစ်ဖက်သတ် ရင်းနှီးချင်တာ ကြိုက်နေတာတွေ အားလုံး စေက သိနေခဲ့တယ်"

"မိန်းမတစ်ယောက်အနေနဲ့ သဝန်တိုရမယ့်အနေအထားတွေ ရှိခဲ့လို့နေမှာပေါ့"

"မှန်တယ်၊ ဇွဲဘက်ကဆို သဝန်တိုနိုင်တာပေါ့။ စေက ငါ့ကို အရမ်းချစ်တဲ့သူလေ။ ငါ့တစ်ယောက်ကို ယောကျ်ားတစ်ယောက်လို့



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး ကျန်တာတွေ အမြင်အာရုံထဲမှာ မရှိဘဲနဲ့ကို ချစ်ခဲ့တာ။ ငါက လည်း ဝေ့ရဲ့အချစ်တွေ အပြည့်အဝ ခံစားရလို့ အရမ်းကို ကြည်နူး ပျော်ရွှင်ပြီး ရင်ခုန်ခဲ့တာ…ဒါပေမဲ့"

စကားစတွေ ပြတ်တောက်သလို ဖြစ်သွားပြီးမှ–

"ဒါပေမဲ့ ဝေ့အချစ်တွေက သားကို မွေးပြီးကတည်းက အစွန်းရောက်သွားခဲ့တယ်။ သူ ကလေးမွေးလိုက်ရလို့ ငါ့အချစ်တွေ လျော့သွားမလားလို့ သူ ထင်နေတယ်။ ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ ငါ့ကို တခြားမိန်းမတွေနဲ့ ဖောက်ပြန်နေမလားလို့ သံသယတွေဝင်ပြီး တစ်ချိန်လုံး ဖုန်းဆက်တယ်။ အပြန်မှာ ကားလမ်းပိတ်လို့နောက်ကျရင် ဆင်ခြေပေးတယ်ဆိုပြီး ပြဿနာရှာတယ်။ မျိုးသစ္စာဆီ အတူရှိနေလား တို့၊ ဘာလုပ်နေကြတာလဲတို့ ဖုန်းဆက်ပြီး ရန်တွေ့တယ်။ ကုမ္ပဏီက စာရေးမတွေ၊ ကွန်ပျူတာကိုင် စာရင်းကိုင် မိန်းကလေးတွေနဲ့ စကား ပြောရင်၊ မိန်းမပိုက်ကြီးရင်၊ ကလေးမွေးရင်၊ ယောကျ်ားတွေက တခြား မိန်းကလေးတွေနဲ့ အပျော်ရှာဖောက်ပြန်ချင်ကြတယ်လို့ စွပ်စွဲမှုတွေနဲ့ ကုမ္ပဏီလိုက်လာပြီး ငါက ထွင့်ခေါင်ဦးမိန်းမ၊ ညည်းတို့ အနေအထိုင် ဆင်ခြင်၊ ငါ့ယောကျ်ားနဲ့ ပလူးပလဲ မနေနဲ့။ ပါးရိုက်ပစ်မယ်၊ မိဘတွေ တိုင်မယ်၊ အရှက်ခွဲမယ်နဲ့ ငါ့သိက္ခာတွေကို အမြဲတမ်းချတယ်"

"ဗျာ…အဲ…အဲဒီလို"

"ယောကျ်ားတစ်ယောက်အနေနဲ့ ဘယ်လောက်အရှက်ရ မာန ထိခိုက်ရတဲ့ကိစ္စတွေလဲ။ မင်း စဉ်းစားကြည့်။ ဒါပေမဲ့ ငါ စိတ် မနာခဲ့ပါဘူး။ ဝေ့ကိုချစ်တဲ့စိတ်နဲ့ ဝေ အဲဒီလိုတွေ သဝန်တိုပြီး ပူလောင်





နေရတာကို သနားလို့ စိတ်ဆိုးလိုက် ပြန်ချော့လိုက်၊ သူ့ အိမ်ပေါ်က နေ ဆင်းသွားလိုက်၊ ပြန်ခေါ်လိုက်၊ ရင်ခုန်ရတဲ့ညတွေကို ဖြတ်သန်း ရတာ ငါ နှောင်တ မရခဲ့ပါဘူး။ ဒါပေမဲ့ ဝေ နောက်ထပ် ကိုယ်ဝန် ရှိတဲ့အချိန်မှာ ငါ့ကို ပြောမပြခဲ့ဘူး"

"ဗျာ…ဘာ…ဘာဖြစ်လို့လဲ"

ဦးထွင့်ခေါင်ဦး ချက်ချင်း မဖြေသေးဘဲ မျက်ရည်တွေကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်း ပွတ်ဆွဲသုတ်ပြီးမှ–

"မိန်းမတွေ ကိုယ်ဝန်ရှိနေတဲ့အချိန်ဆိုရင် ယောကျ်ားတွေက ဖောက်ပြန်တတ်တယ်တဲ့။ ငါ့ကို လုံးဝ မပြောပြခဲ့ဘူး။ သူ့စိတ်ထဲမှာ အဲဒီအတွေးတွေနဲ့ပဲ ပူလောင်ပြီး ငါ့ကို အမြဲလို သံသယဝင်နေခဲ့တယ်။ အဲဒီလိုနဲ့ပဲ မျိုးသစ္စာနဲ့ ငါ ရုံးခန်းထဲမှာ လုပ်ငန်းကိစ္စ ဆွေးနွေးတိုင်ပင် ပြီး ရယ်မောနေတဲ့အချိန်မှာ ဝေ ရောက်လာပြီး သောင်းကျန်းတော့တာ ပဲ။ မျိုးသစ္စာကို ငါ့ယောကျ်ားကို မြူဆွယ်ဖြားယောင်းရမလား၊ ဖောက်ပြန်ရမလားဆိုပြီး ဓွတ်အတင်းဝင်လုံး ပါးရိုက်တယ်"

"ဗာင်"

"ငါက အုတ်အော်သောင်းတင်းနဲ့ ရှန်းရင်းဆန်ခတ်ဖြစ်တာ ရှက်လွန်းလို့ ဝင်ဆွဲတာ မျိုးသစ္စာကိုလည်း အရမ်းအားနာဖို့ကောင်း တယ်လေ။ ငါတို့က တကယ်ကို ရိုးရိုးသားသားပါ။ လုပ်ငန်းကိစ္စက လွဲပြီး တခြားဘာအကြောင်းကိစ္စမှကို မရှိခဲ့ဘူး။ အဲဒါ ငါကပါ ဖောက်ပြန်တယ်၊ သစ္စာမဲ့တယ်လို့ အော်ဟစ်နေတော့ ကုမ္ပဏီတစ်ခုလုံး သိကုန်တယ်။ ကုမ္ပဏီမှာ လူကြီးတစ်ယောက်လုပ်နေတဲ့ ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်တောင် ရှက်စရာကောင်းလိုက်သလဲ။ ငါ ဘာမှမမြင်တော့ဘူး။ ဒီအခြေအနေက လွတ်မြောက်ချင်စိတ်ပဲ ရှိတယ်။ အဲဒါနဲ့ ငါ ကစားနေကျ ဘော့ဘော့စ်တုတ်နဲ့ ဇေ့ကို ငါ ရိုက်လိုက်တာ။ တစ်ချက်တည်းပါပဲ။ တကယ့်ကိုမှ တစ်ချက်တည်း။ ဇေ မှောက်လျား ထိုးပြိုကျသွားတယ်။ ပြီး…ပြီးတော့"

ဦးထွန်းခေါင်ဦး မျက်ရည်တွေအလုံးအရင်းလိုက် ပြိုကျလာပြန်၏။ ပြီးတော့ သူ ဆွဲနေသော မေမေ့ရဲ့ပုံကို မျက်နှာလေးတွေ ကိုင်ကြည့်ပြီး အသံတွေထွက်ကာ ရှိုက်ငိုသည်။

"ဝေရယ်…ဝေရယ်…မောင် အခုထိမဖြေနိုင်သေးပါဘူး။ မောင် သိပ်ချစ်တဲ့ဝေကို မောင်ကိုယ်တိုင် မောင့်လက်နဲ့ သတ်ပစ်ခဲ့မိတာ။ မောင် ဘယ်လိုမှ မဖြေနိုင်ဘူး ဝေ။ မင်း ရောက်လေရာဘဝက နေ မောင့်ကို မုန်းနေပါ၊ နာကြည်းနေပါ၊ ကျိန်ဆဲနေပါ။ မောင့်ကို မင်း ချစ်နေသေးရင် မင်း ခံစားရလိမ့်မယ်။ မောင့်ကို မချစ်ပါနဲ့။ မချစ်ပါနဲ့ ဝေ…ဘဝဆက်တိုင်း ရောက်လေရာဘဝကနေ မင်း မောင့်ကို မုန်းနေပါ၊ မုန်းနေပါ ဝေရယ်"

သည်းထန်စွာငိုရင်း ပြောနေသော ဦးထွန်းခေါင်ဦး စကားတွေက သူ့ရင်ကို နင့်သည်းစွာ ထိရှစေသည်။ မေမေ့ကို တကယ်ပဲ ချစ်ခဲ့တာလား။ အမုန်းတွေ၊ နာကြည်းမှုတွေနှင့် သတ်ပစ်ခဲ့တာမဟုတ်ဘူးလား။

ပြောခဲ့တဲ့အကြောင်းအရာတွေက အမှန်တရားတွေဆိုလျှင် ဦးထွန်းခေါင်ဦး တစ်ဖက်သတ် တစ်ယောက်တည်း မှားခဲ့သည်လို့





မပြောနိုင်။ ထောင်ကထွက်တော့လည်း သူ့ကို လာရှာခဲ့သည်တဲ့။

"သူဌေး…သူဌေးမိန်းမကို အရမ်းချစ်ခဲ့တာလား။ ဒီပုံတွေက သူဌေး ဆွဲထားတာပေါ့။ ဘာလို့ တစ်ခန်းလုံးအပြည့် ဒီလောက်အများကြီး ဖြစ်နေရတာလဲ"

"ငါ ဇေ့ပုံတွေကို ဇေ သေသွားပြီးကတည်းက တစ်နှစ်ကို တစ်ပုံ ဆွဲခဲ့တာ။ မင်း သေချာကြည့်ကြည့်စမ်း…တစ်ပုံနဲ့တစ်ပုံ တူရဲ့လား"

"ဗျာ"

သူကတော့ တူသည်ဟု ထင်နေတာပါပဲ။ အဝတ်အစား၊ ဆံပင်၊ မျက်လုံး၊ အပြုံး…

"ဒါ ဇေ ဆုံးပြီးနှစ်မှာ ထောင်ထဲမှာ ဆွဲလာခဲ့တာ။ ဇေ အသက် နှစ်ဆယ့်သုံးနှစ်၊ အရမ်းကို နုပျိုနေတဲ့အချိန်ပေါ့။ အရွယ်ကောင်းလေး၊ အချစ်ကို ဘုရားတစ်ဆူလို ကိုးကွယ်ချင်နေတဲ့အရွယ်။ ဇေ သေသွားလိမ့်မယ်လို့ မထင်ဘူး။ ငါကိုယ်တိုင် သတ်မိလိမ့်မယ်လို့ မထင်ခဲ့ဘူး။ ငါ…ငါကိုယ်တိုင် ဇေကို စိတ်လိုက်မာန်ပါ သတ်မိတဲ့အပြစ်ဒဏ်ကို ရဲစခန်းမှာ ဝန်ခံပြီး ထောင်ကျခံခဲ့တာ"

"လွတ်မြောက်အောင် ဘာလို့မလုပ်ခဲ့တာလဲ။ မိဘတွေက အစားထိုးပေးမယ်၊ အာမခံရအောင် လုပ်ပေးမယ်၊ နှစ်နည်းနည်းကျအောင် လုပ်ပေးမယ်…အဲဒီလိုပြောခဲ့တယ် မဟုတ်လား"

"ငါ ဘာလို့ အဲဒီလိုလုပ်ရမှာလဲ။ ဇေ့ကို သတ်မိခဲ့တာ အဲဒီ အပြစ်ကို ငါ အပြည့်အဝ ခံရမှာပေါ့။ ပြီးတော့ ဝေတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဝေ့ဗိုက်ထဲမှာ ငါ့ရင်သွေးလေးပါ ရှိနေခဲ့တယ်။ ဝေ… ဝေ့ဗိုက်ထဲမှာ ငါ့…ငါ့ရင်သွေးလေး ရှိနေတယ်ဆိုတာသိရင် ဝေ့ကို ငါ ဒီထက်ပိုပြီး ဂရုစိုက်ခဲ့မိမှာ၊ ကြင်နာခဲ့မိမှာပါ။ ဝေ…ဝေက သားဆိပ်တက်ပြီး အဲဒီအချိန်မှာ သဝန်တိုစိတ်တွေ ပြင်းထန်နေခဲ့တာ။ ငါ သတိမထားမိခဲ့ဘူး။ သံသယတွေနဲ့ အစွန်းရောက်နေခဲ့တာ။ ငါ မတွေးတတ်ခဲ့ဘူး။ ငါ ဝေ့အပေါ် ရက်စက်ခဲ့မိတာ၊ လူစိတ်ပျောက် စိတ်လွတ်ပြီး သတ်ခဲ့မိတာပါကွာ။ ဒါပေမဲ့ ငါ မရည်ရွယ်ခဲ့ပါဘူး။ ဝေ့ကို မသေစေချင်ခဲ့ပါဘူး။ ငါ ဝေ့ကို အရမ်း…အရမ်းကို ချစ်တာပါ”

“ဦးထွဋ်ခေါင်ဦးရယ်”

သည်းထန်စွာ ငိုကြွေးရင်းပြောနေတာမို့ သူပါ ငိုချင်လာခဲ့သည်။ ဒါပေမဲ့ သူ ငိုလို့မဖြစ်သေးပါ။ သူ့ကို ဦးထွဋ်ခေါင်ဦး သားလို့ သိသွားလို့ မဖြစ်သေး။

“သူဌေး အရမ်းကို ခံစားခဲ့ရမှာပေါ့နော်”

“ခံစားရတာပေါ့ လင်းညို့ရာ…မုန်းလို့မှ မဟုတ်ခဲ့တာ။ နာကြည်းလို့မှ မဟုတ်ခဲ့တာ။ ဒါပေမဲ့ ဒီအကြောင်းကို ဘယ်သူမှ မသိကြပါဘူး။ ဘယ်သူ့ကိုမှလည်း ငါ မပြောပြဖြစ်ခဲ့ဘူး။ အားလုံး သိနေကြတာ ငါ ဖောက်ပြန်လို့၊ နောက်မီးလင်းလို့ ဝေက သဝန်တိုတဲ့ အပေါ်မှာ ငါက ငါနေချင်သလို မနေရမှာစိုးလို့ ဝေ့ကို သတ်ပစ်လိုက်တယ်။ ဟား…ဟား…ကောင်းပါတယ်။ လူတွေ ငါ့ကို ဘယ်လိုပဲ ထင်ထင် ဝေ့ကို မကောင်းပြောကြမှာတော့ ငါ မခံနိုင်ဘူး။





ထွဋ်ခေါင်ဦးက မိန်းမရှုပ်တယ်ပွေတယ်။ သူ ရှုပ်ချင်သလို မရှုပ်ရမှာ စိုးလို့ မိန်းမကို သတ်ပစ်လိုက်တယ်။ လူစိတ်မရှိလို့ ရက်ရက်စက်စက် ဗိုက်ထဲက ကလေးကိုပါ သေစေတယ်။ ဟား…ငါ နာမည်ဆိုးနဲ့ ကျော်ကြားတော့ ဘာဖြစ်လဲ။ ငါ့မိန်းမ နာမည်ကောင်းလေးနဲ့ သေသွားရင် ပြီးရောပေါ့”

“အဲဒီလိုမဟုတ်ခဲ့ဘူးဆိုရင် အခု မိန်းမတွေ လက်တွေ့ရှုပ်ပွေနေခဲ့တာကရော”

“ဝေ ငါ့ကို မုန်းစေချင်လို့၊ နာကြည်းနေစေချင်လို့”

“ဗျာ”

“ဝေ ငါ့ကို အရမ်းချစ်လို့ သူ့မှာ ပူလောင်နေခဲ့ရတယ်။ သဝန်တိုစိတ်တွေ၊ ဝေဒနာတွေ ခံစားခဲ့ရတယ်။ အဲဒါကြောင့် သူ ငါ့ကို ဘယ်နေရာကကြည့်နေနေ မိန်းမတွေနဲ့ ဒီလိုနေတာမြင်ရင် သူ ငါ့ကို မုန်းနေလိမ့်မယ်၊ နာကြည်းနေလိမ့်မယ်။ မကြည့်ချင်တော့လို့ မျက်နှာလွှဲသွားရင် ပိုပြီး သက်သာတာပေါ့ကွာ”

ဒါကိုတော့ အဓိပ္ပာယ်မရှိသလို သူ ခေါင်းယမ်းလိုက်မိသည်။ ဦးထွဋ်ခေါင်ဦးက နားမလည်သလို သူ့ကိုကြည့်နေလျက်-

“မင်းက ဘာကို ခေါင်းယမ်းတာလဲ”

“ဒါ ဆင်ခြေမဟုတ်ဘူးလား။ တကယ်ဆို သူ မကြိုက်တာကို မလုပ်မှ သူ့ကို ချစ်ရာရောက်မှာပေါ့”

“ဝေ့ကို ငါက ငါ့ကို မချစ်စေချင်လို့လေ။ ငါက သစ္စာရှိနေမယ်၊ မိန်းမတွေနဲ့ မရှုပ်မပွေ သစ္စာရှိနေမယ်ဆိုရင် ဝေက ငါ့ကို ချစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာ။ ငါ့ကို ချစ်နေသရွေ့ ဝေ ပင်ပန်းနေရမှာ။ စိတ်ဆင်းရဲနေရဦးမှာပဲ။ ငါ ဝေ့ကို အဲဒီလိုမဖြစ်စေချင်ဘူး။ ငါ့ကို မုန်းနေစေချင်တယ်၊ နာကြည်းနေစေချင်တယ်။ ဒါပေမဲ့ ဝေ့နေရာမှာ ဘယ်မိန်းမကိုမှ အစားမထိုးနိုင်ဘူး။ အဲဒါကြောင့် ငါ ဘယ်မိန်းမကိုမှ လက်မထပ်ခဲ့တာ။ ဝေ့လိုမျိုး ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူး"

အပြောတွေကတော့ ကြွေလောက်ပါသည်။ ဒါကြောင့်လည်း မိန်းမတွေက ယုံမှတ်ကာ ပုံအပ်ချင်နေကြတာဖြစ်မည်။

သူက ဖြူဖြူစင်ကို မျက်လုံးထဲမှာ မြင်ယောင်လာမိလျက် အံတစ်ချက် ကြိတ်လိုက်မိပြီး–

"ဖြူဖြူစင်ကိုတော့ လက်ထပ်လို့ရအောင် ဖွတ်အတင်း ကြိုးစားနေခဲ့တယ်မဟုတ်လား"

"အဲဒါ ငါ့အသက်အရွယ်အရ ငါ စဉ်းစားဆုံးဖြတ်လိုက်တာပါ။ ငါ အခု အသက်လေးဆယ်ကျော်လာတဲ့အခါမှာ စိတ်ဖိစီးမှုတွေ များခဲ့တာကြောင့် အရာရာမေ့လျော့တတ်လာတယ်။ ကုမ္ပဏီသွားဖို့ အတက်ချိုကော့စ်မယူမိတာမျိုး၊ ကားမောင်းတော့မယ့်အချိန် ကားသော့မေ့ကျန်ခဲ့တာမျိုး၊ ဖုန်းနံပါတ်နှိပ်ပြီး ဘယ်သူ့ကိုခေါ်ဖို့ လုပ်မိမှန်းမသိတာမျိုး၊ မီတင်ထိုင်တော့မယ့်အချိန်မှာ ဘယ်အကြောင်းအရာအတွက် ဆွေးနွေးမယ်ဆိုတာ သတိမရတော့တာမျိုးပေါ့။ ကောင်မလေးတွေနဲ့ချိန်းပြီး ဘယ်နေရာ နာမည်ဘယ်သူဆိုတာ သတိမရလို့ မင်းတောင် လိုက်မှတ်ပြီး ပြောပြနေရတယ်မဟုတ်လား"

ဒါတော့ဟုတ်သည်။ ဖုန်းနံပါတ်တွေ၊ နာမည်တွေ၊ နေရာတွေ





သူ မှတ်ထားပြီး ပြောပြနေရတာပါ။ အတက်ချိုကော့စ်ဆိုလည်း သူပဲ ဆွဲပေးရသည်။

ကားပေါ်ထိုင်လိုက်လာပြီး ငါတို့ ဘယ်သွားမှာလဲလို့ သူ့ကို မေးတတ်တာလည်း သတိရ၏။

"အဲဒါတွေက အသက်အရွယ်အရဆို ဖြစ်လာတတ်တာပဲ။ ဒါပေမဲ့ သူ့ဒွေးက ငယ်ပါသေးတယ်။ ဒါ ရောဂါတစ်ခုမှမဟုတ်တာ"

"ဒါ အယ်ဇိုင်းမားရောဂါရဲ့အစပဲလေ။ မေ့လျော့တတ်လာတာ မှတ်ဉာဏ်အားတွေ လျော့နည်းလာတာ ထားပါတော့။ ဒါကို မင်းအနေနဲ့ ငါက မိန်းမငယ်ငယ်ယူချင်လို့ ဆင်ခြေပေးတယ်လို့ ထင်နေမလားဘဲ။ ဒါပေမဲ့ ငါ့မှာ နောက်ထပ် ရောဂါတစ်ခုရှိသေးတယ်"

"ဗျာ···ဘာရောဂါလဲ"

"အသည်းကင်ဆာ"

"ဗျာ···ဗျာ···အသည်းကင်ဆာ"

သူ သွေးပျက်တုန်လှုပ်ကာ ချက်ချင်း မျက်ရည်တွေ ဝဲတက်လာကာ ကိုယ့်ကိုယ်ကိုယ် သတိမထားလိုက်မိဘဲ ဦးထွန်းခေါင်ဦးလက်ကို ယောင်ယမ်းကာ ဆုပ်ကိုင်လိုက်မိသည်။ ဦးထွန်းခေါင်ဦးက သူ့လက်တွေကို ဆွဲဖယ်လျက် ပြုံးမော့မော့နှင့်ပင်–

"မင်း ငါ့ကို သနားသွားတာလား။ မသနားပါနဲ့ကွာ···ဒါပေမဲ့ မင်း ငါ့ကို စိုးရိမ်ပေးတာ၊ သနားပေးတာ ကျေးဇူးတော့တင်တယ်။ ငါ့မှာ ငါ့ကိုစိတ်ပူပေးမယ့် မိသားစုမွေးချင်းသားသမီး တစ်ယောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ငှေကိုချစ်လွန်းတဲ့အတွက် ငှေကို သတ်မိတဲ့အပြစ်ဒဏ်တွေခံဖို့ မိဘတွေ ကယ်တင်ပေးမယ်ဆိုတဲ့ကြားက ငါ ထောင်ကျခံလိုက်တယ်။ အဲဒီအတွက် ငါ့မိဘတွေ စိတ်ထိခိုက်ပြီး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားရတာ။ ဒါပေမဲ့ ငါ နောင်တ မရမိဘူး။ ငါက အပြစ်ခံသင့်လို့ ခံတာ။ ငါ့ကိုချစ်တဲ့စိတ်ကြောင့် မိဘတွေ ဆုံးပါးသွားရတာ စိတ်တော့ မကောင်းဘူးပေါ့။ ငါ ဒီလိုမမိုက်မဲခဲ့ရင် ဒီလိုဖြစ်ကြမှာ မဟုတ်ဘူးလေ”

“ရော…ရောဂါ…အခုရောဂါဖြစ်နေတော့ ဘယ်လိုလုပ်မှာလဲ”

“ဘာလုပ်ရမှာလဲ…ငါ့ရောဂါက နောက်ထပ် အလွန်ဆုံးနေရရင် ခြောက်လတစ်နှစ်ပေါ့။ ဆေးကောင်းဝါးကောင်းသုံးပြီး သေချာပြုစုခံရရင် နှစ်နှစ်၊ သုံးနှစ်တော့ နေရဦးမှာပါ။ အဲဒါကြောင့် မသေခင်လေးမှာ မိသားစုတစ်စုရဲ့ အပြုစုခံချင်တယ်။ ဖြူစင်တို့မိသားစုက မပြည့်စုံဘူး။ ဒါပေမဲ့ ရိုးသားကြတယ်။ ငါ ပေးကမ်းထောက်ပံ့ထားတဲ့ ကျေးဇူးတရားတွေကို ထောက်ထားပြီး ငါ အသေကောင်းအောင် ပြုစုပေးကြလိမ့်မယ်လို့ ယုံကြည်လို့ ငါ ဒီလိုဆုံးဖြတ်လိုက်တာပါ။ အခု ငါ့ကို လိုလားနေကြတဲ့ ငါ့ထက်ချမ်းသာတဲ့ မိန်းမတွေ၊ ငါ့လိုချမ်းသာတဲ့ မိန်းမတွေကတော့ ငါ့မှာ ဒီရောဂါရှိမှန်းသိပြီဆိုတာနဲ့ ခွာသွားကြမှာလေ။ ဒါကြောင့် ကျေးဇူးပြန်သိတတ်မယ့်သူတွေကို ငါ အထောက်အပံ့ပြုနေတာပါ။ ငါ့ပိုင်ဆိုင်မှုတွေ မကျလုံးပေးပြီး လက်ထပ်ဖို့ ကြိုးစားနေရတာပါ”





“ဟား”

သူ အသံကုန်သာ ခြစ်အော်လိုက်ချင်သည်။ ဘာတွေလဲ။

ဘာတွေက ဘယ်လိုတွေ ဖြစ်နေတာလဲ။ သူ သိခဲ့တာတွေနဲ့ ဖြစ်ခဲ့တာတွေနဲ့က တခြားစီပါလား။ ဦးထွန်းခေါင်ဦးမှာ သက်တမ်းကြာကြာနေခွင့် မရှိတော့မယ့် အသည်းကင်ဆာရောဂါရနေသည်တဲ့။

သူကတော့ တစ်သက်စာ လူ့ပတ်ဝန်းကျင်မှာ မျက်နှာမဖော်ရဲသည့်ရောဂါတွေရပြီး ဦးထွန်းခေါင်ဦးကို လူဖြစ်ရှုံးစေချင်လို့ ယုတ်ညံ့သောအတွေးတွေနှင့် စီစဉ်နေခဲ့တာ။ အမုန်းတွေ၊ အငြိုးတွေနှင့် မိသားစုကို တော့်တတမ်းတရင်း နောင်တတွေနှင့် နောက်ဆုံးအချိန်တွေကို ရင်ဆိုင်စေချင်ခဲ့တာ။

အ…အခုတော့ မေမေ့ကို အရှမ်းချစ်ပြီး သူ့ကိုလည်း လာရှာခဲ့သေးသည်တဲ့လား။

မရှိတော့ဘူး…သေသွားပြီဆိုလို့ မျှော်လင့်ချက်တွေ ပျောက်ဆုံးပြီး ဘဝကို နေချင်သလိုနေ၊ ဖြတ်သန်းချင်သလို ဖြတ်သန်းနေခဲ့တာတဲ့လား။ ဒါကြောင့် ဒီရောဂါဆိုးကြီး မရသင့်ဘဲ ရခဲ့တာဖြစ်မည်။

“လင်းညို”

“ဗျာ”

“ငါ့မိန်းမ မလှဘူးလားကွာ…မင်း သေချာကြည့်စမ်းပါ”

“လှပါတယ်…အရမ်းကို ကျက်သရေရှိတယ်”

“ဟုတ်တယ်…အရမ်းလှတယ်၊ ကျက်သရေရှိတယ်။ ဒါပေမဲ့ ဓလည်း ငါ့လိုပဲ တဖြည်းဖြည်း အသက်တွေကြီးလာပြီး ဒီလိုလာပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုံချင်းစီမှာ အသက်အရွယ်လိုက် ရင့်ရော်လာတယ်။ ဝေ့ရဲ့နှစ်ပတ်လည်နေ့တိုင်း ငါ တစ်ပုံစီ ဆွဲလာခဲ့တာ။ ဒါက ဝေရဲ့ နှစ်ဆယ့်သုံးနှစ်အရွယ်၊ ဒီပုံက နှစ်ဆယ့်လေးနှစ်၊ ဒါက နှစ်ဆယ့်ငါး၊ နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခွန်၊ နှစ်ဆယ့်ရှစ်…နှစ်ဆယ့်ကိုး၊ သုံးဆယ်"

သက်တမ်းအလိုက် ရင့်ရော်လာခဲ့သော အရွယ်ရဲ့ပြောင်းလဲမှုကို အစက သတိမထားမိခဲ့။ မေမေ့မျက်လုံးနှင့်အပြုံးက အသက်ဝင်ကာ ဆွဲဆောင်မှုရှိလွန်းတာမို့ အရွယ်ရဲ့ရင့်ရော်မှုတွေကို သူ သတိမထားမိခဲ့တာပါ။

ဦးထွန်းခေါင်ဦးက နောက်ဆုံး ဆွဲလက်စပန်းချီကားရဲ့ပုံကို ကြည့်ပြီး-

"ဝေရဲ့ လေးဆယ့်သုံးနှစ်အရွယ်က တခြားမိန်းမတွေထက် ဆွဲဆောင်မှုရှိတုန်းပဲ။ ဝေရဲ့ အဲဒီလိုအပြုံးကို ငါ စွဲလမ်းခဲ့တာ။ ဒီအသက်လေးဆယ့်သုံးနှစ်အရွယ်ဆို ဝေလည်း ငါ့လိုပဲ သတိတွေ မေ့တတ်နေလောက်ပြီထင်တယ်။ မှတ်ဉာဏ်အားတွေ လျော့နည်းနေလောက်ပြီထင်တယ်။ ငါ့…ငါ့လိုရောဂါဆိုးတော့ ဝေ…ဝေကို မဖြစ်စေချင်ပါဘူးကွာ"

"ဖေဖေ"

နှုတ်ကမဟုတ်ဘဲ ရင်ထဲကခေါ်ကာ နှစ်သိမ့်ပေးချင်နေမိ၏။ ဒီလိုဝေဒနာတွေ၊ ဒီလိုခံစားမှုတွေ၊ ဒီလိုရောဂါဆိုးတွေ ရှိနေလိမ့်မည်ဟု မထင်မိပါ။ တစ်ဖက်သတ်အတွေး၊ တစ်ဖက်သတ်အမြင်တွေနဲ့





ခြုံခိုတိုက်ခိုက်နေခဲ့မိတာ။

ဦးထွန်းခေါင်ဦးက ခုတင်မွေ့ယာဘက်ကို သွားကာ-

"ဒါ…ဝေ့ရဲ့ ဝေ အိပ်ခဲ့တဲ့ ခုတင်နဲ့မွေ့ယာပေါ့။ ဒါကတော့ ဝေရဲ့အင်္ကျီအဝတ်အစားတွေ။ ငါ့ဘာသာ ဖွတ်လျှော်သိမ်းထားခဲ့တာ။ ဝေ့ရဲ့အမှတ်တရတွေပေါ့။ ငါ ပန်းချီဆွဲတဲ့အချိန်ဆိုရင် ဝေက အဲဒီ ခုတင်ပေါ်ကနေ ပြုံးပြုံးလေးနဲ့ ထိုင်ကြည့်နေတယ်လို့ ထင်မိတယ်။ ဒီအခန်းထဲမှာ ဝေ့ရဲ့အငွေ့အသက်တွေ၊ အရိပ်အရောင်တွေအားလုံး ထည့်ထားတယ်။ ဒီလို နှစ်ပတ်လည်နေ့ဆိုရင် ဝေ့ကို တွေ့နေရတယ်လို့ အောက်မေ့ပြီး ဘယ်သူနဲ့မှ မတွေ့ဘူး။ မဆက်ဆံချင်ဘူး။ ဒီလိုအချိန်မှာ ဝေ ငါ့အနားမှာ ရှိနေလိမ့်မယ်။ ကြည့်စမ်း…ဝေ ပြုံးနေလိုက်တာ လေးဆယ့်သုံးနှစ်အရွယ်ရောက်လို့ နှုတ်ခမ်းထောင့်လေးတွေ၊ မျက်သားလေးတွေ၊ လည်ပင်းအရစ်လေးတွေ တွန့်လာပြီဆိုပေမယ့် ဝေ့ရဲ့အပြုံးတွေက အရမ်းကို လှနေတုန်းပဲ"

"သ…သူဌေး နားလိုက်ပါတော့လားဗျာ…ကျန်းမာရေး မကောင်းဘူးဆို…အသည်းကင်ဆာက အရက်နဲ့လည်း မတည့်ဘူး။ မသောက်ပါနဲ့တော့နော်"

"မင်း စိုးရိမ်ပေးတာ ကျေးဇူးတင်တယ်။ ဒီနေ့ ငါ နှစ်ဆယ့်တစ်နှစ်လုံးလုံး ဘယ်သူ့ကိုမှ မပြောဘဲ မျိုသိပ်ခံစားလာခဲ့တဲ့အကြောင်းတွေ မင်းကို ပြောပြလိုက်ရလို့ ငါ့ရင်ထဲမှာ ပေါ့သွားတာပဲ။ မသေခင် တစ်ယောက်ယောက်ကိုတော့ ပြောပြချင်နေတာ။ အခုလို နားထောင်ပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ ငါက ငါ လက်ထပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကိုတောင် ငါ့မှာ ဒီရောဂါရှိတယ်လို့ ပြောလို့မရဘူး မဟုတ်လား။ ပြောလိုက်ရင် ရောဂါသည် ဝေဒနာသည်ကို ဘယ်သူက စောစောစီးစီး မုဆိုးမအဖြစ်ခံပြီး လက်ထပ်ချင်မှာလဲ''

''သူရွှေး''

''ဟုတ်တယ်…ငါ နည်းနည်းတော့ အတ္တကြီးသလိုဖြစ်သွားခဲ့မှာပါ။ သေမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနေတဲ့လူတစ်ယောက်က သူများသမီးပျိုလေးကို အရွယ်ငယ်ငယ်လေးနဲ့ မုဆိုးမဘဝနဲ့ ထားခဲ့မှာမို့လေ။ ဒါပေမဲ့ ငါ့မှာ ငါ့ပိုင်ဆိုင်မှုတွေ အမွေပေးထားခဲ့စရာသားလည်း မရှိဘူး။ ဒါကြောင့် မပြည့်စုံတဲ့ သူတို့ဘဝလေးကို ပိုင်ဆိုင်မှုတွေအားလုံး ပေးထားခဲ့မယ်ဆိုရင် နောင်ဘဝအတွက် ငါ ကုသိုလ်ရနိုင်တယ်။ ဘုရားကျောင်းတန်ဆောင်းဆောက်ပြီး လှူဒါန်းလို့လည်း ရပေမယ့် မပြည့်စုံတဲ့သူတွေ၊ ချို့တဲ့ဆင်းရဲနေတဲ့လူတွေကို ငါ အလှူအတန်းလုပ်ချင်တယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ ငါ သေမယ့်အချိန်မှာ အထီးကျန်မဆန်ချင်ဘူး။ ငါ့ကို ပြုစုပေးမယ့်မိသားစုဘဝ လိုအပ်တယ်။ ဖြစ်နိုင်ရင်တော့ ဒီထက် သက်တမ်းတိုးပြီး ဝေရဲ့ လေးဆယ့်လေးနှစ်မြောက်၊ လေးဆယ့်ငါးနှစ်မြောက်တွေမှာ ဝေ အရင်သွားနှင့်တဲ့ တမလွန်ကို ရောက်သွားရင်ကောင်းမယ်။ ဝေက ငါ့ကို တွေ့ချင်မှာမဟုတ်ပေမယ့် ငါကတော့ ဘယ်ဘဝပဲရောက်ရောက် ဝေ့ကို မြင်တွေ့ချင်သေးလို့ပါ''

သူနားတွေ၊ နှလုံးသားတွေက ခံနိုင်ရည်မရှိတော့။ ရင်ထဲမှာ ဆို့နင့်မှုတွေနှင့် အမုန်းတွေ ထားခဲ့မိတာ နောင်တတွေ ရနေမိသည်။





ဒီလိုမုန်းသာသိလျှင် သူ ဖေဖေ့ကိုမုန်းခဲ့မိမှာ မဟုတ်ပေ။

သူ တစ်ညလုံး မေမေ့အရိပ်အငွေ့ဝိညာဉ်တွေရှိနေသော ဒီအခန်းလေးထဲမှာ ဖေဖေနှင့်အတူရှိနေပေးရင်း အသံတိတ်ငိုကြွေးနေမိသည်။ ဖေဖေက သူချွဲထားသော အသက်အကန့်လိုက် မေမေ့ပုံတွေကိုကြည့်၍ တစ်ညလုံး စကားတွေပြောနေသည်။

ငိုလိုက်ပြောလိုက် မပြီးသတ်သေးသော ပန်းချီကားကို ဆက်ဆွဲလိုက်ဖြင့် မေမေ့ကို အချစ်ကြီးချစ်ခဲ့တာတွေ သက်သေပြနေ၏။ ဒီလောက်တောင် မြတ်နိုးတတ်ခဲ့ပါလျက် ဘာကြောင့် ဒီအဖြစ်ဆိုးကြီးဖြစ်သွားရတာပါလဲ။

အမှန်တရားတွေ သူ မသိခဲ့တာကြောင့် သူလည်း အခုချိန်မှာ နောင်တတွေဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"ဦးထွဋ်ခေါင်ဦး ထောင်ကထွက်တဲ့အချိန်မှာ သားကို လာရှာခဲ့သေးတာ…ဟုတ်သလား အဘွား"

"ဟင်…မြေး…မြေးက ဒီအကြောင်းကို ဘယ်လိုလုပ်သိတာလဲ"

"ကျော်လင်းနဲ့တွေ့ပြီး ပြောလိုက်ပြန်ပြီလား…မြေး"

သူ ဘယ်လိုပြန်ဖြေရမလဲ။ မေမေကိုယ်တိုင် ပြောလိုက်တာပါလို့တော့ ပြောလို့မဖြစ်ပေ။ မေမေနှင့်တွေ့နေသည်ဆိုလျှင် အဘိုးနှင့်အဘွား စိတ်ဆင်းရဲသွားနိုင်သည်။

ကိုကျော်လင်း ပြောခဲ့တာလည်းမဟုတ်တော့ မုသာဝါဒလည်း မကျူးလွန်ချင်။





"သား တစ်နေရာက သိလာတယ်ပဲထားလိုက်ပါ။ အဲဒါ အမှန်လားဆိုတာပဲ သား သိချင်တယ်"

"ဟုတ်တယ်…အရင်နေခဲ့တဲ့နေရာကို သူ အရင်သွားရှာခဲ့တယ်လို့ ပြောတယ်။ သူ့ကို ရှောင်ချင်တာလည်းပါသလို အဲဒီကပတ်ဝန်းကျင်ကြောင့် အဖေက အမေ့ကို သတ်တယ်လို့သိရင် မြေးလေး စိတ်ဒဏ်ရာရမှာစိုးလို့ အဘိုးတို့က ဒီနေရာကို ပြောင်းလာခဲ့ကြတာပဲ"

"အဲဒါကြောင့် သူ ရှာမတွေ့ဘဲ ပွဲရုံကို လာရှာတယ်။ သူ့လို ဇနီးကို ဇနီးမှန်းမသိ၊ သားကိုသားမှန်းမသိ၊ လူစိတ်ပျောက် စိတ်လွတ်ပြီး ကိုယ့်မိန်းမကိုသတ်တဲ့ အဲဒီလိုကောင်မျိုးကို မြေးလေး သေပြီလို့ အဘွားတို့ ပြောလိုက်တယ်။ ငါ့သမီးကိုသတ်တဲ့ နွှင့်လိုခွေးစိတ်ပျောက်နေတဲ့ကောင်မျိုးရဲ့သွေးသားကို ငါတို့ ဂရုမစိုက်နိုင်လို့ သေသွားတာလို့ ပြောလိုက်တဲ့အတွက် မြေးလေး ရှိနေဦးမယ်လို့ သံသယဝင်မှာမဟုတ်ဘူး။ သူက အဘွားတို့သမီးကို သတ်ခဲ့တာဖြစ်တဲ့အတွက် သူ့သွေးသားကို ဂရုမစိုက်မှာ ဟုတ်မှာပဲလို့ သူ တွေးမှာပဲလေ"

ဒါဆို မေမေ့ဆီက သူ ကြားခဲ့ရတာတွေက အမှန်တွေပေါ့။ မေမေ လိမ်ညာဟန်ဆောင်ပြောတာ မဟုတ်ဘူးပေါ့။

"ဒါဆို ဦးထွဋ်ခေါင်ဦးက သားရှိနေတာ တကယ်မသိတာပေါ့နော်။ သားရှိနေတာသိသိကြီးနဲ့ ဥပေက္ခာပြုတာဝန်မဲ့တာမဟုတ်ဘူးပေါ့"

"အဲဒါ ဘာဖြစ်လို့လဲ…မြေး၊ အဲဒီလိုပါဆိုပြီး မြေးက အဖေအဖြစ် အသိအမှတ်ပြုချင်လို့လား။ အဲဒီကောင်က မြေးအမေကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ခဲ့တဲ့သူ…မြေးအမေဗိုက်ထဲက ရင်သွေးလေးကိုပါ သတ်ခဲ့တဲ့သူ…မြေးလေးဘဝ အမေမရှိဘဲ သက်တမ်းတစ်လျှောက်လုံး သိမ်ငယ်ခဲ့၊ အားငယ်ခဲ့ရတာ သူ့ကြောင့်”

“ထွန်းခေါင်ဦးဆိုတာ မြေးလေးတစ်သက်လုံး မုန်းတီးနာကြည်းသွားရမယ့်သူပဲ မြေး…တစ်သက်လုံး ခွင့်လွှတ်မပေးရမယ့်သူမျိုးပဲ။ အဘိုးတို့၊ အဘွားတို့ရဲ့ကျေးဇူးတွေကို နားလည်ရင် မေတ္တာစေတနာကို သိတတ်ရင် အဲဒီကောင်ကို လုံးဝ အဖေအဖြစ် အသိအမှတ်မပြုပါနဲ့ မြေး…သူ ချမ်းသာနေတယ်ဆိုလို့ သူ့ပိုင်ဆိုင်မှုတွေကိုလည်း မမက်ပါနဲ့။ အဘိုးတို့သေရင် အဘိုးတို့ပိုင်ဆိုင်သမျှတွေ မြေးလေးအတွက် အကုန်ထားခဲ့မှာပါ။ အဘိုးတို့သက်တမ်းကရော ဘယ်လောက်ကျန်တော့မှာမို့လို့လဲ”

“အဘွားတို့ရဲ့ ကျန်တဲ့သက်တမ်းလေးမှာတော့ ကိုယ့်သမီးကို သတ်ခဲ့တဲ့ကောင်ကို မြေးလေးရဲ့အဖေပဲဖြစ်ဖြစ် လုံးဝ အသိအမှတ်မပြုပါရစေနဲ့။ မပတ်သက်မဆက်ဆံပါရစေနဲ့။ မြေးလေးလည်း အဘွားတို့ကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် အဲဒီလိုနေပေးပါနော် မြေးလေး”

သူ ခေါင်းမခါရက်ပါ။ ဖေဖေက ဒီလိုပါလို့ အမှန်တွေကို ရှင်းပြပြီးလည်း အယူခံမဝင်ချင်ပါ။

ဘယ်လိုအမှန်တရားတွေပဲရှိနေနေ မေမေ သေခဲ့ရတာက သေခဲ့ရတာပဲမဟုတ်လား။ သမီးတစ်ယောက်အတွက် အဘွားတို့ ကြေကွဲခံစားရတာ၊ နာကျင်ရတာ သက်သာပါ့မလား၊ ဖြေသာပါ့မလား။





အဘွားတို့အတွက်လည်း နာကျင်ပေးသင့်သည်ဟု ထင်မိသည်။

ဒါပေမဲ့ ဖေ…ဖေဖေ့ကိုရော ဘယ်လိုလုပ်ရမှာလဲ။ ဘာမှ သေချာမသိဘဲ ဖေဖေ့အပေါ် သူမှားခဲ့တာတွေက အများကြီး။

ဖေဖေ့မှာ အသည်းကင်ဆာရောဂါ ရှိနေသည်။ မကြာခင် သေတော့မည့် ဖေဖေ့အတွက် နောက်ဆုံးအနေနှင့်တောင် ဖေဖေ့မှာ သွေးသားအရင်း သားတစ်ယောက်ရှိပါသေးသည်လို့ ပြောခွင့်မရှိတော့ဘူးလား။

ဝေဒနာခံစားနေရမည့် နောက်ဆုံးအချိန်တွေမှာ ပြုစုခွင့်လေးတောင် မရှိတော့ဘူးလား။ ဒါဟာ အတိတ်က ကြမ္မာဆိုးတွေကြောင့်ဆိုလျှင် ဘယ်သူမှားခဲ့သည့် ကံတရားလဲ။ သူ့ရင်တွေ အဆမတန် နာကျင်နေပါသည်။

မခံစားနိုင်အောင် ဈနစ်နေသည်။ အဘွားတို့ရှေ့က ထွက်လာခဲ့ပြီး ကွယ်ရာကိုရောက်မှ နံရံကိုမှီကာ မျက်ရည်တွေကို သွန်ချပစ်လိုက်၏။

ဒီမျက်ရည်တွေ အဆုံးသတ်မည့်နေ့ မရှိတော့ဘူးဆိုတာ…

ရွှေပြည်သိမ်းစာစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၆)

"ဒါတွေက ဘာတွေမို့ ငါ့ရှေ့ လာချပြနေတာလဲ ဖြူစင်"

"အစ်ကိုကြီး ကြည့်လိုက်လေ…ကြည့်ရင်သိမှာပဲ"

"ဘာတွေမို့လဲ"

စားပွဲပေါ်က စက္ကူအိတ်နှင့်ထည့်ထားတာတွေကို ခန့်မင်းဇော် ထုတ်ယူကြည့်လိုက်သည်။

"ဟာ…ဒီပုံတွေက"

"ဦးထွန်းခေါင်ဦး မိန်းမတကာနဲ့ ပတ်သက်ဆက်ဆံတဲ့ပုံတွေလေ။ အစ်ကိုကြီး တွေ့ပြီလား။ မိန်းမတကာနဲ့ အဲဒီလိုတွေ ဆက်ဆံနေမှတော့ သူ့မှာ ရောဂါတွေဘာတွေ ရမနေဘူးလို့ရော ပြောလို့ရမလား။ အဲဒီလိုလူကို လက်ထပ်ပြီး ဖြူစင်ဘဝ အနစ်နာခံရမှာလား အစ်ကိုကြီး"





"နှင့်ကို ဒီဓာတ်ပုံတွေ ဘယ်သူပို့လိုက်တာလဲ။ သက်ထွန်းပိုင် မဟုတ်လား။ နှင့်ကိုကြိုက်လို့ ဦးထွန်းခေါင်ဦးကို အပုပ်ချချင်တာ"

"ပုပ်လို့ပေါ် ဟုတ်လို့ကျော်တာပါ အစ်ကိုကြီး။ မဟုတ်ဘဲ မဖြစ်ဘဲ ဒီလိုပုံတွေ ထွက်မလာပါဘူး။ ဒီလိုအိမ်ထောင်ရေးမျိုးမှာ ဖြူစင် ဘယ်လောက်တောင် စိတ်ဆင်းရဲရမလဲ စဉ်းစားကြည့်ပါဦး။ ချမ်းသာချင်တာနဲ့ပဲ ဖြူစင့်ဘဝ အပျက်ခံရတော့မှာလား။ အဲဒီလိုနေရဖို့အတွက် ဖြူစင့်ကို ရောင်းစားရက်သလား ပြောပါဦး"

ဓာတ်ပုံတွေ ကြည့်နေရင်းက ဖြူဖြူစင် ပြောတာတွေ နားထောင်ပြီး ခန့်မင်းဇော် တွေဝေငြိမ်ကျသွား၏။ အမေက ရှေ့တိုးထိုင်ပြီး-

"ဒီလိုတော့ မဖြစ်တော့ဘူးထင်တယ်။ အမေလည်း ကျန်းမာရေးကောင်းနေပါပြီ။ ဈေးပြန်ရောင်းပါမယ်။ သား ဆိုက်ကားမနင်းချင်လည်းနေပါ။ သူ့ကားကို ပြန်ပေးလိုက်ပါလား သားရယ်။ အမေတို့ နေဖြစ်စားဖြစ်ပါတယ်။ သားညီမကို ရောင်းစားတဲ့အဖြစ်မျိုး အဖြစ်ခံနိုင်သလား"

"သူ့ကို လူကြီးလူကောင်းတစ်ယောက်ဖြစ်မယ် ထင်ခဲ့လို့ပါ။ စကားပြောရည်မွန်တယ်၊ အဆင့်အတန်းမခွဲဘဲ အထောက်အပံ့တွေပြုခဲ့တယ်၊ လုပ်ငန်းရှင်တစ်ယောက်လည်းဖြစ်နေတော့ အသက်အရွယ်အရလည်း လေးစားသင့်တယ်ထင်လို့ပါ"

"ကျန်တာတွေက လေးစားစရာကောင်းချင်ကောင်းမှာပေါ့။ မိန်းမကိစ္စ ဒီလောက်ရှုပ်လာရင် အိမ်ထောင်ရေးမှာတော့ အရှုပ်စိတ်ဆင်းရဲရမှာ အစ်ကိုကြီး…ဖြူစင်လည်း မိသားစုအတွက် ပေးဆပ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ကိုယ့်ဘဝတစ်ခုလုံး အနစ်မွန်းခံလိုက်ချင်ပါတယ်။ ဒါပေမဲ့"

"ရှုပ်ပြီ…ညီမလေး အဲဒီလူကို လက်မထပ်ချင်ဘူးမဟုတ်လား။ အစ်ကိုကြီး သူ့ကို ကားပြန်ပေးလိုက်ပါမယ်။ ဆိုက်ကားပြန်နင်းပြီး အိမ်ကို ဈေးဖိုးလည်း ထောက်ပါ့မယ်"

"တ…တကယ်ပြောတာလား အစ်ကိုကြီး"

"မိန်းမတကာနဲ့ ရှုပ်ပွေလွန်းနေတာကျတော့လည်း တစ်မျိုးကြီးပဲ။ ကိုယ့်ညီမကို အဲဒီလိုလူမျိုးနဲ့ ထိုးအပ်ပေးစားရမှာ ရောင်းစားသလိုကြီးဖြစ်နေလို့ စိတ်မလုံဘူး။ ဒီအတိုင်း အသက်ကြီးကြီး သိက္ခာရှိတဲ့၊ ချမ်းသာတဲ့လူမျိုးဆိုရင်တော့ တော်သေးတယ်"

"အေးပေါ့ သားရယ်…အမေလည်း အစကတော့ အဲဒီလို စဉ်းစားတာပေါ့။ လူကြီးလူကောင်း သိက္ခာရှိတဲ့သူဆိုရင်တော့ အသက်ပဲကြီးကြီး၊ မုဆိုးဖိုပဲဖြစ်ဖြစ် မိသားစုအတွက် အထောက်အပံ့ပြုနိုင်မယ့်သူဆိုရင် အားကိုးမိတာပေါ့။ ဓာတ်ပုံတွေ တွေ့လိုက်ရတော့ စိတ်ပျက်သွားမိတာအမှန်ပဲ"

အမေကပါ ဒီလိုပြောတော့ သူမ အားရှိသွားမိသည်။ အစ်ကိုကြီး စိတ်ပြောင်းသွားပြီဆိုရင် ဦးထွန်းခေါင်ဦးကို ငြင်းလို့အဆင်ပြေမှာပါ။ သူမ ဓာတ်ပုံတွေကို စုစည်းကာ ပြန်သိမ်းလိုက်သည်။ ဒီဓာတ်ပုံတွေက ထွန်းမင်း ပေးလိုက်တာပါ။

သက်ထွန်းပိုင်ကတစ်ဆင့် သူမကို သိစေချင်လို့ ပေးခိုင်းလိုက်တာတော့ ဖြစ်လိမ့်မည်။ ဘာပဲဖြစ်ဖြစ် အစ်ကိုကြီးပါသိသွားတော့ အဆင်ပြေတာပေါ့။ အပြောနှင့်ပဲဆိုလျှင် အစ်ကိုကြီးက ယုံမှာမဟုတ်။





ဦးထွန်းခေါင်ဦးကို ဖွတ်အတောင်းကို အထင်ကြီးလေးစားနေခဲ့တာ။ တကယ်လည်း အပြင်ပန်းမြင်လျှင် လေးစားကြည်ညိုသင့်သည့် ဥပမိ ရုပ်မျိုးပါ။ ဒါပေမဲ့ သူမစိတ်ကို လှုပ်ရှားအောင် မစွမ်းဆောင်နိုင်ပေ။

သူမကို ရင်ခုန်အောင် လုပ်နိုင်သူကတော့…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဘာပြောတယ် ထွန်းမင်း…ဓာတ်ပုံတွေ ဖြူစင့်ကို ပေးလိုက်တယ် ဟုတ်လား"

"အေးလေ…မင်းပဲ ဦးထွန်းခေါင်ဦးကို ဖြူစင် စိတ်ကုန်စိတ်ပျက်ပြီး လက်မထပ်ချင်အောင် ဦးထွန်းခေါင်ဦးက ဘယ်လိုလူမျိုးလဲ ဆိုတာ လက်တွေ့ပြဖို့အတွက် ဓာတ်ပုံတွေ ရိုက်ထားတာမဟုတ်လား"

"ငါ…ငါ မပြနိုင်းသေးဘဲနဲ့ကွာ။ လို…လိုအပ်ရင် ငါကိုယ်တိုင်လုပ်မှာပေါ့"

"ဟ…ဖြူစင်က ဘာတွေပြောနေနေ ဦးထွန်းခေါင်ဦးနဲ့ လက်ထပ်ဖို့လုပ်နေပြီ။ မင်းကို သူ ချစ်တယ်တဲ့။ ချစ်လည်း မိသားစုအတွက် မဖြစ်မနေကို လက်ထပ်ရတော့မှာ။ ငါလည်း ပြောကြည့်သေးတယ်။ ဦးထွန်းခေါင်ဦးက ကောင်းတဲ့သူ မဟုတ်ဘူးလို့၊ အဲဒါလည်း ဖြူစင်က မယုံဘူး။ ပိုင်ပိုင်ပြောလို့ နင် သိတာမဟုတ်လား





တဲ့။ ပိုင်ပိုင်က ဦးထွန်းခေါင်ဦးကို ဘာလို့ အငြိုးတကြီး အပုပ်ချနေသလဲဆိုတာ နားမလည်နိုင်ဘူး…ဘာညာနဲ့။ သူက အဲဒါကိုလည်း စိတ်ဝင်စားနေပြီ။ ငါမှာလည်း မင်းတားထားလို့ ပြောလို့က မဖြစ်ဘူး။ နောက်ဆုံး မင်းကိုပဲ သူများမကောင်းကြောင်း အပုပ်ချတတ် မကောင်းပြောတတ် သူ့ကိုချစ်တာနဲ့ ဦးထွန်းခေါင်ဦး သက်သက်ရန်လိုနေတယ်၊ တိုက်ခိုက်နေတယ်၊ အဲဒီလိုမကောင်းမြင်ခံရဖို့ပဲ ရှိတော့တယ်။ အဲဒါကြောင့်"

"ဘာဖြစ်လဲ…ငါ့ကို မကောင်းမြင်တော့ ဘာဖြစ်လဲ။ အခု အဲဒီဓာတ်ပုံတွေမြင်သွားရင် သူတို့အခြေအနေတွေ ပြောင်းသွားတော့မယ်။ ဟာကွာ…ဒီဓာတ်ပုံတွေ ဘာလို့ပေးလိုက်ရတာလဲကွာ"

"ပိုင်ပိုင်…မင်း ဘာဖြစ်တာလဲ"

ထွန်းမင်း နားမလည်နိုင်သလို ဖြစ်သွား၏။ အစကတော့ ခွတ်အတင်းကို ဦးထွန်းခေါင်ဦး မကောင်းကြောင်းတွေပြောပြီး ဖြူစင်တော်သက်သွားမှာကို စိုးရိမ်နေတာ။ လက်ထပ်ဖြစ်မှာစိုးလို့ အချိန်ဆွဲထားပါဦး၊ ဆုံးဖြတ်ချက်ချ မစောလိုက်ပါနဲ့ဦး၊ အဲဒီလူ ဘယ်လိုလူမျိုးလဲဆိုတာ ငါ လက်တွေ့ပြမယ်နှင့် ကြံစည်နေခဲ့တာ၊ ခံစားနေခဲ့တာ။ နာကြည်းမှုတွေနှင့် ဒီဓာတ်ပုံတွေကိုတောင် စီစဉ်ထားတာ။

"ပိုင်ပိုင်"

"ဟင်"

"မင်း ဘာဖြစ်နေတာလဲ။ ငါ့ကိုပြော…အခု ဖြူစင်က မင်းကို ချစ်တယ်ဆိုတာလည်း မင်း သိသွားပြီ။ ဒီဓာတ်ပုံတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်ဖြစ်ဘူးဆိုရင်လည်း မင်းဆန္ဒတွေ ပြည့်သွားတာမဟုတ်ဘူးလား။ ဒါနဲ့မှမရရင် မင်း စီစဉ်ထားတဲ့အတိုင်း ဟိုမိန်းမနဲ့ကိစ္စ မင်းကင်မရာတွေ၊ စီစီတီဗွီတွေနဲ့ အမိအုပ်ပြီး စတာတွေ၊ တိတ်ခွေတွေနဲ့ မင်း ခြိမ်းခြောက်ဖို့အထိ အားလုံးလုပ်ပြီးပြီမဟုတ်လား"

"ထွန်းမင်း"

"အေး…ပြော၊ မင်းကို ငါ နားမလည်တော့ဘူး။ အရင်က ဦးထွဋ်ခေါင်ဦး ဂုဏ်သိက္ခာကျဖို့ အရှက်မဲ့နောင်တတွေရဖို့ ရောဂါဆိုးကြီးရပြီး မိသားစုကို တောင့်တတဲ့ နောက်ဆုံးအချိန်တွေ မျှော်လင့်နေတာ ဘယ်လောက်ကြာသေးလို့လဲ။ အခုက ဘာကို တွေဝေသွားတာလဲ"

"ဖြူ…ဖြူစင်တို့မိသားစု အဆင်ပြေစေချင်လို့ပါ။ ဖြူစင်က ငါ့ကို ချစ်တယ်ဆိုလည်း ဖြူစင်တို့တစ်မိသားစုလုံး အဆင်ပြေအောင် ငါ ဘာမှလုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဦးထွဋ်ခေါင်ဦးကမှ သူတို့ တစ်မိသားစုလုံးဘဝကို ကယ်တင်နိုင်မှာ။ ပြည့်စုံချမ်းသာအောင် လုပ်ပေးနိုင်မှာ"

"ဟား…ပိုင်ပိုင် မင်းပဲ အမျိုးမျိုးကွာ…အခု ဆီထမင်း၊ အခု စာကလေးကြော်နဲ့ ဘာဖြစ်ရပြန်တာလဲ။ အခု ဦးထွဋ်ခေါင်ဦးနဲ့ ဖြူစင်ကို လက်ထပ်စေချင်တဲ့သဘောလား"

လေးပင်စွာ ခေါင်းညိတ်လိုက်သော သက်ထွဋ်ပိုင် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ လည်နေသည်။ စိတ်နှင့်ကိုယ်က တခြားစီဖြစ်နေသလို မျက်ဝန်းအကြည့်တွေက ဟိုးအဝေးကို ရောက်နေ၏။





"ပိုင်ပိုင်…မင်း ဘာကြောင့် စိတ်ပြောင်းသွားရတာလဲ။ ငါ့ကို ပြောပြလို့ မရဘူးလား"

"မင်း မသိချင်ပါနဲ့ဦးကွာ။ ကိုယ့်ကိုယ်ကိုယ်တောင် ဘာတွေ လုပ်ရမလဲ ဝေခွဲမရသေးလို့ပါ"

"မဟုတ်ဘူး…မင်း တစ်ခုခုဖြစ်နေတယ်။ တစ်ခုခုကို ကြိတ်ခံစားနေတယ်။ မင်း အရမ်းကို မသက်မသာပုံစံပေါက်နေတယ်။ ဖြူစင်ကို စွန့်လွှတ်ရမှာစိုးလို့လား။ ဒါဆိုရင် မင်း စီစဉ်ထားတဲ့အတိုင်း ဆက်လုပ်လိုက်ရင် ပြီးတာပဲ"

"မင်း…မင်း မသိပါဘူး ထွန်းမင်းရာ"

"အေး…ငါ မသိလို့ဘဲ မေးနေတာ။ မင်း ငါ့တစ်ယောက်ပဲ ရင်ဖွင့်စရာရှိတာဆို။ မင်း ဒီလိုရုံးဖြတ်ချက်ပြောင်းသွားတာ အကြောင်း တစ်ခုခုရှိလိမ့်မယ်လို့ ငါ ထင်တယ်။ ဖြူစင်ကို ဦးထွဋ်ခေါင်ဦးလို လူသတ်သမား၊ ထောင်ထွက်၊ မိန်းမရှုပ်ပွေတဲ့သူနဲ့ မပတ်သက်စေချင်ဘူး၊ လက်မထပ်စေချင်ဘူးဆိုပြီး အသည်းအသန် လိုက်ဖျက်ပြီးမှ ဘယ်လိုဖြစ်ပြီး"

"ထွန်းမင်း"

"ဖြူစင်ကို မင်း တန်ဖိုးထားပြီးချစ်တာလည်း သိတယ်။ မင်း အဖေရဲ့ မကောင်းမှုစရိုက်တွေကို ဖြူစင်သိအောင်လုပ်ပြီး မပတ်သက်စေချင်တာလည်း နားလည်တယ်။ အခု အဲဒီလိုမဟုတ်တော့ဘဲ ဖြူစင်နဲ့ မင်းအဖေကို လက်ထပ်စေချင်တဲ့ဆန္ဒ ရှိလာတာတော့ နားမလည်နိုင်တော့ဘူး။ တစ်ဖက်က မင်းချစ်သူ၊ တစ်ဖက်က မင်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီးနာကြည်းရှုရှာနေတဲ့အဖေ…ဘယ်လိုတွေ ဖြစ်သွားတာလဲ"

"ထွန်းမင်း…ထွန်းမင်း…ငါ…ငါလေ"

"ဟ…ဟ…ငါက ဘာပြောလို့ ငိုရတာလဲ။ ဟိတ်ကောင် ပိုင်ပိုင်"

သက်ထွဋ်ပိုင် အီးခနဲ ငိုချလိုက်တာမို့ ထွန်းမင်း လန့်ဖျပ်သွားလျက် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ သက်ထွဋ်ပိုင်က အတန်ကြာအောင် စိတ်ကြိုက်ငိုချပြီးမှ မျက်ရည်တွေကို ပွတ်သုတ်ကာ မျက်နှာမော့သည်။

သက်ထွဋ်ပိုင် ဒီလောက်ထိ ကြေကွဲထိခိုက်ခံစားတာမျိုး မမြင်ဖူးပါ။ ထွန်းမင်း စိတ်မကောင်းစွာဖြင့် သက်ထွဋ်ပိုင် ပခုံးလေးကို ဆုပ်ညှစ်လိုက်ပြီး–

"ပိုင်ပိုင်…သူငယ်ချင်း ဘာဖြစ်တာလဲကွာ"

"ဦးထွဋ်ခေါင်ဦးနဲ့ဖြူစင် လက်ထပ်မှဖြစ်မှာ"

"အေး…အရင်က လက်ထပ်လို့မဖြစ်ဘူးလို့ ဖွတ်တားပြီး အခု ဘာလို့ လက်ထပ်မှဖြစ်မှာလို့ ဖွတ်ပြောနေရပြန်တာလဲ။ အဲဒါကို ငါ သိချင်တာ"

"ဦး…ဦးထွဋ်ခေါင်ဦးမှာ ရောဂါရှိတယ်"

"ရောဂါရှိတယ်။ မိန်းမတွေ ဒီလောက်ရှုပ်ပွေနေတော့ အေအိုင်ဒီအက်စ်ရောဂါ ရှိနေပြီလား။ အဲဒါ မင်း ဖြစ်စေချင်တဲ့ရောဂါလေ။ အဲဒီရောဂါသည်ကို မင်းက ဘာလို့ ဖြူစင်နဲ့ လက်ထပ်စေချင်ရတာလဲ။ ဖြူစင်ကို အဲဒီရောဂါ ကူးစက်အောင်လို့"





"အသည်းကင်ဆာ"

"ဘာ"

"အသည်းကင်ဆာဖြစ်နေတာ… လူ့လောကကြီးမှာ ဦးထွဋ်ခေါင်ဦး ကြာကြာမနေရတော့ဘူး"

"ဟ…ဟုတ်လို့လား"

မယုံမရဲ တအံ့တဩ မေးလိုက်မိပြီးမှ သက်ထွဋ်ပိုင် ပခုံးကို ပုတ်ကာ ပေါ့ပေါ့ပါးပါး ပြုံးလိုက်မိသည်။

"အဲဒါ…ဘာဖြစ်လဲကွာ။ မင်းမုန်းတဲ့အဖေ နာကြည်းရှုရှာနေတဲ့အဖေမှာ လူတကာ ရှုမုန်းမသတီတဲ့ အေအိုင်ဒီအက်စ်ရောဂါ ရစေချင်လို့ ရောဂါရနေတဲ့ မကောင်းတဲ့ပြည့်တန်ဆာမနဲ့တောင် ပတ်သက်အောင် မင်း လုပ်ထားပေးတာပဲ။ ရောဂါနှစ်ခုနဲ့ဆို မင်းအတွက် ပိုပြီး ကျေနပ်စရာမကောင်းဘူးလား"

"ငါ မှားသွားတယ်"

"ဘာမှားတာလဲ"

"ဦးထွဋ်ခေါင်ဦးက ငါ ထင်ထားသလိုမဟုတ်ဘူး။ မေမေ့ကို သတ်ချင်လို့ သတ်ပစ်တာမဟုတ်ဘူး။ ငါ့ကို မရှာခဲ့တာလည်း မဟုတ်ဘူး"

"ဘာတွေလဲ…မင်းအတိုးအတွားတွေ အဲဒီအတိုင်းပြောခဲ့တာ မဟုတ်လား။ ပြီးတော့ မန်နေဂျာကိုကျော်လင်းပြောလို့…အခုလည်း မိန်းမတွေ ရှုပ်ပွေနေတာ။ အဲဒီမိန်းမတွေကို မင်းကိုယ်တိုင် ဆက်သွယ်ပေးနေရတာ…အခု ဖြူစင်အထိ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်…ဒါပေမဲ့ ငါ သိထားတာတွေနဲ့ တခြားစီ ဖြစ်နေတယ်။ ငါ…ငါ အခုမှ သိရတာကွာ"

"ဘယ်သူက ဘာတွေပြောလိုက်လို့လဲ"

မပြောချင်သေးဘူးဆိုပေမယ့် ဖေဖေ့ရဲ့ပုံရိပ်တွေကို ပြန်ပြောင်း မြင်ယောင်လာကာ ထွန်းမင်းကို အကြောင်းစုံပြောပြလိုက်သည်။ ပုံရိပ်တွေကို ဖမ်းဆုပ်ကြည့်ရင်း နားထောင်နေသည့် ထွန်းမင်းလည်း တအံ့တသြ ဖြစ်လို့နေသည်။

"ဒါဆို အလွဲကြီးပဲ။ မင်းအဖေက မင်းအမေကို မချစ်လို့မှ မဟုတ်ဘဲကွ။ ယောကျ်ားဆိုတော့ မာနနဲ့အရှက်သိက္ခာထိလို့ လွှတ်သွားတာ။ ဒါမျိုးတော့ ငါတို့လည်း ဖြစ်နိုင်တာပဲ"

"ဒီလိုတွေလုပ်ခဲ့တဲ့ မေမေ့မှာလည်း အပြစ်ရှိတယ်လို့ မပြောနိုင်ဘူး။ ရုပ်ချောတဲ့၊ ခန့်တဲ့ယောကျ်ားကို သားသမီးရလာတဲ့အခါမှာ ပိုပြီး သဝန်တိုမိမှာပဲလေ။ ငါ့ယောကျ်ား ငါ့ကို ဂရုမစိုက်တော့တာ၊ ငါ ကလေးမွေးလိုက်လို့၊ မလှတော့လို့လား…ငါ့ကိုယ်ဝန် လရင့်တဲ့ အချိန်မှာ တခြားမိန်းမနဲ့ အပျော်ရှာနေမလား…အိမ်ပြန်နောက်ကျရင် ဘယ်မိန်းမနဲ့ တွေ့နေလို့လဲ။ နေ့ရှိသရွေ့ မေမေလည်း ပူလောင်နေခဲ့ မှာပါ"

"မင်းအဖေပြောသလို သူ့ကိုပဲ ယောကျ်ားလို့မြင်ပြီး တစ်ယောက်တည်းပဲ မြင်ကြည့်ချစ်လာတဲ့ မိန်းမဆိုတော့ ပိုဆိုးတာ ပေါ့"

"ငါ့ခြံဝင် ငါ့နွားပဲ…အပြင်မှာ ဘယ်လိုနေနေ အချိန်တန်





အိမ်ပြန်လာပြီးတာပဲလို့ ပေါ့ပေါ့လွယ်လွယ် သဘောမထားတဲ့မိန်းမ မို့ ဖေဖေကလည်း တန်ဖိုးထားခဲ့ပါတယ်။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်၊ အိမ်ပေါ်ကဆင်းလိုက်၊ လိုက်ခေါ်လိုက်ရ လုပ်ရတာကို ဖေဖေက ရင်ခုန်ပြီး ပျော်နေခဲ့တာတဲ့။ ဖေဖေလည်း အရမ်းကို ချစ်တတ်တဲ့ ယောကျ်ားတစ်ယောက်ပါ။ ဒါပေမဲ့ကွာ…ဘယ်လိုကံကြမ္မာက ရက်စက်သွားတာလဲ။ ဒီလိုပုံစံမျိုးနဲ့ အဆုံးသတ်တော့မယ်"

"မင်းအဖေကို မင်းက သားပါလို့ မပြောတော့ဘူးလား"

"ထပ်ပြီးမခံစားစေချင်တော့ပါဘူး။ သေပြီလို့ သိထားတဲ့ သားတစ်ယောက်အတွက် ဖေဖေ မေ့မေ့ပျောက်ပျောက်ပဲ ဖြစ်နေပါစေ တော့။ ငါ့ကို သားပါလို့သိသွားရင် ဝေဒနာတစ်ခု တိုးရုံပဲရှိမှာပေါ့။ သူ ဆန္ဒရှိနေတဲ့အတိုင်း ဖြူစင်နဲ့ လက်ထပ်ပြီး ဖြူစင်တို့မိသားစုရဲ့ ပြုစုစောင့်ရှောက်မှုကိုခံပြီး နောက်ဆုံးအချိန်တွေကို သက်သက်သာ သာပဲ ဖြတ်သန်းပါစေတော့"

"ဖြူစင်က ခက်ပုံကိစ္စကြောင့် ငြင်းလိုက်မယ်ဆိုရင်ရော"

"ဖြူစင်ကို ဖျောင်းဖျနားချရမှာပေါ့ကွာ"

"ပိုင်ပိုင်"

စိတ်မကောင်းလွန်းစွာ ရင်ထဲတောင် ဆို့နင့်သွားမိသည်။ အမုန်း ကြီးမုန်းခဲ့သော အဖေဖြစ်သူအတွက် ချစ်သူကို စွန့်လွှတ်ပေးရမည့် ဒီတောင်ရင်ထဲမှာ ဘယ်လောက်တောင် နာကျင်ထိခိုက်နေရှာမလဲ။

"မင်းအဖေက သေမယ့်လူ အသက်ငယ်ငယ်လေးနဲ့ မုဆိုး ဘဝရောက်သွားမယ့် ဖြူစင်အတွက်လည်း ထည့်တွေးသင့်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ငါ ထင်တယ် ပိုင်ပိုင်"

"ငါ မတွေးဘဲနေပါ့မလားကွာ…နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့်ကိစ္စမို့ ငါ စဉ်းစားဆုံးဖြတ်လိုက်တာပါ။ ဖေဖေ့အတွက်က ကျေးဇူးတရားတွေကို သိတတ်ပြီး ဖြူစင်တို့တစ်မိသားစုလုံးက ပြုစုယုယဂရုစိုက်ပေးမယ်ဆိုရင် ဒီရောဂါဆိုးနဲ့ သေရမယ်၊ ဝေဒနာတွေ ခံစားရမယ်၊ နောက်ဆုံးအချိန်တွေမှာ မိသားစုနွေးထွေးမှုတွေနဲ့ သက်သောင့်သက်သာ ဖြစ်နိုင်တယ်။ ဖြူစင်တို့အတွက်ကျတော့လည်း တစ်မိသားစုလုံး ဘဝတစ်သက်တာ ဖေဖေ့ပိုင်ဆိုင်မှုတွေနဲ့ ပြည့်ပြည့်စုံစုံ နေသွားရမယ်။ ဖေဖေ ချန်ထားခဲ့မယ့် ပိုင်ဆိုင်မှုတွေက အများကြီးပါ"

"မင်းကရော သားပါလို့ပြောပြီး ဘာလို့ အဲဒီပိုင်ဆိုင်မှုတွေ မယူတာလဲ"

"ငါ…ငါက သားကောင်းတစ်ယောက်မှ မဟုတ်တာကွာ…ဘာမှန်းညာမှန်း သေချာမသိဘဲ ဖြစ်မှားစော်ကားခဲ့တယ်။ မကောင်းတဲ့ ကြံစည်မှုတွေနဲ့ ယုတ်ညံ့ခဲ့တယ်။ အခုမှ ပိုင်ဆိုင်မှုတွေကို အမွေခံချင်လို့ သားဆိုတာကို အရှက်မရှိ ပြောမထွက်ချင်ဘူး။ ပြီးတော့ ငါ့ကို သားဆိုတာသိရင် ဝေဒနာတွေပေးမိသလိုပဲဖြစ်မှာလေ။ နောက်ထပ်တစ်ခုကတော့ ငါနဲ့ဖေဖေပတ်သက်မှုတွေရှိသွားရင် အဘိုးနဲ့အဘွားစိတ်ဆင်းရဲရလိမ့်မယ်"

"ပိုင်ပိုင်ရာ…မင်းက သူများတွေအတွက်ချည်းပဲ တွေးနေတာ။ မင်းအတွက်ကျတော့ရော"

"ငါ့အတွက် ဘာတွေးစရာလိုသလဲ။ ငါက အဘိုးအဘွားတို့ရဲ့





ပြုစုစောင့်ရှောက်မှုကြောင့် ဒီအရွယ်ထိ ရှင်သန်လာခဲ့ရတာ။ အဘိုးနဲ့အဘွားကို ဒီနည်းနဲ့တော့ ကျေးဇူးပြန်ဆပ်သင့်တယ်လေ။ သူတို့က ဖေဖေသတ်လို့ သမီးတစ်ယောက်လုံး ဆုံးရှုံးထားရတာ။ ဖေဖေ့ဘက်က ဘယ်လောက်ပဲမှန်နေနေ သူတို့ မုန်းတီးခွင့်၊ နာကြည်းခွင့် ရှိတယ်။ ဒေါသဖြစ်ခွင့် ရှိတယ်။ ငါ့ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ဒုက္ခခံ ပြုစုပျိုးထောင်လာခဲ့ရတဲ့အတွက် ဒီအဖေကို မခေါ်နဲ့၊ မပတ်သက်နဲ့၊ အဖေလို့ အသိအမှတ်မပြုနဲ့လို့ အတွက်ကြီးခွင့်ရှိတယ်"

"မင်းပြောတော့လည်း အားလုံးက မှန်နေတာပဲ။ မင်းက အားလုံးအတွက် ပေးဆပ်သူကြီးလုပ်ပြီး တစ်ယောက်တည်း နာကျင်နေတော့မှာပေါ့"

"ငါ မနာကျင်ပါဘူး။ ငါ ပျော်ပါတယ်။ ငါ…ငါ့အဖေက ငါထင်ထားသလို လူယုတ်မာ၊ လူရှုပ်လူပွေ မြာပွေပြီး တာဝန်မဲ့တဲ့သူ မဟုတ်လို့ ငါ ပျော်ပါတယ်ကွာ…ငါ…ငါ ကျေနပ်ပါတယ်"

ပြောနေသည့် သက်ထွန်းပိုင် မျက်ဝန်းအိမ်ထဲမှာ တကယ်ကို ကြည်နူးမျက်ရည်တွေ အပြည့်ပါ။ မကောင်းဘူးလို့ထင်သည့်အချိန်က အမုန်းမီးတွေ တောက်လောင်နေခဲ့ပေမယ့် အခုချိန်မှာတော့ ဖခင်ရဲ့ အချစ်တွေ၊ မေတ္တာတွေ သိရသည့်အတွက် ဂုဏ်ယူနေခဲ့မှာ သေချာသည်။ ဒါပေမဲ့ ရင်နာစွာ စွန့်လွှတ်လိုက်ရသည့် ချစ်သူအတွက်တော့ ပျော်နေမှာမဟုတ်ပေ။ ရင်ထဲမှာ ငိုနေလိမ့်မည်ဆိုတာတော့…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"မင်းလူနဲ့ ငါနဲ့ ဒီတင်ပြီးသွားပြီ…မင်း အစီအစဉ်စတော့"

"ဗျာ"

"သုံးလေးရက်လောက် အဆက်အသွယ်ပြတ်နေရာက ဒီနေ့မှ ဖုန်းဆက်လို့ရတယ်။ ငါ့အခန်းမှာပဲ တွေ့မယ်လို့ပြောတော့ အဆင်ပြေသွားတာပေါ့။ ကင်မရာတွေ ဒေါင့်ပေါင်းစုံက တပ်လိုက်၊ မစခင် အရက်ထဲ ဆေးနည်းနည်းထည့်လိုက်ရင် သိပ်ခက်ခက်ခဲခဲကြီးမဟုတ်ဘဲ အမိဖမ်းနိုင်မယ်၊ ရိုမန့်လေးတွေ ရွက်တိရမှာပါ"

"မဟုတ်ဘူး…မလုပ်ရဘူး…မဖြစ်ဘူး"

သက်ထွဋ်ပိုင် အထိတ်တလန့် အော်လိုက်တာကြောင့် ဒေါ်သူဇာ မျက်မှောင်ကြုတ်သွားခဲ့ပြီး–

"မင်းက ဘာဖြစ်တာလဲ။ အခု ဘာအော်လိုက်တာလဲ"

"မလုပ်ရတော့ဘူး၊ အဲ…အဲဒီလို မလုပ်တော့ဘူး"





"ဘာကိုမလုပ်တော့တာလဲ။ အဲဒီလိုတွေလုပ်ဖို့အတွက် မင်းနဲ့ ငါနဲ့ ညှိနှိုင်းဆွေးနွေးခဲ့ကြတာလေ။ ငါက အဲဒီလူကို ရောဂါတွေပေးရမယ်၊ ငါက အဲဒီလူဆီက ပိုင်ဆိုင်မှုတွေ ယူရမယ်၊ ရှင်းရှင်းပြောရရင် ငါ ဒီကိစ္စကို တန်လို့လက်ခံခဲ့တာ။ အခုက ဘာဖြစ်သွားတာလဲ"

"မလုပ်ချင်တော့လို့…ကျွန်တော် မလုပ်ချင်တော့လို့၊ အဲဒီလိုပဲ သိထားပါ"

"ဒါဆို…မင်း ငါ့အတွက် ဘာပြန်လုပ်ပေးမှာလဲ"

"ဗျာ…ကျ…ကျွန်တော်က ဘာလုပ်ပေးရမှာလဲ"

"အဲဒီလူဆီက ရမယ်ဆိုလို့ ငါ ရင်းထားရတာ နည်းသလား။ ဟိုတယ်အခန်းခတွေ၊ အသုံးစရိတ်တွေ၊ သူ နှစ်သက်လာအောင် ပြုပြင်ဖန်တီးထားရတာတွေ၊ ယုံကြည်မှုရအောင် ဟန်ဆောင်ရတာတွေ"

"ဘယ်လောက်လဲ"

"ငွေတန်ကြေးကို မေးတာလား"

"အဲဒါအပြင် ဘာလုပ်ပေးစရာလိုသေးလို့လဲ"

"ငွေတန်ဖိုးနဲ့တွက်မယ်ဆိုရင် အဲဒီလူပိုင်ဆိုင်သမျှ ငါလိုချင်တာပေါ့။ ဒီကိစ္စ ဖြစ်မြောက်သွားရင် ငါ ရမှာတွေ မင်း တွက်ပေးထားတာ နည်းမှမနည်းဘဲ"

"ခင်ဗျား ဘယ်လိုမိန်းမလဲဆိုတာ ကျွန်တော် သိနေတာပဲ။ ဘာမှခုံးရှုံးလိုက်ရတာမရှိဘဲ အဲဒီလောက် လောဘမကြီးသင့်ဘူး"

"ဘယ်လိုမိန်းမလဲလို့ မင်း ပြောလိုက်တာလား။ ငါ ဒီလိုမိန်းမ မှန်းသိသိကြီးနဲ့ မင်း လိုအပ်လို့ လာရှာခဲ့တာလေ။ ဒီလိုလုပ်ပေးရင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုရမယ်လို့ မင်းပဲ ပြောခဲ့တာ။ အခု ငါက ဘာမှမရဘဲ မင်းဆန္ဒမရှိတာနဲ့ လှည့်ပြန်သွားရမှာလား”

“ခင်ဗျား တခြားနစ်နာသွားတာ မရှိပါဘူး။ ကုန်ကျစရိတ်တွေကိုတော့ ကျွန်တော် ပေးမယ်”

“ဟင်း…ဟင်း”

ဒေါ်သူဇာ ခေါင်းကိုမော့လှန်ကာ ရယ်သည်။ လှောင်ပြောင်တာ၊ သရော်တာဖြစ်နိုင်သလို ခနဲ့ခြင်း၊ ရွဲ့ခြင်းလည်း ဖြစ်နိုင်၏။ သူ့မေးဖျားကို လက်ဖျားလေးနှင့် လှမ်းတို့လျက်-

“ငါ့ကို ဘယ်လိုမိန်းမဆိုတာ သိနေလို့ မင်း အထင်သေးလိုက်တာပဲ။ မင်း ဆန္ဒမရှိရင် နောက်ဆုတ်နေလိုက်၊ ငါကတော့ ဒီဇာတ်လမ်းကို ဆက်က,မယ်။ ပိုင်ဆိုင်မှုတွေ ဘာမှမရရင်တောင် ခွဲခေါင်မှုရှိတဲ့ သူ့နဲ့ ပျော်ချင်သေးတယ်”

“မဖြစ်ဘူး…မဖြစ်ဘူးလို့ ကျွန်တော် ပြောပြီးပြီနော်။ ခင်ဗျား အဲဒီလိုမလုပ်ရဘူး”

“မင်း ငါ့ကို တားဆီးပိုင်ခွင့် မရှိဘူးလေ။ မင်း ငါ့ကို တားလို့မရဘူး။ ငါက မိဘဆွေမျိုးအသိုက်အဝန်းရဲ့ စွန့်ပစ်မှုကိုခံပြီးတော့တောင် ဒီလိုကိစ္စမျိုးကို ဝါသနာထုံခဲ့တာ။ မင်းပဲ ပြောတယ်။ ငါ့အတွက် အဖော်ရမှာဆို…ငါ့ရောဂါတွေ သူ့ဆီကူးစက်ပြီး ငါတို့အတူတူ ပျော်ပျော်ကြီး နောက်ဆုံးအချိန်တွေ ဖြတ်သန်းလို့ရတယ်။ သူ့လို စတိုင်ကျတဲ့သူနဲ့ ဘယ်လောက်များ ကြည်နူးစရာကောင်းလိုက်မလဲ”





“ခင်…ခင်ဗျား…ဒေါ်သူဇာ”

သက်ထွန်းပိုင် အသားတွေတောင် တဆတ်ဆတ်တုန်လာသည်။ ဒီလိုအကျင့်ယုတ်သည့်မိန်းမမျိုးနှင့် သူ့ ဖေဖေကို ပတ်သက်မိအောင် လုပ်မိခဲ့တာပါလား။ ငြီးငွေ့ပြီးသွားပြီဆိုလျှင်တော့ သူ ဘယ်လိုမှပင်ဖြေလို့ရမှာမဟုတ်တော့။

အခုရော ထပ်ပြီးဆက်သွယ်မှုတွေမရှိအောင် ဘယ်လိုလုပ်ရမလဲ။

ဆက်သွယ်မှုရှိလျှင်တော့ ဒီမိန်းမပြောသလို တကယ်လုပ်မှာသေချာသည်။ သူ ဒီမိန်းမကို မကြည့်ချင်လောက်အောင်ကို ရွံမုန်းသွား၏။

ဒေါသကြောင့် သူ မျက်နှာတစ်ခုလုံး နီရဲသွားလျက်-

“ခင်ဗျား အဲဒီလိုလုပ်ရဲလုပ်ကြည့်…ခင်ဗျားကို ကျုပ်သတ်ပစ်မယ်…သိလား…ဒေါ်သူဇာ”

“ကောင်လေး…ဘယ်လိုဖြစ်တာလဲ၊ သတ္တိတွေ ကောင်းလှချည်လား။ မလောက်လေးမလောက်စားနဲ့၊ ငါ့ကို ခြိမ်းခြောက်နေရလား။ ငါ့လိုမိန်းမမှာ ဘာအရှက်၊ ဘာသိက္ခာမှ မရှိဘူး။ သေဖို့အတွက်အသက်ကို နှမြောစရာအကြောင်းလည်း မရှိဘူး။ ငါ သေသွားလို့လည်း ငါ့အတွက် ဝမ်းနည်းမယ့်သူ မရှိဘူး။ မင်းသာ အသက်ငယ်ငယ်လေးနဲ့ ဘဝပျက်မသွားအောင် ကြိုတင်ပြင်ဆင်ထား။ ငါ ဘာလုပ်မလဲဆိုတာ မင်း တစ်နေ့ သိစေရမယ်”

“ခင်ဗျား”



www.burmeseclassic.com

www.burmeseclassic.com



"ငါက ယုတ်ညံ့ပြီးသား မိန်းမတစ်ယောက်လေ။ အဲဒီလို မိန်းမမှန်းသိလို့ ဟိုလူအပေါ် မင်းလည်း ယုတ်ညံ့ဖို့ လုပ်ခဲ့တာမဟုတ်လား။ မင်းနဲ့ငါ ဘာမှသိပ်မထူးပါဘူး…အတူတူပါပဲ။ အခုမှ သူတော်ကောင်းဖြစ်ချင်ဟန်မဆောင်နဲ့…မင်း ယုတ်ညံ့တာ ငါ သိပြီးပြီဆိုတော့ ဦးထွန်းခေါင်ဦးသိအောင် ပြောပြလိုက်ရင်"

"တောက်"

သူ ဒီလိုမိန်းမနှင့် ပတ်သက်မိတာ အကြီးအကျယ် နောင်တရသွားသည်။ သူ ဖေဖေ့အပေါ် တကယ်ကို အပြစ်လုပ်မိတော့မလို့ပါလား။

အယုတ်ညံ့ဆုံးလုပ်ရပ်နှင့် တကယ်ကို ရက်စက်မိတော့မလို့ပါလား။ အခုရော တားဆီးဖို့အခွင့်အရေး ရှိပါဦးမလား။ ဒီမိန်းမက ပြောသလိုမလုပ်ဘဲတော့နေမှာမဟုတ်။

ဒီလိုသာဆိုလျှင် ဖေဖေ့မှာ အသည်းကင်ဆာရောဂါဝေဒနာအပြင် အအိုင်ဒီအက်စ်ရောဂါဆိုးကြီးကိုပါ ခံစားရတော့မှာပါလား။

ဖေဖေ…ဖေဖေရယ် သား ပြစ်မှားမိပါတယ်၊ စော်ကားမိပါတယ်။ ဖေဖေရဲ့ မေမေ့အပေါ်ထားတဲ့အချစ်တွေ၊ သားအပေါ်ထားတဲ့ မေတ္တာတွေကို မသိခဲ့လို့ပါ။ အထင်တွေလွဲခဲ့မိလို့ပါ။

ဖေဖေ့မျက်ရည်တွေ…အဲဒီမျက်ရည်တွေကြောင့် သား ပူလောင်နေရပြီ။ ပူလောင်နေရပါပြီ ဖေဖေ…။





# အခန်း (၂၉)

"သူဇာနဲ့ အဆက်အသွယ်လုပ်ပြီး ဒိတ်ထားတယ်။ မနက်ဖြန်ကို ငါ လာနိုင်မယ့်အချိန်ကို ချိန်းလိုက်။ နေ့လယ်ပိုင်းက တခြားကိစ္စလေးတွေရှိလို့ သုံးလေးရက်လောက် အလုပ်တွေရော၊ လူတွေရော ပစ်ထားလိုက်တာဆိုတော့ အားနာစရာလည်းကောင်းနေပြီ။ သူဇာက စိတ်လည်း ပြည့်တော့မယ်ထင်တယ်။ သူ့အတွက် အချိန်ပိုပြီးပေးရမယ်"

"သ…သူဇွေး"

"အင်း…ပြော…လင်းညို၊ မင်း ဘာပြောစရာရှိလို့လဲ"

"သူ…သူဇာ…ဒေါ်သူဇာနဲ့ မပတ်သက်ပါနဲ့တော့လား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးက ဖြူစင်နဲ့ လက်ထပ်မှာဆို...တခြားမိန်းမတွေနဲ့ မပတ်သက်သင့်တော့ဘူးထင်လို့ပါ"

"ဩော်...ဒါကြောင့်လား၊ ဒါက လက်ထပ်ပြီးရင် ဖြူစင် ထိန်းသိမ်းမှုကောင်းရင် ကောင်းသလိုပေါ့ကွာ။ အခုကတော့ ငါ့စိတ် နဲ့ငါ လွတ်လွတ်လပ်လပ် နေချင်တယ်။ ငါ့သက်တမ်းက ဘယ် လောက်ကျန်တော့လို့လဲ။ လောကကြီးက မဖြစ်ချင်တာတွေပဲ ဖြစ်နေ တာ။ လုပ်ချင်တာတွေ လုပ်သွားဦးမှတန်မှာပေါ့ကွာ...ပြီးတော့ ငါနဲ့ ပတ်သက်တဲ့သူတွေကိုလည်း မသေခင် စိတ်ချမ်းသာမှုလေးတွေ ပေးခဲ့ ချင်လို့ပါ"

"ဒေါ်သူဇာတော့ မဖြစ်ဘူး"

သူ ပျာပျာသလဲ ပြောလိုက်မိ၍ ဦးထွဋ်ခေါင်ဦး မျက်မှောင် ကြုတ်သွားလေသည်။ ယခုမှ နာလန်ထစ ဦးထွဋ်ခေါင်ဦးက အိပ်ရာ ထဲကတောင် မထနိုင်သေးပါ။

မေမေ့ပန်းချီကားကို ဆွဲပြီးကတည်းက သတိမေ့ကျလုလု ဗုန်းဗုန်းလဲသွားခဲ့တာ။ အထာသိနေသော အမေလှတို့က ချက်ချင်း ဆရာဝန်ခေါ်ကာ ဆေးထိုးကုသပြုစုပေးသည်။ သူလည်း အိမ်မပြန် ဖြစ်ဘဲ အနားမှာပဲနေဖြစ်၏။ အသည်းကင်ဆာဖြစ်နေသည်ဆိုတာ အမေလှတို့တောင် သိပုံမပေါ်။ ဆရာဝန်ရောက်လာတာနှင့် အခန်းထဲ မှာရှိနေသည့်လူတွေကို အကုန်အပြင်ထွက်ခိုင်းသည်။

သူ့ကိုတောင် မနေခိုင်းဘဲ ဆရာဝန်နှင့် ဘာတွေပြောသည်မသိ ပါ။ ကတိပေးထားဟန်တူသော ဆရာဝန်က ဆေးကုသပေးပြီး





မျက်နှာမကောင်းစွာပင် ပြန်သွား၏။

"သူဇာနဲ့ ဘာကိုမဖြစ်ဘူးပြောတာလဲ"

"ဗျာ...ဟို...သူဌေးက ကောင်းကောင်းနာလန်မထူသေးဘူး။ သုံးလေးရက်လောက် ဝေဒနာတွေ ခံထားရတာ။ ပြီးတော့ ကိုယ့်မှာ လည်း ရောဂါကြီးနဲ့၊ အဲဒီဘက်ကကိစ္စတွေ စိတ်လျှော့လိုက်ပါလား"

"အင်း...မင်း ငါ့အကြောင်း တော်တော်သိသွားပြီပဲ။ ငါ့မှာ ရောဂါရှိတဲ့အကြောင်း အမေလှတို့ကို မပြောမိစေနဲ့ကွာ။ ငါ့ကြောင့် သူတို့ကို စိတ်မဆင်းရဲစေချင်လို့ပါ။ ဘယ်သူ့ကိုမှ စိတ်ဆင်းရဲမှုတွေ ပေးမသွားချင်ဘူး။ သူတို့က အသက်ကြီးနေပြီဆိုတော့ သူတို့အတွက် လည်း ငါ စီစဉ်ပေးသင့်တာ စီစဉ်ပေးသွားမှာပါ"

"နောက်...နောက်ဘဝအတွက်ပဲ လုပ်ပါတော့လား။ ဘုရား သွားကျောင်းတက် အလှူအတန်းလေးတွေပြုရင်းနဲ့ ကိုယ့်အတွက် သံသရာပါမယ့်အလုပ်တွေ လုပ်သွားလို့ရတာပဲ"

"အင်း...အဲဒါလည်း ကောင်းပါတယ်။ ဖြူစင်နဲ့ လက်ထပ် ပြီးရင် အဲဒီလိုတွေလုပ်ဖို့တော့ စဉ်းစားထားတာ။ ဒါပေမဲ့ ညက ဖုန်းဖွင့်လိုက်တဲ့အချိန်မှာ သူဇာ့ဆီက ဖုန်းဝင်လာတယ်။ မနက်ကတော့ ဖြူစင့်အစ်ကိုဆီက ဖုန်းဝင်လာတယ်။ သူညီမနဲ့ လက်ထပ်မပေးနိုင် တော့လို့ ငါပေးထားတဲ့ကားကို ပြန်ပေးချင်လို့တဲ့"

"ဗျာ"

"ငါ့အကြောင်း ဘာတွေသိသွားလို့လည်း မသိပါဘူး။ သူတို့ ကို ငါ အဲဒါလေးတွေ သဘောကျတာ။ အရက်သမားအစ်ကိုက



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးလေးတွေ လိုချင်ပေမယ့် ဖြူစင်နဲ့ ကျွန်တော့်မိသားစု လောဘ သိပ်မရှိဘူး။ ဖြူစင်က မိသားစုအတွက်လို့တွေးပြီး ငါ့ကို လက်ခံရ မလား စဉ်းစားပေမယ့် သူ့မှာ တွေဝေမှုလေးတွေ ရှိတယ်။ ငါ့ဆီက ရမယ့် ချမ်းသာပြည့်စုံမှုတွေထက် ငါ့ရဲ့ကာရိုက်တာကို သံသယဝင်နေ ပုံပဲ။ တချို့မိန်းကလေးတွေဆိုရင် ဒါမျိုးတွေ စဉ်းစားနေမှာမဟုတ် ဘူး။ ငါ့ဆီကရမှာတွေကိုပဲ လောဘတကြီး တပ်မက်နေကြမှာ… အေးလေ…ငါ တန်ဖိုးကြည့်ချင်ပေမယ့် အခုတော့ ဘယ်တတ်နိုင် တော့မလဲ”

“မ…မဟုတ်ဘူး၊ ဖြူစင် လက်ခံမှာပါ။ သူဌေးရဲ့နောက်ဆုံး အချိန်တွေအတွက် ဖြူစင်တို့မိသားစုကို လိုအပ်တယ်ဆို”

“သူတို့ဘက်က ဆုံးဖြတ်ချက်ချပြီးလို့ ဒီစကားထွက်လာတာ နေမှာပါ။ ငါ ဖိအားတွေတော့ မပေးချင်ဘူး။ ငါ ထောက်ပံ့ခဲ့တာ တွေ အလကားဖြစ်သွားမှာစိုးလို့၊ အခု ငါ့ကို လက်မထပ်လည်း ကားကိုတော့ ပြန်မတောင်းတော့ပါဘူး။ ငါ့အတွက်ကတော့ သူ့ဇာ ရှိနေတာပဲ။ သူ့ဇာလည်း မဆိုးပါဘူး။ ရင့်ကျက်တဲ့အလှနဲ့ ဆွဲဆောင် နိုင်တယ်။ ငါ့ဘက်ကသာ ဆုံးဖြတ်ချက်ချလိုက်ရင် သူ ဘန်ကောက် ကို ပြန်မှာမဟုတ်ပါဘူး…သူနဲ့ပဲ”

“ဟာ…မဖြစ်ပါဘူး…မဖြစ်ပါဘူး…သူဌေး လုံးဝ မဖြစ် ပါဘူး”

သူ အရမ်းကို ထိတ်လန့်ချောက်ချားသွားရလေသည်။ ဖြူဖြူစင် ဘက်က ဒီလိုဖြစ်သွားတာမို့ ဒေါ်သူ့ဇာဘက်ကို ပိုပြီးအားသန်သွားခဲ့





တာ။ ဒါဟာ သူ့အမှားကြောင့်။ ဒီကိစ္စ သူ့မှာတာဝန်ရှိသည်။ ဒေါ်သူ့ဇာနှင့် လုံးဝပတ်သက်လို့မဖြစ်။

“ဖြူ…ဖြူစင့်ကို ကျွန်တော် အဆင်ပြေအောင် ပြောပေးပါ့ မယ်။ ဒေါ်သူ့ဇာတော့ လုံးဝ မဖြစ်ပါဘူး သူဌေး”

“ဘာလို့မဖြစ်တာလဲကွ…ငါက မိန်းမတစ်ယောက်ကို အဲဒီ လောက် မချုပ်ကိုင်နိုင်ဘူးထင်နေလား။ သူ့ဇာ့ကို ငါ့မိန်းမလိုပုံစံမျိုး မို့ စိတ်ဝင်စားခဲ့တာ။ ဝတ်ပုံစားပုံ၊ ဆံပင်အနေအထား အားလုံးက ခေတ်ဆန်လွန်းတာလည်း မဟုတ်၊ ရိုးယဉ်လွန်းတာလည်းမဟုတ်တဲ့ တျက်သရေရှိတယ်။ မျက်လုံးထဲမှာ အေးတယ်”

“အဲဒါ အပေါ်ယံအလှတွေပါ။ ကာ…ကာရိုက်တာ လုံးဝ မကောင်းဘူး”

“မင်းက ဘယ်လိုလုပ်သိတာလဲ”

“ဗျာ…ဟို”

သူများကို အပုပ်ချဖို့အတွက် သူ့နှုတ်က မရဲပေ။ အမှန်တရား တွေဆိုပေမယ့် သူ စခဲ့သည့်ဇာတ်လမ်းမို့ ပြောထွက်ရမှာ စိတ်လည်း မလုံလှ။

ဒါပေမဲ့ ဖေဖေ့အတွက် သူ မဆုံးဖြတ်လို့တော့ မရတော့ပေ။ ဖေဖေကတော့ သူ့ကို နားမလည်နိုင်သလို ကြည့်နေရင်းဖြင့်-

“ပြောလေ…သူ့ဇာအကြောင်း မင်း ဘယ်လောက်သိလဲ… ဘယ်လိုသိတာလဲ”

“ဟို…ကျွန်တော် စုံစမ်းကြည့်သလောက် ဘန်ကောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူလည်း မဟုတ်ဘူး။ ဒီမှာလည်း အိမ်ခြေရာခြေ မရှိဘူး။ သူ့ကာရိုက်တာ မကောင်းလို့ မိဘဆွေမျိုးအသိုက်အဝန်းကလည်း စွန့်ပစ်ထားတယ်လို့ ပြောတာပဲ"

"အခု…ဟိုတယ်မှာနေနေတာက"

"သူဌေးနဲ့ နီးစပ်အောင်လို့ပါ။ တခြားအကြောင်းတွေတော့ မမေးပါနဲ့။ သူဌေးနဲ့ လုံးဝ မဖြစ်သင့်တဲ့သူ။ မသင့်တော်တဲ့သူလို့ပဲ သိထားပါ"

"အေးလေ…မင်းပြောသလောက် ငါ သိထားရပြီပဲ။ ထားပါတော့…ဖြူစင်နဲ့ပတ်သက်တဲ့ကိစ္စကလည်း"

"ကျွန်တော် အဆင်ပြေအောင် ကြိုးစားကြည့်ပါ့မယ်"

"မင်းက ဘယ်လိုနည်းနဲ့လဲ။ ဖြူစင်နဲ့ မင်းကရော ဘယ်လိုပတ်သက်မှုရှိလို့ အဆင်ပြေအောင် ကြိုးစားပေးပါ့မယ်ဆိုပြီး ပြောနိုင်ရတာလဲ"

"ဟို…ဒီလိုပါပဲ။ သူဌေးနဲ့ပတ်သက်နေတော့ ကျွန်တော်လည်း သိထားရတာပေါ့။ သူဌေးအတွက် ဖြူစင်ကသာ အဆင်ပြေဆုံးပါ။ ဒေါ်သူဇာကတော့ လုံးဝ…လုံးဝ အဆင်မပြေပါဘူး"

ဦးထွဋ်ခေါင်ဦး ခေါင်းတညိတ်ညိတ်ဖြစ်သွားလျက် လင်းညို ဆိုသည့်ကောင်လေးကို သေချာကြည့်နေမိ၏။ အသားအရေက မဖြူမညို ဝင်းဝါစိုပြည်လျက် မျက်လုံးမျက်ခုံး နှုတ်ခမ်းများက ဝေနှင့်ဆင်တာလား။ ကိုယ်နှင့်တူတာလား။ အစတုန်းက ပျတ်ဆတ်ဆတ်နှင့် ဒီကောင်လေးက အခုတော့ ချိုသာသောဆက်ဆံမှုများ ပြောင်းလဲလာခဲ့





ပြီး ဂရုစိုက်မှုလေးတွေလည်း ရှိလာခဲ့သည်။ ကိုယ့်ရင်ထဲမှာ ထိုအပြုအမူလေးတွေကြောင့် သွေးသားတစ်ယောက်လို ခံစားမိလာခဲ့တာတော့ အမှန်ပင်။

အခုလို ကိုယ့်အတွက် စိုးရိမ်တကြီး တွေးပေးနေတာ ကြည်နူးမိတာ အမှန်ပါ။

"အေးလေ…မင်း ကြိုးစားလို့ရမယ်ထင်လည်း ကြိုးစားကြည့်ပေါ့။ ငါကတော့ ဖြူစင်တို့ဆီက မျှော်လင့်ထားတာလေးတွေရှိပေမယ့် ဖိအားပေးတာမျိုးတော့ မဖြစ်ချင်ဘူး။ သူဇာနဲ့ပဲ"

"အဲဒါကတော့ လုံးဝကို မဖြစ်လို့ပါ။ သူ့ဖုန်းဆို လုံးဝမကိုင်ပါနဲ့။ သူနဲ့မဆက်သွယ်မိအောင်နေပါ"

"အေးပါ…မင်း ဒီလောက်တားနေပြီဆိုရင် အကြောင်းရှိလို့ဆိုတာ ငါ သဘောပေါက်ပါတယ်။ ဒါပေမဲ့ ငါ့အတွက် သိပ်တွေးပူမနေနဲ့။ ဖြူစင်နဲ့ကိစ္စ မင်း လုပ်ကြည့်မယ်ဆိုတာပဲ လုပ်ပါ။ အဆင်ပြေရင် မင်းကိုလည်း ငါ မမေ့မထားပါဘူး…ဟုတ်ပြီလား"

"ဟုတ်…ဟုတ်ကဲ့"

သူ့မှာ ဒေါ်သူဇာနှင့်ပတ်သက်ပြီး ဖေဖေ့ကို စိတ်မချနိုင်ပါ။ သူ မသိအောင် ဖေဖေ ဆက်သွယ်လိုက်မှာစိုးရိမ်နေသည်။

တခြားမိန်းကလေးတွေဆို ဖေဖေ ကြာရှည်စိတ်မပါတတ်ပေမယ့် ဒေါ်သူဇာကို စွဲလမ်းမှုတစ်ခုဖြစ်အောင် သူကိုယ်တိုင် မေမေ့ဒိုင်းဆင်ယင်ပေးထားခဲ့မိတာ။ စိတ်ဝင်စားမှုနည်းလျှင် သူ စီစဉ်ထားသလို တွေ မဖြစ်မှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အလှွယ်ဖြတ်တောက်မရလျှင် အဆိုးဆုံးတွေ ဖြစ်ပေတော့မည်။ သူ ဘယ်လိုလုပ်ရတော့မလဲ။ ဖြူစင်နဲ့ကိစ္စ အမြန်အခင် ပြေအောင်သာ လုပ်ရတော့မည်ထင်သည်။

ဖြူစင် သူ့ကို ဘယ်လိုများ တွေးသွားမလဲ။ ဘယ်လိုတွေ ထင်မြင်ယူဆသွားမလဲ။ ဘယ်လိုပဲဖြစ်နေနေ သူ ဘာမှမတတ်နိုင်တော့ပေ။

ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေအတွက်ပဲ သူ တွေးပေးရတော့မှာပါ။

ငါ့ကို နားလည်မပေးပါနဲ့ ဖြူစင်…





# အခန်း (၃၀)

"ဘာပြောတယ် ပိုင်ပိုင်…ငါ ဦးထွဋ်ခေါင်ဦးကို လက်ခံရမယ်…ဟုတ်လား။ အဲဒီစကားက ဘာလဲ။ နင် အစကပြောထားတာတွေ…ပြီးတော့ ဓာတ်ပုံ"

"ငါပြောတာ ခဏလေးနားထောင်ပေး ဖြူစင်…အဲဒါ ငါ့ဘက်က မှားတာ"

"ဘာ"

"ဟုတ်တယ်…နင့်ကို သဝန်တိုပြီး ဦးထွဋ်ခေါင်ဦး မကောင်းဘူး၊ ဘာညာ ငါလျှောက်ပြောခဲ့တာ…တကယ်တော့"

"နေဦး…နင်ကိုယ်တိုင် ငါ့ကိုပြခဲ့တဲ့ မိန်းမတွေရှိတယ်။ ဓာတ်ပုံထဲက မိန်းမတွေကရော ဘာလဲ…သူတို့ ရီးသားကြပြီပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတော့ ငါ့ကို ဆင်ခြေမပေးနဲ့။ ပြီးတော့ ငါ နှင့်ကို နားမလည်ဘူး။ ဦးထွန်းခေါင်ဦးက လုံးဝ မကောင်းပါဘူး၊ ငါနဲ့ မတန်ဘူး၊ လုံးဝကို မဖြစ်သင့်တဲ့လူပါလို့ နှင် ငါ့ကို ပြောခဲ့တာ၊ တားခဲ့တာ။ ဖွတ်အတင်း ပိတ်ပင်ခဲ့တာ ဘယ်လောက်ကြာသေးလို့လဲ။ အခု ဘယ်လိုစိတ်ပြောင်းပြီး ငါ့ကို နားချနေရတာလဲ ပိုင်ပိုင်”

“ဟို…ငါက”

သူ ဘယ်လိုပြောပြရမှန်းမသိပါ။ အမှန်တရားတွေအတိုင်းတော့ ရှင်းပြလို့မဖြစ်။ သူကိုယ်တိုင်က ဒီပတ်သက်မှုတွေထဲက ရုန်းထွက်ရမှာ။

ဖြူစင်က သူ့ကို နာကြည်းသလို မျက်ဝန်းစိမ်းများနှင့် ကြည့်လာလျက်–

“နှင် ငါ့ကိုချစ်လို့ သဝန်တိုခဲ့တာ၊ ဦးထွန်းခေါင်ဦးကို ငါ ယုံကြည်သွားမှာ၊ လက်ထပ်သွားမှာစိုးလို့ မကောင်းကြောင်းတွေ ပြောခဲ့တာဆိုပြီး ငါ ကြည်နူးခဲ့သေးတယ်။ မိသားစုအတွက် ရွေးချယ်ရမယ့်သူဖြစ်မှန်းသိရဲ့နဲ့ ငါ တွေဝေခဲ့တယ်။ ဦးထွန်းခေါင်ဦး မကောင်းကြောင်းတွေပြောပြီး ငါ ရုန်းထွက်ဖို့ ကြိုးစားခဲ့တယ်။ အခု အမေရော အစ်ကိုကြီးရော လက်ခံလို့ ငါ ဝမ်းသာနေတာ။ နှင်က ဘာလို့ အခုမှ”

“ငါ မှားခဲ့တာ၊ ငါ မကောင်းခဲ့တာလို့ ငါ ပြောပြီးပြီပဲ။ ငါ နှင့်ကို ချစ်လို့ သဝန်တိုမိလို့ ဦးထွန်းခေါင်ဦးကို အပုပ်ချခဲ့မိတာ။ မကောင်းပြောမိတာပါ။ တကယ်တော့ ဦးထွန်းခေါင်ဦးက နှင့်အတွက်





အရမ်းသင့်တော်တဲ့သူပါ။ တကယ်ကို ပြည့်စုံပြီး နှင့်မိသားစုအတွက်ပါ အဆင်ပြေတဲ့သူပါ”

“ဖြစ်ရပြန်ပြီ…နှင် ဘာကြောင့် ဒီလိုတွေ ချက်ချင်းကြီး စိတ်ပြောင်းသွားရတာလဲ။ နှင် ငါ့ကို ချစ်တယ်လို့ပြောတာ တကယ် မဟုတ်လို့ သဝန်မတိုတော့လို့ နှင် ဒီလိုတွေ ပြောနေတာလား။ နှင် ငါ့ကို တကယ်ချစ်ခဲ့တာ မဟုတ်ဘူးလား ပိုင်ပိုင်”

“ဟို…ဖြူစင် ငါကလေ”

“နှင် ဘာလဲ…ဘာတွေဖြစ်နေတာလဲ။ ငါ့ကို အသက်ကြီးကြီး အဲဒီလိုလူနဲ့ တကယ်လက်ထပ်စေချင်နေတာလား။ နှင် ငါ့ကို ချစ်တယ်လို့ပြောခဲ့တာတွေက အလကားလား ပိုင်ပိုင်”

“ငါ…ငါက စေတနာနဲ့ပါ။ နှင့်မိသားစု မပြည့်စုံမှုတွေ အခက်အခဲတွေကို ငါက တာဝန်မယူနိုင်ဘူး။ ဦးထွန်းခေါင်ဦးကတော့ နှင်တို့ ဘဝတွေကို တစ်သက်လုံး တာဝန်ယူနိုင်တယ်။ သူ့ပိုင်ဆိုင်မှုတွေ မှန်သမျှ နှင့်ကို အကုန်ပေးခဲ့မှာ”

“သူက အဲဒီလိုပြောခိုင်းတာလား။ နှင့်ရဲ့အလုပ်ရှင်မို့ နှင်က သူ့ကိုယ်စား အဲဒီလိုပြောပေးတာလား”

သူ ခေါင်းကိုယမ်းကာ လေးပင်စွာ သက်ပြင်းချလိုက်မိသည်။ သူ ဒီလိုတွေပြောနေရသည့်အတွက် သူ့ရင်တွေ ဘယ်လောက်နာကျင်နေရသည်ဆိုတာ ဖြူစင် မသိပေ။

“ဖြူစင်ရယ်…အဲဒီလိုမဟုတ်ပါဘူး။ သူ့ပိုင်ဆိုင်မှုတွေ ဘယ်လောက်ရှိတယ်ဆိုတာ သိလာရလို့ နှင်တို့ကို အဆင်ပြေစေချင်



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ သူ့ကိုကြိုက်တဲ့မိန်းမတွေ ပေါတာတော့ အမှန်ပါပဲ။ သူ တခြားမိန်းမတွေနဲ့ပတ်သက်ရင် တခြားမိန်းမတွေ ရသွားမှာ။ နင်တို့ အတွက်တော့ အားလုံးအခွင့်ပြေသွားနိုင်လို့"

"ငါတို့အခွင့်မပြေတော့လည်း ဘာဖြစ်လဲ။ ငါ့မိသားစုအတွက် ငါ ငွေမှဖြစ်မယ်။ ငါ့ဘဝကို ငါ စွန့်လွှတ်မှဖြစ်မယ်လို့ ပြောခဲ့တဲ့အချိန် တွေတုန်းက နင် ငါ့ကို ဘာပြောခဲ့လဲ"

"တော်ပါတော့ဟာ…အဲဒါတွေ ထားလိုက်ပါတော့။ ငါ နင့်ကို တောင်းပန်ပါတယ် ဖြူစင်…ဦးထွန်းခေါင်ဦးကို နင် လက်ထပ်လိုက် ပါဟာ…နော်…လက်ထပ်လိုက်ပါ"

"ပိုင်ပိုင်"

ငိုသံအက်နေတာမို့ ဖြူစင် အံ့ဩသွားသည်။ သက်ထွန်းပိုင် ဘာလို့များ ဒီလိုဖြစ်သွားရသည်မသိပေ။ ဦးထွန်းခေါင်ဦးနှင့်ကိစ္စ သူပဲ ဇွတ်အတင်း တားဆီးခဲ့တာပါ။ အမျိုးမျိုးသော ဝိတ်ပင်တားဆီးမှုတွေ ဖြင့် သူမကို ချစ်တယ်ဆိုတာတောင် ပြောထွက်ခဲ့သည်။

အခုက အဲဒါတွေ ဘာမှမဟုတ်တော့ဘူးလား။ ပြောင်းလဲသွား ရသည့်အကြောင်းအရင်းက ဘာများလဲ။ သူမ အံ့ဩပြီးရင်း အံ့ဩရင်း နှင့် နားမလည်နိုင်ဖြစ်နေရသည်။

သက်ထွန်းပိုင်ကို သူမ စိတ်ကုန်သလို မျက်စောင်းဇွေကာ ကြည့် ပစ်လိုက်ရင်း–

"နင့်ကို နားမလည်တော့ဘူး ပိုင်ပိုင်…အခုတစ်မျိုး တော်ကြာ တစ်မျိုးဖြစ်နေတဲ့ နင့်ကို ဘာမှလည်း မပြောချင်တော့ဘူး။ နင်လည်း





အဲဒီအကြောင်း ငါ့ကို ဘာမှလာမပြောပါနဲ့တော့။ ငါ ဦးထွန်းခေါင်ဦး ကို လက်ထပ်ခြင်းမထပ်ခြင်းဟာ နင်နဲ့ ဘာမှမဆိုင်ဘူး။ အေး…နင်နဲ့ ပတ်သက်ပြီး ငါ ရင်ခုန်မိကြည့်နူးမိတာတွေကိုတော့ ငါ့ကိုယ်ငါ ရှက်မိ ပါတယ်။ ငါ အစကတည်းက နင်ပြောခဲ့တာတွေအပေါ်မှာ မတွေဝေ ဘဲ မိသားစုအတွက်ပဲ ရဲရဲတွံ့တွံ့ ဆုံးဖြတ်ချက်ချခဲ့ရမှာ။ နင့်မှိုင်းမိသွားတဲ့ အတွက် ငါလည်း မှားသွားတယ်။ ဘာကိစ္စအတွက်နဲ့မှ ငါ့ကို လာမတွေ့ပါနဲ့…ဒါပဲ"

ဖြူစင်က စိမ်းသက်သော မျက်ဝန်းအကြည့်များနှင့်ကြည့်ကာ ပြောခဲ့ပြီး ထွက်သွားသည်။ သူ့ရင်တွေ ဖျစ်ညှစ်မြည်အောင် နာကျင်နေ ပါသည်။ ဖြေသာစရာမရှိသော ကံကြမ္မာအတွက် သူ ဘယ်သူ့ကိုမှ အပြစ်မတင်ချင်။

ဝေဒနာတွေက သူနှင့်ထိုက်တန်သည့်အပြစ်တွေကို ခံနေရသလို ပါ။ ဒါကြောင့်လည်း မိဘတွေ ကောင်းကောင်းမကောင်းကောင်း မွေးကျေးဇူး၊ ကျွေးကျေးဇူးဆိုတာရှိတာမို့ မစော်ကားသင့်၊ မပြစ်မှားသင့် ဘူးလို့ လူကြီးသူမတွေက ပြောဆိုဆုံးမကြတာ ဖြစ်မည်။

သူကတော့ ဖေဖေ့အပေါ် အကြီးမားဆုံးအပြစ်တွေ ကျူးလွန်မိ ခဲ့သည်။ ပြည့်တန်ဆာမိန်းမဆီက ရောဂါတွေ ကူးစက်အောင် စိမ်ကိန်း တွေချခဲ့၏။ နောက်ဆုံးအချိန်တွေမှာ တစ်သက်စာ နောင်တရသွား အောင်လို့တဲ့လား။

ဖေဖေ့မကောင်းကြောင်းတွေလည်း အပုပ်ချခဲ့သည်။ အရှက် သိက္ခာမရှိလောက်တော့အောင်ကို ဝေဖန်အပြစ်တင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သူ တကယ်ကိုမကောင်းခဲ့သည့်သားပါ။ ဖေဖေရဲ့နောက်ဆုံးအချိန်တွေအတွက် သား ဘာတွေလုပ်ပေးရမလဲ၊ လုပ်ပေးခွင့်ရဦးမလဲ ဖေဖေ။

အပြစ်တွေကျေအောင် ပေးဆပ်ဖို့ အခွင့်အရေးလေး ရပါရစေ ဖေဖေရယ်…သားရဲ့နှလုံးသားတွေ၊ အချစ်တွေ၊ ဘဝတွေ…





# အခန်း (၃၁)

“နှင် ဘာပြောလိုက်တာ ထွန်းမင်း…ပိုင်…ပိုင်ပိုင်က ဦးထွဋ်ခေါင်ဦးရဲ့သား…ဟုတ်လား…တကယ်လားဟင်…တကယ်လား ထွန်းမင်း…ပြောစမ်းပါ”

“ဟုတ်တယ်…နှင် အရမ်းကို ခွတ်အတင်းမေးနေလို့ ငါ ပြောရတာ ဖြူစင်…ပိုင်ပိုင်က သူ့အဖေကိုတောင် သူက သားပါလို့ ပြောတာမဟုတ်ဘူး။ နှင့်ကိုလည်း လုံးဝ အသိမပေးရဘူးလို့ ပြောထားတာ”

“အမယ်လေး…ဒါဆို တကယ်ကြီးပေါ့”

ဖြူစင် ယုံချင်သေးပုံမပေါ်။ အံ့သြမှုတွေဖြင့် ရင်ဘတ်ကိုဖိထားကာ–



www.burmeseclassic.com

“အဲဒါ ဘယ်လိုဖြစ်ရတာလဲ။ ဘယ်လိုဖြစ်လို့ ပိုင်ပိုင်က သူ့အဖေကို အသိမပေးရတာလဲ။ ဘာလို့ သူ့အဖေဆီမှာ ဒရိုင်ဘာလုပ်နေတာလဲ။ ပြီးတော့ ငါတို့သိထားတာ ပိုင်ပိုင်မှာ မိဘနှစ်ပါးလုံး မရှိကြတော့ဘူးလေ။ သူ ငယ်ငယ်လေးကတည်းက ဆုံးသွားလို့ အဘိုးအဘွားတွေရဲ့ စောင့်ရှောက်မှုတွေနဲ့နေရတာ…နောက်ပြီး”

“ဖြူစင်…အေးအေးသက်သာ ထိုင်ပါဦး။ နင် သိချင်တာ၊ နင် မေးချင်တာတွေက များလွန်းနေတယ်”

“ဖြစ်နိုင်လို့လားဟဲ့…နင်ပဲ စဉ်းစားကြည့်…ဘယ်လိုမှကို ဆက်စပ်ကြည့်လို့မရဘူး”

“လောကမှာ မဖြစ်နိုင်တာတွေက ဖြစ်လာတတ်တာပဲဟာ။ ငါလည်း အစက မယုံနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကိစ္စတွေမှန်သမျှ ပိုင်ပိုင်က ငါ့ကို တိုင်ပင်ခဲ့တယ်။ သူ့အဖေက သူ့အမေကို သတ်ပြီး ထောင်ကျခဲ့တာကအစ အသိပေးခဲ့တာ”

“ဘာ…သူ့အဖေက သူ့အမေကို သတ်ခဲ့တာ…ဦး…ဦးထွန်းခေါင်ဦးကလေ”

ဖြူဖြူစင် ထပ်ဆင့်အံ့သြသွားရရင်း မယုံကြည်အောင်ဖြစ်လို့သွားခဲ့သည်။ ဒီကိစ္စတွေ သူမ ဘာမှမသိခဲ့။ အခုမှကြားရသည့်အတွက် ထိတ်လန့်တုန်လှုပ်နေမိသည်။

သက်ထွန်းပိုင် အပြုအမူ၊ အပြောအဆိုတွေ ပုံမှန်မဟုတ်ဘဲ အမျိုးမျိုး ပြောင်းလဲနေတာမို့ ထွန်းမင်းကို ခေါ်တွေ့ပြီး စွတ်အတင်း မေးနေမိတာပါ။ ဦးထွန်းခေါင်ဦးနှင့် လက်မထပ်ပါနှင့်လို့ ပိုင်ပိုင်





သဝန်တွေတိုပြီး တားခဲ့စဉ်က သူမ ဆုံးဖြတ်ချက် တွေဝေပြီး ကြည်နူးခဲ့သည်။

အခု လက်ထပ်ပါလို့ တိုက်တွန်းလာသည့်အခါမှာတော့ ဝမ်းနည်းမှုတွေနှင့်အတူ နာကျင်ရသည်။ သူမကို ပိုင်ဆိုင်ဖို့ မကြိုးစားချင်လျှင်တောင် မစွန့်လွှတ်သင့်။ ဘယ်လိုနားလည်ရမှန်းမသိတာကြောင့်ပဲ ပိုင်ပိုင် ဘာတွေဖြစ်နေလဲ မေးချင်တာတွေရှိနေသည့်အတွက် ထွန်းမင်းဆီ ရောက်လာရတာပါ။

“ထွန်းမင်း…ဒီကိစ္စတွေက တကယ်လား”

“တကယ်ပေါ့ဟာ…သူ့အဖေက သူ့အမေကို သတ်တယ်ဆိုတာ ပိုင်ပိုင် သိတာလည်း မကြာသေးပါဘူး။ သူလည်း ငါတို့ကို ပြောပြဖူးတဲ့အတိုင်း သူ့မိဘတွေက သူငယ်ငယ်ကတည်းက မိဘနှစ်ပါးလုံးဆုံးသွားလို့ အဘိုးအဘွားတွေ စောင့်ရှောက်မှုနဲ့ ကြီးပြင်းလာတယ်။ အဲဒီလိုအသိနဲ့ပဲ နေလာခဲ့တယ်။ ဒါပေမယ့် ဘွဲ့ယူတဲ့နေ့မှာ ငါတို့ယောကျ်ားလေးသူငယ်ချင်းတွေကို လိုက်ဧည့်ခံရင်းနဲ့ သူ့အဘိုးကားကို လိုက်မောင်းပို့တဲ့ ပွဲရုံက မန်နေဂျာကိုကျော်လင်းက သူ့အဖေကိုတွေ့ပြီး ပေါက်ကွဲရာက ဒီကိစ္စတွေ သိသွားတာ”

“အဲဒါနဲ့ ပိုင်ပိုင်က သူ့အဖေဆီ ဘာလို့ ဒရိုင်ဘာသွားလုပ်ရတာလဲ”

“အစက ပိုင်ပိုင် အရမ်းဒေါသဖြစ်သွားခဲ့တယ်လေ။ သူ့အမေကိုသတ်တယ်၊ သူ့အမေဗိုက်ထဲမှာ သူ့ရဲ့ညီလေးလား ညီမလေးလားမသိတဲ့ ရင်သွေးလေးကိုလည်း လွယ်ထားရသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ထောင်ကလွတ်တော့လည်း သူ့ကို လာမရှာဘူး၊ စုံစမ်းကြည့်လိုက်တော့လည်း မိန်းမတကာနဲ့ အပျော်ဇယားခင်းပြီး အပျော်ရှာနေတာ၊ သူ့အမေကို ဒီလိုမျိုးမိန်းမတွေနဲ့ လွတ်လွတ်လပ်လပ် မပျော်ရ၊ မရှုပ်ရမှာစိုးလို့ သတ်ပစ်တယ်လို့ ထင်သွားပြီး ထင်တယ်ဆိုတာက သူ့အတိုးအဘွားတွေကို မေးကြည့်တော့လည်း အဲဒီလိုပဲ ပြောခဲ့တာကိုး"

"အင်းလေ…မိဘမဲ့လေးမို့ ငါတို့ သူ့ကို ပိုခင်ပြီး သနားခဲ့ကြတာပဲ။ အခု အမှန်ကိုသိလိုက်ရတော့လည်း စိတ်မကောင်းစရာပဲ။ အဖေဖြစ်သူက အမေကိုသတ်တယ်ဆိုတာ ပိုင်ပိုင် အရမ်းကို အဖေ့ကို နာကြည်းသွားမှာပဲ"

"နာကြည်းတာပေါ့ဟာ။ အရမ်းကို ရှုံမုန်းလွန်းလို့ သူ လက်တုံ့ပြန်ဖို့ ကြိုးစားခဲ့တာ"

"ဘယ်လို"

"သူ့ရှေ့မှာ မိန်းမတကာနဲ့ ပျော်မြူးမွေ့လျော်နေတော့ အမေကိုသတ်ပြီး သူ့ကိုပါ တာဝန်မဲ့တယ်လို့ ခံစားရပြီး ဒီအဖေကို မိသားစုကိုတောင့်တပြီး နောင်တတွေ ရသွားစေချင်နေတယ်။ ပြီးတော့ ဖြူစင်လက်ထပ်ဖို့ မက်လုံးပေးမြူဆွယ်တာကလည်း သူ့ကို ပိုပြီးနာကြည်းစေတယ်လေ။ အဲဒါကြောင့် အေအိုင်ဒီအက်စ်ရောဂါရနေတဲ့ ပြည့်တန်ဆာမိန်းမတစ်ယောက်နဲ့ ပတ်သက်အောင်လုပ်ခဲ့တယ်"

"ဘုရားသခင်…အဲဒါက ဘာလို့"

ဖြူစင် စကားပင်ဆုံးအောင်မမေးနိုင်။ သားအဖနှစ်ယောက်ရဲ့





ပတ်သက်စပ်ယှက်မှုက တွေးပင်မတွေးရဲစရာ။ ထွန်းမင်းက စိတ်မကောင်းသည့်မျက်နှာနှင့်-

"ဒီကောင် ခံစားရတာတွေသိလို့ ငါလည်း မတားရက်ခဲ့ဘူး။ အဖေနဲ့ ရင်သွေးလေးကို သတ်တယ်၊ သူ့အပေါ် တာဝန်မဲ့တယ်၊ မိန်းမတွေနဲ့ ရှုပ်ပွေပြီး ပျော်အောင်နေတယ်၊ သူနေခဲ့ရတဲ့ဘဝမှာ အားငယ်မှုတွေ၊ သိမ်ငယ်မှုတွေအတွက် သူ တုံ့ပြန်သင့်တယ်လို့ ထင်ခဲ့တယ်။ ဒါပေမယ့်ဟာ"

"ဘာ…ဘာဖြစ်လို့လဲ"

"နင့်ကိုတောင် ဦးထွန်းခေါင်ဦး မကောင်းကြောင်းတွေပြောပြီး ပတ်သက်ဖို့ ပိတ်ပင်တားဆီးခဲ့သေးတယ် မဟုတ်လား။ နင့်အစ်ကိုထိသိအောင် အပြတ်ဖြတ်ဖို့အတွက် ဓာတ်ပုံတွေတောင် ရိုက်ထားခဲ့တယ်။ အဲဒီဓာတ်ပုံတွေကတော့ နင့်လက်ထဲရောက်အောင် သူ ပေးခိုင်းသေးတာမဟုတ်ဘူး။ ငါက မနေနိုင်တော့တာနဲ့ နင့်ကိုပေးလိုက်တာ"

"အဲဒီဓာတ်ပုံတွေကြောင့်ပဲ ဦးထွန်းခေါင်ဦးအပေါ် အစ်ကိုကြီး အယုံကြည်မဲ့သွားပြီး အခု လက်ထပ်ဖို့ကိစ္စ မတိုက်တွန်းတော့ဘူး။ လက်မထပ်ဖြစ်တော့တဲ့အတွက် ဦးထွန်းခေါင်ဦး ပေးထားတဲ့ကားကို ပြန်ပေးမယ်လို့လည်း ပြန်ပြောပြီးပြီ"

"အရင်က နာကြည်းမှုမျိုးနဲ့သာဆို အဲဒီသတင်းကိုကြားရင် လက်ထွင့်ပိုင် ပျော်နေမှာ သေချာတယ်။ သူချစ်တဲ့ နင်နဲ့လည်း လက်မထပ်ရဘူး။ သူစီစဉ်ထားတဲ့အတိုင်းလည်း ဖြစ်တော့မှာဆိုပြီး သူ့နာကြည်းမှုတွေ လျော့ပါးပြီး စိတ်သက်သာသွားမှာ။ အ…အခု



www.burmeseclassic.com

www.burmeseclassic.com



တော့ဟာ…ဒီ…ဒီကောင်"

"ထွန်းမင်း"

ထွန်းမင်းက ငိုချတော့မလိုပင် ဖြစ်နေတာမို့ သူမ နားမလည်နိုင်တော့ပါ။ ဘာကြောင့် ထွန်းမင်းကပါ ပိုင်ပိုင်အတွက် ခံစားပေးနေရတာလဲ။

"ဦးထွဋ်ခေါင်ဦးက မကြာခင် သေတော့မှာ"

"ဘာ…ဘာဖြစ်လို့လဲ ထွန်းမင်း"

"အသည်းကင်ဆာရောဂါရနေတယ်"

"ဟင်"

"သူ့အမေကို မချစ်ခဲ့လို့ သတ်ခဲ့တာလည်း မဟုတ်ဘူးတဲ့။ သူ့အပေါ် တာဝန်မဲ့ချင်လို့ မဲ့ခဲ့တာလည်း မဟုတ်ဘူးတဲ့။ မိန်းမတွေလည်း ရှုပ်ချင်လို့ ရှုပ်နေတာမဟုတ်ဘူးတဲ့"

"ဘယ်လိုလဲဟယ်…ငါ စိတ်တောင်ရှုပ်လာပြီ။ စိတ်လည်း မကောင်းဘူး"

"အခု အမေကို နောင်တရအောင် အကြံဆိုးတွေ ကြံနေခဲ့တဲ့ သက်ထွဋ်ပိုင် အဲဒါတွေသိပြီး သူ နောင်တရနေရပြီ။ အဲဒါကြောင့် နင့်ကို သူ့အဖေနဲ့ လက်ထပ်ဖို့ ပြန်အောင်သွယ်ပေးနေတာ။ ပြည့်တန်ဆာမိန်းမနဲ့ ငြိစွန်းမှုမရှိတော့အောင်လည်း အမုန်းခံကာကွယ်နေတာ။ ဒီကောင် ဘယ်လောက်တောင် ခံစားနေရမလဲ။ နင် တွေးကြည့်စမ်းပါ ဖြူစင်ရယ်"

"ပိုင်ပိုင်ရယ် ဖြစ်မှဖြစ်ရလေ"





ထွန်းမင်း ရှင်းပြတာတွေ နားထောင်ပြီး သူမရင်ထဲ တကယ် မကောင်းနိုင်တော့ပါ။ သက်ထွဋ်ပိုင် ဘယ်လောက်တောင် နာကျင်နေရှာမည်လဲ။ ပြစ်မှားမိသော နောင်တတွေအတွက် အဖေဖြစ်သူကို ချစ်သူနှင့် အောင်သွယ်ပေးနေရသော ဒုက္ခဆင်းရဲခြင်းတွေဟာ ပူလောင် ပြင်းပြစွာ ခံစားနေရမှာပါ။

"ငါ အဲဒါကြောင့် နားမလည်နိုင်ဖြစ်နေခဲ့တာ။ အရင်က ခါးခါးသီးသီး ဝိတ်ပင်တားဆီးကန့်ကွက်နေပြီး အခု ဦးထွဋ်ခေါင်ဦးနဲ့ သင့်တော်ပါတယ်၊ အဆင်ပြေပါတယ်နဲ့ ဖွတ်ကိုပြောနေတာ။ ဒါပေမယ့် နင်လည်း စဉ်းစားကြည့် ထွန်းမင်း… သူ့အဖေအပေါ် သူ ပြစ်မှားမိလို့ ဘယ်လောက်ပဲ နောင်တရလို့ ပြန်ပေးဆပ်ချင်တယ်ဆိုဆို ငါ့ကို အသက်ကြီးကြီးလူမမာကို ပြုစုခိုင်းပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်သွားအောင် တိုက်တွန်းနေတာတော့ မဖြစ်သင့်ဘူးလေ… ငါက"

"နင့်အတွက် နင်တို့မိသားစုအတွက်လည်း ပါပါတယ်ဟာ။ သူ့အဖေမှာ ပိုင်ဆိုင်မှုတွေက အများကြီးပဲ။ သူ့အဖေသေလို့ အဲဒါတွေ ပိုင်ဆိုင်ရရင် နင်တို့အားလုံး တစ်သက်စာ ပြည့်စုံအေးချမ်းသွားမှာ"

"အဲဒါတွေက သူ့အတွက်…သူရသင့်တာတွေ"

"သူ ဘယ်တော့မှ ဦးထွဋ်ခေါင်ဦးသေတဲ့အထိ သူက သားပါလို့ ပြောမှာမဟုတ်ဘူး"

"ဟင်…ဘာလို့လဲ"

"ဦးထွဋ်ခေါင်ဦး ထောင်ကထွက်လာတဲ့အချိန်မှာ သူ့သားကို



www.burmeseclassic.com

www.burmeseclassic.com



ဦးထွဋ်ခေါင်ဦး လာရှာတယ်။ အဲဒါ ပိုင်ပိုင့်အသွားတွေက နင့်လို လူယုတ်မာ၊ လူသတ်သမားရဲ့သွေးသားကို ငါတို့က ဂရုစိုက်မွေးမြူစရာလား၊ ဂရုမစိုက်ခဲ့လို့ သေသွားပြီလို့ ပြောခဲ့တယ်။ အဲဒီတော့ ဦးထွဋ်ခေါင်ဦးက သူ့မှာ သားမရှိတော့ဘူးဆိုတဲ့အသိနဲ့ပဲ ပျော်သလို ထင်သလိုနေလာခဲ့တာ။ အခုမှ သားရှိတယ်ဆိုရင် နောက်ထပ် ဝေဒနာတွေတိုးပြီး ခံစားရမှာစိုးလို့ သူက သားပါဆိုတာ မပြောတော့ဘူးတဲ့"

"အဲဒီလိုတော့ မဖြစ်သင့်ဘူးလေ ထွန်းမင်းရယ်...သားတစ်ယောက်အနေနဲ့ သူ ရသင့်ရထိုက်တာကိုတော့ ယူရမှာပေါ့"

"ပိုင်ပိုင် ခေါင်းမာချင်တာလည်း နင် သိသားနဲ့။ သူက သူ့အဖေအပေါ် ပြစ်မှားမိတယ်ဆိုတာ နောင်တတွေနဲ့ ပြန်ပေးဆပ်တော့မှာ။ ဒီလို သားလို့အသိမပေးတော့တာက သူ့အဘိုးအဘွားတွေကြောင့်လည်း ပါပါတယ်။ သားအဖချင်း ပတ်သက်တာသိသွားရင် စိတ်ဆင်းရဲကြမှာ၊ သောကဖြစ်ကြမှာ။ သူတို့ကလည်း သမီးတစ်ယောက်လုံး ဆုံးရှုံးထားခဲ့ရတာမဟုတ်လား။ ဒီအဖေရဲ့ မကောင်းကြောင်းတွေ၊ ယုတ်မာမှုတွေ၊ တစ်သက်လုံးမုန်းဖို့၊ နာကြည်းနေဖို့ နေ့စဉ်နဲ့အမျှ နားရိုက်သွင်းလာခဲ့တာ။ သူ့ကို ငယ်စဉ်ကလေးဘဝကတည်းက ကျွေးမွေးပြုစုစောင့်ရှောက်၊ ပညာတွေသင်ပေးလာခဲ့တဲ့ အဘိုးအဘွားတွေကို ဒီလို အိုချိန်၊ နာချိန်ရောက်လာမှ အပူသောကတွေ ပေးရက်ပါ့တော့မလား"

"ဒါဆို ပိုင်ပိုင်က အားလုံးကို ပေးဆပ်ဖို့အတွက် ငါ့ကိုပါ စွန့်လွှတ်တော့မယ်ပေါ့"





ထွန်းမင်းနှုတ်က မပြောရက်တာမို့ ခေါင်းညိတ်ပြလိုက်ရသည်။ ပိုင်ပိုင်ကို ဖြူစင် ချစ်တာလည်းသိနေလို့ပါ။

ဖြူစင် မျက်ရည်တွေ ဝဲတက်လာခဲ့ကာ-

"ငါတို့အချစ်တွေက ဘာလို့ ဒီလိုနည်းနဲ့ အဆုံးသတ်သွားရတာလဲ။ ပိုင်ဆိုင်ဖို့ ခုံးဖြတ်မထားခဲ့ရင် အစကတည်းက ဘာလို့ ချစ်တယ်လို့ ဖွင့်ပြောခဲ့သေးလဲ။ နင် ငါ့ကို တကယ်မချစ်ခဲ့ဘူး မဟုတ်လားလို့ သူ့ကို ငါ မေးတယ်။ မရေမရာနဲ့ ငါ့ဘဝ ကောင်းစားစေချင်လို့ပါ၊ ငါ့မိသားစု အဆင်ပြေစေချင်လို့ပါနဲ့"

"တကယ် နင့်ကို ပိုင်ပိုင် ချစ်ခဲ့ပါတယ်ဟာ...ဦးထွဋ်ခေါင်ဦးကို တိုက်ခိုက်ချင်ရုံသက်သက်နဲ့ သူ နင့်ကို ဖွင့်ပြောခဲ့တာမဟုတ်ပါဘူး။ အဲဒီအရင်ကတည်းက နင့်ကို သူ ချစ်ခဲ့တာ ငါ သိတယ်။ အခုကိစ္စတွေအားလုံးက သူ့အတွက် ထင်မှတ်မထားတာတွေချည်း ဆက်တိုက်ဖြစ်လာခဲ့တယ်။ သူ နင့်ကို စွန့်လွှတ်ချင်လို့ စွန့်လွှတ်နိုင်လို့ မဟုတ်ပါဘူး။ သူ့အဖေက သူ့ရဲ့ နောက်ဆုံးအချိန်တွေမှာ ဖြူစင်နဲ့သားတဲ့ နင်တို့မိသားစုရဲ့ ပြုစုစောင့်ရှောက်မှုတွေနဲ့ ကုန်ဆုံးသွားချင်တယ်လို့ ရင်ဖွင့်ထားတဲ့အတွက် သူ ဒီလိုမျိုး ရင်နာနာနဲ့ ဆုံးဖြတ်ချက်ချလိုက်ရတာ။ အဘိုးအဘွား၊ အဖေနဲ့ သူ ပြစ်မှားမှုတွေအပြင် နင့်ဘဝ ကောင်းစားရေးအတွက် သူ့ အရာအားလုံးကို ပေးဆပ်လိုက်တာပါ။ သူ့နေရာမှာ ငါသာဆိုရင် အဲဒီလိုလုပ်နိုင်မှာ မဟုတ်ဘူး...ဖြူစင်"

ဖြူဖြူစင် ငြိမ်ကျသွားရသည်။ ထွန်းမင်းပြောသလို သူမဆိုလည်း ဒီလိုလုပ်နိုင်လိမ့်မည်မထင်။ မိသားစုနှင့်ပတ်သက်တာကောင်



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက် တွေးပြီး ဦးထွဋ်ခေါင်ဦးနှင့်လက်ထပ်ဖို့ တွေဝေတုံ့ဆိုင်းနေခဲ့မိတာ မဟုတ်ပါလား။ အခုတော့ ချစ်သူရဲ့ဆုံးဖြတ်မှုတွေအတွက် ဂုဏ်ယူအားပေးရတော့မည်လား။ တူနှစ်ကိုယ် ချစ်ရည်မလူးရသေးပေမယ့် တစ်ယောက်ရင်တွင်းခံစားမှုတွေ တစ်ယောက်သိနေပြီဖြစ်သည့် ချစ်သူရဲ့ဆန္ဒတွေကို ဖြည့်ဆည်းရတော့မည်လား။

ဒါဆို ချစ်သူရဲ့အဖေဖြစ်သော ဦးထွဋ်ခေါင်ဦးကို လက်ထပ်ရတော့မည်ပေါ့။ ဘယ်လိုကံကြမ္မာပါလဲ။ ငါလည်း နှင့်လောက်နိုးနိုးကံမကောင်းတဲ့သူပါလား ပိုင်ပိုင်ရယ်။

နင်က စွန့်လွှတ်ရက်တယ်ဆိုတော့လည်း…

ပြီးပါပြီ





# အခန်း (၃၂)

"ခွပ်…ခွပ်…ဖုန်း"

နှစ်ချက် သုံးချက် ဆင့်ထိုးခံလိုက်ရသည့်အတွက် ဟန်ချက်မထိန်းနိုင်စွာ ဆိုဖာခုံထောင့်မှာ ပုံခနဲ ခွေလဲပုံကျသွားရသည်။ သူ့ကို အဖေ ဘာကြောင့် ထိုးချလိုက်သည်မသိပါ။ အရေးကြီးကိစ္စနှင့် တွေ့စရာလူရှိလို့ဆိုပြီး သူ့ကိုထားခဲ့ကာ ဖေဖေတစ်ယောက်တည်း ကားမောင်းကာ ထွက်သွားသည်။

မသွားခင် ကားသော့မေ့လိုက်၊ ပိုက်ဆံအိတ်ကျန်ခဲ့လိုက်၊ ဖုန်းလိုက်ပေးရနှင့် တော်တော်နှင့် မထွက်ဖြစ်ပါ။ သူ လိုက်ပို့ပါမည်ဟု ရှုတ်ပြောသော်လည်းမရ။



www.burmeseclassic.com

www.burmeseclassic.com



ပြန်မလာမချင်း စိတ်ပူဆိုးရိမ်နေခဲ့ပြီး အချိန်တွေ အတော်ကြာလို့ ပြန်ရောက်လာသည့်အချိန်မှာ သူ့ကို မမေးမမြန်း မပြောမဆို ဆွဲရုန်းထိုးကြိတ်ခြင်း ဖြစ်သည်။

အမေလှနှင့်မချိုမာတို့မှာ ဒါကိုမြင်သော်လည်း အကွယ်ကသာ ကြည့်နေလျက် ဝင်မဆွဲရဲကြချေ။ သူ့နှာခေါင်းနှင့်နှုတ်ခမ်းထောင့်စွန်းက စီးဆင်းကျလာသည့်သွေးတွေကို လက်ဖမိုးနှင့် ပွတ်သုတ်ကာ ဖေဖေ့ကို ဘာအတွက်ထိုးတာလဲဟူသည့် အသံတိတ်မေးခွန်းများနှင့် ကြည့်မိလိုက်သည့်အခါမှာ ဖေဖေက မုန်းမျက်သော မျက်ဝန်းစိမ်းများက မီးတောက်နေလျက်–

"မင်းလိုကောင်က ဘာကောင်မို့ ထွန်းခေါင်ဦးလိုကောင်ကို အကြံဆိုးနဲ့ ကြံစည်ရတာလဲ။ ဘာ…မင်းက ပြည့်တန်ဆာမဆီက အေအိုင်ဒီအက်စ်ရောဂါကို ငါ့ကို ရစေချင်လို့ ဒီလိုလုပ်ခဲ့တာ… ဟုတ်လား"

"ဗျာ"

ဒေါ်သူဇာနှင့် ဘယ်လိုတွေ ပြဿနာတက်ပြီး ဒေါ်သူဇာ ဘာတွေပြောလိုက်ပြီလဲ။ တခြားသူဆီကတော့ ဒီလိုအကြောင်းတွေ ကြားသိစရာအကြောင်းမရှိပါ။

ဖေဖေက သူ့အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲကာ ထူမတ်လိုက်ပြီး

"ဟိတ်ကောင်…မင်း ပြောစမ်း…ငါ့ကို ဘာကြောင့် ဒီလို ကြံစည်တာလဲ"

"ကျ…ကျွန်တော်…ဟို…ဟို"





"ဟိုတွေဒီတွေ အခုမှ ကြောင်တောင်တောင်မလုပ်နဲ့။ မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ဒီလိုလုပ်တာလဲ။ သူဇာမှာ ဒီရောဂါရှိတာ စုံစမ်းပြီးမှ ငါနဲ့ ဒီလိုမျိုး ဆုံဆည်းပတ်သက်အောင် မင်း ဒီလိုလုပ်ခဲ့တာဆို…ငါ့ကို သူ့ဆီက ရောဂါတွေ ကူးစက်အောင် ငြိစွန်းတဲ့အထိ ဖြားယောင်းသွေးဆောင်ပါ။ ဒီကိစ္စအောင်မြင်ရင် အမိဖမ်းလို့ရအောင် ကင်မရာတွေ၊ စီစီတီဗီတွေနဲ့ မင်းက ချုပ်ကိုင်ထားမယ်… ဟုတ်လား"

"အဲဒါတွေ ဒေါ်သူဇာ ပြောလိုက်တာလား။ အဲဒီမိန်းမက သူ့မှာ အဲဒီရောဂါရှိတယ်လို့တော့ ဝန်ခံမှာမဟုတ်ဘူးထင်တယ်"

"အေး…ငါ့ဘက်က မတင်းမာရင် သူ သွေးဆောင်သလို ငါ ယိမ်းယိုင်သွားခဲ့ရင် အလိုက်သင့်လေး စီးမျောခံစားချင် ခံစားမှာပေါ့။ ငါက မင်းက သူဇာနဲ့ မဖြစ်ပါဘူး၊ ဖြူစင်နဲ့ကိစ္စ အဆင်ပြေအောင် ကြိုးစားပါ့မယ်ဆိုတာကြောင့် အဆက်အသွယ်ဖြတ်ရအောင် ကိုယ့်ကို နောက်တစ်ခါတွေ့ဖို့ မခေါ်ပါနဲ့လို့ ပြောလိုက်လို့ သူ ပေါက်ကွဲပြီး ဒီကိစ္စတွေသိရတာ"

"ဩော်"

အရေးတကြီး သွားတွေ့စရာရှိသည်ဆိုတာ ဒေါ်သူဇာ ဖြစ်နေခဲ့တာပါလား။ ဖေဖေက အပြတ်ဖြတ်မည်ဆိုတာ သူ့ကြောင့်လို့ထင်ပြီး မစားရသည့်အမဲ သဲနှင့်ပက်ဖို့အတွက် ဒေါ်သူဇာ ပေါက်ကွဲခဲ့တာ ဖြစ်မည်။

သူ့ကို မလောက်လေးမလောက်စားကောင်၊ မင်း ဘာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မလဲ စောင့်ကြည့်နေလို့ ခြိမ်းခြောက်ခဲ့သေးတာပဲ။ ဖေဖေက သူ့ရင်ဘတ်ကို အားနှင့်ဆောင့်တွန်းလျက်–

"ဟိတ်ကောင်…ငါမေးတာ ဖြေ…မင်း ဘာလို့ ငါ့အပေါ် ယုတ်မာဖို့ ကြိုးစားတာလဲ။ ဘာလို့ မကြံကောင်းမစီရာ ကြံစည်ရက်ရတာလဲ…ပြောစမ်း။ မင်း ငါ့ကို ဘယ်လိုအငြိုးတွေရှိလို့လဲ။ မင်းအပေါ် ငါ ဘာတွေလုပ်မိလို့လဲ"

"ကျ…ကျွန်တော့်မှာ ဖြေစရာမရှိပါဘူး"

"ဘာကွ…ဟိတ်ကောင်…မင်း…ငါ့မျက်စိရှေ့က ထွက်သွားတော့။ မင်းကို အလုပ်ထုတ်လိုက်ပြီ။ ထွန်းခေါင်ဦးက မြွေပွေးကို ခါးပိုက်ပိုက်တဲ့အဖြစ်မျိုး ဘယ်တော့မှမလုပ်ဘူး။ မင်းလိုကောင်မျိုးကို အလုပ်ခန့်မိခဲ့တာ မှားတယ်"

"ဟို…ကျွန်တော် နောက်ဒီလိုကိစ္စမျိုး မဖြစ်စေရပါဘူး။ ကျွန်တော် သူဌေးအပေါ် သစ္စာရှိပြီး ဂရုစိုက်ပါ့မယ်"

"တော်စမ်းပါ…တော်စမ်းပါကွာ။ ငါ့အပေါ် ဒီလိုယုတ်မာထားတာကို ငါက မင်းပြောတာ ယုံကြည်ပြီး လက်ခံထားစရာလား။ ဒီမှာ ဟိတ်ကောင်…မင်း ငါ့ရှေ့က မြန်မြန်ထွက်သွား…မဟုတ်ရင် မင်းကို ငါ သတ်မိလိမ့်မယ်"

"သ…သူဌေးရယ်…သူဌေးက ကျန်းမာရေးလည်း ကောင်းတာမဟုတ်ဘဲနဲ့၊ သူဌေး ဖျစ်ညှစ်နဲ့လက်ထပ်ပြီးတဲ့အထိ ကျွန်တော် နေပေးပါရစေ။ သူဌေး ကျန်းမာရေးအတွက် စိတ်ချရပြီဆိုမှ"





"ဟိတ်ကောင်…တော်ပြီ…မကြားချင်ဘူး။ မင်းလို မိမဆုံးမ ဖမဆုံးမ အောက်တန်းစားလိုကောင်က ငါ့အပေါ် ဒါမျိုးယုတ်မာတာ ခွေးကိုက်တာထက် နာတယ်…ဟိတ်ကောင်။ မင်း ကြံစည်လိုက်တဲ့ ရောဂါက ငါ အခုဖြစ်နေတဲ့ရောဂါထက် ကြောက်စရာရှိစရာကောင်းတယ်…နားလည်လား။ ငါ့ကို သေတာတောင် သိက္ခာမဲ့အရှက်ရလူတောမတိုးရဲအောင် မင်း လုပ်တာ။ သွားတော့…ဟိတ်ကောင်…သွားတော့"

"သူဌေး"

"ဦးဘထွန်း…ဦးဘထွန်း အဲဒီကောင်ကို ခြံပြင်ဆွဲထုတ်လိုက်။ မထွက်ရင် ရဲခေါ်ဖမ်းခိုင်း…အမေလှ ဘာလုပ်နေတာလဲ။ ချိုမာ…ဒီကောင်ကို ငါ့ရှေ့က ဆွဲထုတ်ခေါ်သွားစမ်း"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့"

ဦးထွန်းခေါင်ဦးအော်သံကြောင့် အားလုံးပြေးဝင်လာကာ ထင်းညို့ကို အပြင်ဆွဲထုတ်ခေါ်လာရသည်။ ဦးထွန်းခေါင်ဦးရဲ့ ကြိတ်မနိုင်ခဲမရ အံကြိတ်တက်ခေါက်သံကြီးက အကျယ်ကြီးပါ။

"ဦးလေးဘထွန်း၊ အမေလှ၊ မချိုမာ ခဏလေးနေကြပါဦး။ ကျွန်တော် ပြောပါရစေဦး။ ကျွန်တော့်ကို အလုပ်မဖြုတ်အောင် သူဌေးကို ကျွန်တော် တောင်းပန်မှဖြစ်မယ်။ ကျွန်တော် သူဌေး ကျေနပ်လက်ခံအောင် တောင်းပန်ပါရစေ"

"တော်စမ်းပါ…မင်း ငါတို့သူဌေးအပေါ် ဘာလို့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာရတာလဲ။ မင်းအပြောအဆို မယဉ်ကျေး ဝေဖန်ပုတ်ခတ်နေကတည်းက ငါတို့သိခဲ့ရမှာ။ ရုပ်ကလေးက သနားကမားနဲ့ ဒီလောက်အောက်တန်းကျလိမ့်မယ်လို့ မထင်မိဘူး''

''မင်းက သူ့သားအရွယ်ပဲ ရှိပါတယ်။ ဖအေအရွယ်ကို မင်းပြစ်မှားစော်ကားယုတ်မာတာ မင်း ငရဲကျမှာပဲ။ ပြည့်တန်ဆာမနဲ့ ပတ်သက်နိုင်းတယ်၊ ရောဂါတွေကူးအောင်လုပ်တယ်။ မင်းလိုကောင်လေးမျိုး အံ့သြပါရဲ့…ကျွတ်…ငါတို့မှာတော့ လူကောင်းလေးမှတ်လို့ ချစ်လိုက်ခင်လိုက်ရတာ။ သူဌေးရဲ့ဒရိုင်ဘာ ဘော်ဒီဂတ်သက်တော်စောင့်လုပ်ပေးလို့ တော်တော်အားကိုးရပြီ မှတ်တာ… မင်းက ဒီလိုအောက်တန်းကျစော်ကားဖို့ ရောက်လာတာပဲ''

''ဒီအိမ်ရိပ်ကို နောက်တစ်ခါ ဘယ်တော့မှ မနင်းနဲ့…ဘယ်တော့မှ မလာခဲ့နဲ့။ လာရင် ရဲစခန်းတိုင်ပြီး အဖမ်းခိုင်းမယ် မှတ်ထား''

''သွား…ထွက်…ဘယ်တော့မှမလာနဲ့''

''ဂျိန်း…ဂျလိန်း''

''ဗုန်း…အင့်''

ခြံတံခါးဖွင့်၍ သူ့ကို ခြံပြင်ဆောင့်တွန်းလွှတ်လိုက်ကြသည်။ သူ ကုန်းထကာ သံတိုင်တွေကြားကနေ အထဲလှမ်းကြည့်၍-

''အ…အမေလှ…ဦးလေးဘထွန်း…ကျ…ကျွန်တော်ပြောတာလေးကို ခဏလေး နားထောင်ပေးပါဗျာ။ သ…သူဌေးကို ဂရုစိုက်ပေးပါဗျာ။ သူဌေး ကျန်းမာရေးမကောင်းဘူး အမေလှ… သူ ဆေးသောက်နေရတာ အများကြီးရှိတယ်။ ဆေးကို မှန်မှန်သောက်





အောင် ဂရုစိုက်ပေးပါ။ ထမင်းကိုလည်း စားချင်စိတ်ရှိအောင်ကောင်းကောင်းချက်ကျွေးပါနော်။ သူဌေးက သတိမေ့တတ်နေလို့ ဆေးသောက်ပြီးသားလား၊ မသောက်ရသေးဘူးဆိုတာလားလည်း မေ့တတ်နေလို့ပါ။ ကားသော့လည်း မေ့တတ်တယ်။ ပိုက်ဆံအိတ်ကျန်ခဲ့ရင်လည်း သတိပေးလိုက်ပါဦး။ ဖုန်းကိုလည်း သူ့အိတ်ထဲ ပါမပါ စစ်ပေးလိုက်ပါနော်။ လမ်းမှာ တစ်ခုခုဖြစ်ရင် ဖုန်းပါမှ အဆင်ပြေမှာ။ ဖြစ်နိုင်ရင် ကားကို သူဌေးကိုယ်တိုင် မမောင်းခိုင်းရင်ကောင်းမယ်။ လီဗာနဲ့ဘရိတ်ကို သတိမေ့ပြီး မှားနင်းရင် အန္တရာယ်ဖြစ်မှာ။ ဒရိုင်ဘာတစ်ယောက် အမြန်ရှာပေးလိုက်ပါနော်။ အဓိကကဆေးကို သတိမမေ့ဘဲ ပုံမှန်သောက်ဖို့ အရေးကြီးပါတယ်။ အဲဒါလေး…အဲဒါလေး ဂရုစိုက်ပေးပါ အမေလှရယ်…ကျွန်တော် စိတ်မချလို့ပါနော်''

သံတိုင်ကိုကိုင်ကာ မျက်ရည်တွေနှင့် သူပြောနေသမျှ အမေလှတို့ ခဏနားထောင်ပေးကြပေမယ့် သူ့လုပ်ရပ်ကြောင့် အပိုတွေဆိုပြီး အိမ်ဘက်လှည့်ဝင်သွားကြသည်။ သူ ဖေဖေကို ဘယ်လိုဂရုစိုက်ရတော့မလဲ။ ဘယ်လို သတိပေးရတော့မလဲ။

ဆေးသောက်ဖို့ သတိမေ့လျှင် ရောဂါဆိုးပြီး မြန်မြန်သေမှာ။ ဆေးမှန်မှန် မပျက်မကွက် အချိန်အတိအကျသောက်ပြီး အသက်ဆက်နေရတာမဟုတ်ပါလား။ ကင်ဆာဆေးများက အချိန်လွဲလို့မရပါ။

ဖေဖေ…ဖေဖေရယ်…သား ဘာလုပ်ရတော့မလဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၃)

"ဘာ…မင်းကို ထိုးကြိတ်လွှတ်လိုက်တယ်၊ အလုပ်ဖြုတ်လိုက်တယ်…ဟုတ်လား…ပိုင်ပိုင်။ နှုတ်ခမ်းလည်း တော်တော်ပေါက်သွားတာပဲ။ မျက်နှာတစ်ခြမ်းလုံးလည်း ယောင်ကိုင်းလို့။ မင်းအဖေ တော်တော်ရက်စက်တာပဲ…လူမဆန်ဘူးကွာ"

"ဖေဖေက ငါ့ကို သားမှန်းမှ မသိတာကွာ။ ငါလုပ်ခဲ့တာက ထိုးရုံမဟုတ်ဘူး…သတ်ပစ်သင့်တာပါ။ ငါ မကောင်းခဲ့တာပါကွာ"

"ဟိုမိန်းမ ယုတ်မာလိုက်တာပေါ့။ ကာရိုက်တာနဲ့ စိတ်ခတ်လိုက်လည်းလိုက်ပါတယ်"

"ငါကတော့ ဝမ်းသာတယ်။ ဒီလို အထိုးခံလိုက်ရတာလည်း ကျေနပ်တယ်"





"ဘာ…အဲဒီမိန်းမပြောတာ မင်းက ဝမ်းသာနေတာလား"

"ဟုတ်တယ်၊ အဲဒီမိန်းမ အဲဒီလို သူ့ဘာသာဆိုတာ ပြောလိုက်တဲ့အတွက် ဖေဖေ အဲဒီမိန်းမကို ဆက်ခံပတ်သက်တော့မှာမဟုတ်ဘူး။ ဒါဆိုရင် ငါ ယုတ်မာဖို့ ကြံစည်ထားတဲ့ ရောဂါဆိုးကြီး ဖေဖေ့ကို မကူးစက်တော့ဘူး။ ဘယ်လောက်စိတ်ချမ်းသာဖို့ကောင်းလဲ။ ငါ ကျေနပ်ပြီ၊ ငါ ကျေနပ်သွားပြီ"

ဝမ်းသာကျေနပ်နေသော သက်ထွဋ်ပိုင်နှုတ်ခမ်းများက ပြုံးနေသော်လည်း မျက်ဝန်းအိမ်ကတော့ မျက်ရည်တွေ စီးကျနေသည်။ ထွန်းမင်း စိတ်မကောင်းစွာ သက်ထွဋ်ပိုင်ပခုံးကို ဆုပ်ညှစ်လိုက်ပြီး–

"မင်း အထိုးခံပြီး အလုပ်ထုတ်ခံလိုက်ရတာတော့ ဝမ်းနည်းနေတယ်မဟုတ်လား ပိုင်ပိုင်"

"ငါ ဝမ်းနည်းတယ်ဆိုတာက အလုပ်ထုတ်ခံရလို့၊ အထိုးခံရလို့ မဟုတ်ပါဘူးကွာ…ဖေဖေ့ကျန်းမာရေးအတွက် စိုးရိမ်တာပါ။ ဖေဖေက ဆေးမှန်မှန်သောက်မှ အသက်ကို ဆွဲဆန့်ထားလို့ရမှာ။ တစ်ခါတစ်ရံ သတိမေ့လျော့တတ်နေတဲ့ ဖေဖေက ဆေးပုံမှန်သောက်ဖို့ သတိရပါ့မလား"

"မင်းအဖေက သတိမေ့တယ်…ဘာဖြစ်လို့လဲ"

"စိတ်ဖိစီးမှုတွေများခဲ့လို့ အယ်ဇိုင်းမားပေါ့ကွာ။ အရေးကြီးကိစ္စတွေ ဂရုစိုက်လုပ်နေလား မသိပေမယ့် ကားမောင်းဖို့ ကားသော့မေ့ရတာနဲ့၊ ဖုန်းထားခဲ့ရတာနဲ့၊ ဘယ်သူနဲ့ချိန်းထားမှန်းမသိလို့ နေရာမှားပြီး နာမည်မှားပြီး သွားတွေ့ရတာနဲ့၊ ကားမောင်းရင်း ဘာကိစ္စနဲ့ လီဗာ



www.burmeseclassic.com

www.burmeseclassic.com



မှားနင်းလိုက်ရော ဘယ်လိုလုပ်မလဲ။ ငါမရှိရင်…ငါမရှိရင်"

"နောက်တစ်ယောက်ခေါ်မှာပေါ့…သူက ပိုက်ဆံချမ်းသာတဲ့ သူပဲ။ မင်း ဘာတွေစိုးရိမ်နေတာလဲ"

"ဖေဖေ့ရဲ့ နောက်ဆုံးအချိန်တွေမှာ သားတစ်ယောက်အနေနဲ့ မဟုတ်တောင် သူစိမ်းအဖြစ်နဲ့ ပြုစုစောင့်ရှောက်ခွင့်လေးတော့ ရချင်တာပေါ့ကွာ"

"မင်း အဲဒါလည်း ပူမနေနဲ့တော့။ ဖြူစင်က မင်းအဖေကို လက်ခံဖို့ ဆုံးဖြတ်လိုက်ပြီ"

"ဟင်"

သူ့နှလုံးသွေးတွေ ဒိန်းခနဲ ဆောင့်တက်သွား၏။ ဝမ်းသာတာလား၊ ဝမ်းနည်းတာလား၊ ဝမ်းသာသင့်ပါလျက် ဝမ်းနည်းသွားမိတာလည်း ဖြစ်နိုင်သည်။

"မင်း ဘယ်လိုခံစားရလဲ ပိုင်ပိုင်"

"ဖေဖေ့ကို ဖြူစင်တို့မိသားစု စောင့်ရှောက်ကြတော့မှာပဲ။ ငါ ကျေနပ်ပါတယ်…ဝမ်းသာပါတယ်။ ဒါနဲ့ ဖြူစင်က ငါပြောတဲ့အချိန်တုန်းကတော့ ဘာကတိမှမပေးပါဘူး။ ငါ့ကိုပဲ မေးခွန်းတွေထုတ်ပြီး ပြန်စွပ်စွဲနေတာ"

"ဆောရီး…သူငယ်ချင်း…ငါ ကြိုပြီး တောင်းပန်တယ်ကွာ။ မင်းက ဦးထွဋ်ခေါင်ဦးရဲ့သားဆိုတာ အသိပေးလိုက်ပြီ။ ဘယ်လိုဖြစ်ခဲ့တယ်၊ ဘယ်လိုလူမျိုးဆိုတာရောပေါ့"

"ဘာ…ဟာ…ထွန်းမင်း…မင်းကွာ…ဘာလို့ ဖြူစင်ကို





ပြောလိုက်ရတာလဲ။ ငါ့ကို ဘယ်လိုထင်သွားသွား ကိစ္စမရှိဘူး။ ဖေဖေ့ကို အထင်သေးသွားရင်"

"လက်ထပ်ဖို့တောင် ဆုံးဖြတ်လိုက်ပြီပဲကွာ…အဲဒီကိစ္စတွေ အရေးကြီးပါဦးမလား။ သူ လက်ခံရတဲ့အကြောင်းအရင်းက ဦးထွဋ်ခေါင်ဦး ကျန်နေခဲ့မယ့် ပိုင်ဆိုင်မှုတွေ မက်မောလို့တော့ မဟုတ်ဘူး။ သူ ရင်တွေအနာကျင်ခံပြီး မင်းဖြစ်ချင်တဲ့ မင်းဆန္ဒတွေကို ဖြည့်ဆည်းတာ"

"ဟင်…ဘာ"

"မင်းက ချစ်သူကို ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်မယ်ဆိုတာ သိသိကြီးနဲ့ အဖေနဲ့ ပေးစားချင်နေတာမဟုတ်လား။ မင်းရဲ့ပေးဆပ်ချင်တဲ့ဆန္ဒတွေအတွက် သူက လက်ခံပေးလိုက်တဲ့သဘောပါပဲ။ ဖြူစင်ကို ချစ်တဲ့စိတ်နဲ့ ချစ်သူအတွက် ဝမ်းနည်းနေပေမယ့် မင်းအဖေအတွက်တော့ မင်း ဝမ်းသာနေတယ်မဟုတ်လား"

သူ့မျက်ရည်တွေ လိမ့်ခနဲကျဆင်းလာသော်လည်း နှုတ်ခမ်းတို့ ပြုံးလျက် ခေါင်းကို တဆတ်ဆတ် ညိတ်ပြလိုက်သည်။

"ငါ ဝမ်းသာတာပေါ့၊ ကျေနပ်တာပေါ့ကွာ…ဖေဖေ့အတွက် မိသားစုတစ်စုလုံးရဲ့ စောင့်ရှောက်မှုရသွားပြီ။ ဖေဖေ ဘာဆိုတာသိပေမယ့် ငါ့ဆန္ဒတွေကို ဖြည့်ဆည်းပေးတဲ့ ငါ့ပေးဆပ်မှုတွေကို နားလည်ပေးတဲ့ ဖြူစင်ကို ငါက ကျေး…ကျေးဇူးတင်တယ်လို့ ပြောပေးပါ။ မျိုးရိုးကို ငါ ဘယ်တော့မှ မမေ့ပါဘူးလို့"

"ပိုင်ပိုင်ရာ…သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်သည့်အနေဖြင့် ဖက်တွယ်လိုက်သည့် ထွန်းမင်းပခုံးပေါ် မျက်နှာမှောက်၍ သက်တွင့်နိုင် ရှိုက်ကြီးတငင် ငိုချ၏။ ကျောတပြင်လုံး သိမ့်သိမ့်လှုပ်ခတ်နေသည်။

ဘယ်သူ့အတွက်…ဘာအတွက် ဝမ်းနည်းနှင့်သီးစွာ ငိုကြွေးနေသည်ဆိုတာတော့…





# အခန်း (၃၄)

"မြေးရယ်…ဒီဒဏ်ရာတွေကြောင့် ညက နောက်ကျမှပြန်ရောက်လာပြီး အိပ်ခန်းထဲဖွတ်ထိုးဝင်အိပ်တာလား။ ညကတည်းက အဘွား သိရလို့ဆေးလူးပေးရရင် ဒီမနက်ဆို ဒီလောက်ယောင်နေပါတော့မလား"

"ရပါတယ် အဘွားရဲ့…သား မနာပါဘူး။ သက်သာလို့ အဘွားတို့ကို ဘာမှမပြောတာပါ"

"ရန်ဖြစ်လို့ အလုပ်ရှင်က အလုပ်ဖြုတ်လိုက်တာလား သား။ သားကရော ဘယ်အချိန်တုန်းကမှ ဘယ်သူနဲ့မှ စကားမများဘူး၊ ရန်မဖြစ်ဘူးပဲ။ အခု ဘယ်လိုအကြောင်းနဲ့ ရန်ဖြစ်ရတာလဲ။ အလုပ်လုပ်တဲ့ကုမ္ပဏီမှာပဲ ထိုးကြကြိတ်ကြတဲ့အထိ ဖြစ်ကြတာလား။ ရန်ငြိုးတွေ ဘာတွေနဲ့ ဆက်ဖြစ်နေရင်"

"ဟုတ်…ဟုတ်ကဲ့ အဘွား၊ လူငယ်ချင်း မတော်တဆ မနာလိုစိတ်နဲ့ ဖြစ်ကြတာပါ။ တခြားပြဿနာ ကြီးကြီးမားမား မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ပဏီက နှစ်ယောက်လုံးကို အလုပ်ထုတ်လိုက်တာလား"

"ဟုတ်…ဟုတ်ကဲ့"

ဖေဖေနှင့်ပတ်သက်မှုတွေ အဘွားတို့မသိစေချင်တာကြောင့် သူ လိမ်ညာနေရခြင်းပါ။ ညက အဘွားတို့မသိအောင် အိပ်ရာဝင်ခဲ့ပြီး ဒီမနက်လည်း အိပ်ရာအစောကြီးမထပါ။ အတိုးလာနှိုးပြီး အလုပ်မသွားဘူးလား ဘာညာမေးမှ သူ အလုပ်ဖြုတ်ခံရသည့်အကြောင်း ပြောလိုက်ရခြင်းပင်။

အဘွားက သူ့မျက်နှာလေးကို ပွတ်သပ်ကြည့်နေပြီး–

"အလုပ်ပြုတ်သွားလည်း ဘာမှစိတ်မကောင်းမဖြစ်နဲ့ မြေးလေး။ အဘွားတို့ မြေးလေးကို ကျွေးထားနိုင်ပါသေးတယ်"

"သား တခြားအလုပ်တစ်ခုရှာမှာပါ အဘွား…အတိုးနဲ့အဘွားကို သား လုပ်ကိုင်ကျွေးမှာပါ။ အဘွားတို့က သားအပေါ် တာဝန်တွေ ကျေခဲ့ကြပါပြီ"

"တာဝန်တဲ့လား မြေးရယ်…မေတ္တာတွေပါ။ အတိုးအဘွား မေတ္တာတင်မဟုတ်ဘဲ မြေးအမေရဲ့မေတ္တာတွေပါ အဘွားတို့က ပေးနေတာပါ။ ဟိုလူ့သတ်သမားကြောင့် မြေးလေးမှာ မေတ္တာတွေ ငတ်ခဲ့ရတယ်။ သိမ်ငယ်မှုတွေနဲ့ ကြီးပြင်းခဲ့ရတယ်။ သူသာ ဖခင်ကောင်း တစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် မြေးလေး ဒီလိုဘယ်နေရပါ့မလဲ"

"သား ဘယ်သူ့ကိုမှ အပြစ်မတင်ချင်တော့ပါဘူး အဘွား။ သားရဲ့ကံကြမ္မာပါ။ အရင်ဘဝက သားက ဘယ်သူ့အပေါ် ဘယ်လို မကောင်းတာတွေ လုပ်မိခဲ့လို့လည်းမှ မသိတာ။ အဘွားတို့လည်း





အသက်ကြီးပြီဆိုတော့ အမုန်းနဲ့အငြိုးတွေ မထားတော့ဘဲ တရားနဲ့ပဲ ဖြေပါတော့နော်"

"ကိုယ့်ရင်သွေး ကိုယ့်သမီးကို လူမဆန်စွာ အသတ်ခံရတဲ့ကိစ္စတော့ တရားမချပါနဲ့ မြေးရယ်။ အဘွားတို့ တရားမရှိလို့ မဟုတ်ပါဘူး။ တရားရှိလို့ လက်တုံ့မပြန်တာပါ။ ဒါပေမဲ့ မုန်းတော့မုန်းနေပါရစေ။ ဒါမှ သမီးလေး နာနာကျင်ကျင် အသေဆိုးနဲ့ ရိုက်သတ်ခံပြီး သေခဲ့ရတာကို ဖြေသာနိုင်မှာမို့ပါ"

အဘွားတို့ခံစားချက်နှင့်ဝေဒနာက ဒီလိုဖြစ်သင့်တာကြောင့် သူ ဘာမှမပြောချင်တော့ပေ။ အဘွားတို့မှာလည်း ဒီလိုလေး အဝေးကနေ မုန်းနေဖို့တော့ အခွင့်အရေးရှိသည်မဟုတ်လား။

သူ့လိုတောင် အမုန်းအငြိုးတွေဖြင့် တုံ့ပြန်တိုက်ခိုက်ဖို့ ကြိုးစားခဲ့သေးတာမှ မဟုတ်တာ။

"မြေးလေး…ဖုန်းမြည်နေတယ်။ ကိုင်လိုက်ဦး"

"ဟုတ်ကဲ့"

သူ့အတွေးတွေ ပျံ့လွင့်ပြီး စိတ်နှင့်ကိုယ်မကပ်တာမို့ ဖုန်းမြည်သံကိုတောင် မကြားလိုက်ပါ။ သူ ဖုန်းမကိုင်ခင် အဝင်နံပါတ်ကို ကြည့်လိုက်သည့်အချိန်မှာ ဖေဖေရဲ့ဖုန်းဖြစ်နေသည့်အတွက် ထိတ်ခနဲ ဝမ်းသာသွားမိသည်။

"ဟယ်လို…ဟယ်လို…သူဌေး"

"အေး…ငါ ထွန်းခေါင်ဦး"

"ဟုတ်ကဲ့…သူဌေး ကျွန်တော် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မနက်ဖြန် အလုပ်ပြန်ဆင်း"

"ဗျာ"

"ဖြူစင်က ငါ့ကို လက်ခံလိုက်ပြီ။ အဲဒီအတွက် တောင်းဆိုမှု တစ်ခု လုပ်ခဲ့တယ်"

"ဟင်"

"မင်းကို အလုပ်ပြန်ခန့်လိုက်ပါတဲ့။ ငါ မင်းကို အလုပ်ဖြုတ်လိုက်တာ ဘယ်လိုသိသွားတယ်တော့ မသိဘူး။ လင်းညို့က ဦးအတွက် အဆင်ပြေတဲ့ဒရိုင်ဘာကောင်းတစ်ယောက်ပါတဲ့။ အမှား လုပ်ဖူးချင် လုပ်ဖူးလိမ့်မယ်။ ဒါပေမဲ့ ရှေ့လျှောက်သစ္စာရှိရှိသွားတဲ့ သူတစ်ယောက်ဖြစ်မှာ သိနေတဲ့အတွက် ဦးအနားမှာထားပါ။ ဦးရဲ့ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းကိစ္စအားလုံး စိတ်ချရတဲ့သူဖြစ်မှာပါလို့ တောင်းဆိုခဲ့တယ်။ ဖြူစင်က မင်းကို ဘယ်လောက်သိပြီး ယုံကြည် နေတယ်ဆိုတာ နားမလည်နိုင်ပေမယ့် ဖြူစင်က ငါ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတဲ့အတွက် ငါ မင်းကို အလုပ်ပြန်ခန့်တာ"

"ဟုတ်…ဟုတ်ကဲ့"

"ဒါကလည်း မင်းက ဖြူစင်နဲ့ အဆင်ပြေအောင် လက်ထပ်နိုင် အောင် ကြိုးစားပေးပါ့မယ်လို့ ကတိခံခဲ့တာကြောင့်၊ မင်းရဲ့ကြိုးစား အောင်သွယ်ပေးမှုနဲ့ ဖြူစင် စိတ်ပြောင်းသွားတယ်ထင်လို့ပဲ။ ဟုတ်တယ်မဟုတ်လား။ ဖြူစင် ငါ့ကို လက်ထပ်ဖို့ ဆုံးဖြတ်ချက် ချအောင် မင်း စည်းရုံးလိုက်တာမဟုတ်လား"

"ဟုတ်…ဟုတ်ကဲ့ပါ။ ကျွန်တော် နည်းနည်းပါးပါး စိတ်





ပြန်လည်လာအောင် ပြောလိုက်ပါတယ်"

"အေး…အဲဒါကို ငါ ယုံတယ်။ မင်းသာ ကြားမဝင်ရင် ဖြူစင်က ငါ့ရဲ့မကောင်းသတင်းတွေကြောင့် လက်မထပ်နိုင်တော့ပါ ဘူးဆိုပြီး ကားကို ပြန်ပေးဖို့တောင် ဆုံးဖြတ်ချက်ချပြီးနေပြီ။ ဒီတစ်ချက် ကြောင့် မင်း ငါ့ကို ယုတ်မာမယ့်အကြံအစည်အတွက် ငါ ခွင့်လွှတ် ပေးလိုက်မယ်"

"ကျေး…ကျေးဇူးတင်ပါတယ် သူဌေး"

"ဒါဆို…ဒါပဲ။ မနက်ဖြန် မင်း အလုပ်ပြန်ဆင်းလို့ရပြီ"

"ဟုတ်…ဟုတ်ကဲ့ပါ သူဌေး။ ဆေးကို အချိန်မှန်မှန် သတိ မမေ့ဘဲ သောက်ပါနော်။ ကျန်းမာရေးဂရုစိုက်ပါ"

သူပြောသည့်စကားကို ဆုံးအောင်နားမထောင်ဘဲ ဖေဖေ ဖုန်းချ သွားခဲ့သည်။ သူ ဖေဖေ့ဆီပြန်သွားရတော့မည်ဖြစ်၍ ဝမ်းသာမျက်ရည် များ ပါးပြင်တစ်လျှောက် စီးဆင်းနေခဲ့တာ သတိတောင်မထားမိ။

"မြေးလေး…ဘာဖြစ်လို့ မျက်ရည်ကျနေတာလဲ။ အဲဒီသူဌေး ဆိုတဲ့သူက ဘာတွေပြောလို့လဲ မြေး"

"သူဌေးက မနက်ဖြန် သားကို အလုပ်ပြန်ဆင်းတဲ့။ အလုပ် ပြန်ဆင်းတဲ့ အဘွား"

"အဲဒါ မျက်ရည်ကျလောက်အောင် ဝမ်းသာစရာကောင်းတဲ့ ကိစ္စလား မြေးရယ်…သူက မညှာမတာတောင် အလုပ်ထုတ်လိုက် သေးတာ။ ပွဲရုံအလုပ်ဝါသနာမပါတောင် သူ့အလုပ်မလုပ်ရလည်း အခြားအလုပ်တွေ ပေါပါတယ်။ ဒီပြင်အလုပ်လုပ်ပေါ့ မြေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အဘွား…ဒီသူဌေးက သားအပေါ်ကောင်းပါတယ်။ သား တခြားမှာ မလုပ်ချင်ပါဘူး။ ဒီသူဌေးဆီမှာပဲ အလုပ်ပြန်လုပ်မယ် အဘွား။ ဒီသူဌေးက ကျန်းမာရေးမကောင်းလို့ သား ဂရုစိုက်ပေးရမှာမို့ပါ"

"သြော်…သံယောဇဉ်ကြီးလိုက်တာ မြေးရယ်။ အေးလေ…မြေးလေး စိတ်ချမ်းသာတယ်ဆိုရင် ပြီးတာပါပဲ။ ဒါပေမဲ့ ဒီလိုထိခိုက်ဒဏ်ရာရအောင် စကားများရန်ဖြစ်တာမျိုးတော့ နောက်တစ်ခါ မဖြစ်ပါစေနဲ့ကွယ်။ မြေးလေး တစ်ခုခုဖြစ်ရင် အဘွားတို့ ရင်ကျိုးရမှာ။ အဘွားတို့မျက်နှာလေးတွေ မြင်ယောင်ပြီး အဘွားတို့ စိုးရိမ်မှာသတိရပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါမြေးရယ်"

"ဟုတ်…ဟုတ်ကဲ့ပါ အဘွား…အဘွားတို့ စိုးရိမ်စိတ်ပူရမယ့်ကိစ္စမျိုး မရှိစေရတော့ပါဘူး"

"အေးပါ မြေးလေး…မြေးလေးက အဘွားတို့ရဲ့အသက်ပါပဲ။ မြေးလေးကြောင့် အဘွားတို့ အသက်ရှင်နေကြတာပါ။ အဲဒါလေးတစ်ခုပဲ အမြဲသတိရပေးပါ"

အဘွားတို့ မေတ္တာတွေသိရတာကြောင့် သူ ပိုပြီးရင်တွေမောသွားမိသည်။ ဖေဖေနှင့်ပတ်သက်သမျှတွေ အဘွားတို့ကို လုံးဝအသိပေးလို့မဖြစ်ပါ။ အသက်အရွယ်ကြီးရင့်နေပြီဖြစ်သော အဘွားတို့ကို အစုသောကတွေ မပေးရက်ပေ။ ဝေဒနာတွေဟာ ရင်ထဲမှာပဲ မျိုသိပ်သိုအောင်းအမြစ်တွေ တွယ်နေလျက်…





# အခန်း (၃၅)

"မင်း ရောက်လာပြီလား"

"ဟုတ်…ဟုတ်ကဲ့ သူဌေး"

"အေး…ဖြူစင်နဲ့ ပြန်အဆင်ပြေသွားလို့ မင်းကို အလုပ်မခန့်ချင်ဘဲ ပြန်ခန့်ရတာ။ ငါ့အပေါ် မင်း လုပ်ဖို့ကြံစည်တာကို ငါ တစ်သက်လုံး ကျေနပ်လိမ့်မယ်၊ ခွင့်လွှတ်လိမ့်မယ်မထင်နဲ့။ ထွန်းခေါင်ဦးက ဘယ်သူကျော်တာ၊ ယုတ်မာတာကိုမှ ခံခဲ့တဲ့ကောင်မဟုတ်ဘူး။ မင်းလိုကောင်လေးမျိုးဆိုရင် အမှုန့်တောင်ချေပစ်လိုက်လို့ရတယ်…နားလည်လား"

"နားလည်ပါတယ်…နောက်တစ်ခါ အပြစ်လုပ်မိရင် ကျွန်တော့်ကို အလုပ်ထုတ်ရုံမဟုတ်ဘဲ သတ်ပစ်လို့ရပါတယ် သူဌေး။ နောက် ဘယ်တော့မှ သူဌေးအပေါ် မယုတ်မာတော့ပါဘူး။ သစ္စာမဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး။ ဘယ်လိုကြံစည်မှုမျိုးမှလည်း မလုပ်တော့ပါဘူး။ ကျွန်တော် ကတိပေးပါတယ်။ သစ္စာဆိုပါတယ်။ ကျွန်တော့်ဘက်က အမှားအယွင်းဖြစ်ခဲ့ရင် သူဌေးကြိုက်သလိုသာ အပြစ်ပေးပါခင်ဗျာ"

ဒူးထောက်ကာပြောနေသော ကောင်လေးရဲ့မျက်နှာကို ကြည့်လိုက်မိသည်။ ကိုယ်ထိုးလိုက်တာ အရှိန်ပြင်းသွားတာမို့ နှုတ်ခမ်းထောင့်မှာ နီရဲဖူးယောင်နေတာ မလျော့သေးပါ။ ဒါတောင် အနာအကျင်မရှိ။ ဒူးထောက်ကာ ကတိတွေပေး၊ တောင်းပန်နေ၏။ ဒီကောင်လေးကိုယ့်အပေါ် ယုတ်မာဖို့ အကြံအစည်တွေ ရှိနေပြီးမှ သူ့ဇာကို ဖွတ်အတင်းမပတ်သက် မဆက်ဆံအောင် ဖြတ်တောက်နိုင်းတာ ဘာကြောင့်မှန်းတော့မသိပေ။

ဒီကောင်လေး အဲဒီလိုမတားခဲ့လျှင် ငြိစွန်းတဲ့အထိ ပတ်သက်မိမှာတော့ သေချာသည်။ ဘာကြောင့်ဆိုတာ. နားမလည်ပေမယ့် မဖြစ်မြောက်ခဲ့တာတော့ ကျေးဇူးတင်ရမည်ဖြစ်၏။

"ကဲ…မင်း ထတော့။ ကားကို သေချာစစ်ထား။ ငါ သွားစရာတွေရှိတယ်။ ဖြူစင်ကိုလည်းတွေ့ဖို့ ငါ ပြောထားတယ်။ ပြန်အဆင်ပြေတဲ့အထိမ်းအမှတ်နဲ့ သူ့မိသားစုအတွက်ရော သူ့အတွက်ရော အဝတ်အစားနဲ့ တခြားလက်ဆောင်လေးတွေ ဝယ်ပေးလိုက်ချင်တယ်။ ကုန်တိုက်ရှေ့မှာပဲ ချိန်းထားတာဆိုတော့ အပြန်ကျရင်လည်း တက္ကစီပဲ ငှားပေးလိုက်မယ်"

"ဟုတ်ကဲ့ပါ သူဌေး…ဟုတ်ကဲ့ပါ။ ဟို…သူဌေး မနက်စာစားပြီး ဆေးသောက်ပြီးပြီလား"





"ဟင်…ငါ မေ့နေတာ။ မသောက်ဖြစ်သေးဘူးထင်တယ်။ ဘရိတ်ဖတ်စ်စားပြီး အခန်းထဲပြန်မဝင်ရသေးဘူး"

"ကျွန်တော် သွားယူလိုက်ပါ့မယ် သူဌေး။ ဆေးတွေက မေ့ပြီး မသောက်လို့မှမဖြစ်တာ"

သူ့ အပြေးအလွှားပင် အပေါ်ထပ် ဖေဖေ့အခန်းထဲက မနက်ခင်း ဆေးကိုယူ၊ ရေဖန်ခွက်ပါ ထည့်ယူလာပြီး ဖေဖေကို ရိုကျိုးစွာ လက်ကမ်းပေးလိုက်သည်။

ဖေဖေက ဆေးကိုယူသောက်ပြီး–

"ကျေးဇူးပဲ…မင်း အခုနောက်ပိုင်းတော့ တော်တော်လေး ရိုကျိုးပြီး အလိုက်သိလာပါတယ်။ ဒီဆေးတွေက မင်း သတိမပေးလို့ ပုံမှန်မသောက်မိရင် သတ်မှတ်ထားတဲ့အချိန်တွေထက် ဒီလောကထဲကနေ ငါ မြန်မြန်သွားရမှာ။ ဒါပေမဲ့ ငါ့ကို လွမ်းနေတမ်းတနေမယ့် သူ၊ ငါက လွမ်းရတမ်းတရမယ့်သူလည်း မရှိပါဘူး။ သေလည်း မထူး၊ နေလည်းမထူးတဲ့ကောင်မျိုးပေါ့။ ဒါပေမဲ့ အခုနေရမယ့်အချိန်လေးမှာ အဓိပ္ပာယ်တွေတော့ ရှိလာတော့မှာပါ။ ငယ်ရွယ်ဖျတ်လတ်ပြီး ချစ်စရာကောင်းတဲ့ဖြူစင်နဲ့ လက်ထပ်ရတော့မှာဆိုတော့လေ"

"ဟုတ်ကဲ့…မိသားစုနွေးထွေးမှုတွေ၊ ပျော်ရွှင်မှုတွေနဲ့ဆိုရင် သူဌေး အကြာကြီးနေရဦးမှာပါ။ ဖြူစင်ကလည်း သူဌေးအပေါ် အိမ်ထောင်ရှင်မကောင်း ပီသစွာနဲ့ ပြုစုစောင့်ရှောက်ပါလိမ့်မယ်"

"အေး…သေခါနီးမှ ထွင့်ခေါင်ဦးတို့ စန်းပွင့်ဦးမှာပေါ့။ မိန်းမ ထိုယူရင်ပေါ်ပေမယ့် ယူချင်လောက်အောင် စိတ်ဝင်စားမှုမရှိခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မိန်းမလောက် ဘယ်မိန်းကလေးကိုမှ ချစ်လို့မရတာလည်းပါတာပေါ့။ အခု သေရတော့မယ်ဆိုတာ သိလာတော့ တစ်ယောက်တည်းနေရမှာ ကြောက်လာတယ်။ ချက်ချင်းကြီး သေရမှာကို မကြောက်ပေမယ့် ငါ့ရောဂါက ဝေဒနာတွေ ဆိုးဆိုးဝါးဝါး ခံစားရဦးမှာလေ။ ငါ့သားနားမှာ ဘယ်သူရှိနေပေးမှာလဲ။ ရှိနေပေးမယ့်သူ တကယ့်မေတ္တာစေတနာနဲ့ နေပေးနိုင်မယ့်သူကို ငါ့ပိုင်ဆိုင်မှုတွေနဲ့ ကျေးဇူးဆပ်ရုံပဲပေါ့။ အခုချိန်မှာ ငါ့မိန်းမကို သတ်ခဲ့မိတာ နောင်တအရဆုံးပဲ။ ငါ့ကို အရမ်းချစ်လို့ သဝန်တိုနေ ပူလောင်နေတဲ့ မိန်းမကို ငါ စိတ်လိုက်မာန်ပါ စိတ်လွှတ်ပြီး မလုပ်လိုက်သင့်ဘူး။ အခုတော့ကွာ”

တောင့်တမှုတွေ၊ နောင်တရမှုတွေနှင့် မျက်ရည်ဝဲနေသော ဖေဖေ့ကို သူ မကြည့်ရက်ပါ။ ဝေဒနာတွေ တိုးလာလေလေ ဖေဖေမိသားစုကို တောင့်တပြီး နောင်တရလေလေ ဖြစ်လာပေတော့မည်။ ဒီလို တောင့်တမှုတွေ ရှိနေမည်မှန်းမသိဘဲ သူက ဖေဖေ့ကို အပြစ်ကြီးကြီးပေးဖို့ ကြံစည်မိခဲ့သေးသည်။

အခုတော့ ဝေဒနာသည်ဖေဖေကို နှလုံးသားတစ်ခုလုံးနှင့် ပေးဆပ်ခွင့်ရလို့ သူ ကျေနပ်ပါသည်။

“သူဌေး…ဖြူစင်ကို သွားတွေ့မယ်ဆို…အဝတ်အစားလဲလိုက်တော့လေ။ ကျွန်တော် နောက်မှာပဲစောင့်နေပါ့မယ်”

“အေး…ငါ နည်းနည်းရှိုင်းလိုက်ဦးမယ်”

“အပြင်မှာကြာမယ်ဆိုရင် နေ့လယ် သောက်ရမယ့်ဆေးယူလာခဲ့ဦးနော်။ ကားပေါ်မှာ ခွဲထားတဲ့ဆေးက ဟိုနေ့ကအတိုင်း ကုန်သွားပြီ”





“ဒီဆေးတွေက ခဏခဏ သတိမေ့လို့မဖြစ်ပါဘူး။ နောက်ဆိုကျွန်တော် အိမ်မပြန်တော့ဘဲ ဂရုစိုက်ပါ့မယ်။ ဖြူစင်နဲ့ လက်မထပ်မဖြစ်ချင်းပေါ့”

“အိုကေ…သိုင်းကျူး”

ဖေဖေက ပေါ့ပါးသွက်လက်စွာဖြင့် အပေါ်ထပ်တက်သွားသည်။ စကားပြောတာတွေ နားထောင်နေဟန်ရှိသော အမေလှတို့ သုံးယောက် သူ့အနားရောက်လာကြသည်။

“ပြောနေတာတွေအားလုံး ကြားလိုက်ရလို့ သူဌေး မင်းကို ပြန်ခေါ်တာတော့ နားလည်ပါတယ်။ ဒါပေမဲ့ သူဌေးမှာ ဘာရောဂါတွေရှိနေလို့ မင်းက ဆေးသောက်ဖို့ကို ဒီလောက်ဂရုစိုက်နေရတာလဲ”

“သေမယ့်လူတို့…သေခါနီး စန်းပွင့်တာတို့ ပိုင်ဆိုင်မှုတွေထားခဲ့ရမှာပေါ့ဆိုတာတွေကရော ဘာတွေလဲ လင်းညို့…သူဌေးနဲ့ ပတ်သက်ပြီး ငါတို့မသိရသေးတာတွေ မင်း သိထားတာတွေရှိနေတယ်မဟုတ်လား”

“ဟုတ်…အမေလှနဲ့ဦးလေးဘထွန်း…အရင်က ကျွန်တော်ပြုမူဆက်ဆံမှုတွေကြောင့် ကျွန်တော့်ကို သံသယဖြစ်အထင်လွဲနေကြမှာ ကျွန်တော် နားလည်ပါတယ်။ အဲဒီအတွက် ဘာပဲဖြစ်ဖြစ်ကျွန်တော် တောင်းပန်ပါတယ်။ ဒါပေမဲ့ အခုချိန်မှာ သူဌေးကိုကျွန်တော်ရော အမေလှတို့ရော သေချာဂရုစိုက်စောင့်ရှောက်မှဖြစ်မယ်။ ဘာ…သူဌေးက အသည်းကင်ဆာရောဂါဖြစ်နေတာ အမေလှ”

“ဟေ…ဘုရား…ဘုရား…သ…သူဌေးမှာလေ”



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လိုဖြစ်ရတာလဲကွာ...ငါတို့က သူ့ဒွေးကို ကျန်းကျန်းမာမာပဲ ထင်နေတာ။ ဒီရောဂါကြီးဖြစ်နေတာ ငါတို့တောင် မသိရသေးပါလား”

“ဦးလေးဘထွန်းနဲ့အမေလှတို့ အသက်ကြီးနေလို့ သူ့ဒွေးက အသိမပေးတာပါ။ သူ့အတွက် စိတ်ဆင်းရဲနေကြမှာစိုးလို့တဲ့။ အခုလည်း သူ့ဒွေး စိတ်မကောင်းအောင် သိတဲ့အရိပ်အယောင်မပြဘဲ ပုံမှန်အတိုင်းလေးပဲ ဂရုစိုက်ပေးကြပါ”

“အေးပါကွယ်...သူ့ဒွေးအပေါ်ထားတဲ့ မင်းစေတနာတွေ အမေလှတို့ နားလည်ပါပြီ။ အမေလှတို့ကလည်း သူ့ဒွေးကို ကိုယ့်သားလေးလို ချစ်ခဲ့ရတော့ စိုးရိမ်စိတ်များမိတာပေါ့”

“သူ့ဒွေးကို အဲဒီလိုမေတ္တာတွေ ပေးနေတဲ့အတွက် ကျွန်တော်တကယ်ကျေးဇူးတင်မိပါတယ် အမေလှ...တကယ့်ကို ကျေးဇူးတင်မိပါတယ်ဗျာ”

သူ ရင်နှင့်အမျှ လှိုက်လှဲစွာ ပြောမိခြင်းကို အမေလှတို့ နားလည်ချင်မှ နားလည်ပေလိမ့်မည်။ သူကတော့ ဖေဖေ့ကို ဂရုစိုက်ပေးသူမှန်သမျှကို သူ့အသက်ကို ပေးချင်လောက်အောင်ကို ကျေးဇူးတင်နေမိပါသည်။

ဒါက သားရဲ့ စေတနာမေတ္တာအမှန်တွေပါ ဖေဖေ...။





## အခန်း (၃၆)

ဖေဖေက ဖြူစင်မျက်နှာလေးကို တပြုံးပြုံးကြည့်ရင်းဖြင့် ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဝယ်လို့မဆုံးပေ။ ဖြူစင်ကတော့ သူ့ကို အားနာနေပုံဖြင့် မျက်နှာလေးက ညှိုးနွမ်းကာ မသက်မသာဖြစ်နေသည်။ သူက ဖေဖေလည်း သံသယဝင်အထင်လွဲသွားမှာစိုးတာကြောင့် ပြုံးပြုံးရွှင်ရွှင်ပင် ဝယ်သမျှပစ္စည်းတွေ ကူဆွဲပေးနေရသည်။

“ဖြူစင်...ဘာလိုအပ်သေးလဲ...ကြည့်လေ။ ဦးကို အားနာစရာ မလိုဘူးနော်။ အိမ်ကမိသားစုအတွက်ပါ ပြည့်စုံအောင်ဝယ်”

“ဟုတ်ကဲ့...ဒီလောက်ဆို ပြည့်စုံနေပါပြီ။ မဝယ်တော့ပါဘူး။ ဖြူစင် ခေါင်းထဲမှာ နောက်တောက်တောက်ဖြစ်နေလို့ ပြန်ချင်နေပြီ”

“ဟင်...ဖြူစင် နေမကောင်းဘူးလား...ဆေးခန်းသွားမလား”

“အဲဒီလောက်မဟုတ်ပါဘူး။ ကုန်တိုက်ထဲမှာ ပတ်နေရလို့ ခေါင်းနည်းနည်းမူးရုံပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း တစ်ခုခုစားပြီးမှ ပြန်ပါလားဖြူစင်ရယ်… ဗိုက်ဆာနေမှာပေါ့"

"မဆာပါဘူး…ဖြူစင် နေ့လယ်စာ စားလာခဲ့ပါတယ်"

"မဟုတ်ဘူးလေ…ဦးက ဖြူစင်နဲ့ စကားတွေအများကြီး ပြောချင်သေးတယ်။ ဖြူစင်က ဦးနဲ့လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ် ဆိုတော့ တိုင်ပင်ဆွေးနွေးရမှာတွေ ရှိတယ်မဟုတ်လား။ မင်္ဂလာဝတ်စုံ အတွက် ဘယ်နိုင်ငံကို ရှော့ပင်းထွက်ချင်လဲ…ပြောလေ။ ဖြူစင့်ကို အခမ်းနားဆုံးနဲ့ အကြီးကျယ်ဆုံး မင်္ဂလာပွဲကြီးဖြစ်အောင် လုပ်ပေးချင်တာ"

"ရ…ရပါတယ်။ အဲဒီလို ဂုဏ်ပကာသနတွေ ဖြူစင် မကြိုက်ပါဘူး။ ဒီအတိုင်း ရိုးရိုးရှင်းရှင်းလေးပဲ လုပ်ချင်ပါတယ်"

"ကဲပါ…ဒီကိစ္စ နောက်မှ အေးအေးဆေးဆေး တိုင်ပင်ရအောင်။ ဖြူစင့်ဆန္ဒတင်မဟုတ်ဘဲ မိသားစုဆန္ဒကိုလည်း မေးရဦးမှာပေါ့။ ဒါဆို ဖြူစင်ကို တက္ကစီငှားပေးလိုက်မယ်။ ဦးက ကုမ္ပဏီမှာ အရေးကြီးကိစ္စလေးတွေ ရှိနေသေးလို့ ဖြစ်တယ်မဟုတ်လား ဖြူစင်"

"ဖြစ်ပါတယ်…ဖြစ်တယ်"

ဖြူစင် သူ့ကို မျက်နှာပူအားနာနေတာကြောင့် ဖွတ်ပြန်သွားသည်ဆိုတာ သူ သိသည်။ ဖြူစင့်ကို တက္ကစီပေါ်တင်ပေးပြီးသည်နှင့် ဖေဖေ့ကို ကုမ္ပဏီလိုက်ပို့ရသည်။

ကုမ္ပဏီမှာ ဖေဖေ လုပ်ငန်းကိစ္စတွေ လုပ်ကိုင်၊ ဧည့်သည်တွေနှင့် တွေ့နေတာကြောင့် ညနေ နေဝင်ချိန်ကျော်မှ အိမ်ပြန်ဖြစ်တော့၏။





ကားပေါ်ရောက်တော့–

"စားသောက်ဆိုင်ကို မောင်းကွာ…ဒီနေ့ တော်တော်ပင်ပန်းတယ်။ စားသောက်အနားယူပြီးမှ ပြန်ကြတာပေါ့"

"အိမ်မှာ အမေလုတို့က ဖွယ်ဖွယ်ရာရာ သေချာပြင်ဆင်ပေးထားမှာပါ။ အိမ်မှာပဲ စားသောက်ပြီး အနားယူလိုက်ပါလား။ အရက်တွေလည်း မသောက်ပါနဲ့တော့။ ရောဂါနဲ့ လုံးဝမတည့်ပါဘူး။ ဆေးသောက်ရမယ့်အချိန်နဲ့ဆိုတော့ အိမ်ပဲပြန်ရအောင်နော် သူဌေး"

"အေး…မင်းသဘောကွာ…မင်းက အရမ်းဂရုစိုက်နေတော့ ငါလည်း မငြင်းချင်တော့ပါဘူး"

သူ့စကားကို လက်ခံပေးသည့်အတွက် သူ ကြည်နူးစွာ ပြုံးလိုက်မိသည်။ ဖေဖေ အိမ်မြန်မြန်ရောက်ပြီး နားလို့ရအောင် ကားကို မီးပွိုင့်လွတ်အောင် မောင်းလိုက်၏။

"လင်းညို…ရှေ့မှာ လူတစ်ယောက် ကားတားနေတယ်ကွ။ ဘာဖြစ်တာလဲမသိဘူး…ကားကို အရှိန်လျှော့လိုက်…တိုက်မိသွားဦးမယ်"

"ကျွန်တော်တို့ကားက တက္ကစီမှမဟုတ်တာ။ ရှောင်မောင်းလိုက်ရင်ရပါတယ်။ သူတို့ကိစ္စရှိရင် တက္ကစီကားကို တားလိမ့်မယ်"

"ဒီနေရာက ကားရှင်းလူရှင်း ရှင်းနေပြီ။ လမ်းမပေါ်ထိ တက်တားနေတာ အရေးကြီးကိစ္စကြောင့်လား မသိဘူး။ ရပ်ပြီး အကျိုးအကြောင်း မေးလိုက်ပါ။ ကူညီသင့်ရင်လည်း ကူညီလိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဖေဖေ့စကားကို နားထောင်ကာ လက်ပြတားနေသောလူ့ရဲ့ဘေးမှာ ကားကို ရပ်ပေးလိုက်ရသည်။ ထိုလူက ဘာမှမပြောဘဲ ကားတံခါးကို ဆွဲဖွင့်ကာ ဖေဖေ့ကို ဖွတ်အတင်း ကားပေါ်က ဆွဲချသွားသည့်အတွက် သူ စိုးရိမ်တကြီး ကားပေါ်က ခုန်ဆင်းလိုက်ရသည်။

"ဟိတ်လူ…ခင်ဗျား ဒါဘာလုပ်တာလဲ။ ခင်ဗျား ဒုက္ခရောက်နေသလားလို့ ကျုပ်တို့က ကူညီဖို့ ကားရပ်လိုက်တာ"

"မင်း စကားမများနဲ့။ မင်း အသားမနာချင်ရင် ကားပေါ်မှာ သွားခွေနေ…ငါတို့က ဒီလူကြီးနဲ့ စာရင်းရှင်းချင်တာ"

"ဘာကိစ္စလဲ..မင်းကို ငါ မသိဘူး။ ဘာမှရှင်းစရာအကြောင်း မရှိဘူး"

"ဘာကိစ္စလဲဆိုတာ သိအောင်ပြောပြလိုက်ကွာ"

ဘယ်ကထွက်လာမှန်းမသိသော လူသုံးယောက် ထပ်ရောက်လာ၏။ လက်ထဲမှာ တုတ်တွေ၊ ဓားတွေပါ ပါလာသည်။ သူ ဖေဖေ့အတွက် အရမ်းကို စိုးရိမ်သွား၏။ ဖေဖေ့ရှေ့ကနေ သူ ကာရပ်လိုက်ပြီး–

"ခင်ဗျားတို့ ဘယ်သူတွေလဲ။ ဘာဖြစ်ချင်တာလဲ…ဘာလုပ်မလို့လဲ။ ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူးနော်။ ခင်ဗျားတို့ ပြဿနာမရှာကြနဲ့"

"ပြဿနာက ငါတို့ရှာတာမဟုတ်ဘူး။ ဒီလူကြီးက ရှာထား





တာ။ အခု ငါ့ညီမ ဗိုက်ကြီးနေပြီ။ ဒီလိုဖြစ်မှ ဒီလူကြီးက ရှောင်နေတယ်။ စားဖားကြီး ကြောင်သူတော်ကြွက်သူခိုးကြီး။ ခင်ဗျား ကျုပ်ညီမကို တာဝန်ယူမလား…မယူဘူးလား ပြော"

"မင်းညီမက ဘယ်သူလဲ"

"ယမင်းနိုင်"

"ဘာ"

ဖေဖေနှင့်သူ မျက်လုံးချင်းဆုံသွားလျက် ဖေဖေ ခေါင်းယမ်းပြလိုက်သည့်အခါမှာ သူ့မျက်နှာ ပိုတင်းသွားသည်။ ဒီလူတွေက ယမင်းနိုင်အစ်ကိုတွေပဲ။ လုံးဝ ဖြတ်တောက်ပြီး ရှောင်နေခါမှ တည့်တည့်တိုးရသည်။

"ဒါဆိုရင်တော့ ခင်ဗျားတို့ မှားသွားပြီ။ ယမင်းနိုင်ကို ကျွန်တော့်သူဌေးက အဲဒီလိုပတ်သက်မှုမျိုး ထိမငြိစွန်းခဲ့ဘူး"

"ဘာကွ"

"ဟိတ်ကောင် မင်းက ဘယ်လောက်သိလို့ ဝင်ပြောရတာလဲ။ ငါတို့အားလုံး စုံစမ်းပြီးပြီ။ ဒီလူကြီးက ငါ့ညီမနဲ့ ဟိုနေရာချိန်းတွေ၊ ဒီနေရာချိန်းတွေနဲ့ နေချင်သလိုနေခဲ့ပြီးမှ အခု တခြားမိန်းမတွေ့တွဲဖို့ ငါ့ညီမကို ချောင်ထိုးထားလိုက်တာ"

"ဗိုက်ကြီးမှ အဲဒီလိုလုပ်လို့ရမလား။ ငါ့ညီမဗိုက်ကို တာဝန်မယူရင် အဲဒီလူကြီးကို ငါတို့သတ်မယ်"

"သွေးမဆူကြပါနဲ့…စိတ်အေးအေးထားပါ။ ခင်ဗျားတို့ညီမကို အဲဒီဗိုက်က ဘယ်သူနဲ့ရတာလဲလို့ အရင်ဆုံးမေးကြည့်သင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သူဌေးက ငွေကြေးနဲ့လုပ်စားတဲ့ မိန်းကလေးတွေကိုပဲ ဟိုတယ်မှာ ခေါ်အိပ်တာပါ။ အမျိုးကောင်းသမီးလေးတွေဆိုရင်တော့ စားသောက်ဆိုင်၊ အအေးဆိုင်နေရာလိုမျိုးတွေမှာတွေ့ပြီး ကုန်တိုက်က လက်ဆောင်ပစ္စည်းလေးတွေ ဝယ်ပေးတာပဲရှိပါတယ်။ ဘယ်တော့မှ မဖျက်ဆီးဘူး၊ မငြိစွန်းဘူး။ အဲဒါ ကျွန်တော် အာမခံပါတယ်။ ခင်ဗျား ညီမဗိုက်က လုံးဝ ကျွန်တော့်သူဌေးနဲ့ မဟုတ်ပါဘူး"

"ဟုတ်တယ်…ယမင်းခိုင်နဲ့ ငါ လုံးဝ တစ်ခါမှ မမှားဖူးဘူး။ မင်းတို့ကို ကြောက်ရတယ်၊ ငါ့ကို ရန်ရှာလိမ့်မယ်ဆိုလို့ ဟိုနေရာ ဒီနေရာရှောင်ပြီး တွေ့ကြတာပဲရှိတယ်။ မင်းတို့မယုံရင် ဒီအန်အေသာ စစ်လိုက်။ ကလေးအဖေက မင်းညီမ ရှုပ်ထားတဲ့ယောကျ်ားတွေထဲက တစ်ယောက် ဖြစ်လိမ့်မယ်"

"ဘာ…ခွေးမသားကြီး ခွေးစကားပြောတယ်။ သူနိုးက နိုးတယ်လို့ ဘယ်ပြောပါ့မလဲ။ ချကွာ…သတ်ပစ်"

"သူဌေး…သူဌေး နောက်ဆုတ်နေပါ…နောက်ဆုတ်။ ကားပေါ်တက်နေပါ။ ကားတံခါးကို လော့ခ်ချထား"

"လင်းညို့…သူတို့မှာ တုတ်တွေဓားတွေနဲ့ သတိထား… ဟိတ်ကောင် မဖြစ်လောက်ဘူးထင်တယ်နော်"

"သွားပါ သူဌေးရယ်…သွားပါ ဒီနားမှာမနေပါနဲ့"

တုတ်တွေ၊ ဓားတွေနှင့်ဝင်လာသောလူတွေကို တတ်သလောက် မှတ်သလောက် ခုခံကာကွယ်ရင်း ဖေဖေ့ကို မထိခိုက်အောင် တွန်းထိုး လွှတ်ရသည်။ ဖေဖေ့အတွက် အသက်ပေးရင် ပေးရပါစေ။ ဖေဖေ့ကို





လုံးဝ အထိခိုက်ခံလို့မဖြစ်။ လေးယောက်တစ်ယောက်မို့ ရန်ပွဲက လုံးဝ မျှော့တာ။

"အ…အား"

"လင်းညို့"

"ဟိတ်ကောင်…ကားမီး…ဆိုင်ကယ်မီးတွေ ပြေး…ပြေး တော့"

"ဒီကောင် ဓားထိသွားပြီ…ထားခဲ့တော့"

သက်ထွန်းပိုင် မြေပေါ်မှာ ပုံကျသွားပြီး လမ်းသွားလမ်းလာ ကားပေါ်ကလူတွေ ဆင်းလာမှ အုပ်စုလိုက် ထွက်ပြေးသွားကြသည်။ အခုမှ သွေးအိုင်ထဲလဲနေတာ သက်ထွန်းပိုင်ကို ဦးထွန်းခေါင်ဦး ပွေ့ထူ လေသည်။

"လင်းညို့…လင်းညို့…ဟာ…သွေးတွေက အများကြီးပဲ။ ဆေးရုံ…ဆေးရုံကား ဖုန်းဆက်ပေးကြပါဦး"

"သူဌေး…သူဌေး ဘာမှမဖြစ်ဘူးနော်။ ဘယ်နေရာ ဘယ် နေရာထိခိုက်သွားသေးလဲ"

"ငါ ဘာမှမဖြစ်ဘူး။ မင်း ဒီလောက်ဖြစ်နေတာတောင် ငါ့ အတွက် ပူနေသေးလား။ မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ။ ငါက သေလူကွ။ ဒီကောင်တွေသတ်လို့ သေသွားလည်း ဘာမှမထူးဘူး"

"ကျ…ကျွန်တော့်အတွက်တော့ ထူးတာပေါ့။ သူဌေးကို ကျွန်တော် အသေမခံနိုင်သေးပါဘူး။ သူဌေး အကြာကြီးနေပါဦး… သေပါနဲ့ဦးဗျာ။ အခု ဘာမှမဖြစ်သေးတာ မြင်ရတာပဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပါပြီ”

“အေး…အေးပါကွာ။ ဆေးရုံသွားရမှာ…ဆေးရုံသွားမှဖြစ်မှာ။ လင်းညို…လင်းညို”

လင်းညို လုံးဝကို သတိမရတော့။ ကိုယ့်လက်ပေါ်မှာ ကိုယ့်လက်ကလေးကို ဆုပ်ကိုင်ရင်း သတိလစ်မေ့မြောသွားသော လင်းညိုကိုကြည့်ရင်း ရင်ထဲမှာ ဆို့နင့်လောက်အောင် စိတ်မကောင်းဖြစ်မိသည်။

ဒီကောင်လေးက ကိုယ့်ကို လုံးဝအထိနိုက်မခံဘဲ အသက်ကို ကာကွယ်ပေးခဲ့တာ ဘာကြောင့်လဲ။ ဒီကောင်လေး ဘာကြောင့် ကိုယ့်အပေါ် ဒီလောက်ကောင်းရတာလဲ။ ဒီကောင်လေး အသက်မှရှင်ပါ့မလား။

မိသားစုကို အကြောင်းကြားမှဖြစ်မည်။ ဖုန်း…ဖုန်းဆက်ဖို့အတွက် ကောင်လေးဖုန်းကို လိုက်ရှာရ၏။ ကားပေါ်ရောက်မှ ကောင်လေးဖုန်းကို ရှာတွေ့သည်။ အိမ်လိပ်စာမသိသလို မိသားစုဖုန်းနံပါတ်ဆိုတာလည်း အတိအကျမသိတာမို့ တွေ့သမျှဖုန်းကို ဆက်ပြီးသာ အကြောင်းကြားရပေတော့မည်။

“ဟင်…ဖြူစင်ဖုန်းနံပါတ်ကရော လင်းညိုဖုန်းထဲမှာ ရှိနေရတာလဲ”

ကိုယ်လည်း ဖြူစင်ဖုန်းနံပါတ်ကို လင်းညိုကို ပေးမထားမိ။ ဖြူစင်များ ပေးထားတာလား။ ဒီလောက်ထိ ရင်းနှီးမှုရှိပုံလည်း မပေါ်ပါဘဲ ဘာကြောင့်လဲ…။





# အခန်း (၃၇)

“အမယ်လေး မြေးလေးရယ်…အဘွား သတိပေးထားပါရဲ့နဲ့ ဘယ်လိုဖြစ်ရတာလဲကွယ်။ ဓားအဏ်ရာအချက်နှစ်ဆယ်တောင် ချုပ်ရတယ်။ မသေလို့တွေ့ရပါသေးလား။ အဘွားတို့ ရင်ကျိုးရချည်ရဲ့ မြေးရယ်…မြေးလေးရဲ့”

“သက်ထွန်းပိုင်ရာ…မင်းကွာ မသေကောင်းမပျောက်ကောင်းကွာ…မင်းစိတ်ထဲမှာ ဘယ်လောက်ရှိရှိ ဒီလိုကြီးတော့ လုပ်မပေးသင့်ဘူး…မဖြစ်သင့်ဘူးကွာ”

“မြေးလေးရာ…မင်းအဘိုးတို့မျက်စိအောက်မှာပဲ နေပါတော့ကွာ။ မျက်ကွယ်ရာမှာ အသက်အန္တရာယ်ထိနိုက်လောက်အောင်ထိဖြစ်တာ အဘိုးတို့ စိတ်မချဘူး။ မင်းက မင်းရဲ့အလုပ်ရှင်သူဌေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ကာကွယ်လိုက်တာဆို…အပြင်မှာ ပြောဆိုနေသံတွေ ကြားခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဖို့ အဘိုးတို့ မှာထားသားနဲ့ ကွာ…မြေးအသက်ကို ဆုံးရှုံးလိုက်ရရင် ဘယ်လိုလုပ်မလဲ။ အခု အဲဒီသူခိုး ဘယ်မှာလဲ။ ဒီလို လူမုန်းများပြီး အန္တရာယ်ပြုခံရတဲ့သူဆိုမှာ မြေးလေး အလုပ်မလုပ်ရတော့ဘူး။ အဲဒီလူကို တွေ့ပြီးပြောမယ်”

အဘိုးတို့ စိုးရိမ်တကြီးပြောနေကြ၍ သူ ဘာလုပ်ရမှန်းမသိတော့ပါ။ ဖေဖေ ပြန်လာတုန်းနှင့်တွေ့သွားလျှင် မလွယ်ပါ။

“အဘိုးအဘွား…သား ဘာမှမဖြစ်ပါဘူး။ သတိလည်းရနေပြီ။ အသက်လည်းမသေတော့ဘူး။ သားအတွက် စိတ်ချပါနော်။ အဘိုးနဲ့အဘွား အိမ်မှာပဲ ပြန်နားနေလိုက်ပါ။ အသက်ကြီးပြီဆိုတော့ သားကြောင့် စိတ်ဆင်းရဲပြီး ကျန်းမာရေးထိခိုက်မှာစိုးလို့ပါ”

“အို…မြေးလေး ဒီလိုဖြစ်နေတာ ဘယ်လိုလုပ် စိတ်ချလက်ချ အိမ်ပြန်နေနိုင်မှာလဲကွယ်…အဘွားတို့ မြေးလေးသက်သာတဲ့အထိ ဆေးရုံဆင်းတဲ့အထိ စောင့်မယ်”

“အဘွားရယ်…သားအတွက် စိတ်ချပါ။ ဒီမှာ သားသူငယ်ချင်း ဖြူစင်လည်း ရှိတယ်။ ထွန်းမင်းလည်း ရှိတယ်။ သူဌေးက စပါယ်ရှယ်နပ်စ်တွေလည်း အများကြီး ပို့ပေးထားတယ်။ ဆေးရုံက ဆရာဝန်ကြီးတွေလည်း ဂရုစိုက်ခိုင်းထားပါတယ်။ အခုပြန်လိုက်ပါနော်…နောက်နေ့မှ ထပ်လာချင်လာပါ။ သား ဒီလိုဖြစ်နေချိန်မှာ အဘွားတို့ ကျန်းမာရေးမကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ။ ထွန်းမင်း အဘွားတို့ကို တက္ကစီငှားပေးလိုက်ပါကွာ…ဆေးရုံဂိတ်ပေါက်အထိ





မင်း လိုက်ပို့ပေးလိုက်ပါ။ အဘွား…သား ခဏနားချင်လို့ပါနော်။ ပြန်လိုက်ပါနော်…အဘွား”

“အေး…အေးပါ မြေးရယ်…ကျန်းမာရေးကောင်းအောင်နေပါ။ တစ်ခုခုဆို အဘွားတို့ကို ချက်ချင်းဖုန်းဆက်နော်”

“ဟုတ်ကဲ့ပါ အဘွား…စိတ်ချပြီးသာသွားပါ”

ထွန်းမင်းကို မျက်နှာရိပ်မျက်နှာကဲပြ၍ အဘွားတို့ကို ဖွတ်ပြန်ခိုင်းလိုက်ရသည်။ ဖြူစင်က ညှိုးငယ်နွမ်းလျ စိတ်မကောင်းဖြစ်နေသော မျက်နှာလေးနှင့် သူ့ခုတင်နားမှာ ကျန်ရစ်ခဲ့၏။

“ဖြူစင်… နင် ဘာလို့လာတာလဲဟာ… ဖေဖေသိရင် အထင်လွဲ သံသယဝင်သွားတော့မှာပဲ။ နင့်ကို ထွန်းမင်း ဖုန်းဆက်ပြောတာလား။ ဘာဖြစ်ဖြစ် နင် မလာသင့်ဘူး”

“ဦးထွဋ်ခေါင်ဦး ငါ့ဆီကို ဖုန်းဆက်တာပါ”

“ဘာ”

“နင့်ဖုန်းထဲမှာ ငါ့ဖုန်းနံပါတ်ကိုတွေ့လို့ နင် ဒီလိုဖြစ်တယ်ဆိုတာ လှမ်းပြီးအသိပေးတာတဲ့။ သူ သံသယတော့ ဝင်ပုံမပေါ်ပါဘူး။ သူနဲ့ပတ်သက်ပြီးသိလို့ ဖုန်းနံပါတ်တောင်းထားတယ်၊ ဒီလိုပဲဆင်မှာပါ။ ဒါနဲ့ နင့်အဖေကို နင် အဲဒီလောက်တောင် ချစ်သလား။ သူက ဘယ်လိုပဲဖြစ်ဖြစ် သေရမယ့်သူ။ နင်က အသေခံပြီးတောင် အဆောင်ချင်တာလား…ပိုင်ပိုင်။ နင်က နင့်အဖေအတွက် ချစ်သူဖြစ်တဲ့ငါ့ကို စွန့်လွှတ်တယ်။ နင့်အသက်ကိုလည်း စွန့်လွှတ်တယ်။ သူ့အတွက်တော့ ဘာမှရဖို့ မကြိုးစားဘူး”



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့…ဘာမှမပြောပါနဲ့တော့ ဖြူစင်ရယ်။ ဖေဖေက လူ့လောကကြီးမှာ ကြာကြာမနေရတော့ပါဘူး။ နေရတဲ့အချိန်လေးမှာ ဖေဖေ့အတွက် ငါ လုပ်ပေးနိုင်သရွေ့ လုပ်ပေးလိုက်ချင်တယ်။ ပေးဆပ်နိုင်သရွေ့ ပေးဆပ်လိုက်ချင်တယ်။ နောက်ဆို ငါ လုပ်ပေးချင်ရင်တောင် လုပ်ပေးလို့ မရတော့ဘူးမဟုတ်လား"

"နင့်အတွေးနဲ့ နင့်ဘက်ကတော့ ဟုတ်နေတာပေါ့ ပိုင်ပိုင်။ ငါ အခု ဦးထွန်းခေါင်ဦးကို လက်ထပ်ဖို့ လက်ခံလိုက်တယ်ဆိုတာ နင့်အဖေမသေခင် ပေးဆပ်လိုက်ချင်တဲ့ နင့်ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းရုံပါပဲ။ သူ့ဆီကရမှာတွေကို ငါ မက်မောလို့မဟုတ်ဘူး။ ငါ့မိသားစုအတွက် ငါ့ဘဝကို စတေးရမယ်၊ စွန့်စားရမယ်ဆိုတုန်းက ငါ တွေဝေခဲ့တယ်။ အခု နင့်အတွက်…နင့်အတွက်ကျမှ"

"အဲဒါကြောင့် နင့်ကို ငါ ကျေးဇူးတင်နေခဲ့တာပါ ဖြူစင်ရယ်။ အဲဒီကျေးဇူးကို ငါ ဘယ်တော့မှ မမေ့ပါဘူးဟာ။ အ…အခုတော့ နင် ပြန်ပါတော့နော်။ ဖေဖေက သူ့အင်္ကျီမှာ ငါ့ရဲ့သွေးတွေပေနေလို့ အင်္ကျီခဏပြန်လဲဖို့အတွက် ထွက်သွားတာ။ အဲဒါကြောင့် အသွားတို့ကို တောင် မြန်မြန်ပြန်လွှတ်လိုက်တာ။ ငါ ဘယ်သူဆိုတာ ဖေဖေ့ကို မသိစေချင်လို့ပါ။ ပြန်လိုက်ပါနော် ဖြူစင်…ပြန်ပါဟာ"

ဘာတွေလဲ။ ကြားနေရတာ၊ မြင်နေရတာ ဘာတွေလဲ။ ဝေ့ရဲ့ မိဘတွေ။ ဖြူစင်နှင့်ပြောနေတာတွေ။ လင်းညို့ရဲ့သွေးမျိုးသားချင်းတွေ ရောက်မလာသေးဘဲ အင်္ကျီပြန်လဲဖို့ကို လင်းညို့တစ်ယောက်တည်း မထားရက်တာနှင့် ဆေးရုံအပြင်တောင် မရောက်လိုက်ဘဲ ပြန်ဝင်လာ





ခဲ့တာ။ လူတွေစုံနေလို့ အခန်းဝမှာပဲ ရပ်နေခဲ့တာပါ။ အခုတော့…

ဖြူစင် ထွက်သွားပြီးနောက် လိုက်မေးဖို့ပြင်ပြီးမှ ဝေ့မိဘတွေကို လိုက်ပို့ပြီး ပြန်ဝင်လာသည့် ထွန်းမင်းဆိုသောကောင်လေးကို မြင်လိုက်ရသည့်အတွက်-

"ဒီ…ဒီမှာ မင်းက မောင်ထွန်းမင်းနော်"

"ဟုတ်ကဲ့"

"ခဏလောက် စကားပြောလို့ရမလား"

ခေါင်းညိတ်အဖြေပေးခင် ဆေးရုံနားနေဆောင်တွေဘက်က ဝရန်တာကို ဆွဲခေါ်လာမိသည်။ ဒီကောင်လေးကလည်း ကိုယ့်ကို သိနေသလိုပင်။

"ခုနက လင်းညို့ကို မင်း ဘယ်လိုခေါ်လိုက်တယ်"

"ပိုင်ပိုင်"

"မဟုတ်ဘူး…ခုနက ဖြူစင်က ပိုင်ပိုင်လို့ပြောတာကို ကြားတယ်။ မင်းက နာမည်အပြည့်အစုံ ခေါ်လိုက်သေးတယ်လေ"

"သက်ထွန်းပိုင်ပါ"

"သက်ထွန်းပိုင်…ဒါ…ဒါ ငါ့သားလေးရဲ့နာမည်။ ခုန ဝေရဲ့ မိဘတွေက မြေးလေးလို့ခေါ်သွားတယ်။ ဒါ…ဒါဆို"

"ဟုတ်ပါတယ်…သက်ထွန်းပိုင်က အန်ကယ့်သားပါ"

"ဘာ…တကယ်…တကယ် ငါ့သားပေါ့။ သားက မသေဘူးလား။ သေပြီလို့ပြောခဲ့တာ တကယ်မဟုတ်ဘူးလား။ လင်းညို့…ဟင့်အင်း သက်ထွန်းပိုင်က ငါနဲ့ဝေ ရခဲ့တဲ့သားလေး…ဟုတ်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်။ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်..သက်ထွဋ်ပိုင်က အန်ကယ်နဲ့ ဒေါ်ဝေဝေခင်ရဲ့သားပါ"

"ဒါဆို ဘာဖြစ်လို့ သားက ငါ့ကို သားပါလို့ မပြောတဲ့ ငါ့ဆီမှာ ဒရိုင်ဘာလုပ်ခဲ့တာလဲ။ ဒီကိစ္စကို ဝေ့မိဘ ငါ့ယောက္ခမတွေက"

"အန်ကယ် သိချင်တယ်ဆိုရင် ကျွန်တော် အကုန်ရှင်းပြပါ့မယ် အန်ကယ်။ ပိုင်ပိုင် မသိစေချင်ပေမယ့် ဒီအခြေအနေရောက်မှတော့ ဖြူစင်နဲ့ပတ်သက်မှုကအစ အားလုံး အန်ကယ် သိသင့်ပါပြီ"

"ပြော..ပြောပါကွာ..ငါ သိချင်ပါတယ်..သိချင်ပါတယ်"

"ဒီလိုပါ အန်ကယ်"

ရုပ်ရှင်ဇာတ်ကားချပ်ပေါ်မှာ နောက်ကြောင်းပြန်သလို ဇာတ်စုံခင်းကာ ထွန်းမင်း အစအဆုံးအားလုံး ရှင်းပြလိုက်သည်။ နားထောင်နေသော ဦးထွဋ်ခေါင်ဦးရဲ့ကိုယ်ခန္ဓာတစ်ခုလုံး တဆတ်ဆတ်တုန်နေလျက်။ ပါးပြင်ပေါ်မှာ မျက်ရည်တွေ တစ်ပေါက်ချင်း လိမ့်ဆင်းကျနေ၏။ ဆေးရုံပေါ်ရောက်သည်အထိ ပြောပြပြီးချိန်မှာတော့ ဦးထွဋ်ခေါင်ဦး ရှိုက်ကာငိုချလိုက်သည်။

"ငါ့သားလေး...ငါ့သားလေးမှန်းမသိလို့ ငါ့ရဲ့ဒရိုင်ဘာ ခိုင်းမိတာပါ။ မိန်းမတွေနဲ့ကိစ္စ ခိုင်းမိတာပါ။ အဖေက ဒီလိုလူမျိုးဆိုတော့ သား စိတ်နာသင့်တယ်။ နာကြည်းသင့်တယ်။ သူဇာနဲ့ပတ်သက်တဲ့ အကြံအစည်လည်း ကြံသင့်တာပေါ့။ ဒါကို ဘာလို့ သားက ငါ့ကို ပြန်ပြီးပေးဆပ်နေရတာလဲ။ ချစ်သူကိုတောင် စွန့်လွှတ်ရတာလဲ။ ပိုင်ဆိုင်





မှုတွေ မလိုချင်ဘူးတဲ့လား။ သားလို့ပြောရင် ဝေဒနာတွေ ထပ်တိုးမှာစိုးလို့တဲ့လား။ အ...အခု...ငါ့ကို အသက်ပေးပြီးတော့တောင် ကာကွယ်လိုက်သေးတယ်။ ငါ ဘာဖြစ်သွားသေးလဲလို့ ငါ့အတွက် စိုးရိမ်နေသေးတယ်။ သူ့ဒွေးကို ကျွန်တော် အသေမခံနိုင်သေးပါဘူး။ လူ့လောကကြီးမှာ အကြာကြီးနေပါဦးတဲ့။ ငါ...ငါက သံယောဇဉ်တွေကို မသိဘူး။ သွေးစကားပြောပြီး သားအတွက် မစိုးရိမ်ခဲ့ဘူး"

"အန်ကယ်"

"ငါ့လို မကောင်းတဲ့အဖေကိုကွာ...သားရယ်...သားရယ်"

"အန်ကယ်...အန်ကယ်"

သားအခန်းထဲ ဦးထွဋ်ခေါင်ဦး ပြေးဝင်လာခဲ့သည်။ မျက်ရည်တွေနှင့် ဦးထွဋ်ခေါင်ဦးကို ခုတင်ပေါ်မှာ ပက်လက်လှန်လှဲနေသော သက်ထွဋ်ပိုင်က စိုးရိမ်နေသော မျက်ဝန်းများနှင့်ကြည့်နေပြီး–

"သ...သူဒွေး ဘာဖြစ်လို့လဲဟင်...ဘာလို့ငိုနေတာလဲ။ အကိုက်ပြန်မလဲရသေးဘူးလား။ ဘယ်နေရာက နေမကောင်းလို့ ပြန်လာတာလဲ...ဟင်...ဒီမှာ ဆရာဝန်ပြလိုက်ပါလား။ ညဆေးမသောက်လိုက်ရဘူးမဟုတ်လား။ အဲဒါကြောင့်များ"

"သား...သားလေး...သားရယ်...သား"

"သ...သူဒွေး"

"မင်းအဖေ အားလုံးသိသွားပြီ ပိုင်ပိုင်"

"ဟင်...ထွန်းမင်း...မင်း"

"မင်းအဘိုးနဲ့အဘွားရောက်ပြီး ဖြူစင်နဲ့မင်း ပြောနေတဲ့စကား



www.burmeseclassic.com

www.burmeseclassic.com



တွေကအစ အားလုံးကြားပြီးလို့ ငါ ရှင်းပြလိုက်ရတာပါ"

"ဘာဖြစ်လို့လဲ သားရယ်…ဖေဖေ့ကို အစကတည်းက သားက သားပါလို့ ဖွင့်ပြောခဲ့ရမှာပေါ့။ ဖေဖေက ဖေဖေ့မှာ ဘာ အနှောင်အဖွဲ့ အတွယ်အတာမှ မရှိတော့ဘူးထင်လို့ ဖေဖေက ထင်သလိုနေ၊ ထင်သလိုပျော်နေခဲ့တာပါ။ သား…သားရှိမှန်းသာ သိရင် သားလို့ အားရပါးရခေါ်ပြီး ဖေဖေ တွေးပွေ့ထားမှာပေါ့ သားရယ်"

"ဖေဖေရယ်"

တင်းတင်းဆုပ်ညှစ်လာသော ဖေဖေ့လက်တွေကို သူ အားရှိ သလောက် ပြန်၍ဆုပ်လိုက်ထားမိသည်။ မျက်နှာချင်းအပ်ပြီး သားအဖနှစ်ယောက် မျက်ရည်ချင်းပေါင်းစည်းသွားခဲ့သည့်အချိန်မှာ တော့ ထွန်းမင်းက စိတ်မကောင်းစွာ မျက်ရည်တွေ ကျနေခဲ့သည်။

"သားလေး…သားကို သားမှန်းသိခဲ့ရင် သားချစ်သူကို ဖေဖေ လက်ထပ်ဖို့ ကြိုးစားခဲ့မှာမဟုတ်ပါဘူး သားရယ်…ဖေဖေ့ရဲ့ဒရိုင်ဘာ လည်း မလုပ်ခိုင်းခဲ့ပါဘူး။ သားကို ရွှေပေါ်မြတင်ထားပြီး ဖေဖေ့ဘက် က ပေးဆပ်မှုနဲ့ မေတ္တာတွေ အပြည့်အဝပေးခဲ့မှာပါ။ အခု သိသွားတာ လည်း နောက်မကျသေးပါဘူး"

"ဖေဖေ"

"မြူစင်နဲ့သားကို ဖေဖေ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးမယ် သား…ဖေဖေ့ရဲ့ပိုင်ဆိုင်မှုတွေမှန်သမျှ သား အတွက်ပဲ ဖြစ်စေရမယ်"





"ဖေဖေ…ဟို…အဘိုးနဲ့အဘွား"

"မောင်ထွန်းမင်းက အားလုံးပြောပြပါတယ်။ ဖေဖေနဲ့ပတ်သက် တာသိရင် သားအဘိုးအဘွားတွေ စိတ်ဆင်းရဲမှာစိုးလို့ဆို။ ဖေဖေ့ကို သတ်ချင်သတ်၊ ရိုက်ချင်ရိုက်ပါစေ။ သူတို့ကျွေးမွေးလက်ခံလာတဲ့အထိ ဖေဖေ တောင်းပန်မယ် သား။ အမုန်းတွေ၊ အငြိုးတွေကျေတဲ့အထိ ဖေဖေ တောင်းပန်လိုက်ပါ့မယ်။ ဖေဖေ့မှာ သား…သားလေးရှိတယ် ဆိုတာ သိလိုက်ရတဲ့အတွက် ကျန်တာတွေ ဘာမှမလိုအပ်တော့ဘူး။ ဖေဖေ သေပျော်ပြီ…သေပျော်ပြီ သားရယ်…သားရယ်"

"ဖေဖေရယ်"

ခွန်အားရှိသမျှနှင့် ဖေဖေ့ကို ပြန်ဖက်ထားမိသည်။ ဖေဖေက တွေးပွေ့ထားရာမှ ကိုယ်ကိုခွာကာ သူ့မျက်နှာကို ပွတ်သပ်ပြီး–

"ဖေဖေက ငါ့သားလေးရဲ့မျက်နှာကို သားမှန်းမသိဘဲ သားရဲ့ သံယောဇဉ်တွေကို နားမလည်ဘဲ ဒီလက်တွေနဲ့ ထိုးခဲ့မိတယ်။ နာကျင် အောင် လုပ်ခဲ့မိတယ်။ မိသားစုကို တောင့်တပြီး နောင်တတွေ ရစေချင် လို့ ဒီလိုတွေ လုပ်ခဲ့တာတဲ့လား။ သားလေးရယ်…ဖေဖေက အပြင်မှာ ပျော်သလိုနေပေမယ့် ရင်ထဲမှာတော့ သားကိုရော သားအမေကိုရော ဖေဖေ အမြဲတမ်း တောင့်တနေခဲ့တာပါ။ နောင်တတွေ ရနေခဲ့တာပါ သား"

"မေမေ့ရဲ့နှစ်ပတ်လည်နေ့ကတည်းက သား နားလည်ခဲ့တာပါ ဖေဖေ…အဲဒါကြောင့်မို့လည်း အဲဒီနေ့ကတည်းက"

"မောင်ထွန်းမင်း ပြောပြလို့ ဖေဖေ အားလုံးသိပြီသား။ သား



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိနေလာခဲ့တဲ့ သက်တမ်းတစ်လျှောက်လုံး ဖေဖေ သားအပေါ် တာဝန်မကျေခဲ့ဘူး။ အခု ဖေဖေ့ရဲ့ကျန်နေတဲ့သက်တမ်းလေးမှာ သား အပေါ် ဖေဖေ တာဝန်ကျေစေရပါ့မယ်။ ဖခင်တစ်ယောက်ရဲ့မေတ္တာ တွေ ဖေဖေ အပြည့်အဝပေးမယ်သား…သား…သားကို တွေ့လိုက်ရ တော့ ဖေဖေ မသေချင်သေးဘူး သားရယ်။ သားလေးကို ထားခဲ့ရမှာ ဖေဖေ တွေးကြောက်မိတယ်။ သား…သားနဲ့ အကြာကြီးနေခွင့်ရချင် လိုက်တာ”

“ဖေဖေရယ်”

“ကံကြမ္မာကြီးက လောကဓံကြီးက တရားပါတယ်။ ဖေဖေ မကောင်းခဲ့လို့ ဒီလိုနည်းနဲ့ ဖေဖေ့ကို အပြစ်ဒဏ်ခတ်လိုက်တာ။ အပြစ် ပေးလိုက်တာ။ ဖေဖေ ကျေကျေနပ်နပ် လက်ခံရုံပဲပေါ့။ သားအမေ တမလွန်ကနေ ကြည့်ပြီး ဖေဖေ့ရဲ့ ဒီအဖြစ်ကြောင့် အမုန်းတွေ၊ အငြိုး တွေ ကျေသွားမယ်ဆိုရင် ဖေဖေ ကျေနပ်ပါတယ် သားရယ်… ဖေ့သားကြီးရယ်…သားနဲ့ဖေဖေ အကြာကြီးနေချင်လိုက်တာကွာ”

“ဖေဖေ…ဖေဖေ…ဖေဖေရယ်”





# အခန်း (၃၈)

**တစ်နှစ်ခန့်ကြာပြီးနောက်…**

ဦးထွန်းခေါင်ဦး အသက်လေးဆယ့်ငါးနှစ်။

မဝေဝေခင် အသက်နှစ်ဆယ့်သုံးနှစ်။

ဖေဖေနှင့်မေမေရဲ့အုတ်ဂူလေးနှစ်လုံးကို ဘေးချင်းယှဉ်လျက် တောင်းပေးလိုက်သည်။ သူ့ကို သားမှန်းသိသွားသည့် ဖေဖေက သားနှင့် အကြာကြီးနေချင်ပါသေးသည်ဟု ငိုယိုကာ တောင့်တခဲ့ပေမယ့် ခံနေရသည့်နာကျင်ယူကျုံးမရ စိတ်ဖိစီးမှုဝေဒနာများကြောင့် အသည်း ကင်ဆာရောဂါရဲ့ သက်တမ်းပြည့်တောင် နေမသွားနိုင်ခဲ့ပေ။

ဒါပေမဲ့ မသေခင်လေးမှာ ဖေဖေ အကောင်းဆုံးတွေ လုပ် သွားခဲ့ပါသည်။ အတိုးနှင့်အတွားကို အမုန်းတွေ၊ အငြိုးတွေ၊ နာကြည်း မှုတွေ ပြေပျောက်သည်အထိ ရှိုးကန်တော့ကာ တောင်းပန်ခဲ့သည်။ ဒီနေ့နာစာ အသက်ကြီးရင့်သည်အထိ အေးချမ်းစွာနေသွားနိုင်ဖို့

www.burmeseclassic.com



ဘဏ်မှာ ငွေအမြောက်အများ အပ်ပေးခဲ့၏။ ဖေဖေ့ကို စောင့်ရှောက်ပေးခဲ့ကြ သော ဦးလေးဘထွန်းနှင့်အမေလှကို မြေကွက်ဝယ်ကာ အိမ်တစ်လုံးဆောက်ပေးပြီး ဘဏ်မှာငွေအနည်းငယ် အပ်ထားပေးခဲ့ သည်။ သူ့ကိုတော့ ဖေဖေနေခဲ့သည့် အိမ်ကြီးနှင့် လုပ်ငန်းတွေအားလုံးကို မင်္ဂလာ လက်ဖွဲ့နှင့် အမွေအနှစ်ဆိုပြီး လွှဲပြောင်းပေးအပ်ထားခဲ့သည်။ မချိုမှာ ကိုတော့ သူနှင့်ဖြူစင်ကို တစ်သက်လုံး သစ္စာရှိရှိ စောင့်ရှောက်ပေးပါ ဟု မှာခဲ့၏။

နောက်ဆုံးအချိန်ရောက်မှ အဖြစ်မှန်တွေသိသွားရသော ဖေဖေနှင့် သိခွင့်ရခဲ့သော သူ့ရဲ့သားအဖေနှစ်ယောက်ဆုံဆည်းမှုဟာ အချိန်ကာလ တိုတောင်းလွန်းလှသည်။ ဒီလိုနည်းနှင့်ဆုံဆည်းပြီး ဒီလိုနည်းနှင့် ခွဲခွာရလိမ့်မည်ဟု တွေးပင်မတွေးခဲ့ဘူး။

"မောင်…အဖေနဲ့အမေရဲ့အုတ်ဂူနှစ်လုံးကြားမှာ မောင် ဒီလိုပဲ အချိန်တွေအကြာ လာလာပြီးငိုနေတော့မှာလား။ မောင့်ကိုကြည့်ပြီး သူတို့ စိတ်မကောင်းဖြစ်နေကြမှာပေါ့"

"မောင် ဝမ်းနည်းလွန်းလို့… စိတ်မကောင်းဖြစ်လွန်းလို့ပါ ဖြူစင်ရယ်။ ဖေဖေက မောင်နဲ့သာ မတွေ့ရဘူးဆိုရင် အသည်းကင်ဆာ ရောဂါ ဘယ်လောက်ရှိရှိ လူ့လောကကြီးမှာ ဒီထက်အချိန်ကြာကြာ နေရဦးမယ်ထင်တယ်"

"အဲဒီလိုမတွေးပါနဲ့ မောင်…မောင်နဲ့တွေ့လိုက်ရလို့ သားဆိုတာ သိလိုက်ရလို့ သူ့ရဲ့နောက်ဆုံးအချိန်တွေက အဓိပ္ပာယ်ရှိသွားတယ်လို့ ပြောခဲ့တယ်မဟုတ်လား"





"ဟုတ်တော့ဟုတ်ပါတယ်လေ…ဖေဖေက ဖြူစင်ကို သားရဲ့ချစ်သူမှန်းမသိလို့ လက်ထပ်ဖို့ ကြိုးစားခဲ့မိတာဆိုပြီး နောင်တတွေ အရမ်းရသွားခဲ့တာ။ ဖြူစင်တို့မိသားစုကို သားအနေနဲ့ ပြည့်ပြည့်ဝဝ ထောက်ပံ့ပေးပါဆိုပြီး မှာသွားခဲ့တယ်။ ဖေဖေက အနူးအညွတ် တောင်းပန်ပြီး ရှင်းပြခဲ့လို့ ဖြူစင့်အမေနဲ့အစ်ကိုကြီးက မောင်နဲ့ လက်ထပ်ဖို့ ကျေကျေနပ်နပ် လက်ခံခဲ့တာမဟုတ်လား။ ဖေဖေက မသေခင်အချိန်လေးမှာ တာဝန်တွေအားလုံးကျေအောင် လုပ်သွားနိုင် ခဲ့ပါတယ်။ မေမေလည်း ဖေဖေ့ရဲ့တာဝန်ကျေမှုတွေအတွက် အမုန်းတွေ ပြေသွားလိမ့်မယ်လို့ မောင် ထင်ပါတယ်"

"ဒါပေါ့…မောင်ရယ်၊ တမလွန်မှာ သူတို့ချင်းတွေ့ပြီးလည်း အဆင်ပြေနေကြမှာပါ။ သူတို့နှစ်ယောက်ရဲ့ နှစ်ပတ်လည်နေ့ကြရင် သူတို့အတွက် ကုသိုလ်ကောင်းမှုတွေလုပ်ပြီး နောက်ဘဝတွေမှာ ဒီလို အဖြစ်ဆိုးတွေမကြုံအောင် ဆုတောင်းပေးကြတာပေါ့။ ပြီးတော့လေ မောင်"

ဖြူစင်က စကားကိုမဆက်သေးဘဲ သူ့ကို ရှက်မျက်နှာနီနီလေး ဖြင့်လည်း ကြည့်လေသည်။

သူက ဖြူစင်ပခုံးလေးပေါ် လက်နှစ်ဖက်တင်ကာ မျက်နှာချင်း ဆိုင်ကြည့်ပြီး–

"ဘာလဲပြောလေ ဖြူစင်"

"မောင့်အဖေနဲ့အမေကို တစ်ခါတည်း အသိပေးခဲ့ပါလား"

"ဘာအသိပေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မြေးရင်သွေးလေး ရတော့မယ်…ရင်သွေးလေးလွယ်ထားရပြီဆိုတာလေ…သူတို့လည်း သိချင်နေမှာပေါ့"

"အင်း…ဟုတ်တယ်။ ဖေဖေရော မေမေရော ပျော်နေကြမှာပါ"

သူ နောက်တစ်ကြိမ် ဖေဖေနှင့်မေမေကို ကန်တော့လိုက်သည်။ ပြီးမှ ဖြူစင်ပခုံးလေးကို ဖက်တွယ်လိုက်ပြီး–

"နောက်တစ်ခါဆို ဖေဖေမေမေတို့ရဲ့မြေးလေးကိုခေါ်ပြီး လာကန်တော့ပါ့မယ် ဖေဖေနဲ့မေမေ။ နောင်ဘဝတွေကျရင် အခုလို အဖြစ်ဆိုးမျိုးတွေနဲ့မကြုံဘဲ မိသားစု ဥမကွဲသိုက်မပျက် အမုန်းမဖက် အငြိုးအာဃာတတွေ လက်တုံ့ပြန်ခြင်းတွေမရှိဘဲ ပျော်ရွှင်ကြည်နူးတဲ့ ဘဝမျိုးနဲ့ အတူတူသက်ဆုံးတိုင် နေပါရစေလို့သာ ဆုတောင်းပါတယ်။ ဖေဖေနဲ့မေမေ ကောင်းရာသုဂတိလားပါစေ။ ဖြစ်လေရာဘုံဘဝမှာ ဆင်းရဲ ငရဲကင်းပြီး စိတ်ချမ်းသာကိုယ်ကျန်းမာကြပါစေ"

သူ့ရဲ့ဆုတောင်းစကားသံတွေ ဖေဖေနှင့်မေမေ ကြားနိုင်ပါစေ။

နေလုံးကြီးက တဖြည်းဖြည်း ရွေ့လျားကာ အနောက်ဖက် ယွန်းယွန်းမှာ မေးတင်နေသည်။ ရာသီအချိန်စက်ဝန်းများဟာ ဒီအတိုင်း ရပ်တန့်နေသည်မဟုတ်။ အကျည်းတန်မလှပခဲ့သော အတိတ်ဟာ ဒီလောက်နှင့် အဆုံးသတ်ခဲ့ပြီဆိုလျှင် ရှေ့အနာဂတ်တစ်ခုလုံးဟာ လွမ်းမောဖွယ်ကောင်းသော်လည်း သာယာချမ်းမြေ့ဖွယ်ကောင်းတော့မည်ဆိုတာ…။

**ရွှေပြည်သိမ်းစာပေ**

**စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော**
**လုံးချင်းဝတ္ထုများ**

| | | |
|---|---|---|
| ၁။ ရင်ခွင်စားငှက် | | |
| ၂။ ရင်ထဲရှိတဲ့အတိုင်း | – | သစ္စာနှင်းဆီဗီဒီယို |
| ၃။ အရောင်ကွဲပုံရိပ် | – | |
| ၄။ အခမဲ့ရင်ပြင် | – | အောင်သီရိဗီဒီယို |
| ၅။ ခြယ်သမင်္ဂ တိမ်ယန်းချီ | – | အောင်သီရိဗီဒီယို |
| ၆။ ရှိုက်သံကင်းမဲ့စုန် | – | အောင်သီရိဗီဒီယို |
| ၇။ အလင်းမဲ့ည | – | မာန်ထက်ချိုဗီဒီယို |
| ၈။ ရွှေရင်သိမ်းသစ်စကဗျာ | – | အောင်သီရိဗီဒီယို |
| ၉။ စိတ်မျှော်စင် | | |
| ၁၀။ မိန်းမလှငို့ကာ | – | အောင်သီရိဗီဒီယို |
| ၁၁။ အနာတရလေပြည် | – | ပါဝါကင်းဗီဒီယို |
| ၁၂။ ပင်လယ်ရေနဲ့ဆေးပါ့မယ် | – | |
| ၁၃။ ယန်းနုရောင်နိဒါန်း | – | မျက်ခြယ်ဗီဒီယို |
| ၁၄။ တိမ်ပြာပြာနေ့တစ်နေ့ | – | |
| ၁၅။ ရင်ခုန်သံအမိပွာယ် | – | ရှုပါစတားဗီဒီယို |
| ၁၆။ အချစ်ညှတ်ကွင်း | – | ------ဗီဒီယို |
| ၁၇။ အသည်းကွဲ အောင်လက်မှတ် | – | သစ္စာနှင်းဆီဗီဒီယို |
| ၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွင့်ပြုပါ | – | အောင်သီရိဗီဒီယို |
| ၁၉။ အရောင်မဲ့သင်္ကေတ | – | ရွှေစင်ဦးဗီဒီယို |
| ၂၀။ ပြောဖို့လိုသေးလား | – | အောင်သီရိဗီဒီယို |

www.burmeseclassic.com